



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

# သဲကိုးဖြာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၇၈၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၆၄၀၅၀၉

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ၊
ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅. ၈၃

လမင်းမိုမို
သဲကိုးဖြာ/လမင်းမိုမို-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၃၀၂- စာ၊ ၁၂×၁၈ စင်တီ။
(၁) သဲကိုးဖြာ

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com








# လမင်းဝိုဝို

# သဲကိုးမြှာ



စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ခင်မင်း

သူမ ရရှိပိုင်ဆိုင်ခဲ့သော လူနေမှုအဆင့်ထက် သာလွန်မြင့်မားသော အဆင့်တစ်ခုကို ထာဝရအိပ်မက် မက်ခဲ့သော မိန်းကလေးသည် ခင်မင်းတည်း။

ရခဲ့သော ချစ်သူကို ချစ်ပင်ချစ်ငြားသော်လည်း ဘယ်သော အခါမှ ကျေနပ်အားရခြင်း မရှိခဲ့သူမှာလည်း ခင်မင်းတည်း။

အနည်းဆုံး ခန်းမ မင်္ဂလာပွဲ၊ ဘီးဆံထုံး၊ ထိုင်မသိမ်းတို့နှင့် တစ်သက်တစ်ခါ မင်္ဂလာယူလိုက်ချင်သေးလျက် မရောင့်ရဲနိုင်ခြင်းကား သူမ၏ မွေးရာပါဗီဇပင်။

လူရယ်လို့ ဖြစ်လာပြီးမှ ကောင်းကောင်းနေချင်၊ ဝတ်ချင်၊ စားချင်ခြင်းကို အပြစ်တစ်ခုရယ်လို့ ဘယ်အခါမှ သူမ မထင်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက မချောမွေ့ မဖြောင့်ဖြူးဘဲ အတန့်ငယ် ကွေ့ကောက်သွားခဲ့သောအခါတွင်မူ သူမရဲ့ အူနုကို ကျွဲခတ်သလို ခံစားလိုက်ရမှ ဘာဆက်လုပ်ရမည် မတွေးတတ်အောင် ကယောင်ချောက်ချား ဖြစ်ခဲ့ရလေသည်။





# မကြံ

သူမအဖေက မှည့်ခဲ့သော အမည်ရင်းကား Suger Cane ဟု ခေါ်ပါသည်။

သူမဘာသာ မြန်မာအဓိပ္ပာယ် ဆောင်သောအခါ 'မကြံ'ဟု နောက်ပြောင်ရင်းက အတည်ဖြစ်ကာ အမည်တစ်ခု တွင်လေသည်။

မကြံ ဘဝ၌ လိုချင်ပါလျက် မရသောအရာ မရှိခဲ့။ ရတုကို မြင်လျှင် မြင်ချင်းတွင် သူမက စတင်စိတ်ဝင်စားခဲ့မိလေသည်။

ဤ သူငယ်ကလေးကား သူမ၏ ဖူးစာဖက်တည်းဟု တစ်ဖက်သတ် ဆုံးဖြတ်ခဲ့လေသည်။ သူနှင့် လက်ထပ်ဖြစ်ဖို့၊ သူ့ကို ပိုင်ဆိုင်ရဖို့တွင် တခြား ဘယ်နည်းလမ်းမှမရှိတော့ဟု 'မကြံ'က ယုံကြည်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ မိမိအတွက် မိမိ ရှေ့တန်းတင်၍ ကြည့်တတ်ကြသော အတ္တဝါဒီများချည်းပင် မဟုတ်လား။

•○•





## အခန်း ၁

ပခုံးကျော်ရုံ ဆံပင်ခွေခွေကလေးများနှင့် မိန်းမချောရဲ့ နားမှ တစ်ပွင့်တည်း စိန်နားကပ်ကို ခင်မင်းက သတိလက်လွတ် ငေးမောနေမိလေသည်။ လျှောက်လွှာကို ကိုင်ထားသော လက်ဖဝါးများ နီမြန်းနေတာကိုလည်း ဆဘောကျမိကာ ကိုယ့်လက်ဖဝါး ကိုယ် အမှတ်တမဲ့ ပြန်လည် ငုံ့ကြည့်မိသေး၏။ အဝတ်လျှော်၊ အိုးတိုက်၊ ဖန်းကန်ဆေးရင်းက သူမရဲ့လက်ဖဝါးပိုင်းသည် လက်ဖျံ လက်မောင်းတို့ထက် ပိုမိုဖြူဖွေးနေတာကို မြင်လေသည်။

ဒီလို ဖြူပုံကိုဖြင့် သူမ သဘောမကျ။ ရွှေသွေးရောင် လေး လွှမ်းစေချင်သေးသည်။

“ဘာဖြစ်လို့ နှစ်ယောက်တွဲ ဝင်တာလဲ”

မကြီးရဲ့ မျက်လုံးများက အသားညိုညိုနှင့် ရိုးသား အေးချမ်းပုံရသော ကောင်ကလေးဆီသို့ ဝေ့လူးသွားကာ ခပ်ကြာ ကြာ ရှပ်တိုက်သွားပြီးမှ ကောင်ကလေး ငဲ့ကြည့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘယ်ဘက်ဘေးမှ ကောင်မလေးကိုတော့ ဖျတ်ခနဲ လှည့်ကြည့်သည် ဆိုရုံပင်။ ကောင်ကလေးရဲ့ ညိုမှောင်ညှို့သက်သော မျက်ဝန်းများကို တဒင်္ဂကလေးအတွင်းမှာ နှစ်ခြိုက်မက်မောမိကာ နောက်တစ်ကြိမ် ကောင်ကလေးထံကိုပဲ အကြည့်ပြန်လည်ကျရောက်လျက် ဖြေစကားကို မျှော်လင့်စောင့်လေသည်။

သို့သော် ဖြေလိုက်တာက ကောင်မလေး ဖြစ်သည်။

"ကျွန်မတို့ အလုပ်ရရင် နှစ်ယောက် ပြိုင်တူ ဖြစ်ချင်လို့ပါ။ အလုပ်ခွင်တစ်ခုမှာပဲ နှစ်ယောက်အတူတူ အလုပ်ဝင်ချင်တာပါ။ ဒါကြောင့် အခု မမ လူခေါ်တွေ့တော့ တစ်တွဲတည်း ဝင်လိုက်တာပါ။ ယောကျ်ားလေးရော၊ မိန်းကလေးရောခေါ်တဲ့ အလုပ်တွေကိုပဲ ဝင်လျှောက်ပါတယ်။ တစ်ယောက်တည်းပဲ ကွက်ပြီးရရင်တော့ ကျွန်မတို့ မလုပ်ဖြစ်ပါဘူးရှင့်"

အောင်မယ် ...။

သင်းတို့ အလုပ်လျှောက်ပုံကလည်း ခပ်တင်းတင်းဆန်လှပါလား။ ခန့်ရင် ပြိုင်တူခန့်။ တစ်ယောက်တည်းဆိုရင်တော့ ခန့်မနေနဲ့တော့ ဆိုတဲ့ သဘောပေါ့လေ။ မကြဲကလည်းပဲ ယောကျ်ားလေးရော၊ မိန်းကလေးပါ ဦးရေများစွာ အလုပ်ခန့်ဖို့ သတင်းစာမှ ကြော်ငြာခေါ်ယူခဲ့တာပင်။ ဘာပဲဖြစ်ဖြစ် ကောင်လေးလောက် အေးချမ်းပုံမရသော ကောင်မလေးကို မကြဲက ခုမှ အကဲခတ်သည်။





သူက ကောင်မလေးထက် ပိုနွမ်းသည်။ ရယ်ဒီမိတ်ဟုတ်ပုံမရဘဲ ချုပ်ဝတ်တာ ဖြစ်နိုင်သော ရှပ်အင်္ကျီအစိမ်းပုပ်အကွက်ကလေးကို လက်တိုဝတ်ထားသဖြင့် သင်းလေး လက်ဖျံမှ မွေးညင်းညိုတို့က ဘီးနှင့် ဖြီးထားသလို စောင်းစောင်းညီညီကလေးတွေ စင်းနေတာ ပေါ်လွင်နေသည်။ ပုဆိုးက ရိုးရိုးချည်ထည် အညိုကွက်ပင်။

နက်မှောင် ညိုလဲ့သော ကောင်လေးမျက်ဝန်းတို့က မကြဲကို စိုက်ကြည့်နေရာမှ မကြဲ ကြည့်လိုက်မှလျှင် အောက်စိုက်သွားတတ်သည်။ ယောကျ်ားတစ်ယောက်အဖို့ သူ့နှာတံ၊ နှာသီးပြေပြစ်မှုက အလွန်တရာ ကြည့်ကောင်းနေကာ နှုတ်ခမ်းသားတို့က အနည်းငယ် သွေ့ခြောက်နေသည်။ ကောင်မလေးမှာမူ ကြိုးနက်နှင့် နာရီဟောင်းတစ်လုံး ပါသေးလျက် ကောင်လေးမှာ နာရီပင် မပါ။

အကြည့်စူးစိုက်မှု ကြာညောင်းသွားသဖြင့် ခင်မင်းက ဆတ်ခနဲ လက်ပင့်ကာ ဆံပင်ကို သပ်တင်လိုက်ပါသည်။ ဒီအစ်မကြီးက 'တု'ကို ကြည့်လှချည်လား။ ခင်မင်းကို ခဏတဖြုတ်သာ ကြည့်လျက် တုကိုတော့ ကြာကြာကြည့်သဖြင့် ကျွဲမြီးတိုချင်သည်။ ခင်မင်း လှုပ်ရှားလိုက်တာကို ရိပ်မိသော မကြဲက ဣန္ဒြေမပျက် ချောင်းဟန့်ကာ စာရွက်ကို ပြန်ကြည့်ပြီးနောက် ပြန်မေးလိုက်သည်။

"မင်းတို့နှစ်ယောက်က မောင်နှမလား"



www.burmeseclassic.com

www.burmeseclassic.com



မေးပြီးလျှင် ခင်မင်းပဲ ဖြေမှာကို သိသည့်အလား ခင်မင်းကို စွေခနဲ ကြည့်လိုက်သည်။ ခင်မင်းသည် 'တု'ရဲ့ လက်ဖျံကို ဆတ်ခနဲ သူ့ရဲ့လက် သွင်းထိုးချိတ်လိုက်ကာ ...

"ချစ်သူတွေပါရှင်"

ရတုသည် ခင်မင်း အပြုအမူကြောင့် ရှက်အမ်းကာ အခြောက်တိုက် အဟမ်းခနဲ လည်ချောင်း ရှင်းပြီး လက်သီးဆုပ်ကွယ်ကာ ချောင်းတဲ့ တစ်ချက် နှစ်ချက် ဆိုးသည်။ အဖြစ်အပျက်ကြောင့် မကြဲက သဘောတကျ ပြုံးချင်မိကာ ခင်မင်းကို မျက်ခုံးပင့်ပြီး ဖော်ရွေစွာ ပြုံးပြလိုက်ပါသည်။

"ဪ ... ချစ်သူတွေလား၊ လက်ထပ်ကြမှာလား"

"ဟုတ်ကဲ့ ... အလုပ်ရရင် လက်ထပ်ဖို့ ပိုက်ဆံစုမှာပါ"

"အိမ်ကို မပေးရဘူးပေါ့"

"တစ်ဝက်တော့ ပေးရမယ်ထင်တယ်၊ အတိအကျ မဆုံးဖြတ်ရသေးပါဘူး"

"ဪ ... ဒီလို ငွေစုလက်ထပ်ကြမဲ့ စုံတွဲနဲ့ တွေ့ရတာ အားကျစရာပဲ။ ဗရာဗိုပါကွယ်၊ ကိုယ်က အလုပ်ခန့်ချင်သွားပြီ"

ရတုရော၊ ခင်မင်းပါ လှုပ်ရှားအားတက်ဝမ်းမြောက်သွားကြပုံနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်လေသည်။ မကြဲကတော့ ချိတ်တွဲထားသော သူတို့ လက်တွေကို ငေးခနဲ ကြည့်ကာ မျက်နှာလွှဲပစ်လိုက်ရင်း ...





"ညှော်ကြိုး၊ စားပွဲထိုး၊ ငွေသိမ်း၊ အားလုံးကို လခ သုံးသောင်းပဲ ပေးမှာ၊ တစ်ပ်ရတာတွေကတော့ မျှမျှတတ ပြန်ခွဲယူရမယ်၊ မင်းတို့ အိမ်ပြန်ပေးရမှာနဲ့ လက်ထပ်ဖို့ တစ်လကို နှစ်ယောက်ပေါင်း သုံးသောင်းထက် ပိုစုနိုင်ဖို့ မလွယ်ဘူး၊ ဒီမှာ ... အင်း ... မင်းနာမည် ခင်မင်းနော်၊ ခင်မင်းက လှလည်း လှတယ်၊ သီချင်းဆိုတတ်လား"

"ရှင်"

"သီချင်းဆိုတတ်ရင် ဒီဆိုင်က အဆိုတော် လုပ်မလားလို့လေ၊ ဒီစားသောက်ဆိုင်မှာ စတိတ်ရှိုး ရှိမယ်၊ အဆိုတော်ပါ ထပ်ခေါ်ဖို့ရှိတယ်၊ အဆိုတော်ဆိုရင် လခရင်းက ငါးသောင်း။ ပြီးတော့ ပန်းကုံးဖိုး ရတာထဲက ဖော်တီပက်ဆင့် ပြန်ခွဲပေးရဦးမှာ၊ ငွေပိုရမယ်"

မကြဲက အဆဲခတ်လိုက်လျှင် ခင်မင်း မျက်လုံးကလေး တဖျပ်ဖျပ် ဖြစ်သွားတာကို မြင်လိုက်ရပါသည်။ ရတုက ခေါင်းပိုင့်သွားသဖြင့် ခင်မင်းက ရတုလက်ကို လှုပ်ရှားကာ ...

"တု"

တစ်လုံးတည်းခေါ်သော်လည်း ဘယ်လိုလဲဟု ဆန္ဒခံယူသည့်သဘော ပါနေပါသည်။ ခင်မင်းမှာ သူ့အာရုံနှင့် သူမအားတော့ပြီမို့ မကြဲက ဘောလ်ပင်ကို နှုတ်ခမ်းမှာ ထောက်ရင်း ရတုကို ကြည့်မြဲ ဆက်စိုက်ကြည့်နေလိုက်သည်။ ရတု မျက်နှာက အနည်းငယ် မှုန်သွားတာကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... တု"

"မလုပ်ပါနဲ့"

တီးတိုးလေး ကနဲ့ကွက်လိုက်သံကြောင့် မကြဲသည် ရှိုးအေးသော ကောင်ကလေးကို သဘောကျကာ ပြုံးလိုက်မိပါသည်။

"မလုပ်ရဘူး"

"ဘာဖြစ်လို့၊ တုကလည်း"

"ဟာ ... သီချင်းလည်း မဆိုတတ်ဘဲနဲ့"

"ဩော် ... ဒီလိုပဲ ဖြစ်သွားမှာပေါ့၊ အသံစစ်ကြည့်လိုက်မှာပေါ့"

"မလုပ်ပါနဲ့၊ ရှုပ်ပါတယ်"

"ဒါပဲ ... သူ အလကားနေ ရှိုးရှိုးအေးအေး နေချင်နေတာပဲ၊ ဒါ တက်လမ်းပဲ တုရဲ့၊ ကြိုက်တဲ့သူနဲ့ တွေ့သွားရင် စီးရီးတွေ ဘာတွေထိ ဖြစ်လာနိုင်တယ်"

ဩော် ... ကောင်မလေး ... ကောင်မလေး။ မျှော်လင့်ချက်ထားရတာ ပိုက်ဆံမကုန်သဖြင့် အတော်ကို ကြီးတွေးမျှော်လင့်ချက်ထားပစ်လိုက်တော့ပြီ။

"ဟာ ... ပိုတောင် ရှုပ်တယ်"

"ဘာရှုပ်လို့လဲ၊ အလုပ်ပေးတဲ့သူက ပေးနေတာ၊ သူနဲ့ သိပ်ခက်တာပဲ၊ တစ်ခါတည်းမှ၊ လုပ်တော့ ဘာဖြစ်သွားမလဲ၊ လူကို ပိတ်ပင်ချင်တာချည်းပဲ၊ ပိုက်ဆံရတာ ဒီလောက်ကွာတာ၊ သိန်းကျော်သွားမှာကွ တုရ"





"ဒီလောက်လည်း ငွေကို မက်မနေနဲ့ကွာ"

"ဘာပြောတယ်၊ နင် ငါ့ကို ဒီလို မပြောနဲ့နော် တု"

နင်လုံး၊ ငါလုံး ရိုက်လာချေပြီ။ ကောင်လေးမျက်နှာ ...နီကုပ်ကာ ကောင်မလေး မျက်နှာကတော့ နီမြန်းစပြုလာပြီ။ ...င်း ... ရန်ပွဲကိုတော့ ဒီလိုကြီး ထိုင်မကြည့်ချင်ပါ။

"ညှိကြိုစားပွဲထိုးလုပ်ပြီး ရှိုးရှိုးပဲ လခစားရအောင်ပါ ခင်မင်းရာ၊ နင့်အသံနဲ့ သီချင်းဆိုလို့လည်း မကောင်းပါဘူး"

"အောင်မာ ... တုနော်၊ အေး ... နင် ပြန်မှ သိမယ်"

"ငါ စိတ်မချပါဘူး၊ အောင်မြင်ပြန်လည်း တစ်မျိုး၊ နင်က အမြင့်သိပ်မက်တာ၊ အကျနာဖို့တွေ ပိုမြင်နေရတယ်၊ ရှိုးရှိုးပဲ လုပ်ကြရအောင်ပါ ခင်မင်းရယ်"

"နင် မနာလိုတာ"

"ဟာ ... ငါက ဘာလို့ ..."

"အို ... နင် ငါ ပိုက်ဆံပိုရမှာကို မနာလိုလို့"

"ကဲ ... ကဲ ... အိုကေ ... အိုကေ ... တော်ကြပါတော့၊ ကိုယ် ကြားထဲက တောင်းပန်တယ်၊ ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ်ကြပါ ဟုတ်လား၊ မင်းတို့နှစ်ယောက်တွဲကို အလုပ်ခန့်ဖို့ ရွေးလိုက်တယ်၊ ခင်မင်းက ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်ပေါ့၊ အပြင်မှာ ဆွေးနွေးပါ၊ ကိုယ့်အင်တာဗျူး လူကုန်မှ မင်းတို့ တစ်ခေါက်ပြန်ဝင်လာလိုက်၊ အဲဒီကျမှ အဖြေပေး ဟုတ်လား ... ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျေးဇူးပဲ မမ"

"ကျေးဇူးပါပဲ"

နှစ်ယောက်သား မကြဲကို ကျေးဇူးအသီးသီးတင်ကြကာ အခန်းပြင်ကို ခပ်ယို့ယို့ ထွက်ကြပါသည်။

မကြဲသည် အသားညိုညို ဆံပင်တိုတိုနှင့် အေးချမ်းသော မျက်နှာရိပ်ရှိသည့် ရတုကို ငေးငေးစိုက်စိုက် ကြည့်ကာ ပြုံးတုံ့တုံ့ ကျန်ရစ်ခဲ့လေသည်။ ဒီကောင်လေးကို မြင်မြင်ချင်း သူမ ဘာကြောင့် သဘောတကျ ဖြစ်မိပါလိမ့်။ မျက်ဝန်းလေးများကိုလည်း မက်မောနှစ်ခြိုက်မိလှသည်။ နွမ်းပါးသော အသွင်အပြင်ကြောင့် ကောင်လေးရယ်လို့ပင် ဖြစ်ကတတ်ဆန်း သုံးနှုန်းမိပေမဲ့ သူ့လျှောက်လွှာထဲက မွေးသက္ကရာဇ်အရ ကောင်လေးက မကြဲထက် နှစ်နှစ်ကျော်လောက်သာ ငယ်ပေသည်။

ခင်မင်းက ရတုထက် ခြောက်လလောက်ငယ်သည်။ ဒါကိုလည်း၊ မကြဲက ချာတိတ်မလေးသာသာ မြင်နေမိသည်။ ဘာကြောင့်လဲ ဆိုတော့ မကြဲက လောကကြီးမှာ ကိုယ်ပဲ လူကြီးလို လုပ်နေခဲ့ရတာ ကြာပြီကိုး။ အန်တီခင် ရှိပေမဲ့ အန်တီခင်က မကြဲကိုရော၊ ကိုကို့ကိုရော မအုပ်ထိန်းလှပါ။ အဖော်သဟဲမျှသာ နေရာယူခဲ့ပါသည်။

ကိုကိုကလည်း နိုင်ငံခြားတွေ လျှောက်သွားနေတာက များတော့ မကြဲ ဘာကိုပဲ ဆုံးဖြတ်ဆုံးဖြတ် ကိုယ့်ဦးနှောက်နှင့်ကိုယ်သာ ဘယ်သူ့မှ မတိုင်ပင်ဘဲ ပြီးစီးရတာ။ လုပ်ချင်တာကို ကိုယ့်ဆန္ဒနှင့်ကိုယ် လုပ်ခဲ့တာ။ သူမမှာ တားမြစ်ပိတ်ပင် ချုပ်ချယ်မည့်သူ မရှိ။ လုပ်ချင်တာ မလုပ်ရတာ၊ လိုချင်တာ မရခဲ့တာ မကြဲ ရာဇဝင်မှာ မရှိ။ ကိုယ့်စိတ် ကိုယ့်သဘောနှင့်ကိုယ်။ ဒါကြောင့် သူမဟန်ပန်က ပိုင်နိုင်ရင့်ကျက်နေကာ လူကြီးတစ်ယောက်ပုံစံ ဖြစ်နေသည်။





ဘဝတစ်လျှောက်လုံး အထက်စီးမှ လူပေါ် လူဖော် လုပ်ခဲ့ရသည်ချည်းသာ များ၍ ဘယ်သူ့ကိုမှလဲ သူမက တယ်ဂရုမစိုက်လှ။ ဘာကိုမှလဲ တယ်ပြီး ထိမထင်။ ပတ်ဝန်းကျင်ကို မေးငေ့ပြီးမှ ငုံ့ငဲ့ကြည့်တတ်ခဲ့မြဲ။ ဒါကြောင့်လည်း ယောကျ်ားလေးမိတ်ဆွေတချို့က သူမကို အချိုးမပြေဘူး၊ ရင့်တယ်ဆိုသည့် မှတ်ချက်မျိုးနှင့် ချွာပြေးကြသည်။

ရသည်။ မကြဲ မမှု။

ဘယ်သူ့ကိုမှလဲ မကြဲက သိပ်ကြီး သဘောတကျ အစွဲတလမ်း တလေးတနက် မရှိခဲ့။ ယခုတစ်ကြိမ်၌ သူမ ဘယ်လို ဖြစ်ပါလိမ့်။ လျှောက်လွှာထဲက Pass Portပုံသေးကလေးကို ကြည့်ရုံမျှနှင့် ရင်ထဲ လှုပ်ရှားကာ ချစ်စနိုး ဖြစ်ခဲ့ရသည်မှာ ဆန်းလှပါသည်။

အင်တာဗျူးခေါ်ဖို့ အကြောင်းကြားသည့် အုပ်စုထဲ ရတုကို မကြဲ ထည့်ခေါ်ခဲ့သည်။ ခုလည်းပဲ ရတုဆိုတာကိုသာ ပထမဆုံး လူအဖြစ် ခေါ်ယူလိုက်တော့ပင်။ ဝင်လာတော့ နှစ်ယောက်တွဲ။



www.burmeseclassic.com

www.burmeseclassic.com



မကြဲသည် ပြုံးချင်ချင်နှင့်ပင် ကျန်လူတွေကို ဆက်လက်တွေ့ဆုံသည်။ နှစ်နာရီလောက် ညောင်းအောင် ထိုင်ပြီးမှ လူလေးဆယ် ကုန်သွားပါသည်။ ဒီထဲက နှစ်ဆယ်ကို သူမ အလုပ်ခန့်မှာဖြစ်သည်။ မကြဲသည် လူကုန်လျှင် မတ်တတ်ရပ် ခါးချိုးပြီးမှ အခန်းဝမှ လူသွင်းပေးနေသော သူမရဲ့ ဒရိုင်ဘာ ကိုကြည်ကို ခေါ်လိုက်သည်။

"ကိုကြည် ကောင်လေးတစ်ယောက် ကောင်မလေးတစ်ယောက် စောင့်နေလား"

"ဟုတ်ကဲ့ ... ပထမဆုံး အတွဲလိုက်ဝင်တဲ့ဟာလေ၊ စောင့်နေတယ်"

"ခေါ်လိုက်ပါ၊ အခန်းထဲ သွင်းလိုက်ပါ"

မကြဲနေရာတကျ ပြန်ထိုင်ကာ ရေအေးတစ်ခွက် သောက်နေဆဲ ရတုတို့စုံတွဲ ပြန်ဝင်လာကြပါသည်။ ခင်မင်း မျက်နှာမှာ စူပုပ်နေသည်။ သူမကို စူပုပ်နေစေမည့် ဆုံးဖြတ်ချက်မျိုး ကောင်လေးက ချနိုင်စွမ်းရှိ၍ မကြဲက ကျိတ်၍ အားရနေသည်။

"မင်းတို့ စဉ်းစားပြီးပြီလား"

"ဟို ... သူ မလုပ်တော့ဘူး မမ၊ ဧည့်ကြိုဖြစ်ဖြစ် စားပွဲထိုးဖြစ်ဖြစ်ပဲ၊ တစ်နေရာဝင်ပါ့မယ်"

ရတုက ဝင်ဖြေလိုက်၍ မကြဲက ရတု နှုတ်ခမ်းများ လှုပ်ရှားပုံကို ငေးကြည့်နေသည်။ ထို့နောက်တွင် မကြဲသည် ကောက်ကာငင်ကာ စိတ်ကူးပေါက်ကာ ...





"နောက်တစ်ခု ရှိတာက မင်းပေါ့၊ ဒရိုင်ဘာ လုပ်ချင်လည်း ရတယ်၊ လခက ခြောက်သောင်းခွဲရမယ်၊ ထမင်းကျွေးမယ်ပေါ့၊ ကားမောင်းတတ်လား"

ဒီတစ်ကြိမ် ရတုက တက်ကြွသွားပုံနှင့် ခင်မင်းဘက် ဆတ်ခနဲ လှည့်သည်။ ခင်မင်းကား စူပုပ်၍ မျက်လုံးပြူးကာ ...

"မလုပ်ရဘူး"

ရတုဘက် အံကြိတ်ပြောပြီးမှ ...

"ဟင့်အင်း မမ၊ သူလည်း စားပွဲထိုးပဲ လုပ်ပါစေ"

မကြဲက ပခုံးတွန့်ကာ အင်မတန် ပြုံးချင်လာပါသည်။

"ရတယ်လေ ... အိုကေ ... ခင်မင်းက ဧည့်ကြို၊ ရတုက စားပွဲထိုးပေါ့"

စကားဆုံးလျှင် ရတုကို ဖျတ်ခနဲ ကြည့်ကာ ဤနောက်ဆုံးမြင်သော အာရုံကို ခေါင်းငုံ့ချ၍ မကြဲ ရင်ထဲ ကော်ပီကူးဆွဲ ရိုက်နှိပ်သိမ်းဆည်းလိုက်လေသည်။

ရက်စ်ထရော့န့်ထဲ အဆောက်အအုံကြီးက နှစ်ထပ်ဖြစ်၍ ခြံရှေ့ဘက်မှာ မျက်နှာစာကို ဘေးတိုက်ပြု၍ ဆောက်ထားပါသည်။ သူ့ရှေ့မှာ မြက်ခင်းပြင်ကျယ်ကြီး ရှိကာ မိုးလွှတ်သော



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုများမှာ ခြံရှေ့မြက်ခင်းပြင်၌လည်း စားပွဲများ ချ၍ ပြင်ဆင်ထားပါသည်။ မြက်ခင်းပြင်မှ ကြည့်လိုက်လျှင်, ခြံရဲ့ နောက်ဘက်ကျကျမှာ တစ်ထပ်တိုက်ပု ခပ်အိုအိုကလေး ရှိ၍ ဤတိုက်ပုကလေးမှာ မကြဲရဲ့ ဂေဟာတည်း။

မြက်ခင်းစားပွဲများ၌ ရတု တာဝန်ကျသည့်အခါများရဲ့ အချို့သော မကြာခဏတို့တွင် မကြဲကို ရိုးခနဲ ရိပ်ခနဲ မြင်ရတတ်ပါသည်။ တစ်ခါတစ်ရံတော့ တိုက်ပုရဲ့ နံဘေး နှစ်ယောက်စီးဒန်းကလေး၌ ထိုင်၍ စားသောက်ဆိုင်ဘက် ကြည့်နေတာ။ တစ်ခါတစ်ရံတွင် ဧည့်သည်ကို အိမ်ဝသို့ ထွက်၍ ကြိုဆိုတာ။ တစ်ခါတလေမှာတော့ အပြင်မှ တစ်စုံတစ်ယောက်ရဲ့ ကားနှင့် ပြန်ရောက်လာတာ။

ရတု တွေ့ရသမျှ မကြဲရဲ့ ဧည့်သည်တို့ဟာ ယောကျ်ားလူရွယ်များချည်းသာတည်း။ အပြင်မှ ပြန်လာသည့်အခါ၌လည်း ယောကျ်ားရွယ်တို့ လိုက်ပို့သော ကားနှင့် ပြန်လာတတ်တာပင်။ မကြဲရဲ့ ခပ်တည်တည် မျက်နှာထားက ထိုယောကျ်ားတို့အပေါ် ပြုံးတီတီ၊ ကလက်တက်တက် မရှိတာကိုတော့ အကဲခတ်နိုင်လျက် ရတု ဘဝင်ကျရလေသည်။

တကယ်တော့ သူ့မှာ ဘဝင်ကျဖို့ ဘဝင်မကျဖို့ ဘာမှ အခွင့်အရေး မရှိ၊ မသက်ဆိုင်တာ သိပြီးသားပင်။ သို့သော်လည်း အလုပ်ရှင်အဖြစ်နှင့် သူ့စိတ်က ခင်မင်လေးစားမှု ထားထားမိပြီး၍ ဤမိန်းမမှာ အကောင်းတွေ ဖြစ်စေချင်တာ၊





ကောင်းတာကိုပဲ မြင်လိုတာက သိပ်ပြီးမဆန်းလှပါ။ မကြဲဟာ သူ့ထက် အများကြီး မကြီးနိုင်တဲ့ ရွယ်တူလောက်ပဲဟု ခန့်မှန်းနိုင်သော်လည်း အလုပ်ရှင်မို့ သူက ရိုသေသမှုနှင့် အစ်မလို သဘောထားလေးစားပါသည်။

မကြဲရဲ့ အိမ်တွင်းရေး အပေါ်ယံတို့ကိုလည်း ဟိုကကြား၊ ဒီကကြားနှင့် ရတု သိသင့်သလောက် သိပြီးပြီ။ အမေက ဆုံးပြီ။ အဖေက နောက်အိမ်ထောင်နှင့် ဟာဝိုင်အီမှာ အခြေစိုက်နေထိုင်သည်။ အဒေါ်နှင့်နေကာ အစ်ကိုရင်းတစ်ယောက် ရှိသည်။ အဒေါ်ဟာ မကြဲရဲ့ ရုပ်သေးမျှသာဖြစ်ပြီး အစ်ကိုက နိုင်ငံပေါင်းစုံ လှည့်လည်နေသော သင်္ဘောအရာရှိတစ်ယောက်ဖြစ်သည်။ ဒါလောက်ပဲဖြစ်သည်။

တစ်ခု ထူးခြားစွာ ရတု သတိပြုမိတာကတော့ သူ မကြဲကို လှမ်းမြင်ရသော အကြိမ်တိုင်းမှာ ဆိုင်ဘက် လှမ်းကြည့်သည် ထင်ရသော မကြဲရဲ့ မျက်ဝန်းတို့ဟာ သူ့တစ်ယောက်ကိုသာပဲ စူးစိုက်ပြီး လိုက်ကြည့်နေခြင်း ဖြစ်သည်ဆိုတာကိုပင်။ ပထမတော့ သူက စိတ်ထင်တာဟု တွေးသည်။ နောက်တော့ တကယ်ဖြစ်နေသည်။

အဲသလို သူမ ကြည့်နေတာနှင့် ကြုံသောအခါတွင် သူ့မှာ ပူရှိန်းရှိန်းနှင့် မလှုပ်ရှားတတ်သလို အိုးတိုးအမ်းတမ်း ဖြစ်ရသည်။ သူမ အကြည့်က စူးရှလှ၍ပင်။ ကိုယ့်ဟာနှင့်ကိုယ် အလုပ်များနေကာ တစ်ခါတစ်ရံ မကြဲကို သတိမရ။ သတိရတော



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ရှိနေသလား ကြည့်လိုက်မိလျှင် ပေါ်တီကိုအောက် ပန်းအိုးကြား အုတ်ခုံမှလည်းကောင်း၊ ဒန်းပေါ်မှလည်းကောင်း လှမ်းကြည့်နေပုံနှင့် ဆုံရသည့်အခါ ရတု ခြေလှမ်းမှားလေသည်။

ယောက်ျားတစ်ယောက် ဖြစ်ပါလျက် မိန်းမတစ်ယောက်ရဲ့ အကြည့်အတွက် ခြေလှမ်းမှားစရာလားရယ်လို့ တွက်လို့က တွက်ဆစရာပင်။ တကယ်တမ်း၌ နွမ်းပါး၍ အောက်ခြေနားပ်နေသော အလွှာမှ ယောက်ျားတစ်ယောက်အဖို့ ထည်ဝါဂုဏ်ကြီးမားသော အထက်လွှာ မိန်းမတစ်ယောက်ရဲ့ နားလည်ရသော အကြည့်က ခြေလှမ်းမှားချင်စရာပဲဖြစ်သည်။

သို့သော် ဒါကို ရတုက ခင်မင်းကိုတော့ တစ်ကြိမ်မှ ပြန်မပြောဖြစ်ဖူးပေ။ ဘာကြောင့် မပြောဖြစ်လဲ စဉ်းစားကြည့်တော့ မရေရာ။ ခင်မင်း စိတ်ပူဝန်တိုမှာ စိုးတာဖြစ်နိုင်သလို ကိုယ့်ကို မကြဲက ဤသို့ ကြည့်သည်ဟု ထုတ်ပြောရမှာ ရှက်စရာ ကြွားလုံးတစ်ခုလို သူက ပါးစပ်မှ မထွက်ဘဲ ဖြစ်နေသည်။ တဖြည်းဖြည်းနှင့် မကြဲက မပြုံးတပြုံး လှမ်းပြုံးပြတတ်သည့် အဆင့်သို့ ရောက်လာသည်။ ဤအခါမျိုး၌ မဝံ့မရဲ ပြန်ပြုံးရင်း ရတုမှာ ထူပူရပြန်သည်။

ထိုသို့ ထူပူမိခြင်းဟာ မရိုးသားဟု သူက မသတ်မှတ်ပါ။ မကြဲ အကြည့်တို့၊ အပြုံးတို့၌ သူ စိတ်အိုက်ရသည်တော့ အမှန်ပင်။ တစ်ခါတစ်ရံ၌ မကြဲက သူ့ဧည့်သည်ကို အိမ်ခေါ်လာတတ်ကာ အိမ်ပေါ်၌ ဟင်းမှာ၍ ထမင်းကျွေးဧည့်ခံတတ်ပါသည်။





ဤအခါတွင်မှာ မကြဲက သူ့ကို စားပွဲထိုးဖို့ ခေါ်ယူတတ်လေသည်။ နောင်၌ ရတုသည် မကြဲ အပြင်မှ ပြန်လာတာမြင်လျှင် အရိပ်အကဲကို ကြည့်ပြီး ဧည့်သည်ကို ထမင်းကျွေးမည် မကျွေးမည်ကို သိနိုင်လာသည်ထိပင်။

တစ်ရက်မှာတော့ ခြံထဲက ရတု အတက် မကြဲနှင့် လူတစ်ယောက်ရဲ့ ကားဝင်လာတာကို မြင်သည်။ စားသောက်ဆိုင် နှစ်ထပ်တိုက်အပေါက်ဝ မှန်တံခါးနောက်မှ သူ အကဲခတ်သောအခါ မကြဲ မျက်ဝန်းတို့က သူ့ကို ရှာဖွေသလို ရှိတာကို သူ သိသည်။ လူသိရှင်ကြား ရှာဖွေပုံမို့ မကြဲ ထမင်းကျွေးတော့မည်ကို သူ သိနိုင်ပါသည်။ ဟင်းပွဲ ယူစရာရှိသယောင်နှင့် ရတုက မီးဖိုဘက် ဝင်ခဲ့ကာ အလုပ်ရှာနေသည်။ မကြဲ တခြားလူကို ခေါ်ရင်လည်း ခေါ်လိုက်ပါစေလို့ပင်။

မကြဲသည် ထိုနေ့က ရတုကို ခြံထဲမတွေ့သဖြင့် လှမ်းတွေ့သော ကောင်လေးတစ်ယောက်ကို လှမ်းခေါ်လိုက်ပါသည်။

"ကျော်ကျော်နိုင်"

"ဟုတ်ကဲ့ မမ"

"ရတု ရှိတယ်မို့လား"

"ဟုတ် ... ဧည့်သည်စားပွဲထိုးပေးဖို့လား မမ"

ကျန်လူတွေလည်း သတိထားမိပြီကို မကြဲ သိရ၏။ ဤအတွက် မျက်နှာပူသလိုလို ဘာလိုလို ရှိသွားပင်။ သို့သော် အပြုံးနှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အိမ်ထဲလာခဲ့လို့ လွှတ်လိုက်၊ မှာစရာရှိတာ မှာမယ်"

"ဟုတ်"

မကြံက သူမကို လိုက်ပို့သော ကိုမင်းထွန်းကို ပြုံးလျက် ခေါင်းဆတ်ကာ အိမ်ထဲ ဝင်လာခဲ့ပါသည်။ မကြံသည် အသက်နှစ်ဆယ့်ခြောက်ကျော်ပြီ။ နှစ်ဆယ့်ခုနစ် ပြည့်တော့မည်။ ရည်းစားရယ်လို့ မယ်မယ်ရရ ဖြစ်ဖြစ်မြောက်မြောက် မထားဖူးဘဲ သူမကို ပိတုန်းလိုဝဲကြသော ယောကျ်ားသားများထဲက အချို့နှင့် တော့ တွဲသွားတွဲလာ ရှိခဲ့ဖူးပါသည်။

မကြံ ဘဝက ခြောက်သွေ့လှသည်ရယ်လို့ သူမကိုယ် မ ကြံဖန်၍ ကရုဏာသက်မြဲမို့ သူငယ်ချင်း အဖော်အပေါင်းကို သူမ ခံမင်လှသည်။ ချစ်သူတစ်ယောက်လည်း ရှိချင်၍ သူမရဲ့ နှလုံးသားကို ပုံအပ်ချစ်မြတ်နိုးချင်လှပါသည်။ ဒါကြောင့် သူမကို ချစ်ရေးဆိုသူတွေထဲက နည်းနည်းပါးပါး စိတ်ဝင်စားစရာ ရှိသူတို့နှင့် ခင်မင်စွာ ပေါင်းသည်။ လေ့လာသည်။

ခက်သည်မှာ ဘယ်ယောကျ်ားကိုမှ ရိုးသားသည်၊ အေးချမ်းသည်ရယ်လို့ မကြံက မသတ်မှတ်နိုင်ခဲ့သေးတာပင်။ မကြံက လှပ၍ ချမ်းသာသည်။ ဒါဟာ ယောကျ်ားတို့ အချစ်ကို အတုအစစ် အခွဲခြားခက်စေဖို့ အဓိက အကြောင်းဖြစ်သည်။ ယောကျ်ားဆိုသူတို့ဟာ ကိုယ်ရည်သွေးတတ်သူများ၊ ဘဝင်မြင့်တတ်သူများ မိန်းမတို့ကို ချောင်းထိုးလိုသူများ၊ တစ်ကိုယ်ကောင်း





ဆန်၍ အတ္တကြီးမားသူများ၊ အောက်သက်မကျေဘဲ ကရုဏာစိတ် ကျဲတောက်သူများရယ်လို့ မကြံက မှတ်ချက်ချသည်။

များရာစု ယောကျ်ားတိုင်းမှာ ဤအချက်တို့ကို မကြံ တွေ့ရသည်။ ဤအချက်တို့မှာ မကြံ မုန်းတီးသော စရိုက်များချည်းပင်။ ဒါကြောင့် တစ်ကြိမ်မှ ချစ်ရမည့်သူ မရရှိခဲ့။ သို့ပေမဲ့ အများအမြင်မှာတော့ မကြံက အတွဲများသူပင်။ မကြံသည် ကိုကို့ကိုလည်း အားမကိုး။ ကိုကိုက မကြံထက် ခြောက်နှစ်ကြီးကာ ငယ်ငယ်ကတည်းက အစေးမကပ်။ သူ့ဟာသူနေ၊ ကိုယ့်ဟာကိုယ်နေ။ ကိုကို့ကို အားကိုးရမည်ရယ်လို့လည်း ဘယ်တုန်းကမျှ မကြံက မစဉ်းစားဖူးချေ။ ကိုကိုဟာလည်း ညီမကိုထက် သူ့ကိုယ်သူ ပျော်ဖို့၊ အဆင်ပြေဖို့ အေးရာအေးကြောင်းရှာကာ သက်သာသလို နေတတ်သော ယောကျ်ားတွေထဲက ယောကျ်ားတစ်ယောက်ပင်ဟု မကြံက ယုံသည်။

"ထိုင်လေ ကိုမင်းထွန်း၊ စားတော့မလား"

"ဖြည်းဖြည်းပေါ့၊ ရက်စ်ထရော့နတ် ပိုင်ရှင်ကြီးရယ်၊ စားဖို့သက်သက်လာတာ မဟုတ်ပါဘူး"

"ဩော် ... စားဖို့သက်သက်နဲ့တော့ မကြံဆီ ဘယ်လာမလဲ၊ ဆိုင်တွေ ပြည့်လို့ပဲ"

"မကြံဆီ ရောက်ရောက်နေရတာက မတွေ့ရမနေနိုင်တာ တစ်ချက်သက်သက်တည်းကြောင့်ပါဗျာ"

"မပိုပါနဲ့ ကိုမင်းထွန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်း ရတုက တိုက်တံခါးဝကို ရောက်လာကာ ဧည့်ခန်းစပ်၌ လက်နှစ်ဖက် နောက်ပစ်ကာ ရပ်နေပြီ။ သို့သော် မကြဲက စကားမပြတ်သေး၍ ...

"ရှင် အားနေရင်သာ မတွေ့ရမနေနိုင်တာပါ၊ ရှင့်အလုပ်ကိစ္စတွေနဲ့ရှင်ရှုပ်နေရင် မတွေ့ရလည်း နေနိုင်တာပဲမဟုတ်လား"

"အောင့်အည်းထားရတာပေါ့ မကြဲရာ၊ တွေ့တာတော့ အမြဲတွေ့ချင်နေတာပါ"

"ကိုယ့် ကိုယ်ရေးကိုယ်တာက လူတိုင်းမှာ ပထမပါ ကိုမင်းထွန်းရဲ့၊ ကိုယ်တိုင်ရဲ့ ကိစ္စတွေနဲ့ ယှဉ်ရင် ကိုယ်ဘယ်လောက်ချစ်နေတဲ့သူရဲ့ ကိစ္စဖြစ်ဖြစ် ဒုတိယပါပဲ"

"ဒါ မကြဲ သဘောထားဖြစ်မှာပေါ့"

"ဒါပေါ့ ... မကြဲက ရှင်းရှင်းပဲ၊ မကြဲကို မကြဲ အချစ်ဆုံး၊ မကြဲကို မကြဲကလွဲပြီးမှ ချစ်သူရှိရင် ချစ်သူက ဒုတိယ"

"ပြတ်ပါပေတယ်ဗျာ၊ ဒါဖြင့် ဒုတိယဖြစ်ချင်လည်း ဖြစ်ရပါစေတော့"

ရတုသည် ခေါင်းမဖော်ဝံ့ဘဲ ငုံ့ထားကာ ကြားနေရသော စကားတို့အတွက် မကြဲကို အခြောက်တိုက် အားနာနေလေသည်။ မကြဲ ခေါ်လို့လာရတာ ဖြစ်သော်လည်း သူတို့ အတွင်းရေးစကားတွေကို ကိုယ် ကြားနေရတာအတွက် အနေခက်ကာ အားနာတတ်လွန်းသော ဉာဉ်အတိုင်း မျက်နှာပူနေသည်။ သူ့၌ပဲ အပြစ်မကင်းသလိုလို။





"ဟင့်အင်း ... စိတ်ရှည်မှပေါ့ ကိုမင်းထွန်းရဲ့၊ ဩော် ... ရတုရေ စာရွက်ပါလား၊ ဟုတ်ပြီ ... ဟင်းမှာမလို့ အိမ်ပေါ်ဝိုင်းမှာ လာပြီး Serve လုပ်ပါဦး"

"ဟုတ်ကဲ့"

"ကိုမင်းထွန်း မှာလေ"

"ဘီယာသောက်ရမှာလား"

"သောက်ပေါ့ရှင်"

"ဘီယာနဲ့ အတွက်က ပုစွန်ကင်တစ်ပွဲ၊ အသီးအရွက်စပ်စပ်တစ်ပွဲပေးကွာ ညီလေး"

ရတုက ခေါင်းငုံ့ကာ ပါလာသော စာအုပ်ငယ်လေးထဲ ရေးမှတ်သည်။

"ဘီယာက ဘာယူမလဲ အစ်ကို"

"မြန်မာပဲပေး"

"ဟုတ်ကဲ့ ... ဘယ်နှလုံးလဲ ခင်ဗျ"

"နှစ်လုံးပဲ တော်ပြီ၊ ထမင်းစားဖို့တော့ မကြဲပဲ မှာလေ"

"ဟင့်အင်း ... အိမ်က မြန်မာဟင်းပဲ စားမယ်၊ ပြီးတော့ မကြဲက ဒီနေ့ သက်သတ်လွတ်နေ့၊ ကိုမင်းထွန်း စားချင်တာမှာ"

"မကြဲက သက်သတ်လွတ်တွေ ဘာတွေနဲ့"

"မကြဲ မွေးရက်လေ၊ စနေနေ့တိုင်း စားတာဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"သာခုပါဗျာ၊ ညီလေးရာ အထူးမမှာတော့ပါဘူး၊ ဟင်းချို တစ်ပွဲ၊ အရွက်ကြော်တစ်ပွဲနဲ့ အသားက ကြက်ထဲက တစ်ခုခုပေါ့၊ ကိုယ် ထပ်မှာမှပဲ ယူခဲ့ပါ၊ ခုယူခဲ့ရင် အေးကုန်မယ်၊ အခုက ဘီယာနဲ့ မြည်းစရာပဲ ယူခဲ့တော့"

"ဟုတ်ကဲ့ အစ်ကို"

ရတုက လှည့်ထွက်ဖို့ ပြင်လိုက်သည်။ မကြီးက မတ်တတ်ထရပ်ရင်း ...

"ရတု ... ခဏ"

"ဟုတ်ကဲ့"

မကြီးက စားပွဲပေါ်မှ အထုပ်များထဲက တစ်ထုပ်ကို ရွေးယူကာ ရတုထံ လှမ်းသည်။

"အဲဒါ ရတုဖို့"

ဘာမှန်းမသိ လက်လှမ်းပြီးမှ ရတု လက်တွန့်သွားရကာ ...

"ဟာ ... ဘာလဲ မမ"

"လက်မတွန့်နဲ့ ယူပါ၊ ကိုယ် ဒီနေ့ ဈေးဝယ်ရင်း မင်းအတွက် ခါးပတ်တစ်ခု ဝယ်လာတာ"

"ဟာ ... ကျွန်တော်"

"ယူပါ၊ သူများတွေ ခါးပတ်ပတ်ကြတယ်၊ မင်း ခါးပတ် မပတ်ဘူး၊ ဒါကြောင့် မရှိဘူးလို့ဘဲ ယူဆပြီး ကိုယ် ဝယ်လာလိုက်တယ်"





ရတုတို့ရဲ့ ဝတ်စုံဟာ ရှပ်အဖြူလက်ရှည်၊ အစိမ်းပုပ် ဆောင်းဘီရှည်နှင့် အစိမ်းအနီ အစင်းစောင်း ဘိုးတိုင်ကလေး ဖြစ်ပါသည်။ ရတုမှာ ခါးပတ် မရှိတာ အမှန်ပင်။ ဟိုးငယ်ငယ် တုန်းကသာ ဘောင်းဘီရှည်တွေ ဝတ်ခဲ့ဖူးလျက် အရွယ်ရောက် ကတည်းက သူ ဘောင်းဘီ မဝတ်ပါ။ ပုဆိုးက စရိတ်သက်သာ၍ ပုဆိုးပဲ ဝတ်သည်။ ဒီမှာ အလုပ်ဝင်မှ ဆိုင်ကပေးသော ဝတ်စုံ နှစ်စုံနှင့် ဖိနပ်ကို လက်ခံယူကာ သူ ဘောင်းဘီရှည် ဝတ်ဖြစ်တာပင်။

"ဟို ... ကျွန်တော် ခါးပတ် မရှိတာတော့ အမှန်ပါပဲ။ ဒါပေမဲ့"

"ယူပါ ရတု၊ တို့ဝယ်လာပြီးမှ စိတ်ကောင်းအောင် ယူပါ"

"ကျွန်တော် အားနာလို့ပါ"

"အားနာစရာ မရှိဘူး၊ ကိုယ်တို့အိမ်ပေါ်ကို မင်း လာပြီး Serve လုပ်ပေးရတာ လေးငါးခေါက်ကြိမ် ရှိပြီ၊ ဒီအတွက် ဘောက်ဆူးပေါ့"

ရတုသည် အလုပ်ရှင် ဤမျှလောက် လက်ညှောင်းအောင် ဆန့်ထားရတာကို အားနာတာတစ်ခုနှင့် လှမ်းယူလိုက်ရကာ တကယ်တော့ မယူချင်ဘဲ ရှက်အားနာလျက် အိတ်ကို အမိပွာယ်မဲ့ ဟကြည့်မိသည်။ မီးချောင်းရေအကွက် စိမ်းညိုပုပ်ပုပ် ခါးပတ်ရဲ့ သားရေပေါ် ကပ်ထားသော ရွှေစာလုံးအဖုလေးတွေ၌ Arrow ဆိုသည့် စာတန်းကို မြင်လျှင် ပို၍ တွန့်သွားလေသည်။ ဝယ်ဖူးသော်လည်း တန်ဖိုးကြီးတာတော့ သူ သိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မကြဲ ... ကျွန်တော်"

ယောင်ပြီး မမ မခေါ်ဘဲ မကြဲတွေ ဘာတွေ ခေါ်ထွက်သွားမိ၍ မကြဲက မျက်ခုံးယောင်ယောင်ပင့်ကာ မျက်ဖုံးလေး လက်ခနဲ ရီလဲ့အောင် ပြုံး၍ ...

"ကဲ ... အားမနာနဲ့ ယူ၊ မယူလို့ မရဘူး ရတု၊ ကိုယ်က အလုပ်ရှင်လေ၊ ကိုယ်ပေးတာတစ်ခုကို ကြီးကျယ်တဲ့ အကြောင်းပြချက် မယ်မယ်ရရ မရှိဘဲ မငြင်းပါနဲ့"

"ယူလိုက်ပါကွာ ဒီလောက်ပေးနေတာ၊ ပေးရတဲ့သူလည်း အာပေါက်နေပါပြီ"

ဘေးကလူ ဝင်ပြောလိုက်၍ ရတု ဆက်၍ ငြင်းမနေချင်တော့ပါ။

"ကျေးဇူးတင်ပါတယ်"

"ပတ်လိုက်၊ အခုပဲ ပတ်လိုက်တော့ ... သွား"

ရတု ပူရှိန်းရှိန်းနှင့် လှည့်ထွက်လာခဲ့သည်။ သူ့ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရလေသည်။ ဘယ်လိုကြီးမှန်း မသိသော်လည်း ထိုတစ်မျိုးကြီးက မယူလိုသော အဓိပ္ပာယ် သက်ရောက်စေတာတော့ သေချာသည်။ သို့သော် စားဖိုဆောင်မီးဖို၌ သူဝင်ကာ ခါးပတ်ကို ပတ်ရပါသည်။ သူ ခါးပတ်ပတ်နေတာကို စားဖိုမှူးကြီးကိုယ်တိုင်က လာကိုင်ကြည့်ကာ ...

"အားပါးပါး ... ရတု တယ်ကြီးပွားပါလား"

"မဟုတ်ဘူးဗျ၊ မကြဲ ပေးတာ"





"မင်း မရယ်တာ ငါ သိတယ်လေ၊ မကြဲ ပေးတာလို့ ထင်လို့ တယ်ကြီးပွားပါလား ပြောတာပေါ့"

ရတုကို ဝိုင်းကြည့်ကြ၊ သဘောကျကြ၊ ဝိုင်းနောက်ကြနှင့် ရတု အနေရခက်လာသည်။ ဘီယာနှင့် အမြည်းဗန်းကို လက်တစ်ဖက်နှင့် မြှောက်မကာ မီးဖိုမှ ရတု ထွက်လာလျှင် တံခါးဝ၌ ရပ်နေသော ညှော်ကြိုဝတ်စုံနှင့် ခင်မင်းက မျက်နှာကို လှမ်းကြည့်ရာမှတစ်ဆင့် ခါးမှခါးပတ်ကို ချက်ချင်းပဲ သတိပြုမိသွားလေသည်။

"ဟင် ... တု ... ကောင်းစားနေပါလား၊ ဘယ်ကရလဲ"

"မကြဲက ပေးလိုက်တယ်"

"ဟင် ... အသလွတ်"

"ငါက အိမ်ပေါ် ခဏခဏ Serve လုပ်ရလို့ ဘောက်ဆူး မပေးရသေးလို့တဲ့"

"ဪ ... ဒီလိုလား၊ ပွတာပဲနော်၊ နောက်တစ်ခါ အိမ်ပေါ်ကခေါ်ရင် သူများမဦးစေနဲ့၊ နင်ပဲ ပြေး သိလား တု"

ခင်မင်းက ခါးပတ်ကို မျက်လုံးလက်လက်နှင့် ကြည့်ကာ တီးတိုးကလေး သတိပေးလိုက်ပါသေးသည်။ ဒီတော့မှပဲ ရတုမှာ အနည်းငယ် စိတ်အေးလက်အေးဖြစ်ရသည်။ ခင်မင်း ပြဿနာလုပ်မည်ထင်တာ၊ ခုတော့ မလုပ်ဘူးလေ၊ တော်ပါသေးရဲ့ဟု စိတ်ပေါ့ကာ ခင်မင်း ဖွင့်ပေးလိုက်သော ရှေ့တံခါးဝမှ ထွက်ခဲ့သော ခြေလှမ်းက ပေါ့ပါးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ သူ ဝင်လိုက်လျှင် မကြဲနှင့် ကိုမင်းထွန်း ဆိုသူကို စားပွဲအလယ်ထားကာ ခေါင်းချင်းတိုက် နဖူးချင်းဆောင့် မတတ်နီးပါး စားပွဲပေါ် အသီးသီးကုန်းလျက် စာအုပ်တစ်အုပ် ကြည့်နေတာ မြင်လိုက်ရ၍ ရတု လက်ဖျားများ အေးသွားပါသည်။

"အိမ်ရှေ့ပဲ ချရမလား၊ ထမင်းစားပွဲမှာ ချရမလား မမ"

"ဘီယာ မဟုတ်လား၊ ဒီကိုပဲချ"

သူတို့ကြားက စားပွဲပေါ် ဘီယာချရင်းက မကြဲတို့ ကြည့်နေတာသည် ရတနာလက်ဝတ်ပစ္စည်း ကတ်တလောက် တစ်ခု ဖြစ်နေတာ တွေ့ရပါသည်။

"နှစ်ရတီ တစ်လုံးတည်းနော်၊ ကိုယ် ရှာပေးပါ့မယ်၊ မကြဲ က လက်စွပ်ပဲ လုပ်မှာလား"

"ဟုတ်တယ်၊ ဟယ် ... ရတု ခါးပတ် ပတ်လိုက်ပြီ၊ ကောင်းတယ်၊ မင်းနဲ့ လိုက်တယ် ရတု"

ကိုမင်းထွန်းက ရတုကို တစ်ချက် လှည့်ကြည့်ကာ မကြဲကို တစ်လှည့်ကြည့်ပြီး ခေါင်းပြန်ငုံ့၍ စာအုပ်ကို ဆက်ကြည့် နေပါသည်။ မကြဲကတော့ ရတုကိုသာ ပီတိအဟုန်နှင့် ကြည့်နူး မြူးလက်စွာ လိုက်၍ ကြည့်နေတော့သည်။ စားစရာတွေ ကုန်းချနေ သော်လည်း အကြည့်ကို ခံစားရ၍ ရတု ရှိန်နေပါသည်။ ဤမိန်းမရဲ့ အကြည့်တို့၌ သူ ဘာကြောင့် ထူပူချောက်ချားရသနည်း။





## ၂

"ဝယ်မှာလဲ မဟုတ်ဘဲနဲ့ သိပ်ဖြန့်ကြည့်နေပါနဲ့ ခင်မင်း ရယ်၊ အားနာစရာကြီး၊ သူတို့ ပြန်ပြီး ခေါက်ရသိမ်းရ လွယ်တာ မဟုတ်ဘူး"

ရတုက ခပ်တိုးတိုးပြောလိုက်လျှင် ခင်မင်းရဲ့ ဒေါသ မျက်လုံးပြူးကို ရင်ဆိုင်လိုက်ရကာ သွားစေ့၍ တီးတိုးကြိမ်းမောင်း မှုကိုလည်း ခံလိုက်ရပါသည်။

"ဘာဖြစ်နေတာလဲ တု၊ ခု မဝယ်သေးပေမဲ့ နောက်ဝယ်ချင် ဝယ်မှာပေါ့၊ လိုချင်တဲ့ ပစ္စည်းကို စေ့စေ့စပ်စပ် ဖြန့်ကြည့် တာ အားနာစရာ မဟုတ်ဘူး၊ ဈေးဝယ်တစ်ယောက်ရဲ့ အခွင့်အရေးပဲ"

"ခုဝယ်မှာ မဟုတ်သေးတာကို ပြောတာပဲဟာ၊ နောက် တကယ်ဝယ်မယ်ဆိုမှ တစ်ခါလာပြန်ကြည့်ပေါ့ ခင်မင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရတုကတော့ စိတ်ရှုပ်နေသည်။ တစ်ယောက်စီရဲ့ အိတ်ထဲမှာ ပိုက်ဆံသုံးထောင်လောက်ထက် ပိုမပါဘဲ လေးသောင်း တန်ပစ္စည်းကို ဖြန့်ကြည့်ရမှာကို ရတု အားနာနေသည်။ နောက်ဝယ် မည်ဆိုတာကလည်း ဆောက်ဖြစ်မှ ကျောင်းဒကာ။ မရေရာပါ။ မနီးစပ်ပါ။ ခင်မင်း ဖြန့်ကြည့်နေတာက ပိုးသားအိပ်ရာဖုံး ခေါင်း အုံးစွပ် ဝမ်းဆက်အထုပ်ကြီးဖြစ်သည်။ အနားပတ်လည်မှာ အတွန့် အထပ်တွေ စီကာချထားသဖြင့် အဝါနုတောက်တောက် အိပ်ရာဖုံး ကြီးက လှပလွန်းပါသည်။

မင်္ဂလာဆောင်တဲ့အခါ ခုတင်ဝယ်ဖို့ပင် အနိုင်နိုင်။ အိပ်ရာဖုံးကြီးကတော့ အလှမ်းဝေးလှပါသည်။

"မောင်လေးက အဝါ မကြိုက်လို့လား၊ ပန်းရောင် ကြည့် မလား၊ ဖြန့်ပြမယ်"

"နေပါစေ၊ မကြည့်တော့ပါဘူး"

"အားမနာနဲ့ကွယ့် ကြည့်ပါ၊ သေချာဖြန့်ကြည့်ပြီး ရွေးပေါ့၊ ဒါမှ အရောင်ယှဉ်လို့ရတာ၊ အနားတွေကလည်း မတူဘူး"

"မဟုတ်ဘူး အစ်မ၊ ကျွန်တော်တို့ မဝယ်နိုင်သေးပါဘူး"

ခင်မင်း မျက်နှာက တင်းသွားကာ ကြည့်လက်စ အိပ်ရာဖုံးကို ဆတ်ခနဲ လွှတ်ချပြီး ရတုကို အတော်စိတ်နာစွာ လှည့်ကြည့်လေသည်။ ဆိုင်ရှင်က ရတု စကားကြောင့် ထပ်မဖြန့်ဘဲ ကောက်သိမ်းစပြုသည်။ ခင်မင်း ချာခနဲ ထွက်သွားရာသို့ ရတု အပြေးကပ်လိုက်ရင်း ...





"နင်က ပကာသန ဖက်လွန်းတယ် ခင်မင်းရာ၊ နမြော စရာကြီး၊ ဒါကြီးကို လေးသောင်းကျော်ပေးပြီး ဘာလုပ်ဖို့လဲ၊ ဝယ်နိုင်တဲ့သူအဖို့တောင် တစ်ကြိမ်ပဲ အလှပြရတာ၊ ခင်းအိပ် လို့လည်း ဖြစ်တာမဟုတ်"

"သွား ... နင့်ကို ငါ သိပ်စိတ်ပျက်တယ်"

"ငါလည်း စိတ်ပျက်တာပဲ၊ ကိုယ်နဲ့ တန်ရာတန်ရာပေါ့ ခင်မင်းရာ"

"ဘာ ..."

ခင်မင်းက ခြေစုံရပ်ကာ မိုလ်ချုပ်ဈေးလယ်ကောင် ကြီးမှာ ရတုကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်ရင်း ...

"ငါနဲ့ အဲဒါနဲ့ မတန်ဘူး၊ နင် ဒီလိုပြောသလား ... ပြော စမ်း"

ရတု သက်ပြင်းချရင်း ...

"နင်တို့ ငါတို့ တူတူပေါ့ ခင်မင်းရာ၊ ဆွမ်းကျွေးဖို့တောင် အနိုင်နိုင်၊ ဒီလို အပိုဆားဒါးတွေ ဘယ်လိုလုပ် ချဲ့နိုင် ထည့်နိုင်မှာလဲ၊ ခုမှ နှစ်ယောက်ပေါင်းစုတာ သုံးသောင်းပဲ ရသေးတာ"

"သုံးသောင်း မရှိဘူး၊ အဲဒီထဲက ငါ ဒေါက်ဖိနပ် တစ်ရံ ဝယ်လိုက်သေးတယ်၊ သောင်းရှစ်ထောင်ပဲ ကျန်တယ်"

"ဒါဖြင့် ပိုတောင်ဆိုးသေးတယ်"

ခင်မင်း မျက်လုံးက နာကျင်ရိဝေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ နင် ငါ့ကို ကောင်းကောင်းကန်းကန်း လုပ်ပေးဖို့ စေတနာကို မရှိဘူး၊ သထာမှုလည်း မရှိဘူးဆိုတာ"

"မဆိုင်ဘူးဟဲ၊ နင် တကယ် ခက်ပါလား၊ နင့်ကို ငါ မိုးလောက်ကြီး သထာဦး၊ လုပ်ပေးဖို့ ပိုက်ဆံ ငါ့မှာမှ မရှိဘဲ၊ ဘယ်လို လုပ်ရမလဲ၊ ငါ ဓားပြတိုက်ရမှာလား"

"မလိုပါဘူး၊ တစ်နေ့ ဖြစ်လာရမယ်လို့ စိတ်ထားမှပေါ့"

"ဘယ်လိုလုပ်ထားမလဲ၊ ထားလည်း စိတ်ကူးယဉ်အိပ်မက်ပဲ ဖြစ်နေမှာ၊ လက်တွေ့နဲ့ ကွာဟပြီး ဝေးနေတာ၊ သမာအာဇီဝနဲ့ ငါတို့ပညာ ငါတို့အရည်အချင်းနဲ့ တန်ရာအလုပ် လုပ်ပြီး ပိုက်ဆံ လေး၊ငါး၊ဆယ်သိန်းစုနိုင်ဖို့က သိပ်ဝေးလွန်းတယ်"

"နှစ်နှစ်မရ သုံးနှစ်၊ သုံးနှစ်မရ လေးနှစ်ပေါ့၊ တစ်လသုံးသောင်းဆိုရင် တစ်နှစ် သုံးသိန်းခွဲပဲဟဲ့၊ ဘာလို့ ဝေးရမှာလဲ"

"အဲဒီထဲက နင် အစ ဒေါက်ဖိနပ် ဝယ်ပစ်သလို ဝယ်ပစ်တာ ရှိဦးမှာ"

"တွေ့လား၊ နင် ငါ့ကို စေတနာကို မရှိတာ"

"ဘာဆိုင်လဲ ခက်တာပဲဟာ၊ ကဲ ... နင် ကြိုက်တာသာ နင် လုပ်တော့"

ရတုသည် အေးချမ်းသူပီပီ အစွာကလေး ခင်မင်းကို နောက်ဆုံး၌ လျော့ချ အလျှော့ပေးရမြဲပင်။ တစ်ရပ်ကွက်တည်း တစ်အိမ်သာ ခြား၍ နှစ်ပေါင်းများစွာ အတူတကွ ကြီးပြင်းရသော ငယ်သူငယ်ချင်းမို့ တစ်ယောက်မိသားစုအကြောင်းလည်း တစ်ယောက် အသိ။ ခင်မင်ရင်းနှီး တတွဲတွဲရှိရာက ရပ်ကွက်ကလည်း ပြော၊ အမျိုးတွေကလည်း နောက်ပြောင်ရင်းက တကယ်ပင် ရည်းစားဘဝ အလိုအလျောက် ရောက်ခဲ့ရသော သူတို့အချင်းချင်း သံယောဇဉ်လည်း ကြီးလှ၍ အကြိမ်ကြိမ် ရန်ဖြစ်သော်လည်း အကြိမ်ကြိမ် ပြန်တည့်ရမြဲတည်း။

"မောလိုက်တာဟာ၊ နေကလည်း ပူကယ်၊ ကားက စောင့်ရဦးမယ်"

ခင်မင်း ညည်းသံကြောင့် ရတု အမြင်ကတ်စွာ မျက်ထောင့်နှင့် ကြည့်သည်။

"ဘာလဲ ... ဘဝနဲ့ မနီးစပ်ပြန်ဘူးလား ... ဟင်း"

"နင့်ကိုက ...၊ တော်ပြီဟာ"

"ဘတ်စ်ကားတိုးမဲ့အစား ဘယ်သူမဆို ကားငှားသွားချင်တာချည်းပဲဟဲ့၊ ထုတ်ပြောတာနဲ့ မပြောတာဘဲ ကွာတယ်၊ ငါက ထုတ်ပြောတယ်၊ ဘာဖြစ်လဲ၊ ဒါ ငါ ပွင့်လင်းတာပေါ့၊ နင်ကတော့ အုံပုန်းကျိတ်ပြီး ဖြစ်နေမှာ"

"ဟ ... တစ်သက်လုံး ဘတ်စ်ကား စီးလာတာပဲ"

"ဒါကြောင့် အငှားကား၊ ကိုယ်ပိုင်ကားလည်း စီးချင်သေးတာပေါ့။ စီးချင်တာ အပြစ်လား၊ စီးချင်ပေမဲ့ မစီးရဘဲ ခုလိုပဲ နေပူထဲ လျှောက်ခဲ့ရတာပဲ မဟုတ်လား"

ခင်မင်း အသံက ငိုသံပင် ပါလာသည်။

"အဲဒါ ငါ့အပြစ်လား၊ ငါ့ကို ရန်လုပ်နေရအောင်"







www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာလို့ ဆန္ဒလေး ထုတ်ပြောမိတာကိုပဲ ဖောက်ပြန်ရေးသမားကြီးတစ်ယောက်လို ထင်နေရတာလဲ။ ကံမကောင်းလို့ မဖြစ်ရတာသာရှိတယ်၊ လူတိုင်းကတော့ သူဌေးပဲ ဖြစ်ချင်တာ။ ဝတ်ချင်၊ စားချင်၊ လှချင်၊ ဝယ်ချင်တာချည်းပဲ၊ ဒါ ဘာမှ အပြစ်မရှိဘူး၊ အဲဒီဆန္ဒတွေနောက် ကောက်ကောက်ပါပြီး ငါ ပျက်စီးနေသေးတာ မဟုတ်ဘူး"

"ဒါဖြင့် ပြီးတာပဲ၊ နင်က ထုတ်ပြောနေတော့ မဖြည့်ဆည်းနိုင်တဲ့ဘဝမှာ ငါ စိတ်မကောင်းဘူးပေါ့၊ ဒါကြောင့် ပြောမိတာ"

ရတု မျက်နှာညှိုးသွားတာကို ခင်မင်းက လှည့်ကြည့်သက်ပြင်းချလိုက်ပါသည်။ အလုပ်မှ အားရက်ကို နှစ်ယောက်တိုက်ဆိုင်ပြီး တနင်္ဂနွေနေ့ အတူယူထားကြ၍ တနင်္ဂနွေတွင် လုပ်စရာရှိတာလုပ်၊ မရှိလျှင် ခင်မင်းက ဟိုဒီလည်ချင်သည်။ ဈေးတွေ ပတ်ကာ သွားရည်ကျချင်သည်။ မဝယ်နိုင်ဘဲ အငမ်းထူချင်သည်။ ဒါကို ရတုက ရှက်စရာဟု ထင်သည်။

တကယ်ပင် မျက်နှာပူစရာ အရေးမရ အဖတ်မရ။ အားရက်မှာ အိမ်မှာမနားဘဲ လျှောက်သွား၍ ပင့်ပန်းသည်။ ကားခ ကုန်သည်။ မဝယ်နိုင်၍ စိတ်ဆင်းရဲရသည်။ ဒါကြောင့် ဒီခရီးမျိုးကို ရတုက သဘောကို မကျ။ ခင်မင်းကို အလိုလိုက်၍သာ လိုက်ပေးနေရသည်။ သူ ပျော်လည်းမပျော်။ ပင်လည်းပင်ပန်းသည်။ အဓိပ္ပာယ်မရှိဘဲ စိတ်ညစ်ရသော အလုပ်ဖြစ်သည်။





"ငါတို့ ဖာလူဒါ သွားသောက်ရအောင် တု၊ ပူတယ်ဟာ"

"လာပြန်ပြီဟာ၊ နှစ်ယောက် သောက်လိုက်ရင် သုံးထောင်လောက်ကုန်သွားမှာ၊ နမြောစရာကြီးဟာ၊ အိမ်ကျ ထမင်းစားမှာပဲဟာ အလကား ကုန်တယ်၊ အိမ်ကျတော့ ဗိုက်တင်းပြီး ထမင်းမစားနိုင်၊ ချက်ပြီးသားတွေလည်း လေတယ်၊ မသောက်နဲ့ဟာ"

"ကြည့်ပါလား၊ နင်ဟာ အမြဲ ကပ်စေးနည်းနေတယ်"

"နင်ကလည်း ဖြုန်းဖို့ပဲ ကြည့်နေတာ"

"နင်နဲ့ရရင်တော့ လူမွေးလူတောင် ပြောင်မှာတောင် မဟုတ်ဘူး၊ စားချင်တာလေးတောင် ပိုက်ဆံရှိရက်မစားရ၊ ရပြီးရင်တော့ အာခေါင်ထဲကတောင် လိုက်နှိုက်မလား မသိဘူး"

သူနှင့်ယှဉ်လျှင် လူမွေးလူတောင် မပြောင်နိုင်ဆိုသော စကားမျိုးကို ရတုက မနာပေ။ ဒါဟာ အမှန်တရားဖြစ်သည်။ ခင်မင်းလည်း သူဌေးသားက လာကြိုက်လျှင် လက်ခံနိုင်သလို သူလည်း သူဌေးသမီးက လာရောလျှင် ဖမ်းအိနိုင်တာပင်။ သို့ပေမဲ့ သူတို့ချင်းသာ သံယောဇဉ်ကြီးကြ၍ ခုထိ လက်တွဲမဖြုတ်တာပေါ့။ ဒါဟာ အရှင်းလေး။

ခင်မင်းသည် စိတ်ကောက် မျက်ရည်လည်ကာ ရပ်လာသော ကားကျပ်ကျပ်ကို အတင်းလုတိုးတက်သဖြင့် ရတုလည်း လိုက်တက်လိုက်ရပါသည်။ ကားပေါ်မှာ ခင်မင်းက သူ့ကို စိတ်ကောက်ကာ တစ်ယောက်စာ ကားခပဲ ပေးတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ရတု ကျိတ်ရယ်ရပါသည်။ ခင်မင်းက စိတ်ဆိုးလွယ် ပြေလွယ် ဖြစ်သည်။ ဒါကို မပူရပါ။ အိမ်ရောက်တဲ့အခါ ပြေသွားမှာပင်။

ထင်သည့်အတိုင်း ကားပေါ်က ဆင်းတော့ ခင်မင်းက ရတုကို မျက်စောင်းထိုးကာ သူ့အိတ် ကိုင်နိုင်း၍ လုံချည်ပြင်ဝတ်သည်။ ရတုကလည်း အထူးအထွေ ထပ်မချော့။ သူငယ်ချင်းဘဝကလာ၍ ဒါတစ်ခုတော့ ကောင်းပါသည်။ သူတို့ ဘယ်တုန်းက ရည်းစားစဖြစ်သလဲလို့တော့ အတပ်ပင် မပြောနိုင်ပေ။ တွဲလွန်းတဲ့ သူတို့နှစ်ယောက်ကို သူတို့အိမ်တွေကိုက ထင်မြင်ယူဆ တွဲစ,လာ[ကြ]တာ။ သူတို့ကလည်း ရယ်နေရုံ။ နောက်တော့ ရပ်ကွက်ထဲကပါ [လက်]မှတ်လိုက်ကြသည်။

ခင်မင်းခမျှာ သိက္ခာကျရှာမည်ကို သူစိုး၍ ခင်မင်းကို ချစ်ခွင့်ပန်လိုက်တဲ့အခါ ဆယ်မိနစ်လောက်အကြာမှာ ခင်မင်းက အဖြေပေးကာ သူတို့ ကြည်နူးရယ်မောမိလိုက်ကြရုံပင်။

"ဟဲ့ ... တု ... ဟိုမှာ ဝက်ခေါင်းသုပ်တော့ ဝယ်မယ်ဟာ"

"နင့်အိမ်မှာ ဟင်းမချက်လို့လား၊ ငါ့အိမ် လာစား၊ ခရမ်းသီးနှပ် ရမယ်"

"အမယ်လေး ... မုန်းစရာကြီး၊ မကြိုက်ပါဘူး၊ အိမ်မှာက အာလူးကတ်တလိပ်နဲ့ ကြာဆံဟင်းချိုကျဲဟဲ့၊ အာလူးတောင် ဈေးကြီးသွားလို့ တစ်ယောက်တစ်ခုပဲ ခွဲတမ်းရတာ၊ စားကောင်းမှာကို မဟုတ်ဘူး၊ ဝက်နံ့လေးပါတော့ ထမင်းမြိန်တာပေါ့၊ ဝက်ခေါင်းသုပ် စားချင်တယ်ဟာ"





"စားဟာ၊ စား ... စား၊ ဒါကိုမှ ငြင်းရင် တစ်ခါမကောင်း ဖြစ်ပြန်ဦးမယ်"

"နင်ကကော ကောင်းလို့လား"

"သုံးရာဖိုးမှ လက်သီးဆုပ်ထဲ မြည့်အောင် မပါတဲ့ဟာကို"

"နှစ်ထုပ် ဝယ်မှာပေါ့၊ ခြောက်ရာ"

ခင်မင်းကား ဘာမဟုတ်တာနှင့် ငွေသုံးချင်သူပင်။ ကောင်းကောင်းစားချင်တာလည်း သူ့အပြင်မရှိ။ အိမ်မှာလည်း မစားရရှာပါ။ အသားမှ ကြိုက်တတ်သော ချစ်သူထံ အိမ်မှာ ဟင်းကောင်းချက်လျှင် တစ်ခွက်ပို့ရသည်။ ရတုရဲ့ အမေက ဆွမ်းသွားလောင်းချည်ဦးဟု ခနဲ့တတ်၍ သူ့မှာ ငရဲကြီးမှာ စိုးရသေးသည်။

ခင်မင်းတို့က သူတို့ထက်ပင် ပို၍ ကျပ်တည်းပါသည်။ သူ့မှာက အမေတစ်ခု သားတစ်ခု။ အမေက အင်းစိန်ဘူတာမှာ ပန်းသွားယူ၍ တောင်ဥက္ကလာပဈေးမှာ ပြန်ရောင်းသည်။ မနက်တစ်ပိုင်းသာ အလုပ်ရှိသည်။ နေ့လယ် ညနေတို့၌ အမေက တစ်ခုခု လုပ်ချင်သော်လည်း သူမ အမေ့ကို နားစေချင်လှ၍ တင်းကျပ်စွာ တားမြစ်လျက် သူ အလုပ်ထွက်လုပ်ကာ တစ်ဖက်တစ်လမ်း ငွေရှာတာပင်။ စားမည့်ပါးစပ်က နှစ်ခုတည်းမို့ ဒီထက် ပင်ပင်ပန်းပန်း အမေ့ကို မလုပ်စေလိုပါ။ သူက ရောင်ရှ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင် အမေက ဌာနတစ်ခုမှာ ရုံးအုပ်ကြီးဖြစ်၍ အမေကတော့ အိမ်မှာ အချဉ်အချိုု နေကြာစေ့၊ သကြားလုံး၊ ဆေးလိပ်တို့ ဆိုင်ကလေး တည်ရောင်းပါသည်။ ခင်မင်းအမေ ဝင်ငွေက မဆိုးလှသော်လည်း ဝတ်ချင်၊ စားချင် ခင်မင်းတစ်ယောက် အပါအဝင် ကလေးက လေးယောက်ဖြစ်၍ မချောင်လည်။ အငယ် သုံးယောက်က ကျောင်းသားတွေဖြစ်ရာ စာအုပ်ဖိုး၊ ခဲတံဖိုး၊ ဖိနပ်ဖိုး၊ ဝတ်စုံဖိုးတွေနှင့် ချာလပတ်လည်နေသည်။

မုန့်ဆိုင်ကလေးတည်ထားသော်လည်း ကိုယ့်ကလေးကို မုန့်ဖိုးသိပ်မပေးနိုင်။ မကျွေးနိုင်၍ ခင်မင်းတို့လေးယောက်က အမေဆိုင်မှာ သကြားလုံး၊ အချဉ်ထုပ်တို့ကို လစ်လျှင်လစ်သလို ဖြုတ်ခိုးစားတတ်သေးသည်။ အဖေကြီးက ဆေးလိပ်တစ်လိပ်ပြီး တစ်လိပ် နိုက်သည်။ ရုံးသွားခါနီးလျှင် လေးလိပ်နိုက်သည်။ သူတို့အဖေ လခက လမ်းစရိတ်၊ လက်ဖက်ရည်ဖိုးနှင့် ဘာမျှ မကျန်။

သို့ပေမဲ့ ခင်မင်းကို ကြည့်လျှင် ရတုထက် ချောင်လည်သည် ထင်ရသည်။ ဆိုင်မှာလုပ်တော့ ပို၍ပင် ဝတ်လာသေးသည်။ ကောင်းတာကလေးတိုင်းကို ခင်မင်းက မက်သည်။ သူ့အမေက ငေါက်လျှင် ခေါက်လျှင် ငိုယိုစိတ်ကောက်သော်လည်း အကျင့်မပျောက်။ ခင် မင်းအမေက ခင်မင်းကို ရတုနှင့် ယှဉ်ချင်လှပြီ။ ခင်မင်း ဒုက္ခ နင်ပဲခံတော့ဟု ဆိုတတ်သည်။





ရတုရဲ့ အမေကတော့ ခင်မင်းနှင့် သဘောတူပါသည်။ သို့ပေမဲ့ လောတော့မလော။ တစ်ဦးတည်းသားမို့ အိမ်ထောင်ပြုနောက်ကျလေ ကြိုက်လေဖြစ်သည်။ တစ်ခါတစ်ရံ ခင်မင်းရဲ့ အကောင်းကြိုက်မှုကို မဲ့ရွဲ့တတ်၍ တစ်ခါတစ်ရံတော့ ခင်မင်းရဲ့ ချွဲနွဲ့ကာ ဂရုဖော်လောင်ဖက်ရမှုကို ပြုံး၍ သဘောခွေ့နေတတ်သည်။ ဘာပဲဖြစ်ဖြစ် လက်လုပ်လက်စား ရပ်ကွက်၊ အိမ်ကုပ်ရပ်ကွက်ကလေးများထုံးစံ တစ်မိသားစုနှင့် တစ်မိသားစု တစ်အိမ်နှင့် တစ်အိမ် အမျိုးတွေနှယ် ဖြစ်နေသည်။

“မမ ပြန်လာပြီဟေ့၊ မမ ဘာမုန့်ပါလဲ”

အိမ်နှင့် ပေတစ်ရာလောက် အကွာရောက်လျှင် ကလေးတွေ မြင်ကာ အော်ဟစ်ပြေးလာကြသည်။

“မပါဘူး၊ ဘာမှ မပါဘူး”

“အထုပ်ပါတယ်၊ အထုပ်က ဘာလဲ”

“အထုပ်က ငါ ထမင်းနဲ့စားဖို့၊ ရော ... တု ... နင် တစ်ထုပ်ယူ”

“ငါ မစားပါဘူးဟာ၊ နင်မကုန်ရင် ကလေးတွေပဲ ကျွေးလိုက်”

“ဒီကဖြင့် သူ့မှာ ခရမ်းသီးနှပ်ပဲ ရှိလို့ စားပါစေတော့ရယ်လို့၊ ဟင်း ... မစားရင်နေ၊ အကုန်သက်သာတယ်၊ ငါချည်း စားမယ်”

“ကိုကြီး ... ကိုကြီးရော ဘာမုန့်ပါလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မပါဘူးကွ၊ ဘာမှ မပါဘူး"

"ဟင် ... မုန့်စားချင်တယ်၊ မုန့်စားချင်တယ် မမ"

"နင့်တို့ အစ်ကိုကြီးပဲ ဝယ်ကျွေးခိုင်း"

ရတုသည် ခင်မင်းတို့အိမ်ရှေ့ ဈေးဆိုင်လေးမှ အားလူးကြော်တစ်ရာတန် သုံးထုပ်ဖြုတ်ကာ ကလေးတွေကို ပေးလိုက်၏။ ကလေးတွေက အော်ဟစ် ကျေနပ်သွားကြလေသည်။ ခင်မင်းကတော့ အိမ်ပေါ်ကို တဖောင့်ဖောင့် တက်သွားသည်။ ခင်မင်း အမေက ရတု ပေးသော ငွေသုံးရာကို ယူရင်း ...

"မင်းကောင်မ ဘာဖြစ်လာလဲ"

သူ့သမီးသူ သုံးနှုန်းပုံက ခပ်သင်းသင်းပင်။

"ဝယ်ချင်တာတွေ မဝယ်ရလို့ စိတ်ကောက်လာတာ ဒေါ်ဒေါ်"

"အမယ်လေးတော် ဒီဟာမနဲ့ ခက်ပါတယ်၊ သူ့ကိုယ်သူ ဘုရင်ခံသမီးမှတ်နေတယ်၊ ဟိုနေ့ကလည်း မင်း အပ်ထားတဲ့ငွေထဲက ဝယ်တာပြောတာပဲ။ သောင်းနှစ်ထောင်တန် ဖိနပ် ဝယ်လာတယ်၊ အဲဒါ ဟုတ်ရဲ့လား ရတုရယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့်ပိုက်ဆံချည်းပဲ မဟုတ်ပါဘူး သူ စုထားတာလည်း ပါပါတယ်"

"ခက်တယ်၊ ဒီဟာမတော့ ငါနဲ့ မျက်စိထဲကို မတွေ့ဘူး မင်းတို့ မြန်မြန်ယူလည်း အေးရော၊ မင်းတို့အိမ် သူ ထည့်ပေးလိုက်မှာ၊ ဒါမှ ငါ ဒေါသထွက်ရ သက်သာတယ်"





ဒါဟာ ခင်မင်းအမေ လက်သုံးစကားပဲဖြစ်သည်။ ခင်မင်းက စားပွဲဝိုင်းတစ်ဖက်၊ ထမင်းပန်းကန်တစ်ဖက်ကိုင်ကာ ထွက်လာရင်း အိမ်ရှေ့မှာ စားပွဲဝိုင်းခင်းထိုင်လိုက်၏။

"ဆာလှပြီ၊ မြို့ထဲ မုန့်စားမလို့ဟာ သူက မစားရဘူးတဲ့"

"အိမ်ကျ ထမင်းစားမှာကို၊ အပိုကုန်တာပေါ့အေ"

"ကုန်စရာရှိသားပဲ၊ ကုန်ပစေပေါ့၊ အိပ်ရာခင်းနား ကြည့်ချင်တာလည်း မကြည့်ရ"

"ကျွန်တော်က မဝယ်ဘဲ စေ့စေ့စပ်စပ် ဖြန့်ခိုင်းရတာ အားနာလို့ပါ"

"အေးပေါ့ ... ညည်းတို့ဖြင့် မဝယ်နိုင်ဘဲကို အလကား လိုက်ကြည့်နေတယ်။ ကိုယ်နဲ့ တန်ရာတန်ရာပေါ့ ခင်မင်းရယ်၊ ဘာလဲ ... အိပ်ရာခင်းနား ကြည့်တယ်ဆိုတော့ မင်းတို့ နီးပလား"

"မနီးပါဘူး၊ ခင်မင်းက မင်္ဂလာမဆောင်ရဘဲ ယူကိုမယူဘူး၊ သေချာပွဲထိုင်အစစ်လုပ်ရမှ ယူမှာ၊ ပိုက်ဆံ သုံးနှစ်လောက် စုရဦးမယ်"

"သုံးနှစ် ! ... တော်ရုံချဲ့ပါ ခင်မင်းရယ်၊ ဈေးရဂှားရရင်လည်း အိမ်ထောင်ဦးကတည်းက ကြွေးနစ်နေမယ်ဟဲ့၊ သုံးနှစ် အတွင်း အချိန်တွေက အများကြီး၊ လူဆိုတာ ပြောင်းလဲနိုင်တယ်၊ လက်မှတ်ထိုးပြီး လက်ဖက်ရည်တိုက် ဆောင်ကြပေါ့အေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ခင်မင်း နှစ်ဆယ့်လေးတောင် မပြည့်သေးဘူး၊ မဟိုင်းသေးဘူး၊ ပေါက်လွတ်ပဲစားတော့ မယူနိုင်ဘူး၊ ဗီဒီယိုတွေ ဘာတွေ ရိုက်ရတဲ့ မင်္ဂလာမျိုးမှ၊ တစ်သက် တစ်ခါလေး ဆောင်ရတာ"

"ဗီဒီယိုရိုက်တော့ ညည်း အရှုံးလား၊ ကိုယ့်ဟာကိုယ် ပြန်ကြည့်ဖို့တောင် ဘာဗီဒီယိုမှ မရှိဘဲနဲ့"

"အမေနော် ... ကိုယ့်သမီးကိုယ် ဈေးသိပ်ချတာပဲ၊ လုပ် မနေနဲ့၊ သူ ပိုက်ဆံစုပြီး ပြည့်ရင်ပြည့်၊ မပြည့်ရင် သူ့ချေး ကောက်ယူမယ်"

"ဘယ်မလဲ သူ့ချေး"

ရတုက သားအမိရဲ့ စကားစစ်ထိုးပွဲကို ရယ်ချင် ကာ အိမ်ခါးပန်းမှာ ထိုင်နေရာမှ ထလိုက်ပါသည်။

"ကျွန်တော်လည်း ထမင်းသွားစားဦးမယ် ဒေါ်ဒေါ်"

"ဝင်စားပါလား၊ ဒီမှာ ဝက်ခေါင်းသုပ်တွေနဲ့"

"တော်ပြီ ဒေါ်ဒေါ်၊ သူ့ပဲ စားပါစေ"

"လာမစားနဲ့၊ ရှုပ်တယ်"

ရတုသည် ခင်မင်းကို ရယ်ချင်ကာ တဟားဟား ရယ်ချလိုက်ရပါသည်။ သြော် ... ခင်မင်း ... ခင်မင်း။ သူ သနား လည်းသနားမိပါသည်။ ကိုယ့်ချစ်သူကို ဘယ်သူက တင့်တင့်တယ် တယ် ခမ်းခမ်းနားနား လုပ်မပေးချင်ဘဲ ရှိပါ့မလဲ။ ခင်မင်း ါတွေ မက်တာ သိသဖြင့် ပို၍ပင် သူက လုပ်ပေးနိုင်ချင်ပါသေး





သည်။ သို့ပေမဲ့ ဒီခေတ်ကြီးမှာ မင်္ဂလာတစ်ပွဲဆောင်ဖို့က လွယ်မှ လွယ်လှတာ။ ခင်မင်း အကြိုက်ဆိုရင် ခုန အိပ်ရာဖုံးကပင် လေးသောင်း။ ခုတင်၊ မွေ့ရာ၊ ခြင်ထောင်နှင့် အိပ်ရာခမ်းနား ာတင် လေးသိန်းလောက် ခိုက်မည်။ ဘယ်လို လုပ်ပြီး သူတတ် နိုင်ပါ့မလဲ။

တစ်ခါတစ်ရံ၌ ခင်မင်း အမြင့်မှန်းခြင်းအတွက် စိတ်ရှုပ်ရသော်လည်း တစ်ခါတစ်ရံ၌ သူက သနားဂရုဏာသက်ပါ သည်။

❥ ◯ ❥

"တု ... နင် ဘာအမှား လုပ်ထားသေးလဲ"

"ဘာမှ မလုပ်ရပါလား၊ ခင်မင်းရယ်၊ နင်က တစ်မျိုး၊ ရောဂါပဲ"

"သိဘူးလေ၊ အိမ်ပေါ်တက်ပြီး Serve လုပ်ရတိုင်း နင်ပဲ ဆိုတော့ အဲဒီတုန်း သူ မကြိုက်တာ ဘာလုပ်မိသလဲ စဉ်းစားပေါ့"

ခင်မင်းသည် ရင်တထိတ်ထိတ်ခုန်နေကာ ရတုကိုပဲ င်းကန်ရန်ရှာနေသည်။ မကြဲက ခင်မင်းတို့ကို စုံတွဲလိုက် တွေ့ ်င်သည်ဆိုသောအခါ အကြောင်းထူးလည်း စဉ်းစားမရ၍ မလန့်ဘဲ ာယ်နေပါ့မလဲ။ နှစ်ယောက်တွဲ အလုပ်ဝင်မိ၍ နှစ်ယောက်တွဲများ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပစ်မလို့လားရယ်လို့ ရမ်းသမ်းတွေးကာ မျက်နှာလေး အိုနေသည်။

"ငါလည်း ဘာမှ မလုပ်မိဘူး ထင်တာပဲ၊ ဒါပေမဲ့ ငါက ဘာမှ မသိဘဲ ရိုးရိုးလုပ်လိုက်မိတာ တစ်ခုခုလေးက သူ မကြိုက်တာ ဖြစ်သွားရင်တော့ မသိဘူး"

အနည်းဆုံး အဆူခံ သတိပေးခံရဖို့၊ အများဆုံး အလုပ်ဖြုတ်ပစ်ဖို့သာ စဉ်းစားမိပါသည်။ ဂုဏ်ပြုရာထူးတိုးဖွယ်ရာတော့ ဘာအကြောင်းမှ မရှိ။ လခထုတ်ရက်ဖြစ်၍လည်း ဖြုတ်မည်ပိုထင်တာဖြစ်သည်။ ဒုတိယလရဲ့ လခကိုယ်စီနှင့် ဘိုးနပ်စ်အဖြစ် တစ်ပိရငွေထဲက အားလုံး အချိုးကျ ပြန်ခွဲယူငွေက တစ်ယောက်ကို နှစ်သောင်းကျော်လောက် ရတာမို့ ငွေငါးသောင်းကျော်စီကိုင်ကာ မပျော်နိုင်ဘဲ ဖြစ်နေကြရပါသည်။

"ဟဲ့ ... တု ... နင့်ကို ဟိုစားပွဲကခေါ်နေပြီ သွား ... သွား"

ရတုသည် စိတ်လက်မသာမယာနှင့် ခေါ်ယူသောစားပွဲဆီ လျှောက်လာကာ လိုအပ်တာ လုပ်ကိုင်နေပါသည်။ စိတ်ကတော့ အလုပ်မှာမရှိ။ မကြီးကို မြင်ယောင်နေကာ လေးလံသောရင်နှင့် သက်ပြင်းတွေသာ ချ,ချနေမိသည်။ ခုနောက်ပိုင်း မကြီးဟာ ရတုကို ပြုံးရယ်ပြရုံမကဘဲ ခင်မင်ရင်းနှီးဟန်နှင့် ဆက်ဆံစကားပြောဆိုတတ်ပါသည်။ ဟိုတစ်ရက် နောက်ဆုံး Serveလုပ်ခဲ့ရသော နေ့ကတော့ မကြီးမှာ ဧည့်သည်မပါဘဲ သူမတစ်ယောက်တည်းဖြစ်သည်။





ရတုကို ခေါ်ကာ ဟင်းတွေ တွဲစပ် စဉ်းစားခိုင်းပြီး ကိုယ်တိုင်မှာတာ မဟုတ်ဘဲ ရတုနှင့် တိုင်ပင်မှာယူသည်။ ရတုတစ်ခေါက်ပြီးတစ်ခေါက် သယ်ပို့ပြီးစီး ပြည့်စုံသွားသော်လည်း ပြန်မလွှတ်ဘဲ ဘေးက စောင့်စေသည်။ ဝင်စားပါလား ... ဟုပင် ရတုကို ခေါ်ပါသည်။ သူ့မှာသာ အံ့ဩအားနာကာ "မစားပါရစေနဲ့"ဟု တွင်တွင်ငြင်းရသည်။ လောကွတ်လုပ်ခေါ်ပုံမကဘဲ တကယ် ဝင်စားလျှင် တကယ်အဖော်ရပြီး တကယ်ဝမ်းသာမည့်ပုံပေါ်နေပေမဲ့ ရတုက မစားဝံ့ပါ။ ဘယ်လိုမှ မစားသင့်ဟုလည်း ထင်သည်။

ဧည့်ခန်းမှာ တီဗီကြည့်နေသော မကြီးရဲ့အခေါ် ရှိနေသမဲ့ မကြီးက ဂရုစိုက်ပုံမရ။ ထိုအခေါ်ကလည်း ဘာမှဝင်မစွက်ဖက်။ ရတုမှာသာ အနေခက်နေသည်။ ဘေးမှ ဟင်းချိုထည့်ပေး၊ ရေငှဲ့ပေးနှင့် အပြည့်အစုံ တာဝန်ကျေအောင် ပြုမူရင်း မြန်မြန်ကုန်ပါစေ၊ မြန်မြန်ပြီးပါစေရယ်လို့ သူ ဆုတောင်းနေခဲ့ရပါသည်။

မကြီးကတော့ အေးအေးဆေးဆေး စကားပြောရင်းစားရင်း၊ မကြီးက ရတုရဲ့ မိသားစု၊ ရတုဘဝနှင့် ပတ်သက်သည်တို့ကို စပ်စပ်စုစု စုံစမ်းမေးမြန်းနေတာဖြစ်သည်။ မဖြေဘဲနေဝံ့သဖြင့် ရတုက မေးသမျှ အဖြေပေးရပါသည်။ အဲဒီနေ့က သူ့မှာ သတိအနေအထား ဖြစ်လောက်အောင် ဂရုတစိုက် မကြီးအကြိုက် နေခဲ့သော်လည်း သူ မသိဘဲ ဘာများ မှားယွင်းခဲ့သေးပါသလဲ ... ဟု ဦးနှောက်ခြောက်အောင် စဉ်းစားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ညီလေး ကိုယ် ပြောနေတာ ရေခဲ ရေခဲတုံး၊ ရေခဲရေ မဟုတ်ဘူး၊ ကိုယ့်ဖန်ခွက်ကို ကိုယ် မဖယ်လိုက်ရင် ကိုယ့် ဝစ္စကီတွေ ရေရောဖြစ်ပြီ"

စားပွဲထိုးမှ လူက လျှာလေးအာလေးနှင့် ခပ်အေး အေး ပြစ်တင်သတိပေးမှ ရတု သတိဝင်ကာ ...

"ဆောရီးပါ အစ်ကို၊ ခွင့်လွှတ်ပါ အစ်ကို၊ ကျွန်တော် နားရှုပ်သွားလို့ပါ"

"ရပါတယ်၊ ကိစ္စ မရှိပါဘူး၊ ရေတွေလည်း ဝင်မသွားပါ ဘူး၊ ဖိတ်သာဖိတ်ကုန်တာ"

ရတုက လက်သုတ်ပဝါနှင့် စားပွဲပေါ်မှ ရေအဖိတ် အစင်ကို သုတ်သည်။

"ဒီမှာ ညီလေး"

"ခင်ဗျာ"

"တစ်ခု မေးချင်တယ်ကွာ၊ ဘယ်လိုမှတော့ သဘောမထား နဲ့"

"ဟုတ်ကဲ့ အစ်ကို မေးပါ၊ ရပါတယ်"

"မင်းနဲ့ ခုနစကားပြောတဲ့ တံခါးဝက ညှော်ကြိုကောင်မလေး က နာမည် ဘယ်လိုခေါ်လဲ"

ရတုသည် ဆတ်ခနဲ ခါးမတ်သွားပြီးမှ နှုတ်ဆွံ့ဆွံ့ နှင့် ...

"ခင် ... ခင်မင်းပါ"





"ခင်ခင်မင်းလား"

"ခင်မင်း နှစ်လုံးတည်းပါ"

"ဒီကောင်မလေးနဲ့ ခင်ချင်လို့ ရလား၊ မိတ်ဆက်ပေးပါ လား"

"ဟို ... သူ တာဝန်ချိန်မို့ မိတ်ဆက်ပေးလို့ မရသေးပါဘူး အစ်ကို၊ သူတို့မှာလည်း စားပွဲထိုးတွေနား လာခွင့်မရှိပါ ဘူး၊ ဘော့စ်က အလုပ်ထုတ်ပစ်မှာ စိုးရပါတယ်"

ရတုက ခင်မင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။ အနီရောင် လက်စကကားကား ဘလောက်စ်၊ အနက်ရောင်စကတ် ရှည်ရှည်နှင့် နှုတ်ခမ်းရဲရဲဆိုးကာ လုပစွာ ပြုံးနေသော ခင်မင်းကို မြင်လျှင် သူ့ရင်ထဲ ပူသွားရပါသည်။ အင်း ... ခင်မင်းကို ဒီလောက်ကြီး နှုတ်ခမ်းမရဲတွတ်ဖို့ တားဦးမှ ... ဟု စိတ်ထဲက ကျိတ်၍ ကြံစည်သည်။

"ဒါဖြင့် တာဝန်ချိန် ကုန်ရင်ကော"

"တာဝန်ချိန်ကုန်ရင်တော့ ..."

"ဆိုင်ဘယ်အချိန် ပိတ်လဲကွ"

"ဆယ်နာရီပါ၊ ကျွန်တော်တို့ ဆယ်နာရီခွဲမှာ အားလုံး ပြန်ကြပါတယ်"

"သူဘာနဲ့ ပြန်လဲ"

"အားလုံး ဖယ်ရီနဲ့ပါ ခင်ဗျာ"

"သူ ဘယ်မှာနေလဲ"


www.burmeseclassic.com

www.burmeseclassic.com

ရတုသည် သိပ်စိတ်မရှည်တော့။ ကိုယ့်ဟာကိုယ် တထင့်ထင့်ဖြစ်နေချိန်မှာ ဒီလူကြီး ရစ်နေ နွှယ်နေပုံကို လုံးလုံး သည်းညည်းဆက်မခံနိုင်။

ရေခဲတုံး ထည့်ပေးနေရာမှ ရပ်လိုက်ပြီး ခါးကိုမတ် လိုက်ကာ ထိုလူကြီးကို အေးချမ်းစွာပင် စေ့စေ့ကြည့်ပစ်လိုက် သည်။

"အစ်ကို့ ခင်မင်းက ကျွန်တော့် ညီမပါ"

ရှည်းစားဟု သူ ဘာကြောင့် မပြောမိပါလိမ့်။ ရှည်းစားဆိုလျှင် စကားရှုပ်ကာ ဟိုဟိုဒီဒီ စကားရှည်နေဦးမည်။ ဒါကြောင့် ညီမလို့ပဲ ပြောတာက ရှင်းပါသည်။

"ဟေ ..."

"ဟုတ်ရဲ့လား"

နောက်တစ်ယောက်က မယုံသလို မေးရာ ...

"ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်တို့ မောင်နှမပါ"

ခင်မင်းနှင့် ရတုက အသားဖြူတာနှင့် ညိုတာလွဲလျှင် ဆင်သည်ဆိုရင်လည်း ယောင်ယောင်ကလေးဆိုလို့ရနိုင်သော ဆင်ပုံမျိုး ရှိနေပါသည်။

"အရင်းလား"

"ဟုတ်ကဲ့ ... အရင်းပါ"

"ဟာ ... ဆောရီးကွာ၊ ငါ့ညီရာ၊ မသိလို့ပါ၊ ဒီလို အစ်ကို ရင်းစောင့်ရှောက်နေတဲ့ မိကောင်းဖခင်သမီးကိုဆို ကိုယ်





တို့ ဘယ်တော့မှ မနှောင့်ယှက်ပါဘူးကွ သိလား၊ မနှောင့် ယှက်ပါဘူး၊ ဆောရီး ညီလေး ... ဆောရီး ... ဟဲ ဟဲ"

"ဟုတ်ကဲ့ ... ရပါတယ် အစ်ကို"

ရတုသည် ဆယ်နာရီ ဆိုင်ပိတ်ချိန် နှစ်ယောက်လုံး ကို ခေါ်ထားသည့်အတွက် နံရံကပ်နာရီကိုပဲ တမော့မော့နှင့် စိတ်စောနေလေတော့သည်။ ဆယ်နာရီ လူရှင်းကွဲပါးသွားသော အခါ ခင်မင်းနှင့် နှစ်ယောက်သား အချက်ပေးပြီး တိုက်ပုကလေး ဆီ ထွက်လာခဲ့ကြပါသည်။ ဧည့်ခန်း၌ အသင့်ထိုင်စောင့်နေသော မကြဲက သူတို့နှစ်ယောက်ကို မတ်တတ်ရပ်ကာ ပြုံးပြုံးရယ်ရယ် ဆီးကြိုလေသဖြင့် နည်းနည်းပါးပါးတော့ အသက်ရှူဝသွားပါ သည်။

"ရတုနဲ့ ခင်မင်း ... လာလေ၊ ထိုင်ကြပါဦး၊ မကြဲ ပြောစရာရှိလို့"

သူတို့နှစ်ယောက် ဘာမှ မပြောဘဲ ဝင်ထိုင်လိုက် ကြပါသည်။

"ဒီလိုပါ၊ တကယ်တော့ ရတုကိုပဲပြောဖို့ရှိတာပါ၊ ဒါပေမဲ့ ခင်မင်းက ရတုရဲ့ ချစ်သူလို့ သိထားရတဲ့အတွက် အသိပေးရ ခွင့်တောင်းရမှာပဲဆိုပြီး ခင်မင်းကိုပါခေါ်ရတာပါ"

"ဟုတ်ကဲ့"

ခင်မင်းက ခါးနည်းနည်းမတ်ကာ မကြဲ စကားကို သဘောကျ နှစ်ခြိုက်သွားပုံရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ဒရိုင်ဘာ ကိုကြည် ရှိတယ်၊ ကိုကြည်က မကြဲ သွားစရာရှိတာကို လိုက်ပို့တဲ့အခါလည်းပို့၊ ညဘက် ဖယ်ရီ ချိန်လည်း ဖယ်ရီတစ်စီးကို မောင်းပြီး လိုက်ပို့ရတယ်လေ၊ ဒါကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ် မမ"

ညဘက်တွင် ပို့ရမည့် အလုပ်သမားဦးရေက များသဖြင့် ဖယ်ရီနှစ်စီးနှင့် ပို့ပါသည်။ တစ်စီးကတော့ အိမ်က ဈေးဝယ်လည်းသုံးသော ဒိုင်နာကားဖြစ်ပြီး လူအတော်ဆန့်ပါသည်။ သို့ပေမဲ့ ဆယ်နာရီခွဲ တစ်ချိန်သာ ကားတစ်စီးကို ငှားထားသေးပြီး ထိုပစ်ကပ်ကားကတော့ စာဖိုမှူးနှင့် မီးဖိုချောင်အဖွဲ့ကို ပြန်ပို့ပါသည်။ ထိုကားတာဝန်က ညဆယ်နာရီခွဲမှ လာပြီး လူစေ့ပို့ပြီးလျှင် ပြန်ရုံပင်။ ထိုကားက ပုတ်ပြတ်လခနှင့် ငှားထားခြင်းဖြစ်ပါသည်။

"ကိုကြည် ကားမောင်းရမ်းတာလည်း သိကြမှာပေါ့"

"ဟုတ်ကဲ့"

ကိုကြည်ကား တကယ်ပဲ ကားမောင်းကြမ်းပါသည်။ ကားအထွက်၊ ကားအရပ်တို့မှာ လိုင်းကားဒရိုင်ဘာတို့နှယ် ဂူးခနဲ ဓိခနဲ စိတ်ထင်တိုင်းချဲတတ်သူပင်။ ကောင်မလေးတွေ တကယ်ပင် ဘုရားတစီးရပါသည်။

"ကိုယ်က ကိုကြည်မောင်းတဲ့ကား မစီးချင်ဘူး၊ ဟိုတစ်နေ့က ရတုကို စကားစပ်လို့ မေးကြည့်တော့လည်း ဆယ်တန်း





အောင်ပြီးကတည်းက သူငယ်ချင်းတစ်ယောက်ဆီက ကားမောင်းသင်ပြီး လိုင်စင်ရထားပြီးသားလို့ သိရတယ်၊ ဒီတော့ ရတုကို ကိုယ်က ကိုယ့်ဒရိုင်ဘာလုပ်ဖို့ အကူညီတောင်းချင်တာပါကွယ်"

ရတုနှင့် ခင်မင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသည်။

"အင်တာဗျူးကတည်းက ကိုယ် ဒါကို စကားစဖူးတယ်၊ ခင်မင်းက သဘောမတူဘူးဆိုတော့ မတတ်နိုင်ဘူးပေါ့၊ ခုတော့ မကြဲကို ကူညီတဲ့အနေနဲ့ ခင်မင်း ခွင့်ပြုနိုင်မလားလို့ပါ၊ ရတုက အေးဆေးတယ်လေ၊ ကားမောင်း ဘယ်လိုမှ ရမ်းမှာ မဟုတ်ဘူး၊ ခင်မင်း သဘောတူပါမလား"

"ဟို ... ဟိုတုန်းက ခင်မင်းက ခင်မင်းကို သိချင်းမဆိုရဘူး သူက တားလို့ စိတ်တိုပြီး ပြန်ကန့်ကွက်တာပါ၊ ဘာရယ် မဟုတ်ပါဘူး"

"ဒါဖြင့် လုပ်ဖြစ်ပြီပေါ့"

မကြဲက ရတုသဘောထားကိုတော့ ဂရုတစိုက် ပ်မမေးသဖြင့် ရတုက မျက်လွှာပင့်ကာ မကြဲကို ကြည့်လိုက်ပါ သည်။ မကြဲက ပြုံးချိုလျက် ရတုကို မကြည့်ဘဲ စားပွဲပေါ်မှ ဆုပ်တစ်ခုကို ကောက်ယူ၍ ခင်မင်းလက်သို့ လှမ်းလိုက်၏။

"ရော့ ... ခင်မင်း ... ဒါက ကူညီတဲ့အတွက် ခင်မင်းတို့ ဖို့ ကျေးဇူးတင်တဲ့ လက်ဆောင်ပဲ၊ ရုပ်အင်္ကျီက ရတုဖို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းသည် အံ့ဩသွားကာ ရင်တထိတ်ထိတ်နှင့် စက္ကူအိတ်တစ်ခုကို ဟလိုက်ပါသည်။ ရယ်ဒီမိတ် ပန်းပွင့်ဖောက်ကာ ပုတီးစေ့ထိုးထားသော ဘလောက်စ်အင်္ကျီအစိမ်းနုကလေးကို မအောင့်နိုင် မထိန်းနိုင် ဆွဲထုတ်လိုက်ကာ ...

"ဟယ် ... လှလိုက်တာ မမရယ်"

ခင်မင်း မျက်လုံးတို့ တဖျပ်ဖျပ် လက်ကာ တောက်ပ ရွှန်းဖြာသွားရပါသည်။ ဗိုလ်ချုပ်ဈေး၊ စတိုးဆိုင်များကို မွှေဖွ ဈေးမေးရတာ ဝါသနာပါသော ခင်မင်းက အင်္ကျီတန်ဖိုးဟာ နှစ်သိန်းခွဲအောက် မရောက်တာကို ဒက်ခနဲ သိပါသည်။ ဝမ်းသာအူမြူးမှုသည် ခင်မင်း မျက်နှာ၌ ထိန်းမရ သိမ်းမရ ပေါ်လွင်နေသည်။

ရတုသည် ခင်မင်းပုံစံကို စိတ်ပျက်ပျက် ခပ်ရှက်ရှက်နှင့် ကြည့်နေမိ၏။

"ဟော့ ... တု ... ဒါက နင့်ဖို့တဲ့"

ကျန်အထုပ်ရဲ့ထိပ်ဖျားမှ အပြာနုရောင်ရှပ်ကော်လာအစင်းကလေးက ပေါ်ထွက်နေသည်။ ရယ်ဒီမိတ်ရှပ်တစ်ထည်ပေါ့။ ရတုသည် မျက်နှာပူကာ တစ်မျိုးကြီး ဖြစ်နေသည်။ သက်ပြင်းရှိုက်မိလျက် ...

"ဒါတွေ မလိုပါဘူးခင်ဗျာ၊ အလုပ်ရှင်ကိုယ်တိုင်က ဒါ လုပ်ပေးပါလို့ အေးအေးချမ်းချမ်း တောင်းဆိုလာတာ ကျွန်တော်တို့က လုပ်ရမှာပါပဲ၊ လခလည်း တက်သွားတာ





မို့ ချီးမြှင့်တယ်လို့ပဲ အောက်မေ့ပြီး ကျေးဇူးတင်ပြီးသားပါ။ လက်ဆောင်ထပ်ပေးဖို့ မလိုပါဘူး"

တိုးရှိုင်းရှိုင်းအသံကလေးကို နားထောင်မဝသလို ဖြစ်ကာ မကြဲ ရင်ထဲ လှုပ်ခါသွားရလေသည်။ မကြဲသည် သူမကိုယ်သူမ အတော်ပင် အံ့အားသင့်ရပါသည်။ စွဲလမ်းမှုရဲ့ ဆန်းကြယ်ခြင်းဟာ ပြောပြလို့ပင် မရနိုင်စကောင်း။ ဘာမှ မထူးဆန်းသော အညတရ ကောင်ကလေးတစ်ယောက်အပေါ် မြတ်နိုးမိသည်မှာ သူမရာဇဝင်၌ အဆန်းကြယ်ဆုံး ဖြစ်ရပ်တည်း။

သူမ စွဲလမ်းချစ်ခင်မြတ်နိုးသော ကောင်ကလေးမှာ လက်ထပ်ရမည့် ချစ်သူကောင်မလေးတစ်ယောက် ရှိနေသည်ဆိုသော အသိက မကြဲရဲ့ နှလုံးသားကို ဖိခြေနေသည့်နှယ် တနုံ့နုံ့ နာကျင်နေစေပါသည်။ ဤချစ်သူ ရှိသော ကောင်ကလေးကို သူမ ဘယ်လို ပိုင်ဆိုင်ရအံ့နည်း။ ဤစိတ်တို့ဖြင့် မကြဲ ယောက်ယက်ခတ်ခဲ့ရသည်မှာ ကြာလေပြီ။ ခုတော့ အနည်းဆုံး အတူသွားအတူလာခွင့်ကို ဖန်တီးရယူနိုင်ခဲ့ပြီ။

"ဒါကြောင့်ချည်းပဲလို့လည်း မတွက်ပါနဲ့ ရတု၊ မင်းတို့နှစ်ယောက်ကို ကြည့်ရ မြင်ရတာ ကိုယ် သိပ်ကြည်နူးမိတယ်၊ ကိုယ့်မောင်ညီမလေးတွေ ကိုယ့်သူငယ်ချင်းတွေလိုပဲ စိတ်ထဲကလည်း ခင်မင်မိတယ်၊ တကယ်တော့ ကိုယ့်ဘဝက အထီးကျန်ပါတယ်၊ ကိုယ့်စိတ်ထဲက မင်းတို့ကို ရင်းနှီးသလို မင်းတို့လည်း ကိုယ့်ကို ခင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း ခင်မင်းတို့ကို ဒီလောက်ပြောနေဖို့ မလိုပါဘူး၊ မမက ခင်တယ်ဆိုတာ ဝမ်းသာနေလှပါပြီ။ ခင်မင်းတို့က အစကတည်းက ခင်မင်လေးစား အားကျပြီးသားပါ"

"ကားမောင်းဖို့က တခြားလူခေါ်လည်း ရပါတယ်၊ ဆိုင်မှာတင် ကားမောင်းတတ်တဲ့သူ မနည်းပါဘူး။ ဒါပေမဲ့ ရတုက ရိုးတယ်၊ အေးတယ်၊ ကိုယ့်အတွက်ကိုယ် စိတ်ချတယ်။ တခြားဘယ်ကောင်ကလေးကို အဲသလို စိတ်ချနိုင်သလဲ ကိုယ် မသေချာဘူး။ ရတုကို စိတ်ချမိတယ်။ ဒီအတွက် ခင်မင်း ဂုဏ်ယူပြီး ပျော်သင့်တယ်သိလား။ ရတုလို ရိုးသားအေးဆေးတဲ့ ကောင်လေးကို ပိုင်ဆိုင်ထားရတဲ့အတွက် ခင်မင်းကိုယ်ခင်မင်း ကံကောင်းတယ်လို့ ယုံပါ"

"အမယ်လေး မမရယ်၊ ကွယ်ရာမှာ ပြောရောပေါ့။ သူဂုဏ်တွေမောက်ပြီး ဘဝင်မြင့်နေတော့မှာပဲ"

ခင်မင်း ရယ်သံကလေးက တလွင်လွင်ကလေး ထွက်လာသည်။ မကြဲကလည်း ပြုံးမြမြကလေး။ ရတုသည် နှုတ်ခမ်းကို ဖိကာ ပြုံးချင်သလိုလို ဖြစ်လာတာကို ထုဖြေဆည်နေမိပါသည်။ သူ့ကိုမှ ယုံကြည်စိတ်ချသည်ဆို၍ မကြဲကို သူက လိုအပ်သမျှ ကူညီပေးနိုင်ဖို့ အထူးတလည် စေတနာသက်ရောက်မိပါသည်။





# ၃

သူ ဒရိုင်ဘာဖြစ်မှပဲ ပို၍ လမ်းထွက်သလား၊ သူကိုယ်တိုင် မောင်းရမှပဲ လမ်းထွက်တတ်ကြောင်း သိရတော့တာလား၊ ဘာလဲ မသိနိုင်တော့ပါ။ မကြဲကတော့ ရေရေလည်လည် အပြင်ထွက်သူတည်း။ သွားသမျှဟာလည်း သိပ်အရေးတကြီးရှိလှသော ကိစ္စများနှင့်ပင်။ သူငယ်ချင်း မိတ်ဆွေတွေဆီသွားသည်။ ဈေးဘကာ့ဈေး သွားသည်။ စူပါမားကတ်၊ မီနီမာ့တ်၊ ဒီပါ့မင့်ဘယ်လ်စတိုး၊ ပလာဇာ၊ စင်တာ စုံတကာစေ့အောင် လျှောက်သွားသည်။

ကားနှင့် အပြင်ထွက်တိုင်းလည်း မကြဲက ဘယ်တုန်းကမှ နောက်ခုံက မထိုင်။ ရှေ့ကသာ ထိုင်သည်။ သူငယ်ချင်း မိတ်ဆွေအိမ်ဆိုလျှင်တော့ သူ အိမ်ပေါ် မလိုက်ချင်ဟု ငြင်းလို့ရသည်။ ဈေးတွေ ဆိုင်တွေဆိုရင်တော့ ဒီကပဲ စောင့်ပါမယ်ဟု သူ ငြင်းလို့မရ။ ဇွတ်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖော်လည်းမပါဘဲ ငေါင်ကြောင်ကြောင်နဲ့ ဘယ်လိုများ သွားရမှာလဲ ရတုရာ၊ မကြဲနဲ့ပဲ လိုက်ခဲ့ရမယ်၊ မသယ်နိုင် ရင်လည်း ဆွဲပေးဦးပေါ့၊ ဒီလိုချည်း ပစ်စလက်ခတ် လွှတ် ကြေးလား"

ပြောပုံကလေး၌ ဘယ်သို့ တုံ့ပြန်ရမည် မသိအောင် ပင်။ နောက်ဆုံးတော့ မကပ်မခွာ အလောတော် အနေအထားမှ စိုက်စိုက်လိုက်ရပါသည်။ ဈေးဝယ်သွားတိုင်း ထွက်တိုင်း ခင်မင်း အတွက် အနည်းဆုံး ရင်ထိုးကလေးဖြစ်စေ၊ တစ်ခုခု အပါဝယ်သော မကြဲရဲ့ လူမှုရေးကျေညက်မှုကိုလည်း ရဇာု အံ့ဩရလွန်းတော့ သည်။ ရတုကို ပေးလျှင် သူ မယူမှာကို မကြဲ သိနေလေသည်။ ခင်မင်းအတွက် ပေးတဲ့အခါ ရတုက ဝင်ငြင်းလို့မရ။ ခင်မင်းရဲ့ မက်မောကျေနပ်စွာ ဆထက်ထမ်းပိုး တိုး၍ ကျေးဇူးတင်မှုကို လည်း မကြဲ ရရှိသည်။ တော်တော် တော်သော မကြဲပင်တည်း။

အပြင်ထွက်တိုင်း စားသောက်ဆိုင်၊ မုန့်ဆိုင်တစ် ဆိုင်ဆိုင် ဝင်ထိုင်သည်။ ထိုင်တိုင်း ဘေးမှ ရတု ပါရသည်သာ။ အတူလက်ဆုံစားသောက်သော သူ့ရဲ့ သူဌေးမကို မစွပ်စွဲ မဥပါဒ်ဝံ့သော်လည်း ရတုက နေရထိုင်ရ ကျဉ်းကျပ်လှသည်။ ဤနည်းနှင့် အကြိမ်ကြိမ် ဖြစ်လာသောအခါ ရတုနှင့် မကြဲ၏ ရင်းနှီးခင်မင်မှုမှာ အလိုအလျောက်တိုး၍ ရင့်ကျက်လာရလေသည်။

ဘယ်မှ သွားစရာမရှိတဲ့အခါ ရတုကို ကားပေါ် ခြံထဲတို့၌ မနေစေ။ အိမ်ပေါ် တက်နေစေသည်။ ပထမပိုင်းက





ငြင်းသော်လည်း နောက်တော့ ငြင်းရတာကိုပင် ပြန်အားနာလာ ရသည်။ မိုးလင်းမှ မိုးချုပ် တစ်ချိန်လုံး တပူးတွဲတွဲ အတူစား အတူသွား၍နေခြင်း၌ ရတုရင်ထဲ ရိုးတိုးရိပ်တိပ် လှုပ်ရှားမှု လှုပ်ခါမှု ဖြစ်တတ်သောအခါ ရတုသည် သူ့ကိုယ်သူ ဒေါသတကြီး မွှံရှာမိလေသည်။

ဒါဟာ သစ္စာမဲ့မှုလား။ ခင်မင်းကို သူ ချစ်သလား ဆိုတော့ ချစ်သည်ပင်။ ရည်းစားလို မချစ်တတ်ခင်ကပင် ခင်မင်း နှင့် ချစ်ကျွမ်းဝင်ရသည်ပင်။ သို့သော်လည်း ခင်မင်းကို ရည်းစား စကားပြော၍ အဖြေပြန်ရခဲ့သောနေ့ကပင် ရတု၌ လှုပ်ရှားလိုက်ဖို ခြင်း မလျော့နည်း ကျဲပါးတာကို သတိပြုမိသောအခါ ရတုသည် အခြေအနေတစ်ရပ်ကို ကြောက်ရွံ့ရပြီတည်း။

သူ့စိတ်ရင်းမှန်၌ သူ၏ အလုပ်ရှင် သူဌေးမကို ရှောင်ဖယ်လိုခဲ့ပြီ။ သို့သော်လည်း ရတုသည် မကြဲကို ရှောင်ဖယ် နိုင်ဖို့ အတော်ခက်ခဲခဲ့လေပြီ။ သူ့မျက်လုံး သူ့စကား သူ့အပြုအမူ တို့၌ ဘာတစ်ခုမှ ခွန်းထင်းမနေအောင် အတတ်နိုင်ဆုံး ရိုးသားသန့် ရှင်းခဲ့သည်ကား ဘုရားသိသော သူ့ရဲ့ သစ္စာပင်။ မကြဲက သူ့ကို သူများထက် ယုံကြည်စိတ်ချသည်ဆိုသော စကားအခံက သူ့ကိုယ်သူ ကျိန်ဆဲမိအောင် အထိ အစွမ်းထက်မြက်လှပါသည်။

သူ့မှာ တကူးတက ဘုရားရှိခိုး၍ ခင်မင်းကိုသာ တစ်ယောက်တည်း သစ္စာရှိရှိ ချစ်ပါရစေသားရယ်လို့ပင် ဆုတောင်း ခဲ့လေသည်။ ခင်မင်းကား ရရှိသော အတောမသတ်လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

တို့၌ ကြည်နူးရွှင်ပျနေသည်။ ရံဖန်ရံခါ၌ သူသည် တစ်စုံတစ်ရာကို အင်မတန် ကြောက်လန့်လာမိချိန်မျိုးတွင် ...

"ခင်မင်း ... ငါတို့ လက်ထပ်ကြစို့လား"

ဤသို့ပင် ဖွင့်ဟတောင်းဆိုမိဖူးပြီ။

"ဘာ ,... နင် ဘာစိတ်ရူးပေါက်တာလဲ တု"

"နင့်ကို ... နင့်ကို ငါ စိတ်မချတော့ဘူး"

တကယ်တမ်းတွင် 'နင်' နေရာ၌ 'ငါ'ကို အစားသွင်းရမည့်အဖြစ်ကို ရတုသာ အသိဆုံး။ ခင်မင်းရဲ့ သံသယမရှိသောရိုးစင်းသော အပြုံးအပျော်တို့ကို ကြည့်ကာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ခဲ့တာ ကြာပြီပင်။

"ငါက ဘာလုပ်နေလို့လဲ"

"နင်က ဘာမှတော့ မလုပ်ပါဘူး"

ခင်မင်းကို စတီတ်ရှိုးမှာ အော်ဂင်တီးသော ဂီတပညာရှင် အပါအဝင် ဆိုင်ရဲ့ဖောက်သည် စားသုံးသူတွေထဲက လူအတော်များများ မျက်စိကျကြတာကို ရတု သိသည်။ သို့ပေမဲ့ သူ စိတ်မပူခဲ့မိ။ ခင်မင်းကို သူ ယုံလို့ရခဲ့သည်။ သူ့ကိုယ်သူသာ ယုံဖို့ခက်ခက်လာတာပင်။

ဒါကို ရည်ရွယ်ပြောမှန်း သိသော ခင်မင်းက ခပ်ဟားဟားကလေးရယ်ကာ ...

"သြော် ... နင်က ငါ့ကို ရှိတ်တဲ့သူတွေ ရှိလာလို့ စိုးရိမ်နေတာ"





"အင်းပေါ့"

"ဒါများ တုရယ် မေ့ထားစမ်းပါ၊ နင့်ခင်မင်းပါဟဲ့"

ထိုအခါတွင် ရတုသည် မျက်ရည်လည်မတတ်မိမိကိုယ်ကို ခွင့်မလွှတ်နိုင်အောင်ဖြစ်ကာ ခင်မင်းရဲ့ လက်ကလေးကို တအားကြီးဖျစ်ညှစ် ပေါက်ကွဲမိတတ်သည်။

"ခုဆိုရင် ငါ ဘာမှ အပိုမဝယ်ဘူး၊ မကြီက မျိုးစုံဝယ်ပေးနေတာ၊ အမေ့ကို တစ်ပ်ရတာ ပေးတယ်၊ ငါသုံးသောင်းစုမိနေတာလေ တုရဲ့။ နင်ကလည်း နင့်အမေကို နှစ်သောင်းပဲအပ်ပြီး ငါးသောင်းစုနေတာလေ တုရဲ့။ တစ်လရှစ်သောင်း၊ တစ်နှစ်ဆိုရင် ကိုးသိန်းကျော်ဟဲ့၊ ဒါပေမဲ့ အိပ်ရာခမ်းနားတင် နင်က လေးသိန်းကုန်မယ် ဆိုတော့ သိန်းနှစ်ဆယ်လောက် ရမှထင်တယ်၊ နှစ်နှစ်ပေါ့ဟယ် နင်ကလည်း၊ အရင်ထင်သလို သုံး,လေးနှစ် မဟုတ်တော့ပါဘူး"

"ခုထိ လေး,ငါးသိန်းတန် အိပ်ရာခမ်းနားကို အိပ်မက်တုန်းလား"

"ဒါအိပ်မက်တာ မဟုတ်ဘူး။ လုပ်ကို လုပ်ဖို့ ရည်ရွယ်ထားတာဟဲ့၊ ဒီမြို့နယ်ထဲက ခေါင် မိုထပ်ခန်းမတွေ ငါ မကြိုက်ဘူး၊ မြို့ထဲက ခန်းမတစ်ခုခုကို ငှားမယ်၊ လက်ဖက်ရည်၊ ကိတ်မုန့်၊ ရေခဲမုန့် ထုံးစံအတိုင်းပေါ့ဟယ်၊ လူလည်း နှစ်ရာထက်မပိုပါဘူး၊ တီးဝိုင်းတောင် ထည့်နိုင်သေး"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... နင့်ဟာက တစ်နေ့ထက်တစ်နေ့ မျှော်လင့်တာ၊ ရည်ရွယ်တာတွေက မြင့်မြင့်တက်နေတာပဲ၊ တီးဝိုင်းက ပါလာပြန်ပြီ"

"ဘာဖြစ်လဲ အဲဒါ၊ ဒီလို စီစဉ်နိုင်ဖို့ ငွေမပြည့်မချင်း နင် အခိပ္ပာယ်မဲ့ မပူဆာနဲ့ ဒါပဲ"

"နင်က ငါ့ကိုရော နင့်ကို ပစ်သွားမှာ မပူဘူးလားဟင်"

"နင့်ကို ... နင်ကြီးကို၊ ဟား ဟား ... ရတုရယ် ပိုက်ဆံ မပေးရတိုင်း တော်ရုံစိတ်ကူးယဉ်စမ်းပါဟာ၊ လွန်လွန်း တယ်"

ဟက်ဟက်ပက်ပက် ရယ်မောနေသော ခင်မင်းကို ကြည့်၍ ရတု ရင်ထဲ မောရလေသည်။ ခင်မင်းကို သူ ချစ်ခဲ့တဲ့ အချစ်ဟာ ဆန္ဒရမ္မက်တို့ လုံးလုံးနီးပါးကင်းကာ အတော်ဖြူစင် သန့်ရှင်းပါကလားဆိုတာကို တဖြည်းဖြည်းချင်းတော့ သူ ပို၍ သဘောပေါက်လာပါသည်။ ခင်မင်း စိတ်ချမ်းသာတာ၊ ခင်မင်း ပျော်တာ၊ ခင်မင်း ပြေလည်တာတို့ကို မြင်လိုတာလည်း အမှန်ပင်။ ဤသည်တို့မှာ သန့်စင်သော စေတနာမေတ္တာတို့၌ အရင်းခံခဲ့သည် ကို သူ နားလည်ချိန်၌ သူ မွန်းကျပ်ခဲ့လေပြီ။

တစ်ခါတစ်ရံ ရယ်ကာမောကာ စကားတွေ ဖောင်ဖွဲ့ နေသော မကြဲကို စိတ်လွတ်ကိုယ်လွတ် တမေ့တမော ငေးစိုက် ၍ ကြည့်နေမိသော သူ့ရင်သည် စစ်မှန်သော တုန်ယင်ဖိုလှိုက် လှုပ်ရှားရခြင်းနှင့် ပူနွေးလို့နေသည်။





"နားထောင်နေရဲ့လား၊ ဘာကြည့်တာလဲ ... ရတု ... ဟင်"

မသိလိုက် မသိဘာသာ မကြဲက ရုတ်တရက် ပြောလိုက်တဲ့အခါ မကြဲဟာ မိုးကောင်းကင်ထက်က လှပသော နတ်သမီးတစ်ပါးလို ဖြစ်နေတာမို့မျှား သူ့စိတ်တွေ ယိမ်းယိုင်တာ ..းရယ်လို့ သူ့ကိုယ်သူ အခါခါ လိမ်ညာစစ်ဆေးမိလေသည်။ ..ယ်ဝမှုကို မက်နေတာ၊ လှပမှု၌ ယစ်မူးနေတာ ဒီလိုပဲ ဖြစ်မှာ ..လို့ ဦးနှောက်က ဖွတ်အဖြေထုတ်နေပေမဲ့ နှလုံးသားက ခိုး၍ ..နေမြဲတည်း။

"ရတုရေ နောက်နေ့ သပ်သပ်ရပ်ရပ်ဝတ်ခဲ့စမ်းပါ သိလား"

တစ်နေ့တော့ မကြဲက သူ့ကို အထူးတလည် မမှာ ..မှာ၍ သူက ရှပ်လက်ရှည်ဖြူနှင့် ပုဆိုးအသစ်ကို ဝတ်ဆင် ..သည်။ ခင်မင်းကပင် ဒါက ဘာစတိုင်လဲရယ်လို့ ရယ်သွမ်း ..းရသည်။

"နင့် မကြဲက သပ်သပ်ရပ်ရပ် ဝတ်ခိုင်းလို့ပေ့ါ၊ ဘယ်သွား စရာရှိလဲမှ မသိတာ"

စိတ်ဝင်စားနေသော ခင်မင်းကို ဆိုင်ရောက်ပြီး ..ခင် ပြေးကာ သတင်းပေးနိုင်ခဲ့ပါသည်။

"ဒီနေ့ သူ့အစ်ကို ပြန်လာမှာတဲ့၊ လေဆိပ်မှာ သွားကြိုရ မယ်တဲ့"

"ဟယ် ... ဟုတ်လား၊ တစ်ခါမှ မမြင်ရသေးဘူးနော်၊ သူ ပြောတဲ့ သဘော်သားဆိုတာ"


www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့၊ သူတို့နှစ်ယောက်ပဲ မောင်နှမရှိတာ"

"မကြီးတော့ ပျော်နေမှာပဲနော်၊ သူက အထီးကျန်နေတာကို အင်မတန် စာချဲ့တာ မဟုတ်လား"

"သိပ်တော့ မထူးခြားပါဘူး၊ အေးအေးဆေးဆေးမှုပဲ"

အဲဒီနေ့က ရတုနှင့် မကြီး မင်္ဂလာဒုံလေယာဉ်ကွင်း၌ မကြီး အစ်ကို ကိုကိုနိုင်ကို ကြိုဖို့ အတူသွားကြပါသည်။ မကြီး သဏ္ဍာန်က ခင်မင်းအယာင်နှင့် လုံးလုံးလွဲကာ လုံး၀ အေးစက်ငြိမ် သက်သည်။ သိပ်ပြီး စိတ်လှုပ်ရှား ပျော်ရွှင်ပုံမရ။ ရတုက အကဲ တခတ်ခတ် ရှိနေသဖြင့် မကြီးပင် ရိပ်မိကာ ...

"ရတု ဘာတွေလာလာ ကြည့်နေတာလဲ လူကို"

"မမ အစ်ကို ပြန်ရောက်မှာကို မပျော်ဘူးလားလို့၊ အေးစက်နေလို့ပါ"

"အို ... ရတုတို့က အလုပ်၀င်တာ လေး,ငါးလ ရှိသေးတာ ဘယ်သိမှာလဲ၊ သူက သွားလိုက်ပြန်လိုက် ခေါက်ချည်းခေါက်သယ် ကူးနေတာ၊ ဘာထူးပြီး ပျော်စရာလိုလဲ၊ လာကြိုရမှာလည်း မကြီး မပျော်ဘူး၊ လိုက်ပို့ရလည်း မကြီး မငိုဘူး"

"မမက တစ်မျိုးပဲနော်"

"မကြီးက တစ်မျိုးပဲ၊ ဟုတ်တယ်၊ ကိုယ်က သံယောဇဉ်လည်း သိပ်မကြီးတတ်ဘူး ထင်ပါရဲ့ တုရယ်၊ မေမေက ငယ်ငယ်ကတည်းက မရှိ၊ ဖေဖေက နိုင်ငံခြား ထွက်သွားပြီး





အိမ်ထောင်ပြုပြီး ပြန်မလာ၊ အစ်ကိုက ဆယ့်ခုနစ်နှစ်သားတည်းက သွားချည်လာလှည့်၊ သူ စသွားတော့ မကြီးဖြင့် ဆယ့်တစ်နှစ် သေချာမပြည့်သေးတာ၊ သူ ထားရက်သွားတာပဲ၊ အန်တီခင်ကတော့ ရေခဲတုံးကို လူပုံထုထားသလား မကြီး အောက်မေ့မိတယ်၊ ဘာမှစိတ်မ၀င်စားတာ၊ လူဖြစ်ရှုံးနေတာ၊ ဒါကြောင့် စဉ်းစားလိုက်ရင် မိသားစုထဲမှာ မကြီး ဘယ်သူ့ကို ချစ်သလဲဆို ဘယ်သူ့မှ သိပ်မချစ်ဘူး"

"ဒါတော့ နော်မယ်လ်မ မဟုတ်တော့သလိုပဲဗျာ"

"မယ်ချင်မယ် မမယ်ချင်နေ၊ မကြီးမှာ တကယ်ပဲ မိသားစုထဲမှာတောင် ချစ်ရမဲ့သူ မရှိဘူး၊ ဒါကြောင့်လည်း တစ်ဖက်စွန်းရောက်ပြီး ခုလို ..."

"ဘယ်လိုလဲ ... မမက အခု ဘာဖြစ်နေလို့လဲ"

ရတုက တကယ်ပင် စကားတုံးတိတိကို နားမလည်ဘဲ ရှေ့တိုးမေးသည်။

"ချစ်ရင်လည်း သိပ်ကြီးကို ချစ်မိပြန်ရော၊ အဲဒါမျိုးပေါ့"

ဘယ်သူ့ကိုလဲလို့တော့ တိုးမမေးဖို့ ရတု နားလည်သည်။ မကြီးမှာ သိပ်ကြီးကို ချစ်ရတဲ့သူတစ်ယောက် ရှိသည်ဆိုတာကို အမှတ်မထင် သိလိုက်ရတဲ့အခါ သူ ၀မ်းနည်းမိပါသည်။ မကြီးရဲ့ ချစ်သူက ဘယ်သူလဲ။ တကယ်တော့ မကြီးလို မိန်းမပျိုမှာ အဆင့်တူ ဂုဏ်ဒြပ်တူထဲက ချစ်သူတစ်ယောက် ရှိနိုင်သေးတာပဲ ဆိုတာကို သူ မေ့နေခဲ့တာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒရိုင်ဘာ စလုပ်ကတည်းက သူစိမ်းယောက်ျားတို့နှင့် တွဲသွားတွဲပြန် ကျဲတောက်နည်းပါးသွားသည့်အဖြစ်ကို သူ သတိပြုမိတုန်းက အရင်က ဒီလူတွေကို မကြဲက ဒရိုင်ဘာသာသာလောက် တွဲဖက်အသုံးချခဲ့တာ ဖြစ်မှာပဲရယ်လို့ တစ်ဖက်သတ် တွေးခဲ့မိပါသေးသည်။ မကြဲမှာ ချစ်သူ ရှိနိုင်တာပဲ။ သူ့ဘက်ကသာ အရိုင်းလေးလို မူးမူးမိုက်မိုက် ရင်ဖိုလှိုက်နေခဲ့ပေမဲ့ မကြဲကတော့ သူ့ကို ရိုးသားစွာ ယုံကြည်ခင်မင်တာထက် ဘယ်ပိုပါ့မလဲ။

သူက ပမွှား။ အလကားကောင်လေးတစ်ယောက်။ ဆင်းရဲနွမ်းပါးတဲ့သူ။ အမေတစ်ခု သားတစ်ခုဘဝ။ နေတော့ အိမ်ကုပ်လေးမှာ။ ပိုက်ဆံ ကုပ်ကပ်နေရသေးကာ ခြိုးခြံချွေတာရလွန်း၍ နွမ်းမိန်လှတဲ့ မထူးခြားသော သူမရဲ့ ဝန်ထမ်းတစ်ဦး။ မကြဲရယ်။ ခင်မင်းကို သူ ချစ်ခဲ့တာဟာ သန့်ရှင်းသော စိတ်တစ်ခုနှင့်ဆိုတာ သေချာခဲ့သည့်တိုင် သူ ဘယ်တော့မှ ဘယ်သူ့ကိုမှ ဖွင့်ပြောမှာ မဟုတ်ပါဘူး။ အများက ချက်ချင်း အထင်လွဲကြမှာမို့ပါပဲ။ ခင်မင်းက ဆင်းရဲလို့ မကြဲက ပြည့်စုံလို့ မကြဲဘက် ယိမ်းယိုင်ခဲ့တယ်လို့ အထင်ခံရရင်တော့ ဒီဘဝမှာ ကိုယ့်ဖက်ကိုယ်လှီးပြီး သေပစ်ဖို့ပဲ ကောင်းတော့တာ မဟုတ်လား။

"ဟော ... ရတု၊ ဟောဟိုက စပို့ရှပ်နီနဲ့က ကိုကိုပဲပေါ့"

ခရီးသည်များ စီတန်းထွက်လာရာထဲ ပါလာသော မကြဲရဲ့ အစ်ကိုသည် မကြဲထက် အသားဖြူဖွေးကာ ဘိုစပ်သော





ရုပ်ရည်မျိုးဆန်သည်။ ရုပ်က မကြဲနှင့် အလွန်တူသော်လည်း မကြဲက ဤမျှ ဘိုမဆန်၊ မကြဲအစ်ကိုက ဆံပင်ရှည်ကို စည်းနှောင်ထားကာ မကြဲကို အေးအေးပင် လက်လှမ်းပြသည်။ လိုက်လည်းလိုက်တဲ့ မောင်နှမ။ ဘယ်သူမှ မမြူးတူးလှပေ။

"ဟိုင်း ... မကြဲ၊ နည်းနည်းပိန်သွားပါလား"

"ဟိုးတစ်နှစ်က မယ်တွေ ခေတ်မို့ မကြဲ ပြည့်အောင်ပဲနေတာ၊ ခုက မိုဒယ်လ်ခေတ် ကိုကို၊ ဒါကြောင့် ပိန်အောင်ပဲနေတယ်၊ ကိုကိုလည်း ပိန်လာပါလား၊ ဆေးဝါးသေစာတွေ ကင်းပါတယ်နော်"

"ဒါ ကလေးမိုက်တွေအလုပ်ပါ၊ ကိုယ်က လူကြီးလူကောင်းလေ ... ဟဲ ဟဲ"

မောင်နှမနှစ်ယောက်ရဲ့ နှုတ်ဆက်စကားက ရတုနားထဲ စိမ်းထောင့်နေသည်။

"သူက မကြဲနဲ့ ပါလာတာလား"

"ဟုတ်တယ် ကိုကို၊ ရတု တဲ့၊ ရတု ဒါ ကိုကိုနိုင်"

ကိုကိုနိုင်က လက်ကမ်းပေးသဖြင့် ခပ်ယို့ယို့ အလိုက်သင့် နှုတ်ဆက်လိုက်ရသည်။

"မကြဲ ဘွိုင်းဖရဲင့်လား"

"မဟုတ်ပါဘူး ကိုကိုကလည်း"

ဒီထက်ပို၍ မကြဲက မဖြေရှင်း၊ အစ်ကိုကလည်း ဆက်မမေး။ အိတ်ကြီးကြီးနှစ်လုံးပါလာ၍ ရတုက တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ရွှေဆွဲကာ ကိုကိုနိုင်က တစ်လုံးဆွဲသည်။ ဆွဲသည့်ဆိုသော်လည်း လက်ကိုင်ကိုင်းမှဆွဲကာ ဘီးနှင့် တွန်းရတာမို့ ရတုက နှစ်လုံးလုံး သယ်ပေးလိုသည်။ မကြဲက 'တစ်လုံးပဲယူ'ဟု ပြတ်ပြတ်ဆိုသဖြင့် နောက်တစ်ခုကို မရတော့။

"ဘာတွေ ထူးခြားလဲဟော့"

"ဘာမှ မထူးခြားလှပါဘူး ကိုကိုရ"

အပြန်မှာလည်း မကြဲကသာ ရှေ့ခန်းက ထိုင်၍ ကိုကိုနိုင်က နောက်ခန်းမှာ တစ်ယောက်တည်း ထိုင်သည်။

"ရက်စ်ထရော့န်ထံ အခြေအနေရော"

"မဆိုးပါဘူး"

"အပျင်းပြေနေတာပေါ့"

"ကိုကို့လို ခရီးလှည့်နေရတာလောက်တော့ ဘယ်အပျင်းပြေမလဲ"

သူတို့အတွက်တော့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုကိုပင် အပျင်းပြေ လုပ်နေကြတဲ့ဟန်မျိုး ဖြစ်နေသည်။

"ခရီးလှည့်နေမဲ့ ယောက်ျားမျိုး ယူလိုက်ပေါ့၊ ပြီးတော့ ယောက်ျားနောက် လိုက်ပေါ့"

"မြန်မာပြည်မှာ အခြေကျမဲ့သူကိုပဲ ယူမယ်"

"Why ?"

"ဖေဖေနဲ့ ကိုကိုက နိုင်ငံခြား ရောက်နေတတ်လို့ပေါ့၊ ဒါတွေကို မကြိုက်လို့"





ကိုကိုနိုင်က ပခုံးတွန့်ပြီးနေသည်။ ခဏနေမှ ...

"မြန်မာပြည်မှာ အခြေကျမဲ့သူ တွေ့ပလား"

ဒီတော့ မကြဲက တဟားဟား ရယ်သည်။

"ရှာတုန်းပဲ၊ ကိုကိုရော"

"ကိုယ်လည်း မြန်မာမ ယူမယ်၊ မြန်မာမိန်းကလေးတွေထက် ဘယ်နိုင်ငံသူကိုမှ တန်ဖိုးထားလို့ မရပါဘူး။ ကိုယ်တော့ ခရီးလှည့်ချင်လှည့်နေမယ်လေ၊ လက်ထပ်ရင်တော့ ဒီမှာပဲ မြန်မာမပျိုလေးလှလှလေးနဲ့ လက်ထပ်မယ် ဟင်း ဟင်း"

ရတုသည် တစ်မျိုးကြီးဖြစ်သော ကိုကိုနိုင်ကို တစ်ကြိမ် နှစ်လိုမိကာ ပြုံးပင်ပြုံးလိုက်မိပါသည်။ စိတ်သဘော ...င်းက ကောင်းပုံရပေသည်။

"ဒါဖြင့် ကိုကိုလည်း ရှာပေါ့"

"ရှာမှာပေါ့၊ ဒီတစ်ကြိမ် ကြာကြာနားမယ်၊ အလုပ်ပင်ပန်း၊ နားငြီး၊ မျက်စိနောက်ပြီး အအေးဓာတ်ကို နည်းနည်းငြီးငွေ့လာလို့ တစ်နှစ်လောက်နေမယ် စိတ်ကူးတယ်ကွာ"

"ကိုကို တကယ် ပြောတာလားဟင်"

မကြဲရဲ့ ဝမ်းသာအားရ လှည့်မေးလိုက်ဟန်မှာ ...ပင် သိမ့်ခနဲဖြစ်အောင် ဝုန်းဒိုင်းကြဲကလေးဖြစ်သည်။ လေသံ ...လေးကြောင့် ရတုသည် မကြဲကို အကြီးအကျယ် သနားသွားမိ ...သည်။ သူ့အစ်ကိုကို မချစ်တာ မဟုတ်။ ချစ်ပါလျှက်နှင့်


www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ချက်မရှိ၍ စိတ်လျှော့အေးစက်နေလိုက်ရတာပင်ဟု ဒက်
ရိပ်မိသဘောပေါက်သွား၍ ကရုဏာသက်မိလှပါသည်။

"တကယ်ပေါ့၊ လက်ထပ်ဖြစ်ရင်တော့ ဒီထက်တော
ကြာဦးမယ်"

"ကိုကို ဘယ်သူနဲ့ယှဉ်ယှဉ် မကြဲ သဘောတူပါတယ်၊ ကို
ကို ဒီမှာ ကြာကြာရှိစေမဲ့ ယောက်မဆိုရင် ဖူးဖူးတော
မှတ်ထားမယ်"

"Thank you ပါ ခင်ဗျာ၊ ကိုယ်ကလည်း မကြဲကို ဘယ်
နဲ့ ယှဉ်ယှဉ် သဘောတူပါတယ်၊ အဖေနဲ့ အစ်ကို အနားမနေ
စိတ်နာစိတ်ကောက်နေတဲ့ ညီမနားမှာ အခြေကျမဲ့ ယောက်
ကို ဗျူး ... ဗျူး မှတ်ထားမယ်"

"ဘာလဲ ကိုကိုက ... ဗျူး ... ဗျူးတဲ့"

"လေနဲ့မှုတ်တာ အဲသလို မြည်တာပဲဟ၊ ဘယ်သူမှ ဖူ
လို့ မမှုတ်ဘူး"

မကြဲက ကလေးလို တခိခိ ရယ်မောလိုက်လေသ
ကြားဖူးသမျှ ရယ်သံတို့၌ ကလေးအဆန်ဆုံး၊ ချစ်စရာအကော
ဆုံးတည်း။ ရတုပါ ရင်ခုန်ပျော်ရွှင်နေကာ ကိုကိုနိုင်ကို ဘ
မဆီမဆိုင် သူက ကျေးဇူးတင်နေမိပါသည်။

•○•





နံနက်စာကို စားသောက်ခန်းမထဲမှာ လာရောက်
စားသောက်သော ဆံပင်စည်းနှင့် လူတစ်ယောက်ဟာ မကြဲရဲ့
အစ်ကိုဆိုတာကို ခင်မင်းက ကြိုတင်သိနှင့်ပြီး ဖြစ်လေသည်။
စားရင်းသောက်ရင်း ခင်မင်းကို တကြည့်ကြည့် လုပ်နေတာကို
ပထမတော့ အံ့အားသင့်မိကာ တဖြည်းဖြည်းတော့ ခင်မင်းသည်
အံ့သြစိတ်ပျောက်၍ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာပါသည်။

လှပသွယ်လျသော ခန္ဓာကိုယ်ကလေးကို ပို၍
ကော့ကြော့လျက် စက္ကန့်မလပ် မိမိကိုယ်ကို လှပအောင်နေဖို့
သတိရနေခြင်းဟာ ချစ်သူအပေါ် သစ္စာဖောက်ခြင်းဟု ခင်မင်း
ကတော့ မထင်ပါ။ ဒါကြောင့်လည်း ခင်မင်းက ချစ်စဖွယ် အပြုံး
ကလေးကို ဆင်ယင်လျက် လှတပတ အမူအရာလေးတို့နှင့်
ငှက်တက်နေပါသည်။

ခင်မင်းတို့ နေ့လယ်စာစားလျှင် အလုံးဦးသင့်သလို
အလှည့်ကျ စားနေကျဆိုတာကို ထိုလူ စုံစမ်းသိရှိပြီး ဖြစ်ပုံရ
သည်။ သူ စားသောက်ကာ ပြန်သွားပြီးမှ ခဏအကြာတွင်
ပြန်ရောက်လာကာ ထောင့်စားပွဲတစ်လုံး၌ တစ်ယောက်တည်း
ထမင်းကြော် ထိုင်စားနေသော ခင်မင်းထံ ရောက်လာလေသည်။
တည့်တည့်ကြီး ရောက်လာပြန်တော့လည်း ခင်မင်း လန့်ဖျပ်ရ


www.burmeseclassic.com

သည်။ သူကတော့ အမှုမထားသလို ခင်မင်းရဲ့ စားပွဲမှာ Excuse Me ဆိုလျက် ဝင်ထိုင်လိုက်လေပြီ။

“မအံ့ဩနဲ့နော်၊ မင်းကို ကိုယ် မိတ်ဖွဲ့ချင်လို့ပါ၊ မင်းနာမည် ခင်မင်းဆိုတာ မကြဲ ပြောပြလို့ သိရပါတယ်”

“ဟုတ်ကဲ့”

“ကိုယ် ဘယ်သူလဲဆိုတာရော မင်း သိလား”

“ဟုတ်ကဲ့ မကြဲရဲ့ အစ်ကိုပါ”

“နာမည်ကော”

“ကိုကိုနိုင်လို့ သိပါတယ်”

“တယ်ဟုတ်ပါလား၊ မင်း ဘယ်သူ့ကို မေးတာလဲ”

“အထူးမမေးရပါဘူး၊ မနေ့က မကြဲ အစ်ကို ရောက်လာတာ တစ်ဆိုင်လုံး သိကြပြီး ဦးကိုကိုနိုင်အကြောင်းကို အသစ်အဆန်း ပြောနေကြတာပါ”

“ဦးကိုကိုနိုင် ဆိုတာတော့ မနိပ်ပါဘူးကွာ၊ ကိုကိုနိုင်ပဲ ခေါ်ပါ”

“နာမည်အတိုင်း ခေါ်သလို ဖြစ်နေတော့ အလုပ်ရှင်ကို မလေးစားရာကျမှာ စိုးပါတယ်ရှင့်”

“ဘာဆိုင်လဲ၊ မင်းတို့ အလုပ်ရှင်က မကြဲပါ၊ ကိုယ်က အလုပ်ရှင် မဟုတ်ဘူး”

ခင်မင်းသည် မွှေးပျံ့သော ရနံ့သင်းတစ်ခု ပြေပြစ်စွာ သင်းနေသော ကိုကိုနိုင်ကြောင့် သူမကိုယ်မှ ချွေးနံ့ထွက်လာမှာကို





စိတ်အနှောင့်အယှက် ဖြစ်လျက်ရှိလေသည်။ ကိုကိုနိုင်က လက်ထဲ ပလတ်စတစ်အိတ် ဝါဝါတစ်လုံးကို ဆောင်းကာ ထိုင်ခုံပေါ်တင်သည်။ သူနှင့် ခင်မင်းအကြားမှ ခုံဖြစ်သည်။

“ကိုယ်က မိတ်ဆွေဖြစ်ချင်တာကို လက်ခံရဲ့လား”

“လက်မခံဘဲ မနေရဲပါဘူး ကိုကိုနိုင်”

“အေးကွာ၊ ဒီလိုလုပ်ပါ၊ ကိုယ့်မှာ အပေါင်းအသင်း မရှိဘူး၊ မြန်မာပြည်မှာ သူငယ်ချင်းရယ်လို့ ယောကျ်ားလေး ထဲကတောင် မရှိတော့သလောက်ပဲ၊ အဆက်တွေပြတ်ပြီး ဝေးကွာကုန်တာကြာတော့ လူရင်းကို မရှိပါဘူး။ ဒါဖြင့် မင်းနဲ့ ကိုယ် ခင်သွားပြီနော်”

“ဟုတ်ကဲ့ ... ရပါတယ် ကိုကိုနိုင်”

“ဒါဖြင့် ဒီအိတ်ထဲမှာပါတဲ့ ရှူးဖိနပ်လေးတစ်ရန်ကို မိတ်ဖြစ်ဆွေဖြစ် လက်ဆောင်ပေးပါရစေလား”

“ရှင် ...”

ခင်မင်းသည် အံ့ဩကာ အထုပ်ကို ဖျတ်ခနဲ ကြည့်သည်။

“ဝန်ခံရရင် ကိုယ့်ညီမဖို့ ရည်ရွယ် ဝယ်လာတာပါ၊ ဒါပေမဲ့ မကြဲ စီးကြည့်တာ သူနဲ့ ချောင်ပြီး ကျွတ်ထွက်နေတယ်၊ ခုန ထမင်းစားရင်း မင်းကို မြင်နေရတော့ ခြေထောက်တွေကို ကြည့်ပြီး တော်လောက်တယ် ထင်မိတာပဲ”

www.burmeseclassic.com

ခင်မင်းသည် ကတ္တီပါညှပ်ဖိနပ်ပါး စီးထားသော သူ့ခြေထောက်တို့ကို ယောင်၍ ကုတ်တွန့်လိုက်မိပါသည်။ အင်း ခင်မင်း ခြေထောက်တို့က သိပ်မလှပါ။ ခုနက လူကိုသာ ဟန်ပေးနေမိပြီး ခြေထောက်တွေကိုတော့ သတိလစ်ထားမိ၏ သူက ခြေထောက်တွေကို စိမ်ပြေနပြေ ကြည့်နေခဲ့မှာပင်။

"စီးကြည့်ပါလား"

"အို ... ခင်မင်း အားနာပါတယ် ကိုကိုနိုင်"

"ဘာအားနာစရာရှိလဲ၊ လက်ဆောင်ပေးတာပဲ"

"ဒါပေမဲ့ မကောင်းဘူး ထင်ပါတယ်"

"ကောင်းပါတယ်၊ ရော ... စီးကြည့်ပါ"

ရတုသာသီလျှင် ကြိုက်မှာ မဟုတ်ဘူးဟု ခင်မင်း ယုံကြည်နေပါလျက် ငြင်းရလည်းခက်၊ စီးရလည်းခက် ဖြစ်နေ သည်။

"ရတုနဲ့ မင်းက မောင်နှမတွေဆို"

"ရှင် ..."

ခင်မင်းသည် အံ့သြပြီး ကိုကိုနိုင်ကို စိုက်ကြည့် မိပါသည်။

"မကြုံဆီမှာ မင်းနာမည် မေးရင်း မကြုံက ပြောလိုက်တာ မောင်နှမအရင်းလား"

"ဟို ... အရင်းတော့ မဟုတ်ပါဘူး"





မကြုံ ဘာကြောင့် မောင်နှမလို့ ပြောလိုက်ပါလိမ့် ဟု ခင်မင်း စဉ်းစားနေမိသည်။ ချစ်သူတွေဆိုတာ သိရက်သားနှင့်။ သူ့အစ်ကိုကို ပြီးပြီးရော ခပ်ရိုးရိုးသားသား မဖြစ်ဖြစ်အောင် ပြောလိုက်တာ ထင်ပါရဲ့။

"ကဲ ... ဖိနပ်စီးကြည့်လိုက်စမ်းပါဦး၊ ကိုယ် ကြည့်ချင်တယ်"

"ခင်မင်း ... မ ... မစီးချင်ဘူး"

ခင်မင်းက ခေါင်းငုံ့ငြင်းသည်။ ကိုကိုနိုင် ကိုင်ဟထား သော အထုပ်ထဲမှာ ရှူးအညိုရင့်ကလေးတစ်ရံက ထိပ်ဦးချွန်တွင် ချွပြားကနုတ်ပန်းကလေး ကွပ်ကာ ခင်မင်းကို မျက်စပစ် ခဲ့ဆောင်နေပါသည်။ မသဲမကွဲ မြင်ရုံနှင့်ပင် သိပ်ကို ကြိုက်တာပဲ။

"ဘာဖြစ်လို့လဲ"

"ဟို ... ဟို"

"ဘာဖြစ်လို့လဲ ပြောပါ"

"ခင် ... ခင်မင်း ခြေထောက်က မလှဘူး၊ ဖိနပ်က လှနေတယ်"

"အိုးမိုင်ဂေါ့ဒ် ... မင်းအကြောင်းပြချက်က ဒါလားကွယ်"

"တကယ်ပါ၊ ခင်မင်း ခြေထောက်က မလှတော့ ရှက်လို့ပါ"

"ဒါကြောင့်ဆိုရင် စီးပါ၊ မင်း ခြေထောက်လေးတွေက မင်း ထင်သလို ရုပ်မဆိုးပါဘူး။ ခြေချောင်းကလေးတွေ ကားချင်တယ်။ ဒါပေမဲ့ ခြေမျက်စိမပေါ်ဘဲ ဖနောင့်လေးက လှပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...။ သူမ ခြေထောက်ကို အတော်ကို စေ့စပ်စွာ မြင်ပြီးပြီ။

"ကဲ ... ရော့"

ကိုကိုနိုင်က ကုန်း၍ ဖိနပ်ကို ကြမ်းပေါ် ချပေးလိုက်၍ ခင်မင်းမှာ ကိုယ်ကို ယို့ကာ အားနာရင်း မတတ်သာစွာ ရှူး ဖိနပ်ကလေးကို စွပ်၍ စီးကြည့်လိုက်ရပါသည်။

"ကြည့်စမ်း ... အတော်ပဲနော်"

"ဟုတ်ကဲ့"

"ဆက်စီးထားနော်"

"နောက်မှ စီးပါရစေ၊ ခုတော့ ချွတ်ပါရစေ ကိုကိုနိုင်"

"ဖိနပ်ပေါက်မှာ စိုးလို့လား"

"သူများတွေ အတင်းပြောမှာ စိုးလို့ပါ"

"ကြည့်စမ်း ... ကိုယ် မတွေးမိဘူး၊ မိန်းကလေးတစ်ယောက်အနေနဲ့ မင်း အနေခက်နိုင်တာပဲ၊ မင်း သဘောပဲ၊ နောက်မှ စီးတော့နော်၊ ကိုယ် သွားတော့မယ်"

အဲဒီည အိမ်အပြန် လမ်းထိပ်မှ လမ်းထဲထိ ရတုနှင့် ခင်မင်း လျှောက်ဝင်လာတုန်း ဖိနပ်ကို ခင်မင်းက ပြလိုက်သည်။ ရတုက မကြိုက်ပုံ မပြသော်လည်း တွေတွေငေးငေးနှင့် ဖိနပ်ကို အတန်ကြာကိုင်ကာ ကြည့်နေသည်။ ခင်မင်းက အဖြစ်အပျက်ကို ပြန်ပြောပြနေရာမှ ...

"ဘာလို့လဲ ရတု၊ မယူစေချင်ဘူးလား"





"မယူစေချင်တာ မဟုတ်ပါဘူး ခင်မင်းရာ"

"ဒါဖြင့် ဘာဖြစ်လဲဟင်"

"ကိုကိုနိုင်ကို ချက်ချင်း ပြန်အဖွဲ့မကျနဲ့နော်၊ သူက နိုင်ငံတကာစုံအောင် လှည့်လာတာ၊ လူနပ် လူပါးတစ်ယောက်ပဲ ခင်မင်း၊ သူ ကောင်းသလား ဆိုးသလား ငါလည်း မသိနိုင်သေးဘူး။ နင်လည်း မသိနိုင်သေးပါဘူး။ နင် မငြင်းသာတာ ငါ နားလည်ပါတယ်၊ ဒါပေမဲ့ နင် သူ့ကို သတိတော့ ထားရမယ် ခင်မင်း"

"အမယ်လေး ... ရှည်လိုက်တာဟယ်၊ နင် သဝန်တိုတယ် မဟုတ်လား"

"သဝန်တိုတာ မဟုတ်ဘူး"

ရတု စကား မဆက်တော့ပါ။ ကိုကိုနိုင်ဟာ ခင်မင်စရာ လူတစ်ယောက် ဖြစ်တာ သူ အကဲခတ်နိုင်သည်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ စရိုက်၊ အကျင့်တို့ကို တော့ တစ်ထိုင်တည်း သိနိုင်မှာမှ မဟုတ်တာ။ ဆယ်နှစ်၊ ဆယ့်တစ်နှစ် သဘော်သက်ရှိခဲ့၍ လည်ဝည်သူတစ်ယောက် ဖြစ်မှာကတော့ သေချာသည်။

မကောင်းသော အဓိပ္ပာယ်နှင့် မဟုတ်ပဲ လည်ဝယ်နံ့စပ် ကျွမ်းကျင်ပါးနပ်မှာကို ဆိုလိုရင်းသာ။

"ဒီတော့ ဒီဖိနပ် ငါ ဘာလုပ်ရမှာလဲ"

"စီးပေါ့ ... ယူခဲ့ပြီးမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးနော်၊ စီးမှ တစ်မျိုးစကားနာ မထိုးနဲ့ဦး၊ အမှန်တိုင်းပြောရင် စီးချင်တယ်ဟာ၊ ဖိနပ်ကလေးက တအားလှတာပဲ၊ လယ်သာကလေးကလည်း အိညက်နေတာပဲ၊ ငါ သိပ်ကြိုက်တယ်ဟာ၊ ဝယ်ရင် လေး,ငါးသောင်းတော့ အနည်းလေးပဲဟဲ့၊ ဒီမှာတွေ့လား၊ Made in Italy တဲ့ အီတလီမိတ်တုရဲ့၊ ဝယ်ဖို့တော့ စိတ်တောင် မကူးရဲဘူး၊ ငါနဲ့ တော်နေတာ ကံကောင်းတာပဲနော်၊ ငါ့ကို စီးခိုင်းပြီး မတော်ရင် သူ တခြားနောက်တစ်ယောက်ကို ပေးပစ်လိမ့်မယ် ထင်တယ်"

လမ်းမလယ်ကောင်မှာ ဖိနပ်ကို ထုတ်၍ကြည့်ကာ ကြည့်ကာ ခင်မင်း မျက်နှာလေးက မက်မက်မောမောအပြုံးလေးနှင့် ချိုနေသည်။ အိမ်တံခါးဝ၌ ထိုင်စောင့်နေသော ခင်မင်းရဲ့ အမေကို ခင်မင်းက အဝေးကပင် လှမ်းအော်ကာ "အမေရေ ... ဒီမှာကြည့်စမ်း" ရယ်လို့လည်း ဝမ်းသာအားရ ကြွားနေပြန်ပါသည်။

"ဘယ်ကရလဲ ... ဒါ"

"မဝယ်ပါဘူး အမေရဲ့၊ သူဌေးမရဲ့အစ်ကို နိုင်ငံခြားက ပြန်လာလို့ လက်ဆောင်ပေးတာ"

"ညည်းကို"

"ဒါပေါ့"

"ဘာလို့ပေးရတာလဲ"





"သိဘူးလေ၊ အမေ့သမီးကို သူဌေးမအစ်ကို သူဌေးလေးက လက်ဆောင်ပေးတယ်ဆိုတာ အမေသိရင် ပြီးတာပဲ၊ ဟင်း ဟင်း"

"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ၊ ရတုကို ရှေ့ထားပြီးတော့ ဒီကောင်မလေး ငါလုပ်လိုက်ရ၊ ရတုရေ... ပြန်တော့လေ၊ မင်းအမေ နေ့လယ်က နည်းနည်းမူးလို့ ဝိုင်းပြုစုရသေးတယ်၊ မသန်းရှင်လည်း အားငယ်တယ်နဲ့ တူပါရဲ့။ မင်းနဲ့ ခင်မင်းကို လက်ထပ်ပေးရ ကောင်းမယ်ထင်တယ်လို့တောင် ပြောနေသေးတယ်ကွယ့်"

မြန်မြန်ယူဖို့အရေး ပြောရလျှင် ခင်မင်းအမေက အကြွကာ အသံကျယ်နေတတ်သည်။ အိမ်တွင်းမှ ခင်မင်းအဖေ ...

"ဟဲ့ ... မြအေး၊ တိုးတိုး ... အချိန်က ညဆယ့်တစ်နာရီဟာ၊ ဒီကိစ္စမျိုး ဒီလောက်ပဲ ဟစ်ရသလား၊ ဒီထက်ကျယ်အောင် လော်စပီကာလေး၊ ဆောင်းဘောက်စ်လေး ငှားပါလား"

"အို ... တစ်ရပ်လုံး သိနေတာပဲဟာ၊ ကျိတ်ကြံနေတာမှ မဟုတ်တာ"

"ကဲ ... ကဲ ... ဝင်ကွာ၊ ရတု ... မင်းအမေ ကြည့်လိုက်ဦးဟေ့"

"ဟုတ်ကဲ့ ... ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



ရတု အိမ်ဘက်လျှောက်လာသော် အမေက အ
တွေကြောင့် တံခါးဖွင့် ကြိုနေပါသည်။ ထူထူထောင်ထောင်
ကောင်းနေပေပြီ။ ခင်မင်းရဲ့ မင်္ဂလာကိစ္စ ဘာချဲ့လိုပုံ
အမေက အတိအကျ မသိလှဘဲ နေ့လယ်ကမှ ခင်မင်း အမေ
ကြားရ၍ မဲ့ကာရွဲ့ကာ ရတုကို တိုင်တန်းသလို ပြောဆိုနေပါ
သည်။

"ကျွန်တော်ကလည်း ချက်ချင်းမယူချင်သေးပါဘူး အ
ရာ၊ ယူတာက လွယ်ပါတယ်။ ယူပြီးရင် စရိတ်
တက်လာမှာ။ သိပ်မဟုတ်တောင် နည်းနည်းတော့ 
ပေးမှ ခင်မင်းလည်း ကျေနပ်မှာပေါ့။ ခုတောင် သူ့
တွေ ကျောင်းအပ်ခါနီးမို့လို့ စုထားတဲ့ထဲက နှိုက်ပြီး
ခိုင်းထားတယ်။ ငွေ သိပ်မရှိသေးဘူး။ ကျောင်းအပ်ဖို့
တို့ သိပ်ကသီလလင်တ ဖြစ်တယ် အမေရဲ့"

"မဆိုင်တာတွေ ပြောမနေနဲ့၊ ။င်းပဲ ဟိုတလောက
တယ်ဆို"

"ဒါ စိတ်ရှုးပေါက်တာပါ"

"ဟဲ့ ... အိမ်ထောင်ပြုဖို့များ နင်တို့က ကစားစရာ
သလား၊ ခုတစ်မျိုး ခုတစ်မျိုးနဲ့၊ အမေ နေကောင်
တော့ ဆိုင်းချင်သလောက် ဆိုင်းကြပေါ့၊ အမေ မကျန်
ရင်တော့ အမေက ဇွတ်စီစဉ်မှာပဲ၊ ဒါပဲ"





ရတုသည် သက်ပြင်းရှိုက်ကာ ခြေလက်ဆေး အိပ်ရာဝင်သည်။ အိပ်ရာထဲရောက်တိုင်း နဖူးပေါ် လက်တင်လိုက်လျှင် ပထမဦးဆုံး မြင်ယောင်သည်မှာ ခင်မင်း မဟုတ်ဘဲ "မကြဲ" ဖြစ်နေတတ်တာက ဆိုးပါသည်။ "မကြဲ"ရယ်လို့ နာမည်က ထောင့်နေသော်လည်း လူကလေးက နွဲ့လျကာ သူ့မျက်စိထဲ အလွန်အချိုးကျ အဆင်ပြေလှ၍ "မကြဲ"အလှကို မှင်သက်မိရတတ်သည်။

❥○❥

"ကိုကိုပြောလို့ ကိုယ် အကူအညီ တောင်းကြည့်မှာနော်၊ ကိုကိုကလည်း ခင်မင်းက မကြဲရဲ့ ဝန်ထမ်းမို့ မကြဲကို ခွင့်တောင်းဟာပါ၊ သူက ဒီတစ်ခေါက် သိပ်ကြာသွားတော့ လမ်းတွေကအစ ဒီမှာ အသစ်တွေဖောက် မျက်စိလည်ပြီး မကျွမ်းမကျင် ဖြစ်နေတယ်၊ တစ်ခါတစ်ရံ သူ သွားလာတဲ့အခါ ခင်မင်းကို အပြင်ခေါ်လို့ ရမလား ... တဲ့ ..."

"မကြဲ" မျက်နှာကို သူ စိုက်ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

"ကျွန်တော့်ကို မစဉ်းစားပါနဲ့ဦး၊ အရင်ဆုံး စဉ်းစားရမှာက ဘေးပတ်ဝန်းကျင်ကိုပါ"

"ဘယ်လိုမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီက ကောင်လေးတစ်ယောက်ယောက်ကို ခေါ်သွားလည်ရရက်နဲ့ ခင်မင်းကို ခေါ်သွားမှာက ကောင်းပါ့မလား မေ ရယ်၊ ဘာကြောင့်လဲ တွေးစရာကြီး ဖြစ်နေတယ်၊ ခင်မင် ကိုမှရွေးပြီး အဖော်ခေါ်ချင်တာကို ဘယ်သူမှ ရိုးရိုးသာ သား နားလည်ပြီး မြင်မှာမဟုတ်ဘူး"

မကြဲက ရတုကို အကဲခတ်ကာ ခေါင်းလေးဆတ် ရင်း ...

"အင်း ... ဒါတော့လည်း ဟုတ်ပါတယ်"

ကိုကိုနိုင် ခင်မင်း အပေါ် မရိုးသားလှတော့ဘူးလို့ သူ ထင်မိသောအခါ ရင်ထဲ တစ်မျိုးတစ်မည်ဖြစ်ကာ ပူလောင် ရလေသည်။ ခင်မင်းက မနူးမနပ် လှချင်ပချင်။ ကိုကိုနိုင်ဟာ လူရိုးလူကောင်းမှ ဟုတ်ပါ့မလား။ သူ မျက်နှာလွှဲ ခဲပစ်တော့ မထားနိုင်။ ခင်မင်းအတွက် စိတ်ပူသည်။ အင်း ... အမေတို့ပြော သလို အမြန်လက်ထပ်လိုက်တာပဲ အေးလေမလား။

ခက်တာက ခင်မင်း။ ခေါင်းမာတာလည်း ခင်မင်း။ ပကာသနမက်တာလည်း ခင်မင်း။ အမြင့်မှန်းတာလည်း ခင်မင်း တည်း။ ချက်ချင်းလက်ထပ်လိုက်ဖို့ကို အကြောင်းအမျိုးမျိုးကြောင့် သူ မကြာ မကြာဆိုသလို ဖွတ်ဆုံးဖြတ်ပစ်မိတတ်သော်လည်း ခင်မင်းကချည်း ငြင်းပယ်ချသည်။ သူမမှာလည်း ဒီမင်္ဂလာပွဲတစ်ပွဲ အတွက်ကို မျှော်လင့်ချက်က ကြီးနိုင်လွန်းသည်။





ဘာပါမှ၊ ဘာဝယ်ရမှ၊ ဘာဝတ်ရမှ။ ဒီအတွက် တာနှင့် ခင်မင်း တကျက်ကျက် စကားများရတာလည်း မကြာ အော။ ခင်မင်းရဲ့ အိပ်မက်တို့သည် အရင်ကတော့ သူ့စိတ်ကို ခိုက်စေသည်။ ခုတော့ စိတ်ကို တိုစေသည်။ အရှည်ကို ဘာမှ ကြည့်ဘဲ တစ်ပွဲထိုး အပျံစားဆင်နွှဲရဖို့ကိုပဲ ကြည့်နေတာ။ ဆင် ခြင်ဉာဏ် မရှိသော ခပ်တိမ်တိမ် မိန်းမငယ်၏ အတွေးအခေါ် သည်။

ကိုကိုနိုင့် တောင်းဆိုမှုကို "မကြဲ"မှ တစ်ဆင့်သိရ ခင်မင်းကို ကြိုပြောပြကာ အတန်တန် သတိပေး ထားမြစ် သည်။

"ဘေးက မြင်တဲ့အမြင် မကောင်းနိုင်ဘူးနော် ခင်မင်း၊ နင် ကြပ်ကြပ်ဂရုစိုက်နေ၊ လွယ်လွယ်ခေါင်းမညိတ်နဲ့၊ ငါ ငြင်းခဲ့ပြီ။ ဒါပေမဲ့ နင်လည်း ငြင်းဦးမှ"

"နင် သဝန်တွေ အလကားတိုနေတာ၊ ရိုးရိုးအဖော်ခေါ် တာပဲဟဲ့၊ ဘာဖြစ်သေးလဲ၊ ငါက တိုးရစ်စ်ဂိုက်ဒ်လိုပေါ့ ဟယ်၊ ငါ့ကို သူက လက်ဆောင်ပေးတာလည်း များလှပြီ ဟဲ့၊ ငြင်းရမှာ အားနာဖို့ ကောင်းနေတယ်ဟာ"

"နင် ... ဘာလို့ယူလဲ"

"ကြိုက်တာကိုး၊ လိုချင်တာကိုး"

"နောက် ... နင်ပါ ပါသွားမယ်၊ မပြောလိုက်ချင်ဘူး"

www.burmeseclassic.com



"တု နော် ... သိပ်အူတိုတယ်၊ ငါက မိန်းကလေးဟဲ့ အလှအပ အဖိုးတန်ကလေးတွေ မက်မောတယ်၊ မညာဘူး၊ နင် ဝယ်ပေးလို့လား ... ကဲ"

"ကျွတ် ... စုထားတဲ့ငွေ နင် ဘာသုံးသုံးပဲဥစ္စာ၊ ဒီထဲက ဝယ်ပေါ့၊ မဝယ်နိုင်တာ ကျနေတာပဲ"

"အဲဒီထဲကငွေ နှိုက်ဝယ်ရမှာ နှမြောတယ်ဟဲ့၊ ဒီငွေက လည်း ပြည့်တဲ့ဆီ မရောက်ဘဲ တစ်ခါပြီးတစ်ခါ အကြောင်း ကိစ္စမျိုးစုံပေါ်ပြီး ဟောက်ဟောက်ကုန်တာ၊ ငါလိုချင်တဲ့ သိန်းနှစ်ဆယ်လောက်ကလည်း ဘယ်တော့မှ ပြည့်မယ်မ ထင်တော့ဘူးဟယ်၊ ငါကလည်း ဒါဆို ဒါပဲ၊ ငါ မင်္ဂလာ ဆောင်ချင်တဲ့ပုံစံနဲ့ မဟုတ်ဘဲတော့ ဘယ်တော့မှမဆောင် ဘူး"

"မဆောင်နဲ့"

ထုံးစံအတိုင်း အော်ဟစ်ကြရသည်။ ဤမျှ ကြိုတင် သတိပေးထားပါလျက် တစ်ရက်မှာ ကိုကိုနိုင်ရဲ့ ချိန်းဆိုစကားကို ခင်မင်းက လက်ခံလိုက်ကာ အလုပ်အားရက် တနင်္ဂနွေမှာ တစ် နေရာ၌ချိန်းပြီး လိုက်ပါသွားခဲ့ပါသည်။ အဲဒီနေ့က ခင်မင်းတို့ အိမ် သူ ရောက်တော့ ခင်မင်း အပြင်သွားသည်ဆို၍ အံ့သြသွား ပါသည်။

"ဘယ်သူနဲ့လဲ ဒေါ်ဒေါ်"

"တစ်ယောက်တည်း ထွက်သွားတာပဲဟဲ့"





"ဘယ်ကို သွားမှာတဲ့လဲ"

"အလုပ်ရှင် ခိုင်းထားတာရှိလို့တဲ့"

ရဘုသည် စိတ်တိုတို၊ စိတ်ပူပူနှင့် မကြဲ အိမ်ကို ဆက်လိုက်ပါသည်။

"မကြဲ ... ကိုကိုနိုင် ရှိလား"

သူ့အသံကကြွပ်ဆတ်နေသည်။

"မရှိဘူး ... ရတု၊ ဘာကိစ္စရှိလို့လဲ"

"ကိုကိုနိုင် ဘယ်သွားတာလဲ၊ ဘယ်သူ့ပါသေးလဲ"

တစ်ဖက်မှ သက်ပြင်းချသံလေး ထွက်လာကာ ...

"ခင်မင်း မပြောဘူးလား၊ ဒီနေ့ ဆိုင်ပေါင်းစုံ သွားကြမယ် တဲ့။ ခင်မင်းက ဘယ်ရှောပင်းမောလ်၊ ဘယ်ဆိုင်တွေ နာမည်ကြီးလဲ ညွှန်ပေါ့ကွယ်၊ သွားကြပြီလေ"

ရတုသည် ဒေါသဖြစ်မိသည်။ ဟိုလူကလည်း ဂိုက်ဒ် ...ရအောင် သူက ဘိုမို့လား။ မြန်မာပြည်သား၊ ရန်ကုန်သားပဲ ...တ်ဘူးလား။ ခင်မင်းကလည်း သူ့ကိုပင် အသိမပေးဘဲ သူ့ ...ကြိုက်ကျသော ဈေးဝယ်အလုပ်မို့ ကောက်ခနဲ ခိုးလိုက်သွားတော့ ...ပဲ။ သူစိတ်တိုမိသဖြင့် စကားကို သိပ်ပြီး မထိန်းသိမ်းမိတော့ ...။

"မကြဲ ... ကိုကိုနိုင်က မကြဲ အတွက် အစ်ကိုဖြစ်ပေမဲ့ ကျွန်တော်တို့အတွက် လူစိမ်းပါ၊ ခင်မင်း အန္တရာယ်ကင်းမှု အတွက် သူ့ကို ကျွန်တော် ဘယ်လောက် စိတ်ချနိုင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



မကြဲ အသံတိတ်သွားပြီးမှ တုန်တုန်ယင်ယင်နှင့် ...

"ကိုကိုက လူယုတ်မာ တစ်ယောက်တော့ မဟုတ်ပါဘူး ရတု"

ဒီကြားထဲတွင် သူနှင့် မကြဲ၏ ခင်မင်ရင်းနှီးမှုက တစ်ခါတစ်ခါ အလုပ်ရှင်၊ အလုပ်သမား အဖြစ်ထက် ကျော်လွန်တိုးတက်သွားတတ်ပြီး၊ ရတုသည် မကြဲကို မရှိန်လှဘဲ ပြောရဲဆိုရဲ ရင်းနှီးမှုမျိုး ရခဲ့သည်မှာ ကြာပါပြီ။ မကြဲ အသံတုန်ယင်သွားတော့ ရတု စိတ်မကောင်းပေ။

"မမ ... အစ်ကိုကို ကျွန်တော် စော်ကားတာ မဟုတ်ပါဘူး"

"ရတု စိုးရိမ်တာကို နားလည်ပါတယ်၊ ဒါပေမဲ့ ခင်မင်းက ငြင်းရင် ကိုကို ခွတ်ခေါ်လို့ မရဘူးဆိုတာ ရတု သဘောပေါက်မှာပါ"

"သူကိုက စိတ်ပါနေတာ ကျွန်တော် သိပါတယ်။ ကားလေးစီးပြီး ဈေးဝယ်ထွက်ရမှာကို သူကိုယ်တိုင်လည်း ပျော်နေတာပါ"

"ခင်မင်းက ကလေးလိုပဲဟာ ရတုရယ်"

"ဒါပေမဲ့ ကျွန်တော်တို့ သုံးယောက်က အသက်မကွာလှပါဘူး၊ မကြဲ ကိုယ်တိုင်တောင် ခင်မင်းထက် သုံးနှစ်လောက်ပဲ ကြီးတာပါ"

"အံမယ် ... ကိုယ့်အသက် ရတု ဘယ်လိုသိသလဲ"





"ကျွန်တော် မမှတ်မိတော့ဘူး မကြဲ၊ ဒါပေမဲ့ သိတော့သိနေတယ်၊ ဘယ်တုန်းက ဘယ်လိုသိခွင့်ရမှန်း မသိဘဲ တချို့အကြောင်းတွေကို စိတ်ထဲမှတ်မိနေတာပါ"

"ကိုယ် အာလူးဖုတ်ရင်း အကုန်သိနေတာပဲ ဖြစ်မှာပါ၊ အခု ရတု အားနေတာပေါ့နော်"

"အခုတော့ အားပါတယ်"

"လာလည်မလားကွာ၊ ကိုကိုကလည်း အပြင်သွားတော့ ကိုယ်လည်း ပျင်းနေတယ်"

"လာတော့ လည်ချင်ပါတယ်၊ ဒါပေမဲ့ အချိန်သိပ်မရတော့ဘူး မမ၊ နာရီဝက်ကျော်ကျော်နေရင် ခင်မင်း မောင်လေး တစ်ယောက်ကို ဆေးခန်းသွားပြပေးမယ်လို့ ကျွန်တော် ပြောထားခဲ့တယ်၊ ခင်မင်းတို့အဖေ ခရီးသွားနေလို့ ကိုယ်ခွဲမရှိလို့"

မကြဲ အသံကလေး တိတ်ဆိတ်သွားပါသည်။ ရတုသည်လည်း ပိတ်ရက်မှာတောင်မှ မကြဲဆီ စိတ်ရောက်နေတတ်တာပါပဲ။ တမင်ကို ဆင်ခြင်လိုက်တာပင်။ ခင်မင်း မောင်လေး ဆေးခန်းပြဖို့က ညနေမှ။ အခေးကြီး လိုပါသေးသည်။

"ဒါဆိုလည်း ဒါပဲလေ ရတု၊ ခင်မင်းကို ရောက်ရောက်ချင်း ပြန်ပို့ပါမယ်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းတို့ အိမ်ပေါ်မှာ ရတု ခပ်ငိုင်ငိုင် ပြန်လာထိုင်နေပါသည်။ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် ငယ်သုံယောဇဉ်ကြောင့် ခင်မင်းမှာ ဆုတ်ယုတ် အကျိုးပျက်မှု ကြုံရမှာကိုတော့ သူ လက်မခံနိုင်ပါ။ တစ်နေကုန် စိတ်ထင့်ပူပန်ခဲ့ရပြီး ညနေငါးနာရီကျော်မှ ခင်မင်းက လက်ဆောင်ထုပ်ပိုက်ပြီး တပြုံးပြုံး ပြန်ရောက်လာကာ ရတုကို မျက်နှာချိုသွေး ချော့မော့သည်။





## ၄

တစ်ရက်သော ညနေခင်းမှာ သူတို့နှစ်ယောက်ကို ားပြောစရာရှိသည်ဟု မကြီးက ဆိုပြန်သည်။ မကြီး တစ်ောက် အနွေးထည်ကလေး တဝတ်ဝတ်နှင့် နေမကောင်းသလို ွယ်လျှသွားတာကိုတော့ ရတု မြင်တွေ့နေရတာပင်။ ရတုကို ကာ ဆေးခန်းသွားတာပင် နှစ်ကြိမ်ရှိခဲ့ပြီ။ စိုးရိမ်ပူပန်မိသော ှာ ဆေးခန်းထဲအထိ လိုက်ခဲ့မည်လို့ ဆိုပါသော်လည်း ကြီးက ဆေးခန်းထဲ မခေါ်ပါ။

အမြဲတမ်း တတန်းတန်း ခေါ်လေ့ရှိသော မကြီးက ကြိမ်တော့ ရတုကို ကားပေါ်ထားရစ်သည်။ ဆေးခန်းထဲ ပြန်ထွက်လာတိုင်း နှစ်ခေါက်လုံးပင် ...

"ဘာတဲ့လဲ မကြီး"

သူ စိုးရိမ်မကင်း မေးသည်ချည်းပင်။

"မစိုးရိမ်ပါနဲ့ ရတုရယ်၊ အလကားပါ"



www.burmeseclassic.com

www.burmeseclassic.com



မကြဲ အဖြေစကားက ဘာမှမရေရာ။ အစ်ကိုလုပ်တဲ့သူကလည်း နေမကောင်းဘူးလားလို့ တစ်ခွန်းမေးရုံလောက်ရှိပြီး ထွေထွေထူးထူး ပြုစုယုယမှုမရှိ။ မကြဲ တစ်ယောက် အပြင်ထွက်ကျဲသွားပြီး ခြံထဲက ဒန်းပေါ်မှာ ခပ်တွေတွေ ခပ်ငေးငေး ခပ်ဖြည်းဖြည်း ဒန်းလွှဲနေတတ်ပါသည်။

ဒါကို မြင်နေရ တွေ့နေရကာ စိတ်လက် မသက်မသာရှိလှသော ရတုမှာ သူနှင့်ခင်မင်းကို မကြဲ စကားပြောချင်သည်ဆိုသောအခါ တထိတ်ထိတ်ဖြစ်ရပြန်လေပြီ။ ခင်မင်းကိုလည်း ညဘက်မပြန်ခင် ခဏစောထွက်ခဲ့ဖို့ မကြဲမှာခိုင်းတာ သွားမှာရသည်။

"ဘာလုပ်ဖို့လဲ တု"

"ပြောစရာရှိလို့တဲ့"

"ငါ့များ ရာထူးတိုးမလား မသိဘူးနော်၊ ဟဲ ဟဲ"

"တိုးစရာ နေရာမှ မရှိတာ ခင်မင်းရာ"

"မုန့်ဖိုးပေးမလို့လား မသိဘူး"

"ဘာဆိုင်လို့ ပေးရမှာလဲ"

"ဟိုး ... ရှေ့ဆယ်ရက်လောက်တုန်းက မကြဲ တစ်ယောက်တည်း ဆိုင်ထဲမှာ ဟောပေါ်လာစားတယ်လေ၊ နင်မှတ်မိလား"

"အင်း ... အဲဒီနေ့က ငါ့ကို မလိုက်နဲ့ ပြောသွားတာ၊ ဆိုင်ထဲဆိုတော့ လူမြင်ရင် တတွဲတွဲကြီး ဖြစ်မှာစိုးလို့နေမှာပေါ့။ အဲဒီနေ့က ဘာထူးလဲ"





"အထူးကြီးတော့လည်း မဟုတ်ပါဘူး။ မကြဲ လာထိုင်တဲ့ စားပွဲက ငါတို့တံခါးနဲ့ အနီးဆုံးစားပွဲပဲ၊ ငါ့ကို တစ်ချက်တစ်ချက် လှမ်းစကားပြောရင်းက ခင်မင်းတို့ တယ်တော့ ယူမလဲလို့ မေးတယ်"

"ဒီတော့ နင်က"

"ငါက ပိုက်ဆံမပြည့်သေးဘူးပေါ့၊ စုတုန်းပဲလို့၊ ငါကလည်း သိမ်စုတ်စုတ်ပြတ်ပြတ် မလုပ်ချင်ဘူးလို့၊ ဧည့်ခံပွဲလုပ်နိုင်မှ ဆောင်မယ်လို့ ပြောတယ်၊ ဒီတော့ သူက သူလည်း နည်းနည်းပါးပါး ကူညီလက်ဖွဲ့ဦးမှာပါတဲ့ဟဲ့"

ခင်မင်းက ခပ်စွေစွေပြုံးကာ မျက်လုံးမှေးပြီး ရတုကို ကြည့်သည်။ မကြဲထံမှ လက်ဖွဲ့ရမည့်ငွေဟာ ဘယ်လောက်ရှိနိုင်သလဲ။ အဲဒီပမာဏကိုနုတ်ပြီး ဘယ်အချိန်လောက်ဆို သူတို့ငွေပြည့်နိုင်မလဲ တွက်ချက်နေပုံပင်။ စိတ်ကူးယဉ်နှင့် ငြိမ့်နေသော ခင်မင်းကို ရတုက ခေါင်းခါရင်း ...

"လက်ဖွဲ့မယ်ဆိုလည်း မင်္ဂလာဆောင်မယ်ဆိုမှပဲ ဖွဲ့မှာပေါ့၊ အခု ကြိုပေးစရာလား၊ ပိုက်ဆံပေးဖို့ မဖြစ်နိုင်ပါဘူး။ မကြဲက နေမကောင်းဘူး၊ လူလည်းမရွှင်လန်းဘူး၊ ဘာကိစ္စလဲ မသိဘူး"

ညဘက်မှာတော့ သူတို့ ကြိုတင်တာ့ထင့်ထင့် ဖြစ်နေရခြင်းတို့ အဖြေထွက်ပါပြီ။ ခါတိုင်းထက်စောပြီး အရင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်လိုပဲ ဆိုင်သိမ်းခါနီးမလေးကပ်ကာ ခင်မင်းက အိမ်ဘ
ရောက်လာပါသည်။ ခင်မင်း ရောက်လာချိန်တွင် ရတုက ကာ
ထဲထိုင်ကာ ကက်ဆက်နားထောင်နေလျက် မကြဲက ရှုံ့သေးဆွ
ထားသော လက်ကိုင်ပဝါထောင့်စွန်းလေးကိုရှုံ့ရင်း အိမ်ရှေ့ခ
ခန်း ဒရင်းမ်ဘက်ဒ်၌ ရှိနေပါသည်။

ကိုကိုနိုင်က ညဦးကတည်းက အပြင်ထွက်သွားတ
ပြန်မရောက်သေးပါ။ မကြဲရဲ့ အဒေါ်ကတော့ ကိုးနာရီကျော်လျ
ဘုရားရှိခိုးပြီး တန်းအိပ်တော့တာမို့ ခုလောက်ရှိ အိပ်ပျော်တော့မည

“ဟဲ့ ... တု၊ လာလေ၊ အံမယ် ... ကက်ဆက်နဲ့ ငြိမ့်လို

“နှင့်ကို စောင့်နေတာ”

ရတုက ကက်ဆက်ပိတ်ကာ ကားပေါ်မှ ဆင်းသည
ခင်မင်းက သူ့အိမ်သူ့ရာနှယ် ရှေ့မှ ကြွကြွရွရွကလေး အခ
တက်သွားပါသည်။ သူတို့ တက်လာသော်လည်း မကြဲက မိုလေ
ခွေခေါက်ပုံသဏ္ဍာန်မှ မပြုပြင်။

“လာ ... လာ ... ခင်မင်းတို့၊ လာကြ ... ထိုင်”

“မမ နေမကောင်းဘူးလား”

“ဆိုပါတော့ ခင်မင်းရယ်၊ မအီမသာနဲ့”

“ဘာဖြစ်လို့လဲဟင်၊ ဖျားသလား မမ”

“အဖျားမရှိပါဘူး၊ အဲကွန်းလည်းအေးလို့ ခပ်နွေးနွေး
ထားတာပါ”





ခင်မင်းက မကြဲ အနီးသို့ ခုံဆွဲကာ အရင်ထိုင်လိုက်ပါသည်။ ရတုသည် မိန်းကလေးနှစ်ယောက်စလုံး မျက်နှာတွေကို သေချာမြင်သာသည့် တစ်နေရာ၌ ဝင်ထိုင်လိုက်၏။

“ရတု ... ရှေ့တိုးစမ်းပါ၊ မကြဲ ပြောမဲ့စကားက အော်ပြောစရာ မဟုတ်ဘူး”

“ဪ ... ဟုတ်ကဲ့၊ မသိလို့ မကြဲ”

ရတုသည် အခန်းထောင့်မှ ဆိုဖာခုံပုကလေးပဲ လှမ်းယူကာ အနားတိုး ရွှေ့ထိုင်ပါသည်။ ဒရင်းမ်ဘက်ဒ်ပေါ် မမှီတော့ဘဲ ကုံ့ကုံ့လေး လက်ပိုက်ထိုင်နေသည့် မကြဲရဲ့ မျက်နှာထားက အကြီးအကျယ် ထူးခြားနေတာ ရတု ကောင်းကောင်း သတိပြုမိသည်။ မကြဲရဲ့ မျက်နှာရိပ်ကို သူ အရိပ်တကြည့်ကြည့် ခိုးဝှက်ငေးကြည့်တတ်သည်မှာ ကြာခဲ့ပြီပဲ။

“ကိုကို ပြန်ရောက်လာမှာစိုးလို့ ကိုယ် တိုတိုပဲ ပြောချင်တယ်၊ ဒီစကားဟာလည်း ဟိုတစ်ခါ ရတုကို ကားမောင်းခိုင်းတုန်းကလိုပဲ ရတုကို တိုက်ရိုက်အကူအညီတောင်းဖို့ ကိစ္စပါ၊ အသနားခံဖို့ ကိစ္စပါ၊ ဒါပေမဲ့ ခင်မင်းပါတော့ ပိုပြီး ရှင်းလင်းပြေပြစ်ပါတယ်၊ ခင်မင်းက ရတုရဲ့ချစ်သူ မဟုတ်လား”

“တုကို မမ ဘာခိုင်းမလို့လဲ၊ ခိုင်းလိုက်ရောပေါ့ မမရယ်၊ ခင်မင်း မလိုပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ခင်မင်း၊ ကားမောင်းခိုင်းတာမျိုးလောက် ရိုးရှင်းလွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး။ အင်မတန်ကြီးတဲ့ ပြဿနာပါ"

မကြဲ မျက်နှာကလေး နီမြန်းလာကာ မျက်သား ဖြူဖြူလေးတွေ ရဲလာသည်။ နှုတ်ခမ်းကလေးက တဆတ်ဆတ် တုန်လှုပ်လာသည်။ ထို့နောက် ခေါင်းကို ငိုက်စိုက်ငုံ့ချထားလိုက်လေသည်။ ခေါင်းစိုက်ငုံ့ချခြင်းမျိုးဟာ မကြဲထံမှာ ဘယ်တော့မှ မတွေ့ရတတ်သည့် အမူအရာမျိုးပင်။ ရတုသည် ရင်တထိတ် ထိတ်တုန်ကာ မကြဲကို ငေးစိုက်နေသည်။

"ဒီတစ်ခါ အကူအညီ တောင်းရမဲ့ကိစ္စက အကူအညီ တောင်းမယ်လို့တောင် မကြဲ ပြောမထွက်ပါဘူး။ အသနား ခံတယ်လို့ပဲ သုံးပါရစေတော့"

"ဩော် ... မမရယ်၊ ဒီလောက်ပြောဖို့ မလိုပါဘူး၊ ခင်မင်း တို့အပေါ် မိမ အင်မတန် ကောင်းခဲ့တာပဲ။ ကြင်နာစာနာ တတ်တဲ့ အလုပ်ရှင်မျိုးကို ခင်မင်းတို့ကလည်း တတ်နိုင် သမျှ ကူညီရမှာပါ"

ခင်မင်းကား နှုတ်သွက်နိုင်သေးသော်လည်း ရတုက တော့ မကြဲကိုကြည့်ကာ စိတ်ထဲပူလောင်လာပေပြီ။ တစ်ခုခုပဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။ မကြဲ ဘာဖြစ်သလဲ။ ဘာများ ဒုက္ခ တစ်စုံတစ်ရာ ကပ်ငြိကျရောက်နေရှာပါလိမ့်။

"ပြောရမှာ ခက်လည်းခက်၊ ရှက်လည်း ရှက်တယ်"





"ဘာများလဲ မမရယ်၊ ခင်မင်းတောင် ရင်ထိတ်လာပြီ"

"မကြဲ အပြစ်၊ မကြဲ အမှားပါ၊ ဒီအတွက် ရတုကို ခုလို အကူအညီတောင်း အသနားခံရတာလည်း သိပ်ဝန်လေး အားနာတယ်၊ သိပ်ရှက်တယ်၊ မကြဲ ... မကြဲ ..."

ခင်မင်း မျက်လုံးဝိုင်းကလေးပြူးကာ တအံ့တသြ ဖြစ်လာသည်။ ရတုသည် သက်ပြင်းတစ်ချက် ခိုးရှိုက်ကာ ဘဲတွေးမိုမိရင်း ...

"မကြဲ ဘာတွေ ဒုက္ခရောက်နေလဲ ပြောပြပါ"

"မကြဲလေ ... မကြဲ"

မကြဲ မျက်ဝန်းမှ မျက်ရည်ပေါက်များ လိမ့်ကျလာ သည်။ သူမရင်ထဲ ထိတ်လန့်မှောပိုက်ကာ ပူထူကျပ်ဆို့၍လည်း နေပေသည်။ သို့ပေမဲ့ ဤစကားကို အတော်ကြာ စဉ်းစားပြီးမှ ဆုတ်ပြောဖြစ်ခဲ့တာ။ သည်လိုပြောထွက်ဖို့ အချိန်ယူခဲ့ပြီးပြီပဲ။

"မကြဲမှာ ဒုက္ခရောက်နေတယ်၊ အဲ ... အဲဒါ ... ရတုကို ... ရတုကို မကြဲကို ဟန်ဆောင်လက်ထပ်ပြီး ဆယ် ... ဆယ် လလောက် ကူညီပေးဖို့ တောင်းပန်ချင်ပါတယ်"

"ဗျာ"

"ရှင်"

"........"

"မကြဲ"



www.burmeseclassic.com

www.burmeseclassic.com



ရတုအသံသည် တုန်ခါပေါက်ကွဲ၍ ထွက်လာသည်
မကြဲသည် နောက်ဘက်ခန်းတွေဘက် ခေါင်းလှည့်ကြည့်ကာ

"ရှူး ... တိုးတိုးလုပ်ပါ ရတုရယ်၊ ကိုယ် တောင်းပန်
တယ်"

"ဆောရီးဗျာ၊ မကြဲ တစ်ခေါက်ထပ်ပြောပါဦး၊ ကျွန်တေ
ကြားရတာ မယုံလို့"

"ကိုယ့်ထက် ငယ်ရွယ်သူတွေရှေ့မှာ ဒီလိုဝန်ခံရတာ အ
မတန်သိမ်ငယ်ဖို့ ကောင်းပါတယ်၊ မကြဲ လဲတောင်း
ချင်တယ်၊ မကြဲမှာလေ ... မရိုမသေ ကိုယ်ဝန်ရှိနေတယ်

"မကြဲရာ"

ရတုသည် နာကျင်စွာ ထုတ်ညည်းတွားလိုက်
ခင်မင်းကား ကိုယ်လေးတောင့်ကာ မျက်လုံးပြူးလျက်မှ
မပြောင်း။

"မကြဲ ပထမ ဖျက် ... ဖျက်ဆီးဖို့ စဉ်းစားပါသေးတ
ဒါပေမဲ့ အဲသလောက် မရက်စက်ဝံ့၊ မမိုက်မဲဝံ့ဘူး"

"ဘယ်သူလဲ၊ သူက ဘာတဲ့လဲ၊ မကြဲ ပြောမပြဘူးလ
ဗျာ၊ သူ့ကို"

"ရှူး ... ရတု၊ မကြဲ ပြောရင် ရမှာပါ၊ ဒါ ... ဒါ
သူ နိုင်ငံခြား ထွက်သွားပြီ ရတုရဲ့၊ သုံးနှစ်လောက်
မယ်"

"ကိုမင်းထွန်းလား"





"ဟင့်အင်း"

"ကိုကျော်သူလွင်လား"

"မဟုတ်ဘူး ရတု၊ မင်း တစ်ယောက်ပြီးတစ်ယောက်
မင်းသိသလောက် ရွတ်မနေနဲ့တော့၊ မင်း သေချာမသိပါ
ဘူး"

"ဒုက္ခပါပဲဗျာ"

"အဲဒါကြောင့် ရတုကို အကူအညီ တောင်းရတာပါ ရတု
ရယ်၊ တခြားလည်း ပြောပြအကူအညီတောင်းရလောက်
တဲ့ လူရင်းက မရှိ။ သူများကိုလည်း ပြောမထွက်ဘူး။
မကြဲ ရှက်တယ်"

ရတုသည် မကြဲကို ဒေါသဖြစ်လာကာ အတော်မိုက်
တဲ့မိန်းမဟု စိတ်နာနာနှင့် စိုက်ကြည့်နေမိသည်။ ခုမှ အကူအညီ
တောင်းရလောက်တဲ့လူရင်း မရှိဘူးတဲ့။ သူ့မှာ ယောကျ်ားလေး
မိတ်ဆွေတွေဖြင့် များပါဘိသနဲ့။ ရတု အကြည့်ကို မကြဲက ပါး
လှစ်စွာ ရပ်မိပုံရသည်။

"ယောကျ်ားမိတ်ဆွေတွေ ရှိပေမဲ့ သူတို့က သူတို့ရဖို့ကြည့်
တဲ့သူချည်းပါပဲ၊ သူတို့ဘက်က ပေးဆပ်ဖို့ဆိုတဲ့သူ မရှိပါ
ဘူး၊ လူများများလည်း မသိစေချင်ဘူး၊ ရတု မကူညီနိုင်
ရင် မကြဲ ဘယ်သူ့ကိုမှ ထပ်မပြောဘူး၊ တစ်နည်းနည်း
ကြံစည်ဖြေရှင်းလိုက်တော့မယ်။ ရတု ကူညီမယ်ဆိုရင်တော့
ဒီကလေး မွေးဖွားလာမဲ့ နောက်ကိုးလကျော်၊ ဆယ်လအထိ



www.burmeseclassic.com

www.burmeseclassic.com



မကြဲကို ဟန်ဆောင်ပေါင်းပေးဖို့ပါ။ ဆယ်လကျော်ရင် မကြဲ ရတုကို ကွာရှင်းပေးပါမယ်”

ခင်မင်း မျက်လုံးများမှာ မှိုင်းမှုန်ကာ ဝေ့ဝေးနေတော့သည်။ ထင်မထားသောစကား ကြားရသဖြင့် အငိုက်မိကာ ကတုန်ကယင် ဖြစ်နေသည်။ ရတုသည် ဆံပင်တွေကို လက်ဆယ်ချောင်းနှင့်ဖွကာဖွကာ သက်ပြင်းချည်း ချနေမိလေသည်။ သူနှင့် မကြဲဟာ ဘာမှမဆိုင်ပေမဲ့ မကြဲအတွက် သူ ရင်နာခံပြင်းစွာ နာကျင်ခံစားရလေသည်။

“ခင်မင်းနဲ့ ရတုက လက်ထပ်ဖို့ အစီအစဉ်ရှိတာ သိရက်နဲ့ ပြောရက်လေခြင်းလို့ ခင်မင်း တွေးရင်တွေးမယ် ဒါပေမဲ့ မကြဲ ကြံရာမရလို့ ခုလိုသနားခံတာပါ။ ကွာရှင်းပြီးမှ ခင်မင်းတို့ လက်ထပ်ကြရင်လည်း ဘာပဲဖြစ်ဖြစ် ရတုက အများအမြင်မှာ တစ်ခုလပ် ဖြစ်နေမှာမို့ ခင်မင်း သိပ်နစ်နာတာ မကြဲ သိပါတယ်၊ ခင်မင်း မိဘအသိုင်းအဝိုင်းကတောင် ကြည်ဖြူမယ် မထင်ဘူး။ ဒါကြောင့် ဒီကိစ္စအတွက် လူကြီးမိဘတွေကိုလည်း ဖွင့်ပြောတိုင်ပင်နိုင်ပါတယ်၊ ဒါမှ ဟန်ဆောင်လက်ထပ်တာသိပြီး ရတုကို အမြင်ရှင်းမယ် ထင်တယ်”

ခင်မင်း ခေါင်းလေးငုံ့ကျသွားကာ မျက်လုံးလေးများက အရောင်ပြောင်းလာသည်။ အာခံလာတဲ့ မျက်ဝန်း၊ ပြောစရာလား အကူအညီ တောင်းစရာလားရယ်လို့ အထိနာသည်





မျက်လုံးလည်း ဖြစ်သည်။ ရင်ဆိုင်မကြည့်ကောင်း၍သာ ငုံ့ချလိုက်ရပုံပေါ်သည်။

“နစ်နာမှုတွေ အများကြီးရှိတာ နားလည်ပါတယ် ခင်မင်းရယ်၊ ဒါပေမဲ့ နောက်ဆာစ်ခုကလည်း ခင်မင်းတို့ကိုပါ တစ်ဖက်တစ်လမ်း တစ်ချက်ခုတ် နှစ်ချက်ပြတ်အနေနဲ့”

စကားဖြတ်ထား၍ ရတုက မကြဲကို မျှော်လင့်စိုက်ကြည့်နေသည်။ ခင်မင်းကမူ မလှုပ်တော့ပေ။

“တခြားလူ ဒီလိုနာမည်ခံပေးမဲ့ လူတစ်ယောက်ယောက် ရှိရင်လည်း ကျေးဇူးဆပ်ရမဲ့ အတူတူ ခင် ... ခင်မင်းတို့လည်း လက်ထပ်ဖို့ ငွေစုနေတော့ ဆယ်လတိတိ ဟန်ဆောင်နေပေးပြီးတဲ့အခါ ရတုနဲ့ ခင်မင်းကို မကြဲ ငွေသိန်းသုံးဆယ် ကျေးဇူးဆပ်ဖို့ ရည်ရွယ် ...”

“တော်ပါတော့ မကြဲ”

ရတုသည် မကြားနိုင်တော့သဖြင့် စကားစဖြတ်လိုက်ရကာ၊ ခင်မင်း ဦးခေါင်းကလေးကား ကြိုးကွင်းနှင့် တုပ်ဆွဲငင်ယူလိုက်သလို ဆတ်ခနဲ မော့တက်လာကာ မကြဲကို စူးခနဲကြည့်လိုက်၏။

“ငွေနဲ့ တန်ဖိုးတိုင်းဖြတ်တယ် မထင်စေချင်ပါဘူး ရတုရယ်၊ ငွေနဲ့တိုင်းတာ မဟုတ်ပါဘူး၊ မကြဲဘက်က ပြန်ပေးနိုင်တာရယ်လို့ ဒါပဲရှိလို့ပါ။ ခင်မင်းနဲ့ ရတုလည်း ငွေစုနေတာ သိန်းသုံးဆယ်လောက်များရရင် အဆင်ပြေကောင်းရဲ့လို့...”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဗျာ၊ တော်ပါတော့ ငွေစကား၊ ဒါကို ထပ်မပြောပါနဲ့"

"ရှင်းအောင် ပြောရတာပါ ရတုရယ်၊ ဒီကြားထဲ ရတုရဲ့ ဝတ်စားနေထိုင် စားသောက်မှုကို မကြဲ တာဝန်ပါ။ လက်ထပ်စာချုပ် လက်မှတ်ထိုးတဲ့နေ့မှာ ခင်မင်းနဲ့ ရတုဆီက မကြဲက ငွေသိန်းသုံးဆယ် အတိုးမဲ့ ဆယ်လချေးထားကြောင်း ဆယ်လပြည့်တဲ့နေ့မှာ ပြန်ဆပ်ပါမယ်လို့ စာချုပ်ချုပ်ထား ပေးပါမယ်၊ ခိုင်လုံအောင်လို့လေ"

ရတုသည် သက်ပြင်းချကာ ထရပ်လိုက်သည်။ ...င်းမိဘက်ဒ်ပေါ်မှ ကြည့်လိုက်သော မကြဲ သဏ္ဌာန်ကလေးမှာ အားငယ်နေကာ သနားစဖွယ် ညှိုးလျှလျှက်တည်း။

"မကြဲ မိုက်တယ်ဗျာ၊ သိပ်မိုက်တာပဲ"

"ဝန်ခံပါတယ် ရတုရယ်၊ ကိုယ် မိုက်မိပါတယ်"

"ဒါလောက်မှ မကြဲ မစဉ်းစားဘူးလားဗျာ"

"ဘယ်လိုလုပ် ဒီအခြေအနေထိ ဖြစ်သွားရတယ်ဆိုတာ ပြောမနေချင်တော့ပါဘူး။ လုံးဝမမျှော်လင့်ဘဲ ဖြစ်ပျက် ..."

"တော်ပြီဗျာ"

"ရတု ... လုံးဝမကူညီနိုင်ဘူးပေါ့"

မကြဲ အသံလေးက တိမ်ကာ တုန်ခိုက် ဝင်သွားသည်။

"ခင်မင်းတို့ စဉ်းစားပါရစေဦး မမရယ်"





"စဉ်းစားပါ ခင်မင်း၊ သိပ်အကြာကြီး မဟုတ်ရင် စဉ်းစားပါ၊ တိုင်ပင်ပါ။ နှစ်ယောက်ချင်းရော လူကြီးမိဘကိုပါ လိုအပ်ရင် ဆွေးနွေးကြည့်ပေါ့။ စဉ်းစားမှ ကောင်းမဲ့ကိစ္စပါ။ ချက်ချင်း ဘယ်အဖြေပေးနိုင်မှာလဲ၊ အဖြေပေးနိုင်မှ ပေးပါ၊ ရတုလည်း စဉ်းစားပါနော်၊ ရတုက ငွေကို မတွက်ချက်ဘူးဆိုရင်တောင် မကြဲ အခက်အခဲကို သနားသဖြင့် စဉ်းစားညှာတာပေးပါလို့ အသနားခံပါတယ် ရတုရယ်။ ထပ်အကူအညီရှာဖွေဖို့လည်း ကိုယ် ရှက်လွန်းလို့ပါ"

ရတုသည် မျက်နှာချိနေကာ တင်းမာမှုန်မည်းနေ...ည်။ ခုတော့လည်း ရှက်ပြန်သည်။ မကြဲရယ် ... ဖြစ်မှဖြစ်ရ... မကြဲလို ဦးနှောက်ရှိတဲ့ တော်တဲ့ ထက်တဲ့ မိန်းမတစ်...ဘက်မှာ ဒီလိုအဖြစ်မျိုး ကြုံရလိမ့်မယ်လို့ မထင်မိတာပါ။

"နော် ... ခင်မင်း၊ မကြဲ အတွက် စဉ်းစားပေးပါနော်၊ မကြဲ ကျေးဇူးဆပ်တာ နည်းတယ်ထင်ရင်လည်း ခင်မင်း ပြောပါ"

ခင်မင်းက တစ်မျိုးသော မျက်လုံးလေးနှင့် ငိုင်ကာ...နေသည်။ စဉ်းစားနေပုံပင်။ မျက်လုံးကလေးတွေမှာ မသိမသာ...င်းလျှက်တည်း။

"တီ တီ တီ"

"ဟော ... ဖယ်ရီကား ခေါ်နေပြီ"

ရတုက တံခါးဝဘက် လှည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက် စဉ်းစားပေးမှာလား ရတု"

"စဉ်းစားပေးပါမယ်ဗျာ၊ ကျွန်တော် စဉ်းစားပါဦးမယ်"

"ခင်မင်း၊ ပြောခွင့်ရတဲ့အတွက်တောင် ကျေးဇူးတင်လှပါပြီ၊ ခင်မင်းကို ဒီလို ဦးနှောက်ခဲရမဲ့ ပြဿနာကြီး ပေးမိလို့ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်ကို နားလည်ပေးပါ"

"ဟုတ်ကဲ့ပါ၊ ခင်မင်းတို့ သွားတော့မယ်"

"နက်ဖြန် ဆိုင်ပိတ်ရက်၊ သန်ဘက်ခါကျ အလုပ်မဆင်းဘဲ မနေလိုက်ကြပါနဲ့နော်၊ မကူညီနိုင်ရင် မကြဲ ဘယ်လိုမှ မဲအောက်မေ့ပါဘူး"

"ဟုတ်ကဲ့"

ရတုသည် တွေတွေထူးထူး ထပ်မပြောဘဲ ခင်မင်းရဲ့ရှေ့ကအရင် ခြံထဲဆင်းလာသည်။ အတွင်းမှာ အဲကွန်းရှိပါလျက် အိုက်စပ်ပူလောင်ခဲ့ရသည်။ အပြင်ရောက်မှပဲ ညလေအေးအေးကြောင့် တစ်ကိုယ်လုံး နည်းနည်းပြန်လည်လန်းဆန်းရပါသည်။ ကားပေါ် နှစ်ယောက်သား နှုတ်ဆိတ်စွာတက်လာပါသည်။ ကားထွက်လာတော့လည်း စကားမပြောဖြစ်။ လမ်းထိပ်ရောက်လို့ဆင်းတော့လည်း တိတ်ဆိတ်စွာပင်။ လမ်းလျှောက်လာရာ၌လည်း ဘာမှ မပြောဖြစ်ခဲ့ကြ။ တစ်ယောက် အတွေးတစ်မျိုးနှင့် ထူပူကာ တစ်ယောက်ကို တစ်ယောက်လည်း ရှိန်၍နေသေးသည်။



ထိုညက ရတုနှင့် ခင်မင်း ဘာမှမပြောဖြစ်တော့ပေမဲ့ နှစ်ဦးလုံးမှာ အိပ်မပျော်ကြပါ။ ကိုယ်စီ အတွေးတစ်မျိုးစီနှင့် မိုးလင်းခဲ့ရသည်ပင်။ ရတုသည် နောက်တစ်နေ့ နံနက်တွင် ခေါင်းတွေ ထူပူမူးခဲနေကာ ဘာအဖြေမှ မထွက်။ သူ့မျက်နှာ ကြည်လင်လှ၍ အမေကပင် မေးယူရသည်။ အမေကလည်း သွေးတိုးရောဂါကို ကုသနေရဆဲမို့ အမေ့ကိုလည်း ပြောမထွက် ပြန်။

ရတုက ဘာမှစဉ်းစားမတတ်အောင် ရှိပေမဲ့ ခင်မင်းကတော့ စဉ်းစားလို့ ရပြီးသွားကာ၊ နောက်နံနက်၌ ရတုအိမ်သို့ ပေါက်ချလာခဲ့ပါသည်။ ရတုရဲ့ မှုန်တေတေရုပ်ကိုကြည့်ကာ ...

"ဒေါ်လေးရော"

"ရှိတယ် ခင်မင်း"

ခင်မင်းက အိမ်ထဲတန်းဝင်သွားသဖြင့် ရတုစိတ်မရှာ လိုက်ပါလာသည်။

"ဒေါ်လေး ... ချက်ပြီးပြီလား"

"ဟော ... ခင်မင်းပါလား၊ ပြီးပါပြီအေ၊ ထွေထွေထူးထူးမှ မဟုတ်ဘဲ၊ ကုလားဟင်းလေးချက်တယ်၊ သမီး ထမင်းစားချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မစားချင်ပါဘူး ဒေါ်လေး၊ ခင်မင်းတို့ တိုင်ပင်စရာရှိလို့ ခင်မင်းတို့အိမ်ကို ဒေါ်လေးတို့ သားအမိ လိုက်ခဲ့ပါလား"

ရတုအမေက ရတုကို လှည့်ကြည့်ကာ ...

"ဘာလဲ ... သမီးတို့ မင်္ဂလာကိစ္စလား"

"မဟုတ်ပါဘူး"

"ခင်မင်း အမေ့ကို ပြောမနေနဲ့တော့၊ အေးအေးနေတာ ကောင်းမယ် ထင်တယ်ဟာ"

ရတုသည် ဤစကားကို ရင်နာစွာ ပြောဖြစ်ပါသည်။ မကြဲကို သူ ကူညီလိုသည်။ ခင်မင်းသာ မရှိပါက သူ မိနစ်ပိုင်းနှင့် လက်ခံကူညီပြီးသားတည်း။ သူ့မှာ မကြဲ အတွက် စေတနာ ကရုဏာ အပြည့်ရှိပါသည်။ သို့ပေမဲ့ အရာအားလုံး ရှုပ်ထွေးသွားနိုင်တာ သူ သိသည်။ မကြဲ အပေါ် သူ့ရဲ့အကြင်နာ ကရုဏာ သက်ရောက်မှုကို သူ အသိဆုံးပင်။

"ဘာလဲဟဲ့၊ နင်တို့ဟာက"

"ဒီမှာ ရတု၊ လူကြီးတွေကို ပြောတော့ပြဦးမယ်ဟာ၊ ငါ လည်း စိတ်ကူးလို့ရတာရှိတယ်"

ရတု ခင်မင်းကို တအံ့တဩ ကြည့်မိသည်။ ငြင်းဖို့ အတွက်ဆို လူကြီးတွေကို စာမှအသိပေးနေဖို့ မလိုတော့။ ထို့ကြောင့် ခင်မင်းရဲ့ စိတ်ကူးဆိုတာကို အံ့ဩတကြီးနှင့် သူ လန့်သွားရတာပင်။

"ခင်မင်း"





"နေကြပါဦးဟဲ့၊ ရတု ... မင်းမျက်နှာလည်း မကောင်းဘူး၊ ငါ့ကိုတော့ ဖုံးထားဖို့မကြံနဲ့၊ လာပါ ... ခင်မင်း ပြောတာ ငါ နားထောင်ချင်တယ် သွားကြမယ်"

"မဟုတ်ဘူး အမေ"

"ဒီမှာ ... တု၊ လူကြီးတွေ မကျေနပ်ရင် ငါဘာမှမလုပ်ဘူး၊ ပြောပြရုံတော့ နင် ဘာမှ တားနေဖို့မလိုပါဘူး"

ရတုသည် ခင်မင်းကို တကယ်ပင် အံ့အားသင့်ထိတ်လန့်တော့သည်။

"ခင်မင်း ... နင် ငွေသိပ်လိုချင်နေသလား"

"တု ... ငါ့ကို ဒီလိုမပြောနဲ့နော်၊ ပါးစပ်ပိတ်ထား၊ တိုင်ပင်ဦးမှာ၊ ငါတစ်ယောက်တည်းဖို့ ပြောနေတာ မဟုတ်ဘူး"

ရတု စိတ်ပျက်ပျက်နှင့် ခင်မင်းနှင့် အမေ ဆင်းရာနောက်မှ လိုက်ရသည်။ သူ့ကို ညံ့တဲ့သူလို့ စွပ်စွဲလည်း ခံတော့။ သူ့မှာ အဖြေမထွက်နိုင်ဘဲ တွေဝေနေရတာ အမှန်ပင်တည်း။ ခင်မင်းတို့အိမ်တွင် ခင်မင်းအမေနှင့် ကလေးများသာ ခင်မင်းအဖေ မရှိ။

"အဖေ ... သူ့မိတ်ဆွေဆီ သွားတယ်၊ အဖေတော့ နောက်မှ လိုမှ ပြောမယ်"

ခင်မင်းကား သူ့အစီအမံနှင့်သူ နှုတ်သွက်နေသည်။ ခင်မင်း အမေသည် ဈေးဆိုင်မှာ ခင်မင်းရဲ့မောင်ငယ် ဆယ့်နှစ်နှစ်သားကိုထား၍ စကားဝိုင်းကို လာထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ၊ မထိတ်သာ မလန့်သာ၊ မင်္ဂလာဆောင်ကိစ္စလည်း မဟုတ်ဘူးဆို"

"ဘယ်လိုလုပ် ဟုတ်လို့ရဦးမှာလဲ အမေရယ်၊ ပိုက်ဆံဖြင့် မရှိသေးဘဲနဲ့"

"ဒါဖြင့်ဘာတုံး"

"တု … နင်ပြောပြလိုက်"

"ဟာ … ငါမပြောဘူး၊ ငါသဘောဆိုရင် ပြောကိုပြောမနေတော့ဘူး၊ နင် စီစဉ်တာ နင်ပဲ ဆက်က၊ နင့်ဟာနင်လုပ်"

ခင်မင်းက ရတုကို မျက်စောင်းရွယ်လိုက်သည်။ သို့ပေမဲ့ ရတုက အဓိကအရေးပါသူ ကာယကံရှင် ဖြစ်နေသည်။ ရတု သဘောမတူဘဲ ဘာမှလုပ်လို့မရ။ ဒါကြောင့် မျက်နှာကို ပျော့ပျောင်းအောင် ထားလိုက်ကာ …

"ဒါဖြင့်လည်း ငါပဲ ပြောပြလိုက်ပါ့မယ်၊ ဒေါ်လေးရယ် အမေရယ် သိတဲ့အတိုင်း ခင်မင်းတို့ ပိုက်ဆံစုကြတာပဲ၊ ဒါပေမဲ့ ဒီထဲကပဲ ကလေးကျောင်းစရိတ်လိုလည်း နှိုက်ရတယ်၊ ဒေါ်လေး ဆေးကုဖို့လိုလည်း နှိုက်ရတယ်၊ ဒီအတွက် သုံးရတာတွေ ခင်မင်း ဘယ်လိုမှမနေဘူး ကြည်ဖြူပါတယ်၊ ဒါကို စကားအရင်ခံထားရမယ်၊ သုံးစရာရှိရင် သုံးရမှာပဲ၊ အပိုတွေလည်း မဟုတ်ဘူးလေ၊ မသုံးမဖြစ်တွေ မဟုတ်လား"





ခင်မင်း အမေက စိတ်မရှည်သလို …

"ဒီတော့ ဘာဖြစ်လဲ"

"ဒီတော့ ငွေက မှန်းတဲ့ဆီ ရောက်မလာဘဲ ဟောက်ဟောက်ကျသွားတာချည်းပဲ။ စုလို့ရပါရဲ့ ကုန်ဖို့ထပ်ထပ်ရှိလာတော့ မပြည့်တော့ဘဲ ဒီလောက် ဒီလောက်နဲ့တင် ရပ်နေတယ်။ မင်္ဂလာဆောင်ဖို့ဆိုတာ ဝေးတုန်းပဲ ဖြစ်နေတယ်။ ဒီအချိန်မှာ ငွေရစရာကိစ္စတစ်ခု အခုပေါ်ပေါက်လာတယ်"

"ဘာကိစ္စလဲ၊ ထီပေါက်မှ ဖြစ်မှာ"

"ထီပေါက်သလိုပဲ အမေရဲ့"

"ချဲလား"

"အို … ဒါတွေ ခင်မင်းတို့မှ မလုပ်တာ၊ ထီလည်းမထိုး၊ ချဲလည်းမထိုး၊ ဘာမှမထိုးထားဘူး၊ ထီပေါက်သလို ငွေ အစုအပုံ ဝင်စရာ ပြောတာ"

"ညည်းဟာက ပုံပြင်ပဲအေ၊ ဘယ်ကဝင်လာမှာလဲ"

"ခင်မင်းတို့ အလုပ်ရှင် မကြီးကပေးမယ်"

နှစ်ယောက်သား လှုပ်ရှားသွားကာ ခင်မင်းအမေနှင့် ရတုအမေ တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်ဖြစ်လေသည်။ ရတုသည် ခင်မင်းကို အံ့ဩစွာ ငေးကြည့်နေ၏။ ခင်မင်း ခင်မင်း။ အရှည်ကို ကြည့်ပါရဲ့လား ခင်မင်းရယ်။ သူသည် ခင်မင်းနှင့် မကြီး အပေါ် ဘယ်လိုသဘောထားထား လည်းထပ်



www.burmeseclassic.com

www.burmeseclassic.com



မည့်ချစ်သူ သူ့ကို ရောင်းစားဖို့ ချိန်ခွင်ပေါ် တင်နေဟန်ရသော ခင်မင်းကို အံ့အားသင့် စိတ်ထိခိုက်ကာ ငိုင်၍သာ ထိုင်နေမိ တော့သည်။

"သူက ငွေပေးမယ်၊ ဘာကြောင့်တဲ့လဲ"

ရတုအမေက မေးလေသည်။

"သူ့ကို တစ်ခု ကူညီရမယ် ဒေါ်လေးရဲ့၊ ကူညီတဲ့အတွ ပေးမှာ"

"ဘယ်လောက်လဲ"

"သိန်းသုံးဆယ်တဲ့ အမေ၊ ဒါ သူ့အော့ဖာပဲ ရှိသေးတ အဲလေ ... ဆိုလိုတာက သူ့ဘက်က ကမ်းလှမ်းတဲ့ ပေါ့။ ကိုယ်က ဆစ်ပြီးတိုးတောင်းလည်း သူစဉ်းစားမှ သူ့မှာက အကူအညီ လိုနေတယ်"

ဈေးတဲ့။

ရတု စိတ်ပျက်လက်ပျက် ကျွတ်ခနဲ စုတ်သတ် ခင်မင်းကို ခေါင်းခါယမ်းပြီး ကြည့်မိလေသည်။

"နင်က ဘာလဲ တဲ့ရဲ့"

"သိပ်နားရှက်ဖို့ကောင်းတယ်ဟာ၊ ဈေးတဲ့ ... လက်စသ တော့ နင်က ငါ့ကို ချိန်ခွင်ပေါ် တင်ရောင်းစားဖို့ က မကိုက် ဈေးတွက် တွက်နေတာ"

"တုရယ် ... နင် လက်ခံမှပါဟာ၊ ငါတွက်ပြပါမယ်"





"နေကြစမ်းပါဦး၊ ကျုပ်သားကို ရောင်းစားရအောင် ကျုပ်သားက ကုန်စုံပစ္စည်းတစ်ခုလည်း မဟုတ်သေးပါဘူး။ ဘာတွေ ပြောနေတာလဲ"

"ရောင်းစားတာလည်း မဟုတ်ရပါဘူး ဒေါ်လေးရှင့်ရယ်၊ ခင်မင်း ပြောတာ နားထောင်ပါဦး၊ တုက သူ့ကို ဒီလို အကူအညီတောင်းတာကိုပဲ စိတ်နာနေတာ၊ ဟိုက ရင်းနှီးလို့ပါ၊ သူ့ကို ယုံလို့ပါ"

မဟုတ်ဘူး။

အကူညီတောင်းတာကို စိတ်နာနေတာကို ဟုတ်ကို မဟုတ်ဘူး။ ရတုသည် မစောင့်နိုင်ဘဲ အသံခပ်ပြတ်ပြတ်နှင့် ...

"ကဲ ... ကျွန်တော်ပဲ ပြောပြမယ်၊ သူဝေ့နေတာ လိုရင်း မရောက်ဘူး၊ မကြာမှာ ကိုယ်ဝန်ရှိနေတယ်ဗျာ၊ သူ့လူက နိုင်ငံခြား ထွက်သွားပြီ၊ ဖွင့်ပြောရင် ရှောင်မဲ့သူ မဟုတ်ဘူး၊ ဒါကြောင့် ဟိုလူပြန်လာရင် ပြန်ယူရင် ယူကြမယ်၊ ဒီကြားထဲ ကလေးမွေးဖို့ အဖေနာမည်ခံဖို့ ဟန်ဆောင် လက်ထပ်ပေးဖို့ ကျွန်တော့်ကို အသနားခံတယ်၊ ဆယ်လ ကြာရင် ကွာပေးမယ်၊ ဒီအတွက် သိန်းသုံးဆယ်ပေးမယ်တဲ့"

"ဟေ"

"အို ... မဖြစ်နိုင်တာ၊ ငါ့သားလေး နုနုထွတ်ထွတ်"

"ဒါကို နင်က သဘောတူတာပေါ့၊ ဟုတ်လား ခင်မင်း"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်ပင်တာပေါ့ တုရယ်၊ ဒီလိုပါ ... ဒေါ်လေး၊ ဒီလို တုကနာမည်ခံရင် တု နှစ်နာမှုက ဆယ်လကြာရင် တစ်ခု လပ် ဖြစ်ရမယ်၊ ခင်မင်း နှစ်နာမှုက ဆယ်လနောက်ပိုင်းမှာ တုကို တစ်ခုလပ်ကြီးအဖြစ်နဲ့ ယူရမယ်"

"အို ... မဖြစ်နိုင်ပါဘူး၊ အားလုံး နာမည်တွေပျက်၊ ဓာတ် တွေရှုပ်"

"ခင်မင်းအတွက်ကြည့်ရင် ဒါဟာ ဟန်ဆောင်လက်ထပ်မှု ဆိုတာ သိနေတယ်၊ သူတို့ တကယ်ယူကြမှာလည်း မဟုတ်ဘူး၊ ဒါကြောင့် တစ်ခုလပ်ဆိုတာလည်း အများ အမြင်မှာ နာမည်ဆိုးပေမဲ့ ခင်မင်းအဖို့တော့ တုကို မေတ္တာမပျက်ဘူး၊ တစ်ခုလပ်အဖြစ်နဲ့ လက်ထပ်နိုင်တယ်"

"အို ... ညည်းလက်ထပ်နိုင်ပေမဲ့ ကျုပ်က ကျုပ်သားကို တစ်ခုလပ် အဖြစ်မခံနိုင်ဘူး"

"အင်းပါ ဒေါ်လေးရယ်၊ ဒါ စဉ်းစားတိုင်ပင်တာပဲ ရှိပါ သေးတယ်"

"ဟိုက ပြန်ကွာမပေးရင် ညည်းလည်း ညည်းရည်းစားကို လက်လွှတ်မှာ"

"အို ... အမေကလည်း၊ ဟိုက ပြန်ကွာမပေးဘူးရယ်လို့ ပဲ၊ တိုက်တွေ ခြံတွေ ကားတွေ စိန်တွေနဲ့ စားသောက် ဆိုင်ပိုင်တဲ့ သူဌေးမတစ်ယောက်ဟာ တုထက်သာတာ





အချိန်မရွေး ရနိုင်တယ်၊ တုကို ပြန်ကွာမပေးတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ထည့်ကိုမစဉ်းစားနဲ့၊ သူ့ဘေးမှာ တုထက်သာတဲ့ ရုပ်ရည်၊ ပညာအရည်အချင်း၊ ပိုက်ဆံ အားလုံး အားလုံး သာတဲ့သူချည်းပဲ၊ တုဟာ သူရနိုင်တဲ့ ယောကျ်ားတွေထက် သာတာဆို ဘာတစ်ခုမှ မရှိဘူး။ ဆင်းရဲတယ်၊ ပညာလည်း ခုမှ ဒုတိယနှစ်၊ ရုပ်ရည်လည်း သာမန်၊ ဒီလို ဘာမှမသာဘဲ နှိမ့်ကျလို့လည်း သူ့အကူ အညီ တောင်းရဲတာပေါ့။ ဟိုးအထက်က သူဌေးသားကို သူ ဘယ်ဒီလိုအကူအညီ တောင်းရဲပါ့မလဲ"

"ဒါတော့ ဟုတ်တယ်"

ရတုကား စိတ်ပျက်ပျက်နှင့် အိမ်ပြင်ကို ငေးနေသည်။

"သူ့ကိုက နာမည်ခံရုံ ခံစေချင်တာပါ အမေရာ၊ ဘယ် ဆက်ပေါင်းနိုင်ပါ့မလဲ၊ မကွာပေးမှာတောင် သူက ကြောက် ရင် ကြောက်မှာ၊ တုက ရိုးလို့ အေးဆေးလို့ သူ ခုလို ကူညီဖို့ ပြောဝံ့တာပေါ့"

"ဘာပဲဖြစ်ဖြစ် ခင်မင်းရှယ်၊ ငါ့သားလေး တစ်ခုလပ်ဘဝ နဲ့ ..."

"အဲဒီ တစ်ခုလပ်ကို ခင်မင်း ပြန်လက်ထပ်မှာပါ"

"ဒါက ခုအခြေအနေနဲ့ စကားပါအေ၊ နောက်မှ သူဌေးမ ကလည်းပစ်၊ ညည်းကလည်းပစ် ဆိုရင် ငါ့သားလေး



www.burmeseclassic.com

www.burmeseclassic.com



အချောင် တစ်ခုလပ်ဖြစ်ပြီး မကောင်းပါဘူးအေ၊ ရှုပ်ပါတယ်"

"ဒေါ်လေးရယ် ... သိန်းသုံးဆယ်နော်၊ သိန်းသုံးဆယ်ဆိုတာ ခင်မင်းတို့ တော်တော်နဲ့ကို စုလို့ပြည့်မှာ မဟုတ်ဘူး၊ အခုက ဆယ်လနဲ့ပြည့်မှာ၊ ခင်မင်း သူ့ကို မပစ်ပါဘူး၊ ခင်မင်း တုကို ချစ်ပါတယ် ဒေါ်လေးရာ၊ သိပ်ချစ်တာပါ၊ ခုလို ပြောနေတာလည်း ခင်မင်းက မိန်းမကြမ်း ဝင်လုပ်ပြီး ပြောနေတာ အားလုံးကောင်းဖို့ပါ၊ ကိုယ့်ချစ်သူကို တခြားမိန်းမနဲ့ လက်ထပ်ပေးရမှာ ခင်မင်းလည်း စိတ်ကောင်းပါ့မလား၊ ဒါပေမဲ့ ဒီဘက်က ပေးဆပ်ရတဲ့အတွက် ဟိုဘက်က ပြန်ရမှာက ကိုယ်ရှာဖွေဖို့ အစွမ်းအစမရှိတဲ့ ပမာဏမို့ပါ"

ခင်မင်း မျက်ရည်လည်လာသည်။ သွားစမ်းပါကွာ မျက်ရည်ရဲ့နောက်မှာ ငွေစက္ကူတွေ မြင်ယောင်နေမှာပါလို့ စိတ်နာချင်သော်လည်း ခင်မင်းကိုတော့ သနားတော့ သနားမိပြန်သည်။ ငွေမက် ဂုဏ်မက်မလေးရယ်လို့ ပြောလည်းပဲ "ငွေရယ် ဂုဏ်ရယ် ကိုယ့်မှာမှ မရှိတော့ မက်မိတာပေါ့"လို့ ပွင့်လင်းစွာ ဖွင့်ဟဝန်ခံဖူးတဲ့ ကလေးအတွေးနှင့် အရိုးခံ အမိုက်လေး။

ငွေတွေ ဂုဏ်တွေ မက်တာလေးရယ်လို့ သနားမိတယ်ဆိုလျှင် နားမလည်သူအဖို့ ရယ်စရာ၊ အတင်းပြောချင်စရာ ဖြစ်မည်။ ရတုကတော့ ငယ်သူငယ်ချင်းလေးကို သနားသည်





ခမ်းခမ်းနားနား မင်္ဂလာဆောင်ချင်တဲ့ ကလေးမဟာ မင်္ဂလာဆောင်မှာ သတို့သားက တစ်ခုလပ်ကြီးဆိုတဲ့ အမည်းစွန်းကိုတော့ ချစ်လျှူရှုထားပုံရကာ ...

"ခင်မင်း စဉ်းစားတာက သိန်းလေးဆယ်လောက် တောင်းမယ်"

"ခင်မင်း"

ရတုအသံက ဟိန်းကာ ဒေါသနှင့် မာသွားရလေသည်။

"ဘွားတေး ... ဘွားတေး ... နင် မတောင်းစေချင်လည်း သိန်းသုံးဆယ်ပဲပေါ့ တုရယ်၊ နာမည်ခံရုံ တစ်လသုံးသိန်း သွားကျတာ၊ နင် ကျေနပ်ရင် ပြီးတာပါပဲ။ နှစ်ဆယ်က မင်္ဂလာစရိတ်ဆိုရင် ကျန်တဲ့တစ်ဆယ်ကို နင်ပဲယူပေါ့။ ဒေါ်လေး ဆေးကုတာလည်း ငွေကုန်နေတယ် ရတုရယ်၊ ဆေးကုဖို့ သုံးလိုက်လို့ ရတာပဲ၊ ငါကတော့ ငါ့ဘဝရဲ့ တစ်သက် တစ်ခါ မင်္ဂလာမှာ ကျက်သရေမင်္ဂလာရှိရှိ ခမ်းနားကြီးကျယ်စေချင်မိလို့ပါ တုရယ်"

ခင်မင်းက မျက်ရည်လည်ကာ ပြောသည်။

"သတို့သားက တစ်ခုလပ် ဖြစ်နေမှတော့ ကျက်သရေမင်္ဂလာက နင်လိုချင်သလောက် ရှိပါဦးတော့မလား ခင်မင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုလပ်ဆိုတာ အများပြည်တ်ချက်ပါ။ နင် လူပျို့ပဲ သန့်သန့်ရှင်းရှင်းပဲ ဆိုတာ နင့်မိဘ ငါ့မိဘ၊ နင်နဲ့ငါ အသိဆုံးဖြစ်မှာပဲဟာ၊ ဘာမှ ကျက်သရေမရှေ့လျော့ဘူး"

"မလုပ်ကြရင် ကောင်းမယ် ထင်တယ်ကွယ်၊ ခင်မင်း ပြောတော့ အလွယ်လေး၊ နောက်မှာ ဘာတွေရှုပ်စရာရှိ လာမယ်ဆိုတာ ဘယ်သူမှ ကြိုမမြင်နိုင်ဘူးကွယ့်"

"ဆယ်လလေးအတွင်းမှာ ဘာမှရှုပ်လာစရာ မရှိပါဘူး ဒေါ်လေးရာ"

"ရှုပ်စရာရှိရင် တစ်ရက်အတွင်းလည်း ရှုပ်သွားမှာပဲ အချိန်က စကားမပြောလှဘူး၊ ညည်းတို့လုပ်ရပ်ကို ရှုပ်နေပြီးသား၊ တစ်ခုခုကို ထပ်ရှုပ်လာမယ်၊ အဲဒီကျ ဝမ်းနည်းကြ ငိုကြ ရယ်ကြ ဖြစ်ကြရရင် အသက်ကြီးပြီကွယ် အေးအေးပဲ ရှိတာစွဲးပါရစေ၊ ဆေးကုဖို့လဲ ဒီငွေမလိုချင် ဘူး၊ မကုရက်ဘူး၊ ငါ့သားကို တကယ်ရောင်းရသလိုပဲ ရင်နာတယ်"

"အမေကကော၊ အမေက ဘာမှလဲ မပြောဘူး၊ ငုတ်တုတ် ကြီး"

"ငါ မပြောချင်ဘူး ခင်မင်းရယ်၊ ဒါ ရတုအနစ်နာခံရမဲ့ကိစ္စ ရတုပဲ ဆုံးဖြတ်ပါစေ၊ ညည်း နစ်နာတယ်ဆိုတာ ဆယ်လကျော်လို့ သူ့ကိုယူမှ တစ်ခုလပ်နဲ့ ရတယ်ဆိုး





နာမည့်ဆိုး ရှိတာ၊ အဲဒီကျ ညည်းက မယူပါဘူးဆိုရင် ညည်းမနစ်နာတော့ဘူး၊ ရတုက နစ်နာပြီးနေပြီ"

"အို ... အမေကလည်း အပျက်စကားနဲ့၊ ခင်မင်းက ရတုကို ဘာလို့မယူရမှာလဲ၊ တစ်သက်မှာ ရည်းစားရယ်လို့ သူ့တစ်ယောက်ပဲ ထားလာတာ၊ သူ့ပဲယူဖို့ ဟိုးအရင်ကတည်းက ဆုံးဖြတ်ပြီးသား၊ ခင်မင်းဘက်က အပျက်မရှိဘူး၊ ခင်မင်းမှာ ခမ်းခမ်းနားနား မင်္ဂလာဆောင်ချင်တာပဲ ရှိတယ်၊ ဒီအတွက် ချစ်သူကို ခဏငှားရတာမျိုးလည်း ရင်ထဲမှာ မချိပါဘူး၊ ဒါပေမဲ့ ပိုက်ဆံက ရိုးရိုးသားသား ရလွယ်တာမို့ မက်မိတာပါ။ ခုလို တိုက်တွန်းပြီးမှ တုကို မယူတော့ပါဘူး လုပ်ရင် ခင်မင်းလောက် ယုတ်မာတဲ့ မိန်းမ ရှိဦးမလား၊ တိုက်တွန်းမိတာကိုက သူ့ကိုယူချင်လို့ပဲ ဟာ"

"ငါ့သားက ဘယ်လိုတုံး"

ရတုအမေရဲ့ အမေးစကားကို ရတုက မဖြေဘဲ ကျက်နာလွှဲထားသည်။ ကြည့်ချင်စိတ် မရှိ။ ဖြေချင်စိတ် မရှိ။ လူ ထုံဟုန်ကာ ပေါ့လှပ်လှပ်နှင့် လေထဲလွင့်ပါနေသလို ခံစားရ သည်။ ဟာတာတာ၊ ဖိုလှိုက်လှိုက်နှင့် အလိုလိုမောဖျလည်း နေ သည်။ တစ်ခုခု ဖြစ်တော့မယ်ရယ်လိုလို စိတ်ထဲထင့်ကာနေသည်။ ဘကကြီးကိုလည်း ဒေါကန်ကာ စိတ်ပျက်စက်ဆုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါသဖြစ်ချင်သည်မှာ မကြဲကိုလား၊ ခင်မင်းကိုလား သူ့ကိုယ်
သူလား။ သေချာတာကတော့ သုံးယောက်လုံးကိုပင်။ ဘယ်သူ့
ကိုမှ အကောင်းမမြင်။

"ဟင် ... သား၊ သားသဘောက ငြင်းချင်တာမို့ လား"

"ဘာမှ မပြောတတ်တော့ဘူး အမေရာ"

"အမေကို ဆုံးဖြတ်ခိုင်းရင်တော့ ငြင်းတယ် ခင်မင်းရယ်
ငါ့သား ငါသနားတယ်၊ ဒါပေမဲ့ ညည်းတို့စုံတွဲ ကြည့်
ပြီး ဆုံးဖြတ်တာကိုလည်း ကဖျက်ယဖျက် မလုပ်ပါဘူး
ဘာလို့လဲဆိုတော့ ကိုယ်က သားရှင်သာဖြစ်တယ်၊ မင်္ဂလာ
ဆောင်မပေးနိုင်၊ မင်းတို့ချင်း ချစ်ကြပြီး ယူဖို့ကကျတော့
အလှမ်းဝေးနေတာလည်း သနားတော့ ညည်းတို့ချင်
ကျေလည်ကြလို့ လက်ခံရင်လည်း မင်္ဂလာခမ်းခမ်းနားနား
ဆောင်လိုက်ရတာကိုပဲ တစ်ဖက်က လှည့်စိတ်ချမ်းသာ
လိုက်ပါမယ်"

"အမေကကော"

"ငါလည်း ဒီအတိုင်းပဲ၊ ညည်းတို့သဘောပဲ"

"ကဲ ... တု"

ရတုသည် ခင်မင်းရဲ့ မှောင်လင့်သော မျက်နှာလေး
ကို ကရုဏာသက်စွာ ငေး၍ကြည့်နေမိလေသည်။ သူ့ရင်
စိုးရိမ်သည်။ နင် မစိုးရိမ် မပူပန်တော့ဘူးလား ခင်မင်းရယ်





"ငါ့ကို မကြဲက တကယ်ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ"

"ကျွတ် ... မဲကြိုက်နိုင်ပါဘူးဟာ၊ ဒါကို မပူပန်ဘူး၊ နင်
မပါဖို့ အဓိကပါပဲ"

"ငါက ပါသွားရင်ကော၊ ဒါကိုကော နင် ကြိုမတွက်ဘူး
လား"

ခင်မင်း မျက်နှာကလေး နီမြန်းကာ တင်းသွားလေ
သည်။ ရတုကို စိတ်နာသလို စိုက်ကြည့်ကာ ဆောင့်ခနဲထပြီး
အခန်းထဲ ဝင်ရောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁

မကြဲနှင့် ရတု လက်ထပ်တော့မည်ဟု မကြဲရဲ့
မှာ ကြေညာလိုက်သောအခါ မကြဲ အဒေါ်ရော အစ်ကိုပ
အံ့အားသင့်ကြလေသည်။ ကိုကိုနိုင်ကား နိုင်ငံခြား၌ အနေကြာခဲ့၍
အတွေးအခေါ် သိပ်ကြီးမြန်မာမဆန်လှကာ ညီမဖြစ်သူ နှစ်သက်
သူနှင့် အိမ်ထောင်ပြုမှာကို ကန့်ကွက်စရာ သိပ်မရှိ။

"အံ့တော့ အံ့သြသွားတယ်၊ ဒါပေမဲ့ မင်းတို့ချင်း တကယ်
ချစ်ကြဖို့ လိုရင်းပါ၊ ကိုယ် ဘာမှ ကန့်ကွက်ဖို့ မရှိဘူး
ဆင်းရဲ ချမ်းသာလည်း ကိုယ် မတွက်ဘူး၊ အချင်းချင်
နားလည်မှုရှိဖို့က အဓိကပဲ"

မကြဲကလည်း တိုင်ပင်ခွင့်တောင်းတာ မဟုတ်ဘ
လက်ထပ်မည်ရယ်လို့ ဆုံးဖြတ်ပြီးသားကို ဖွင့်ပြော အသိပေး
သာဖြစ်၍များ ကိုကိုနိုင်က ဘာမှမပြောတော့တာလား မသိပါ
သူ ကူညီနိုင်တာအားလုံး ကူညီမည်ဟု အေးအေးဆေးဆေးပင်
ကတိပေး အဆုံးသတ်လိုက်လေသည်။





မအေးဆေးသည်ကား မကြဲ အဒေါ်ပင်။ မကြဲရဲ့ ရုပ်သေးရုပ်ကဲ့သို့ ရှိခဲ့သော အဒေါ်သည် ဒီတစ်ကြိမ်မှာတော့ အတော်ခါးခါးသီးသီးနှင့် သူ့ဘက်ကဆန္ဒကို ဖော်ထုတ်ဖော်ရလာသည်။

"ဘယ်လိုကြံစည်လိုက်တာလဲ မကြဲ၊ ညည်းလုပ်တာ မဟုတ်သေးပါဘူး၊ ကိုယ့်အလုပ်သမားကိုယ် ကောက်ယူတော့ ပတ်ဝန်းကျင်က ဘယ်လိုပြောမလဲ၊ အနီးကပ်နေရင်း ဒရိုင်ဘာနဲ့ ငြိတယ်ပြောမှာပေါ့၊ ရှက်ဖို့တောင် ကောင်းတယ်အေ၊ ငါ ဘယ်လိုမှ မထင်ထားဘူး"

မကြဲက အေးအေးဆေးဆေးပင်။

"မကြဲ သူ့ကို ချစ်သွားတာကိုး အန်တီခင်ရယ်"

ဤစကားအတွက် ရတုက မျက်နှာပူကာ ခေါင်းငုံ့ထားရသည်။ အန်တီခင် ဤသို့ သူ့ကို နှိမ်ချပြောသည့်အတွက် သူ ဘယ်လိုမှ အာဃာတ မရှိပေ။

"ချစ်စရာရှားလို့အေ၊ ညည်းအနားမှာ ရွေးစရာလူတွေ ပြည့်လို့ပါ"

"ဒါပေမဲ့ အချစ်ဆိုတာ ခက်သားပဲနော် အန်တီ၊ ရွေးစရာတွေများတာ အန်တီခင်ထက် မကြဲက ပိုပြီးသိတော့မပေါ့၊ ကိုယ်တိုင်ထိတွေ့နေတာပဲ၊ ဒါပေမဲ့ သူတို့ကိုမချစ်ဘဲ ရတုကျမှ မကြဲ ဘယ်လိုက ဘယ်လို ချစ်သွားမှန်း မသိတော့ပါဘူး"

www.burmeseclassic.com



ဤစကားသည် နှလုံးသားထဲမှ အမှန်အကန် သစ္စာစကားဖြစ်၍ ပြောရင်း မကြဲ တုန်ယင်လှိုက်လှဲလာကာ မျက်ရည်ရစ်ဝဲလာလေသည်။

"အရာရာ နှလုံးသားကိုချည်း ဦးစားပေးလို့ ရပါ့မလား။ ငွေကွက်ထောက်ထားစရာ သိက္ခာတွေ၊ ထိန်းသိမ်းစရာ ကိုယ်ဂုဏ်ဒြပ်တွေက အများကြီး ကျန်သေးတယ်၊ လူပြောခံရမဲ့ အဖြစ်ကို နှလုံးသားဆန္ဒတစ်ခုတည်းနဲ့ လဲလို့ရပါ့မလား မကြဲ၊ ညည်းတို့လုပ်သမျှ အန်တီဘာမှ မစွက်ဖက်ဘဲ နေတယ်၊ ဒီဟာကတော့ ဘဝအရေးနဲ့ ဆိုင်လာတယ်၊ ညည်း မိဘတွေရှိရင်လည်း ညည်းကို ဒီလောက်နဲ့ ရောင့်ရဲကျေနပ်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ အန်တီခင်"

"နောက်တစ်ခုက အန်တီ အိမ်ထဲမှာ ကုပ်နေပေမဲ့ အရာအားလုံးကို နားစွင့် မျက်စိဖွင့်ပြီး သတိရှိနေခဲ့တယ်၊ ညည်းအစ်ကို မသိပေမဲ့ ရတုဟာ ခင်မင်း ဆိုတဲ့ ကောင်မလေးရဲ့ ချစ်သူဆိုတာ အန်တီသိတယ်၊ ခင်မင်းကနေ ညည်းကို မေတ္တာပြောင်းပြီး သက်ဝင်လိုက်တာကို ညည်း ယုံကြည်သလား မကြဲ"

မကြဲရော ရတုပါ မျက်နှာရဲသွားပါသည်။ မကြဲကတော့ သူ့အဒေါ်သိနေ၍ ရှိန်ကာ မျက်နှာရဲသွားတာဖြစ်ပြီး





ရတုကတော့ သိုက်တူးသမားလို့ ဖွင့်မပြောရုံတမယ် အထင်မြင် ခံရ၍ စော်ကားခံရသလို မျက်နှာရဲသွားရတာပင်။

"ရှေ့မှာ ရည်းစားရှိတာ ဘာမှအပြစ်မဟုတ်ဘူး အန်တီခင်"

"ရှေ့မှာ ရည်းစားရှိတာထက် အမိပွာယ်ပိုများနေလို့ ပြောနေတာ"

"ရတုက ငွေမမက်ပါဘူး။ မကြဲကို မေတ္တာထားတာ"

"ညည်းယုံဖို့ကတော့ ပိုပြီးအဓိကကျပါတယ် မကြဲ၊ ဒါပေမဲ့ ဘေးလူတွေ ယုံဖို့လည်း လိုသေးတာပဲ။ ညည်းတစ်ယောက်တည်း မျက်စိမှိတ်ယုံနေရုံနဲ့ ပြီးမသွားဘူး"

"အန်တီခင်က ရတု သိုက်တူးတယ် စွပ်စွဲနေတာလား"

မကြဲကလည်း စကားပြောရမ်းလှပါသည်။ ရတုကို ရှေ့ထား၍ ပြောဆိုနေကြသည်ကို စိတ်ပျက်ကာ ရတုငြိမ်သက်နေလိုက်ရသည်။

"ညည်းယူမယ် ဆုံးဖြတ်ပြီးမှတော့ ကိုယ်နဲ့လည်း တူတော်ရတော့မှာ မစွပ်စွဲဝံ့ပါဘူး၊ ဘေးလူတွေ ပြောမလာအောင် ပြောရတာပါ"

"ဘယ်သူဘာပြောပြော မကြဲ ဂရုမစိုက်ဘူး"

"ခင်မင်းဆိုတဲ့ မိန်းကလေးကလည်း ညည်းတို့နဲ့ အခေါ်အပြော မိတ်မပျက်ဘူး၊ ဘယ်လိုခဲတယ်လဲဆိုတာ ငါလုံးဝ လိုက်မမီအောင် စဉ်းစားလို့ မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မစဉ်းစားပါနဲ့တော့ အန်တီခင်ရယ်၊ ဆုံးဖြတ်ပြီးနေပါပြီ၊ မကြဲ သူ့ကိုယူမယ်၊ မကြဲ ရတုကို ချစ်တယ်၊ ဒါဆို အားလုံးပြီးပြီပေါ့"

"ညည်းတို့ ပြီးပေမဲ့ ငါ့စိတ်ထဲမှာ အလိုလို ဟာကွက်တစ်ကွက် ဖြစ်နေတယ်၊ ဘာရယ်လို့ ဆိုတာ ငါမပြောတတ်ဘူး၊ ဒါပေမဲ့ ဒီကိစ္စကြီးထဲမှာ ကွင်းဆက်တစ်ခု ရှိနေတယ်ဆိုတာတော့ လူကြီးသူမတစ်ယောက်ရဲ့ ဘောအမြင်နဲ့ ငါ ထင်နေတယ်၊ ငါ မကာန့်ကွက်နိုင်ဘူးဆိုတာ သိရက်နဲ့ ဒီလောက်ထိ ပြောနေရတာကတော့ ညည်းက ငါ့တူမမို့ပါ မကြဲ၊ ဒီကိစ္စကို ငါဖျက်လို့ မရတော့တာ ငါသိပါတယ်၊ တစ်သက်လုံး နေလာတဲ့ပုံစံကိုက ညည်းတို့မောင်နှမဘဝကို ငါ့ဘာမှမှ ဆုံးဖြတ်ခွက်ဖက်လို့ မရခဲ့ဘဲ၊ ဟော့ဟော့ရမ်းရမ်း မဖြစ်ဘဲ ကိုယ့်ဘာသာ ထိန်းနိုင်ကြတာကိုပဲ ကျေးဇူးကြီးတယ် မှတ်ပါတယ်။ ခုဟာက ကန့်ကွက်နှောင့်ယှက်နေတာလည်း မဟုတ်ဘူး။ မြင်တာကို ပြောနေတာ၊ မရိုးသားမှုတစ်ခုကို မမြင်ရဘဲ ခံစားနေရတယ်၊ ရုတ်တရက် လက်ထပ်ဖို့ ဖြစ်လာပုံက လျှပ်စီးလက်သလို အလန့်တကြား ရှိလွန်းလို့ပဲ၊ နှစ်ယောက်လုံး ရှေ့ထားပြီး တစ်ခု မေးဖြစ်အောင် မေးရဦးမယ်၊ လက်ထပ်ဖို့ ရည်ရွယ်ပြီးမှတော့ နားမရှက်ကြနဲ့တော့၊ ညည်းတို့ မလွတ်မကင်း ဖြစ်သွားကြလို့လား"





"အို ... အန်တီခင်ကလည်း" —

မကြဲ ပါးပြင်နှစ်ဖက်မှာ စထရော်ဘယ်ရီသီးလေးတွေလို မြန်းမြန်းကလေး နီရွေးတောက်ပသွားပါသည်။

"ဒီလိုဆိုရင်တော့ ရတုကို ကျေးဇူးတောင် တင်ရဦးမှာပါ၊ မျက်နှာလွှဲခဲပစ် မလုပ်တဲ့အတွက်ပေါ့၊ အေး ... ဒါမှ မဟုတ်ရင်တော့ ငါ ဘယ်လိုမှ မတွေးတတ်တော့ဘူး၊ ခင်မင်းကလည်း ကြည်ဖြူကျေအေးနေတာ မျက်နှာတစ်ချက် မပျက်တာကို အံ့ဩမဆုံးတော့ဘူး"

"ဘာပဲဖြစ်ဖြစ် မကြဲ ရတုကို ချစ်တယ်၊ ဒါကြောင့် လက်ထပ်မှာပဲ"

ရတုသည် မကြဲကို တစ်ချက် ခိုးကြည့်လိုက်ပါသည်။ ဤစကားဆိုနေသော မကြဲရဲ့ မျက်နှာကလေးကို သူ မြင်လို၍ဖြစ်သည်။ ရတု ခိုးကြည့်တာကို မကြဲ သိသွား၍ မကြဲက မသိမသာ ခေါင်းငုံ့မျက်နှာလွှဲလိုက်ပါသည်။

"ဖွင့်ပြောရရင်ဆိုတော့ ရိုးမြေကျပါစေ ဆိုတာကို စေတနာမေတ္တာရှေ့ထားပြီး ဆုံတောင်းပေးရုံကလွဲပြီး ငါ ဘာမှ ပြောစရာမရှိပါဘူး မကြဲရယ်"

"အန်တီခင် သဘောတူပုံကလည်း ရွဲ့ပြောတဲ့အတိုင်းပဲ"

"ညည်းတို့ အဖြစ်ကိုက ငါ့အမြင်မှာ ရွဲ့စောင်းနေတာကိုး"

အန်တီခင်သည် သိပ်ပြီးကျေနပ်ဟန်မရှိဘဲ ရတုကို အကဲခတ်နေတတ်တာပင်။ အရင်ကလည်း ရတုမောင်းသောအား



www.burmeseclassic.com

www.burmeseclassic.com



နှင့် အန်တီခင် ဈေးသွားလေ့ရှိဖူးသဖြင့် တစ်ရက်တွင် မကြဲ မပါဘဲ အန်တီခင်နှင့် ရတုနှစ်ယောက်တည်း ဈေးအသွား ကားပေါ်မှာ အတူဆုံရပါသည်။ ဈေးကအပြန် ရှောင်တခင် မေးခွန်းထုတ်လိုက်သော အန်တီခင့် စကားကြောင့် ရတု စိတ်အနှောင့်အယှက်ဖြစ်ရသည်။

"ရတု ... မင်း ငွေလိုနေတာများ ရှိသလား"

မေးပြီး မျက်နှာကို စိုက်ကြည့်နေ၍ ရတု သက်ပြင်းချကာ စိတ်ကိုလျှော့ချပြီး ...

"ကျွန်တော် ငွေမမက်ပါဘူး အန်တီခင်"

"မင်းဖြေတဲ့ မျက်နှာကို ငါ ယုံပါတယ်၊ ဒါဖြင့် မကြဲကို မင်း ဘာကြောင့် လက်ထပ်သလဲ"

"ဒါကတော့ ..."

"မညာနဲ့၊ မင်းညာရင် ငါရိပ်မိမှာပါ"

ရတုသည် သက်ပြင်းတစ်ရှိုက်နှင့် ခက်ခဲပင်ပန်းစွာ ...

"ကျွန်တော် မကြဲကို သနားတယ်၊ ကြင်နာတယ်၊ မကြဲ ရှေ့က အကာအကွယ် ပေးလိုတယ်"

"မင်းကိုကြည့်ရတာ မကြဲကို ချစ်တယ်လို့ ထင်မိပါတယ်၊ မင်း ညာနေတာ မဟုတ်တာလည်း ယုံပါတယ် ရတု၊ သနား ကြင်နာတယ်၊ ရှေ့က အကာအကွယ်ပေး မားမား ရပ်လိုတယ်ဆိုတာဟာ ကြီးစွာသော မေတ္တာစေတနာကို





ဖော်ပြနေတယ်၊ အန်တီခင် ကျေနပ်ပါတယ်၊ ဒါနဲ့ ခင်မင်းကိုရော မင်း မသနားဘူးလား ရတု"

"ဒီမေးခွန်းကတော့ ဖြေဖို့မလိုပါဘူး အန်တီခင်၊ လက်ရှိအခြေအနေနဲ့ မလိုအပ်တဲ့ မေးခွန်းပါ"

"အေးလေ ... ဟုတ်ပါတယ်၊ မကြဲကို မင်း အစစ်အမှန်နဲ့ မေတ္တာထားရင် အန်တီခင် အများကြီး ကျေနပ်တယ်၊ မကြဲဟာ အထီးကျန်တယ်၊ အားငယ်စိတ်ကြောင့် ပတ်ဝန်းကျင်ကို မသိစိတ်က ဆန့်ကျင်တော်လှန်တယ်၊ ထိမထင်သလို ပြုမူတတ်တယ်၊ မာနလည်းရှိတော့ တစ်ယူသန်တယ်၊ ထင်ရာမြင်ရာ စွတ်လုပ်တော့တာပဲ၊ အမေက မရှိ၊ အဖေက ထားခဲ့၊ အစ်ကို ပျော်သလိုနေတော့ မကြဲဟာ တော်တော် အထီးကျန်ခံပြင်းမှုတွေနဲ့ ဘယ်သူ့ကို စိတ်တိုရမယ် မသိဘဲ ပတ်ဝန်းကျင်ကို ဂရုမစိုက် နေကျင့်ရှိတယ်၊ ဒါပေမဲ့ အတွင်းမှာ အားငယ်ပြီး ကြင်နာမှုကို လိုလား တောင့်တတယ်၊ မွတ်သိပ်တယ်၊ မျှော်လင့်တယ်၊ မကြဲ ဘဝကို သာယာစိုပြည်စေအောင် မင်း လုပ်ပေးနိုင်ရင်တော့ မင်း ကျေးဇူးကို အန်တီမမေ့ပါဘူး။ မကြဲ ဘဝမှာ အမှားအယွင်း မကြုံစေချင်လို့ အန်တီ စွက်ဖက်ပြောဆိုရတာတွေအပေါ် ဘယ်လိုမှ သဘောမထား ဗွေမယူပါနဲ့ ရတု"

"ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

"မင်းတို့ အိမ်ထောင်ရေး သာယာတည်တံ့ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ပြောရတယ်"

"ကိုယ်ပြည့်စေချင်တိုင်း ပြည့်ရတာမှမဟုတ်တာ အန်တီခင်"

"အင်း ... မင်းကလည်း တစ်မျိုးပဲ"

✦ ○ ✦

သို့ပေမဲ့ ရတုနှင့် ခင်မင်း နှစ်ဦးလုံးသည် ဤမျှ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်ကြီးမျိုးကို မကြဲ ဖန်တီးစီရင်လိုက်မည်ဟု လုံးလုံးမထင်မှတ်ခဲ့ပါ။ မကြဲ သွားလေရာ ရတုလိုက်ရကာ ဝယ်ရ ခြမ်းရ မှာကြားစီစဉ်ရနှင့် မင်္ဂလာအခမ်းအနား လုပ်မည်ဆိုတာကိုတော့ ရတု သိပါသည်။ ဒါပေမဲ့ အသေးစိတ်ကြီးတော့ မကြဲက သူ့ကို မတိုင်ပင်။

လက်မထပ်မီပင် မကြဲသည် ရတုအတွက် အဝတ်အစားများ တစ်ပုံတစ်ပင် တစ်ပွေ့တစ်ပိုက်၊ ခင်မင်းအတွက်က သုံးလေးစုံ။ ခင်မင်း မိဘ မောင်နှမနှင့် ရတုအမေအတွက်ပါ အဝတ်အစားသစ်နှစ်စုံ ဒီလောက် ဝယ်ခြမ်းပို့ပေးလိုက်ပါသည်။ အကောင်းကြိုက်သော ခင်မင်းကတော့ တဆွေ့ဆွေ့ ခုန်ပျော်မြူးနေကာ ရတုအမေကတော့ ရတုယူလာသည့် ကြိုးကြီးရိုက် အပါအဝင် ဝတ်စုံနှစ်စုံကို စိတ်မသက်မသာကြည့်ကာ ရတုကို အငေါ့ခတ်သည်။





"သား ... မင်း စိတ်များဆင်းရဲနေသလားဟင်၊ ဒါတွေဟာ ချက်ချင်း ပြန်ပေးလို့ရတယ်၊ လက်ထပ်ပြီးမှဆိုရင် မလွယ်ဘူးနော်၊ နုတ်စရာရှိ စောစောနုတ်ပါ သား၊ ကိုယ့်ကိုဒုက္ခရောက်စေမဲ့ အဆိပ်လူးမြားမျိုးဆိုရင် အနုတ်နောက်ကျလေ ဝေဒနာဆိုးလေ ဖြစ်ပါမယ်"

"အမေ ကျွန်တော် စိတ်ဆင်းရဲမနေဘူး၊ ဒါကို အမေယုံပါ"

"ဟုတ်ရဲ့လား သားရယ်"

"စိတ်ရှုပ်ထွေးနေတာပဲ ရှိတယ် အမေ"

"မင်းတို့ စိတ်ဆင်းရဲရမှာ စိုးလို့ပါ"

"ခင်မင်းလည်း စိတ်ထဲက ဘာမှမရှိပါဘူး၊ ဝတ်စုံတွေရပြီး ခုန်ပေါက်ပျော်နေတာ အမေ မြင်စေချင်တယ်၊ သွားလိုက်ကြည့်ပါလား"

"မကြည့်တော့ဘူး သား၊ ခင်မင်းက ကလေးစိတ်ပဲ၊ မင်းတို့ ပြေလည်သွားဖို့ ရှေးရှုရတာ၊ အမေကတော့ ရင်လေးနေတယ်ကွယ်၊ ဒါကြီးတွေ မဝတ်စဖူး ဘယ်သွားဝတ်ရမတုံးသားရယ်၊ မလိုပါဘူးလို့ မကြဲကို ပြောပါ"

"လိုမယ် အမေ၊ မင်္ဂလာဆောင်လုပ်မှာ"

"အခမ်းအနားလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင့်မင်း လုပ်ချင်တဲ့ အခမ်းအနားမျိုးပေါ့နော်၊ အမေ
တော့မင်းရဲ့ တကယ့်မင်္ဂလာဆောင်အစစ်ကျမှ ဒါမျိုးတွေ
ဝတ်ချင်တာပဲကွယ်"

"အဲဒီကျတော့လည်း တစ်မျိုးပေါ့ အမေရယ်၊ မကြ
မင်္ဂလာဆောင်ကျတော့ သူ့ကိုထဲတွေ လာမှာ၊ ဝတ်စ
လိုလို့ သူ ဝယ်ပေးလိုက်တာပါ၊ သူ လိုက်လာမလို့
ကျွန်တော်က မျက်နှာပူလို့ မလိုက်လာခိုင်းတာ"

"မင်းက ဘာကို မျက်နှာပူတာလဲ"

"မသိပါဘူး အမေရာ"

ဘာပဲဖြစ်ဖြစ် တအားကြီးတော့ မခမ်းနားဘဲ လူကုံ
တို့ရဲ့အကျဉ်းရုံးပွဲလောက် ထင်ထားမိသော ရတုမှာ မကြဲထံမှဖိတ်
ရတော့ အကြီးအကျယ် အံ့အားသင့်ရပါသည်။ မင်္ဂလာနေရာ
"ဆီဒိုးနားဟိုတယ်" ဟူသော စာလုံးလေးက တက်ကြွလန်းဆန်း
သော ခင်မင်းကို ပထမဆုံး အထိနာစေသော မြားချက်ပင်တည်

မယုံနိုင်သလို ရတုကိုကြည့်ကာ ...

"သူက အဲသလောက်ကြီး အကြီးအကျယ် လုပ်
ဟုတ်လား ?"

"ငါလည်း ဖိတ်စာရမှ သိတယ်"

"နင်တော့ အကြီးအကျယ် ခမ်းခမ်းနားနားကြီး မင်္
ဆောင်လိုက်ရပြီနော်၊ တု ... ငါတို့အလှည့်ကျရင် ဒီလော
တော့ ဖြစ်မှာမဟုတ်ဘူးဟာ"





"ဘာဆိုင်လဲဟာ၊ ဒါ စိတ်မကောင်း ဖြစ်စရာလား၊ အစစ်
ဟာ ဂုဏ်ရှိပြီးသားပါ ခင်မင်းရယ်၊ ဒီမင်္ဂလာဆောင်က
အတုပါ"

"အင်းနော် ... ဒါက အတု၊ ငါတို့မင်္ဂလာဆောင်မှ အစစ်၊
ဟုတ်ပါတယ်၊ ငါတို့က ပိုပြီးကျက်သရေမင်္ဂလာရှိတယ်"

ပထမဆုံး မြားချက်မှာ ခင်မင်းက လွယ်ကူ လျင်
မြန်စွာ ပျောက်ကင်းသက်သာရာ ရသွားပါသည်။ ဖိတ်စာကိုမြင်
ပြီးမှ ဘာကြောင့် ဒီလောက်လုပ်ရတာလဲ မကြဲရယ်ဟု သူ့ စိတ်
နောက်နောက်နှင့် မေးမိတုန်းက သူ့ကို မကြဲက စူးစူးစိုက်စိုက်
ကြည့်ကာ ...

"တစ်သက် တစ်မင်္ဂလာ ခမ်းနားမှပေါ့ ရတုရဲ့"

"ဟုတ်မှ မဟုတ်တာ၊ မကြဲက ဟိုလူမလာခင် ကျွန်တော်
နဲ့ကွာပြီး၊ ဟိုလူလာတော့ တစ်မင်္ဂလာအစစ် ရှိသေးတာပဲ"

"အဲဒီကျတော့ရော ဒီလို ခမ်းခမ်းနားနား လုပ်လို့ရပါ့မလား
ရတုရယ်၊ မကြဲက တစ်ခုလပ် ကလေးအမေလို့ အများက
သိနေမှတော့မှာ မဟုတ်လား၊ အကျဉ်းရုံးရဖို့များပါတယ်
လေ"

မကြဲစကားက ဟုတ်သားပင်။

ရတုတို့ဘက်မှ ဖိတ်စာအနည်းငယ်သာယူကာ မကြဲ
ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟတွေပင် များပါသည်။ အရင်က
ခင်အထွက်မရှိ၍ အမျိုးမှရှိရဲ့လားဟု ထင်မိသော်လည်း မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခါနီးမှပင် မကြဲမှာ အမျိုးတွေ မနည်းတာ သိရသည်
အမျိုးတွေအိမ်သို့ မကြဲ ဆင်ယင်သော အဝတ်သစ်တို့နှင့် အတူ
၍ လိုက်ပါရပါသည်။ ဖိတ်စာပေးရပါသည်။ မင်္ဂလာဆောင်ဖိတ်
စာကို မှန်မှန်ပဲ ရိုက်သည်ဖြစ်ရကား ရတုနှမ်းပါးမှုကို နေရပ်နှ
အဖေဆုံး၊ အမေ အလုပ်အကိုင် ရေးစရာမရှိတာတို့က သက်သေ
ခံနေပါသည်။

အမေ့ကို ကွင်းစကွင်းပိတ်နှင့် (ပန်းသည်)လို့ ခေ
လို့ရော ကောင်းပါ့မလား။ ရတုရဲ့အမည်ဘေးမှာတော့ မကြဲ
ဘာလိုလိုနှင့် ဒုတိယနှစ် သင်္ချာကျောင်းသားဖြစ်တာအပြင် ရက်
ထရှေ့နှင့်ထိနာမည် ကွင်းခတ်ပေးလိုက်ပါသည်။ မကြဲ အမည်ဘေး
မှာတော့ ဘာမှမပါ။ မကြဲက ဆယ်တန်းမအောင်သေးသူ၊ မေ
တော့သူ ဖြစ်သည်။ အလုပ်အကိုင်လည်း ပါဖို့မလိုပါ။ နေရပ်
ကြည့်ရုံနှင့် လူတန်းစားခန့်မှန်း၍ ရနေပါသည်။

မင်္ဂလာဆောင်မတိုင်မီ သုံးရက်အလိုမှာ လက်မှ
ထိုး လက်ထပ်ကြပါသည်။ ဤလက်ထပ်ပွဲကို တရားသူကြီးမေ
ယူဖိတ်ကြား၍ မကြဲတို့အိမ်မှာ ပြုလုပ်သည်။ ရတုတို့သားအ
နှင့် ခင်မင်းကိုပါ မကြဲက ဖိတ်ပါသည်။ ခင်မင်းက ကျောင်းတ
တက် မဖြစ်တတ်၍ တော်သေးတာပင်။ မကြဲနှင့် ရတု တွဲနေ
၌ ခင်မင်းက ရတုအမေဘေးမှာဖြစ်၍ လက်မှတ်ထိုးအပြီ
အာလာပသလ္လာပ ပြောဆိုကြကာ ဖိတ်ကြားသူများအား ကျွေး
ညှော်ခံချိန်၌ ခင်မင်းကို ...





"သူက ညီမလား"

အားလုံးက ဤသို့ပင် တညီတညွတ် မေးကြသည်။
ဆရာမကြီး မကြဲကိုသာ ခင်မင်းနှင့် ရတု လှမ်းကြည့်မိကာ မကြဲ
က သွက်လက်စွာပင် ...

"ဟုတ်ကဲ့၊ ရတု ညီမလေးပါ"

ယဉ်ကျေးစွာ ဖြေကြားပါသည်။ ဤလက်မှတ်ထိုး
သည့်ပွဲကား ခင်မင်း အတွက် ဒုတိယမြောက်ဖြစ်သော မြားချက်
သည်။ လက်မှတ်ကုန်းထိုးလိုက်ရသော ရတုကို ပြေးဆွဲလိုက်ချင်
သလို ရူးကြောင်ကြောင် ဖြစ်လာမိပြီးသော် ခင်မင်း မျက်ရည်ဝိုင်း
လေသည်။ လက်မှတ်ထိုးပြီးသောအခါတွင်မှ လွယ်လွယ်နှင့်
ခြင်မရတော့ပြီ ဆိုတာကို နားလည်ဆို့နင်ခြင်းနှင့် ရင်ထဲ ပူ၍လာ
သည်။ မိမိကိုယ်တိုင် သဘောတူစိုက်တွန်းလိုက်တာ ဖြစ်သည့်တိုင်
ကျမှ ခင်မင်းက ဘာကြောင့် ကြေကွဲနေရပြန်သနည်း။

ရတုက ခေါင်းကြီး သိပ်ငိုက်စိုက်ချလျှင် မကောင်း
တတ်၍သာ။ ခပ်ငုံ့ငုံ့တော့ ရှိနေပေသည်။ သူ့ရင်ထဲ ပရမ်းပတာ
နေသည်။ မှားသလား၊ မှန်သလား သူ မသိ။ တွေးဖို့လည်း
အားမအား။ စိတ်တွေ ရှုပ်ယှက်ခတ် ပွေလီနေသည်။ ထူပူနေ
သည်။ မယုံနိုင်သလိုလို သူ အိပ်မက်မက်ပြီး ယောင်နေသလား
၍ မကြာ မကြာ အထင်မှားနေလေသည်။

တည်ငြိမ်သူက မကြဲပင်။ မျက်နှာထား အတည်
ဆုံး ဖြစ်သော်လည်း မကြဲ ရင်ထဲ၌ တိတ်တဆိတ် လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါမှုကိုကား ဘယ်သူသိတာမို့လဲ။ တစ်စုံတစ်ရာကို အောင်မြင်ပြီးစီးလိုက်သလို အောင်ပွဲခံသည့် ခံစားချက်တစ်မျိုးနှင့် တလှပ်လှပ် ပျော်နေသလို နောက်တစ်မျိုးကျတော့လည်း ရှေ့အတွက် ခုကတည်းက ရင်မောကာ ဖောချွေးတွေပြန်နေသည်။ ခင်မင်းမျက်နှာလေး ပျက်နေတာမြင်တော့ မကြဲ စစ်မှန်သော စေတနာနှင့် သနားမိပါသည်။ သို့ပေမဲ့ ဘာတတ်နိုင်မှာတည်း။

လူဆိုသည်မှာ မိမိအတွက်မိမိ ရှေ့တန်းတင်၍ ...ည့်ကြမြဲ အတ္တဝါဒီများချည်း မဟုတ်လား။ ဒါတောင်မှ မကြဲ ...သည့် ခင်မင်းကို အတော်သနားလှ၍ စားသောက်ပြီးစီးကာ ပြန် ...မှပင် "ခင်မင်း ခဏ"ဟု မျက်ရိပ်ပြ ခေါ်လိုက်ပါသည်။ ... အခန်းထဲအထိ ခင်မင်းကို ခေါ်သွားကာ ...

"ခင်မင်းကို ပေးချင်တာရှိလို့၊ ခင်မင်းက နားပေါက်မ... တော့လေ ဟောဒါလေး လက်ခံပါနော် ခင်မင်းရယ်"

ခင့်မင်းသည် အသည်းပုံထဲမှာ စိန်မှုန်မှုန် အလုံးလေးဆယ်လောက်မှ တစ်ရစ်စီးသော စိန်ပွင့်ကလေးများ ခြယ်ထားတာကိုပင်လျှင် သေမှုန်လိုက်တာဟု ချေးများမတွေးနိုင်၊ စိန်ဆိုတာကို တစ်သက်တာ ကိုယ်၌မဆင်ယင်ဖူးသေး၍ ...

"ဒါ စိန်လား ဟင်၊ မမ"

"စိန်လေးတွေပေါ့ ခင်မင်းရယ်၊ သေးပေမဲ့ အသန့်လေးတွေ၊ လောကက်ချည်းပဲ မဖြစ်လို့ ဆွဲကြိုးလေးပါ တစ်ခါတည်း လက်ဆောင်ပေးတာ၊ ယူနော်"





ခင်မင်းကား နှစ်ခါမပေးရ။ အဖျားတစ်ဖက် တစ်ချက် ဆွဲကားကာ ရွှေကြိုးကလေးကို ကိုင်ထားသော မကြဲရှေ့ လည်စင်းပေးလိုက်သည်တည်း။

လည်တိုင်မှာ မကြဲက ကိုယ်တိုင် တပ်ဆင်ပေးလိုက်သည်။

"ဟုတ်ပါရဲ့၊ ခင်မင်းတို့များ ရွှေဆွဲကြိုးတောင် မရှိဘူး၊ မမမှာ လောကက်ပေးချင်ရင် ကြိုးပါ တစ်ခါတည်း တွဲပေးရတယ် ဖြစ်နေပြီ၊ ဟင်း ... ဟင်း"

ခင်မင်းက ရယ်မောလိုက်သေး၏။

"မုန့်တွေ ချိုင့်နဲ့ ထည့်ပေးလိုက်သေးတယ် သိလား၊ ရတုကိုတော့ ခေါ်ထားရဦးမယ်၊ အယောင်ပြပေါ့၊ လက်မှတ်ထိုးပြီးပြီဆိုတော့ အကြင်လင်မယား မြောက်ပြီမဟုတ်လား၊ လက်မှတ်ထိုးပြီး သတို့သားက ပြန်သွားတယ် ဖြစ်နေဦးမယ်၊ ညှော်သည်ထဲက တချို့အန်တီတွေက သိပ်ကြဲဖန် အပြစ်မြင် ယာကွက်တွေ့တတ်တာ"

"ခေါ်ထားလေ မမ"

"တစ်ခါတည်း ဆက်ခေါ်ထားရမှာနော်၊ မင်္ဂလာဆောင်နေ့လည်း ဒီကပဲ ထွက်ဖို့စီစဉ်တာ"

"ဟင် ... ဟုတ်ရဲ့လား၊ တုရဲ့အဝတ်အစားတွေရော"

"အားလုံး ဒီမှာ ဗီရိုတစ်လုံးစာ အသင့်ပါပဲ၊ ဒီလောက် အနစ်နာခံ ကူညီတဲ့သူကို လိုလေသေးမရှိစေဖို့ မကြဲ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပါ၊ ဖြည့်ဆည်းပေးရမှာပေါ့ ခင်မင်းရယ်၊ ဟိုဘက်ခန်းမှာ အသင့်ပြင်ထားပြီးသားပါ"

ထို"ဟိုဘက်ခန်း"ကို ခင်မင်း နားလျှမ်းသွားတာပင်။ လောလောဆယ် မကြီးရဲ့ တစ်ယောက်တည်းအခန်းမှန်း သိသာသော အခန်းတစ်ခု၌ ခင်မင်း ရောက်နေရတာဖြစ်၍ ဟိုဘက်ခန်းဟာ ရတုရဲ့လူပျိုခန်းရယ်လို့ ပေါ့ဆဆ ယုံမှားလိုက်မိပါသည်။ အကယ်၍ ထို"ဟိုဘက်ခန်း"ကို ဖွင့်ကြည့်လိုက်လျှင် ဒီထက်စ်ဆကျယ်ဝန်း၍ အိပ်ရာခမ်းနား၊ ပရိဘောဂအစုံနှင့် အသစ်ပြင်ထားသော သတို့သား၊ သတို့သမီးခန်းကြီးကို မြင်ရမည်ပင်။

အဝါနုဖျော့ဖျော့၊ ခြင်ထောင်၊ အိပ်ရာဖုံးဖဲစာကွပ်ကြီးများနှင့် အလှဆင်ထားသည့် ဟိုဘက်ခန်းဆီ ခင်မင်း အာရုံမရောက်မီပင် ...

"လှလိုက်တာ ခင်မင်းရယ်၊ အသားဝင်းဝင်းလေးမှာ ဟပ်နေတာပဲ၊ မင်္ဂလာဆောင်ကျလည်း ဆွဲလို့ရအောင်ပေါ့၊ ခင်မင်း ကျေးဇူးကို ကိုယ်မမေ့ပါဘူး"

"ရပါတယ် မမရယ်"

"ကြိုက်ရဲ့လား ခင်မင်း"

"ကြိုက်တာပေါ့ မမရယ်"

ဒုတိယမြားချက်သည်လည်း အစွမ်းထက်မြက်သော "စိန်"ဆေးစွမ်းကောင်း လက်အောက်၌ ပျောက်ပျက်သက်သာသွားခဲ့ရလေပြီ။ နှစ်ယောက်သား ပြန်ထွက်လာလျှင် ကြည်လင်





သာသော ခင်မင်းမျက်နှာနှင့် ခင်မင်းလည်ပင်းက ပစ္စည်းကိုတော့ တန်းခနဲ မြင်သည်။ တတ်လည်းတတ်နိုင်တဲ့ မကြီးရယ်လို့ သက်ပြင်းရှိုက်ကာ ခင်မင်းကိုတော့ ရှုးပါမေ့ရယ်လို့ စိတ်ရှုပ်သည်။

မကြီးကား ခင်မင်း မျက်နှာညှိုးလျှ အားငယ်မှု၌တော့ မကျဆုံး၊ မနစ်မွန်းရအောင် ခင်မင်းကို ထာဝစဉ် ကြည်လင်ရွှင်ပျ တက်ကြွနေဖို့ ဦးစားပေး ဆောင်ရွက်ရမည် ဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ပေသည်။

❥ ○ ❥

မင်္ဂလာအခန်းအနားကား ကြီးကျယ်စည်ကားလှပါတော့သည်။ ခင်မင်းသည် လက်ဖွဲ့ထုပ် လက်ခံရာနေရာမှ သိမ်းဆည်းကူညီနေရင်း သတို့သား၊ သတို့သမီး လျှောက်လှမ်းလာသည့်လမ်းသို့ လည်ပင်းလေးချီ၍ မျှော်ရှုရှာလေသည်။ ခင်မင်းကိုယ်ပေါ်မှ ပန်းနုရောင် ကြွေဝတ်စုံကလေးသည် ကြွရွလှပနေ၍ ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်ကြည့်မဝရတာ အမှောပင်။

အခါတော်ပေး တီးလုံးနှင့် တေးသီဆိုသံအကြားဆောင်ရှည်၊ ခေါင်းပေါင်း ပုဆိုးနှင့်အရောင် ရင်ဖုံးတိုက်ပုံအင်္ကျီဖြူနှင့် ချစ်သူကို နတ်သမီးလေးအလား နည်ကလှပကျက်သရေရှိသည့် ပုစွန်ဆီရောင် ထဘီသိမ်း၊ ဘီးဆံထုံးဆင်ယင်သူ၍



www.burmeseclassic.com

www.burmeseclassic.com



မကြဲနှင့် တွဲလျက် မြင်လိုက်ရချိန်တွင် ရင်ထဲ လှိုက်ခနဲ ဟာခနဲ ဆို့သွားပြီး မျက်ရည်လေး ဝဲလာလေသည်။

လုလိုက်တဲ့စုံတွဲ၊ လိုက်ဖက်တဲ့စုံတွဲ။ ပနာရလှတဲ့ စုံတွဲ။ နတ်ဖက်တဲ့ စုံတွဲ။ ဘေးကဘီက ဝိုင်းဝန်းတီးတိုးထောပနာသံအကြား၌ ဒူးတဆတ်ဆတ်တုန်ကာ ခင်မင်း ရူးချင်လာလေသည်။ ဆောက်တည်ရာမရဖြစ်ကာ ပြေးရမလို၊ ဆွဲရမလို၊ စိတ်တွေ ယောက်ယက်ခတ် မွန်ထူ၍ မူးမိုက်၍ပင် သွားလေသည်။

ရတုက ခင်မင်းကို မကြည့်။ ရှေ့ကို ခပ်တည်တည် ငေးစိုက်ငြိမ်သက်ကြည့်ကာ လျှောက်လာပုံမှာ အပြင်ပန်း တည်ငြိမ်သလောက် အတွင်း၌ အုန်းအုန်းထအောင် ရုန်းကြွနေသည်။ အကြောစိုင်တို့ဟာ မျက်နှာတစ်ပြင်လုံးပေါ်မှာ တင်းရင်းစန့်ရန့်ကာ တဆတ်ဆတ် ခုန်မလို ဖြစ်နေသည်။ မပြုံးတတ်၍ ခပ်မဲ့မဲ့ပင်ဖြစ်နေသယောင် ဖြစ်နေသော နှုတ်ခမ်းလွှာနောက်ကွယ်၌ လျှာကိုက်ထားမိကာ၊ သူ့ကိုယ်သူလည်း တကယ့်သတို့သားအစစ်တစ်ယောက်လို ထင်လိုက်၊ ပွဲကြည့်ပရိသတ်တစ်ယောက်လိုသာ မြင်လိုက် ဗျာများနေသည်။

မကြဲ အပြုံးကား ဤမဟာဘဒ္ဒကမ္ဘာရှိ အပြုံးတကာ အပြုံးတို့၌ အလှပအပြည့်ဝဆုံး အပြုံးပင်တည်း။ တမ်းတနေချိန်၌ မိခင်၏ ယုယထွေးပိုက် နှစ်သိမ့်မှု ခံယူလိုက်ရသော ကလေးငယ်တစ်ယောက်ရဲ့ လိုတရ စိတ်တိုင်းကျသော ပီတိစစ်စစ် အပြုံးကလေး ဖြစ်ပါသည်။





အသီးသီး ခံစားချက်မျိုးစုံနှင့် မင်္ဂလာပွဲအချိန်တာကို ဝမ်းနည်းဝမ်းသာ ဖြတ်သန်းကြရပြီး ပြန်ကြဖို့ ပြင်လျှင်တော့၊ ဆရာမကြီး မကြဲက အစီအစဉ်တို့ကို အသစ်ထုတ်ဖော်ပြန်သည်။

“လက်ဖွဲ့တွေကို ခင်မင်းနဲ့ ရတုတို့အိမ်တွေဆီ မှုပို့လိုက်ပါ ကိုကြည်၊ စားသောက်ဆိုင်ကအဖွဲ့နဲ့ ကူသယ်လိုက်ကြ၊ ခင်မင်းရေ ... အားလုံး တပျော်တပါး ဖောက်ကြပေတော့။ မကြဲ ပိုင်ရမဲ့ဟာတွေ မဟုတ်ပါဘူးကွယ်၊ လိုချင်တာမှန်သမျှ ခင်မင်းတို့နှစ်အိမ် မျှယူပါ”

ခင်မင်းကို ပြောသော စကားကတော့ တီးတိုးဖြစ်ပါသည်။

“ဟာ ... ဒီလောက်အများကြီး ခင်မင်းတို့ ဘယ်လိုယူမလဲ”

“မကြဲ စိတ်ကောင်းအောင် ကြိုက်တာတော့ ရွေးပါ၊ ပိုတာတွေ ကိုကြည့်ကိုခေါ်ပြီး မကြဲတို့အိမ် ပြန်ပို့ထားလိုက်”

ခင်မင်း မျက်လုံးဝိုင်းကာ ...

“ပြန်ပို့ထားလိုက်ဆိုတော့ မကြဲတို့က မရှိလို့လား”

“မကြဲတို့ ဟန်းနီးမွန်း ထွက်တော့မှာလေ၊ ဒီညနေပဲ”

ခင်မင်း မျက်နှာပြင်မှာ အေးစက်တင်းမာကာ နီရဲလာပါသည်။ မျက်လုံးအစုံကို မကြဲရဲ့ မျက်နှာပြင်အနှံ့ တဆတ်ဆတ်ရွေ့ကာ ကြည့်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟန်းနီးမွန်း ? ..."

ထောင့်အကပ် အေးစက်စွာ ရေရွတ်လိုက်ပါသည်။ သူမရဲ့ စိတ်ကူးယဉ်ထဲ၌ပင် ထည့်မယဉ်ခဲ့မိစဖူးပါ။ ရတု မျက်နှာလည်း အနေခက်ကာ စိတ်ရှုပ်သွားပြီး ...

"ဟန်းနီးမွန်းထွက်ဖို့ လိုလို့လား မကြဲ"

မကြဲက သူတို့နှစ်ယောက်ကို တစ်ဖက်တစ်ချက် လက်ဆွဲကာ ထောင့်တစ်နေရာကို ဆွဲခေါ်သွားပါသည်။

"ဟန်းနီးမွန်း ဆိုတာ အားလုံးရှေ့ စကားလုံအောင် ပြောပစ်လိုက်တာပါ၊ တကယ်က မကြဲ နေမကောင်းလို့ အနားယူရမှာ၊ ဆရာဝန်က လေကောင်းလေသန့် သွားရှူခိုင်းထားတယ်၊ မကြဲတို့ ချောင်းသာသွားမယ်၊ ဟိုကျ မကြဲ ဟိုတယ်ကို နှာစ်ခေါ်ခိုင်းမယ်၊ မကြဲ နှာစ်နဲ့နေမယ်၊ ရတုက အနီးအနား လျှောက်လည်ပေါ့၊ ကားယူသွားရမှာ ရန်ကုန်သာ မပြန်နဲ့။ ဟန်းနီးမွန်းကို ယောကျ်ားမပါသွားတာ သို့မဟုတ် ပြန်လာတာဖြစ်ရင် ဘယ်ကောင်းမလဲ၊ တစ်ပတ်နေမှ ရန်ကုန် ပြန်ကြမယ်၊ မကြဲ ဘာသာ နှာစ်နဲ့ အနားယူမယ်၊ ရတုက ကိုယ့်ဘာသာလည်၊ ဒီလိုစီစဉ်ထားတယ်"

ခင်မင်း မျက်နှာက တင်းမာမှုများ ပြေဆန့်သွားပါသည်။

"မမက နေမကောင်းနေသလား၊ ဒါနဲ့တောင် ဒီလောက် ပင်ပန်းတဲ့ပွဲကြီး လုပ်ရသလား မမရယ်၊ ဂရုစိုက်ဦး...နော်"





"စိုက်ပါတယ် ခင်မင်း၊ အားနည်းတာရယ်၊ ကိုယ်ဝန်ရယ်၊ ပင်ပန်းတာရယ်၊ အဆင်ပြေစေချင်တဲ့ ဇောကပ်နေတာရယ် ပေါင်းပြီး ဖိစီးသွားတာ၊ စထရက်စ်သိပ်များသွားတာပဲ၊ တစ်ပတ်နေပြီးရင်တော့ ပြန်လာမယ်၊ ဒီထက်လည်း မနားနိုင်ပါဘူးလေ၊ ဆိုင်တော့ ဆက်ဖွင့်မယ်၊ အန်တီခင်နဲ့ ကိုကြည် ကြည့်လုပ်လိမ့်မယ်၊ ခင်မင်းတို့လည်း လိုတာဖြည့်ပါနော်၊ ခင်မင်းကိုလည်း အားကိုးပါတယ်"

"ဟုတ်ကဲ့ပါ"

ခင်မင်းသည် ရတုကို ဆွေးဆွေးငေးငေး ကြည့်နေလေသည်။ ချစ်သူသာ ဖြစ်ရသော်လည်း ခုလို အပန်းပြေခရီးမျိုး မပြောနှင့် အပျော်အပါးကိစ္စ၊ ဥပမာ ရုပ်ရှင်ကြည့်၊ မုန့်ထွက်စားဆိုတာမျိုးပင် သူတို့မှာ ငွေရေးကြေးရေး ငဲ့ရလှ၍ အတော်ထွက်ခဲ့လှပါသည်။ ခုတော့ သူ့ချစ်သူက တခြားမိန်းမတစ်ယောက်ကိုသား ပါသွားကာ ဟန်းနီးမွန်းတဲ့။

အများ ဘယ်လိုထင်ထင် ကပ်လိုက်သွားချင်စိတ်ပင် ရှုးရှုးရှမ်းရှမ်း ပေါက်လာသည်။

"ခင်မင်း... ကိုယ့်ကိုလည်း စိတ်ချ၊ ရတုကိုလည်း စိတ်ချ၊ ကြားလား"

ခင်မင်းက မကြဲကို မရေမရာ ခေါင်းညိတ်ပြကာ ရတုကို စူးနစ်စွာ စိုက်ကြည့်သည်။ ရတုရင်ထဲ လှိုက်လှဲဆို့နစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရက်စိတ်ထရော့်နိ်ထ်ဆိ ဖုန်းဆက်လိုက်နော် တု"

"ဆက်မယ် ခင်မင်း၊ နေ့တိုင်းဆက်မယ်နော်"

မကြဲသည် ချစ်သူနှစ်ယောက်ကို အောင်နိုင်သော ကရုဏာပြုံးနှင့် နှစ်သိမ့်ရလေသည်။

✦ ○ ✦





## ၆

တကယ်တမ်းတော့ ဟိုတယ်ကို အကူအညီတောင်းတာ နှစ်တစ်ယောက် ရှာပေးဖို့ တောင်းဆိုရခြင်းမှာ အတော်ခက်ခဲနေပါသည်။ တော်တော်နှင့်မရ။ အခန်းယူကတည်းက စုတွဲအခန်းဖြစ်နေရာ ရတုသည် မကြဲကို နားမလည်စွာ အားနာစွာ အကဲခတ်ရသည်။

"ကိုကို လှမ်းပြီး ဘွတ်ကင်လုပ်ထားတာ ရတုရဲ့၊ ကိုကို ငွေရှင်းမှာ၊ လက်ဖွဲ့ပေါ့၊ တစ်ယောက်ခန်းတွေရော အားသေးလားဟင်"

မကြဲ အမေးကြောင့် ဟိုတယ်မန်နေဂျာက ...

"အစ်မတို့ ဧည့်သည်လိုက်လာဖို့ ရှိလို့လား"

"မရှိပါဘူး၊ မေးကြည့်တာပါ"

"တစ်ယောက်ခန်းတွေတော့ ပြည့်နေတယ်၊ ဒပ်ဘယ်ပ် ထဲက တစ်ခန်းလွတ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မကြဲက ရတုကို လက်တို့ခေါ်လာကာ အဝေးရောက်မှ ...

"ကိုကို ငွေရှင်းရင် အခန်းနှစ်ခန်း ယူထားတာ ပေါ်လာရင် ခက်ပြီ၊ ဟန်ဆောင်တာတွေ ရိပ်မိကုန်ရင် မကြဲ ခက်မယ် ကွာ၊ နှာစ်လာမှ ရတု အခန်းထပ်ယူတော့၊ အဲဒီကျ မကြဲနဲ့ နှာစ် တစ်ခန်း၊ ရတု တစ်ခန်းပေါ့၊ ကိုကို့ကိုတော နှစ်ခန်းစာချုပ်လုပ်ရရင် နှာစ်ကို တစ်ခန်းပေးတယ် ပြော လိုက်မယ်"

ရတုသည် မကြဲကို ပြောရခက်ခက်နှင့် မျက်ခုံးလေး ညို့ကာကြည့်ရင်း ...

"ဒါပေမဲ့ မကြဲနဲ့ နှစ်ယောက်တည်း တစ်ခန်းနေဖို့က ကျွန်တော် နေရခက်ပါတယ်၊ မကြဲကို အားနာစရာကြီး မကြဲလည်း ကျဉ်းကျပ်မှာ"

"မကြဲ ရတုကို ယုံပါတယ်"

ရတု မျက်လုံးထဲ စူးဖောက်အောင်ကြည့်ကာ ပြော လိုက်သော မကြဲရဲ့ မျက်လုံးရီလဲ့လဲ့ကလေးက နွမ်းလျအားငယ် နေသည်။ နေမကောင်းလို့များ အားငယ်နေသလား၊ ရတု တခြား အခန်းမှာဆိုလျှင် နေမကောင်းတဲ့အခါ ခေါ်ရပြုရ ခက်ခဲမှာတ ဟာလည်း စဉ်းစားစရာ ဖြစ်သည်။

"ကျွန်တော်က ယောကျ်ားပါ၊ နစ်နာစရာရှိ မကြဲ နစ်နာ မှာ စိုးရိမ်လို့ပါ"





"မကြဲအတွက် စိုးရိမ်တာ သိပ်ကျေးဇူးတင်ပါတယ်၊ တကယ် စိုးရိမ်ရင် အခန်းထောင့်မှာပဲ ဒရင်းမ်ဘက်ဒ်နဲ့ ရတု အိပ် ပေးပါနော်၊ မကြဲ မူးရင် နေမကောင်းရင် ရတုံ အခန်းထဲ မရှိရင် အားငယ်မိမှာပဲ"

"မကြဲရယ် ... ဒီလောက် နေမကောင်းရက်နဲ့များ ပွဲအကြီး ကြီးနဲ့ လူပင်ပန်းအောင် လုပ်သေးတယ်၊ စတိပဲ လူရင်း လေး ဖိတ်ကျွေးလိုက်လည်း ရတာ"

"မကြဲ ပြောပြီးပြီရော၊ တစ်သက် တစ်ခါ လုပ်ရတာ လို့"

"မကြဲ ချစ်သူ ရောက်လာရင် အကြီးအကျယ် ထပ်မင်္ဂလာ မဆောင်တာက ထားပါ၊ တစ်သက်တစ်ခါ ဆိုပေမဲ့ ကျွန်တော်တို့မင်္ဂလာဆောင်က အတုပဲ"

"ဒါပေမဲ့ မကြဲတို့ မင်္ဂလာဆောင်ကို ဘယ်သူက အတုလို့ စွပ်စွဲမလဲ"

"ဗျာ"

"ဘယ်သူမှ အဲလို မစွပ်စွဲဝံ့ဘူး ရတုရဲ့၊ ယုံစမ်းပါ၊ ကဲ ... မကြဲတို့ လေညင်းခံ လမ်းလျှောက်ရအောင်နော်၊ မကြဲ မူးတူးတူး ငြီးစီစီ ဖြစ်လာလို့"

"လာလေ မကြဲ"

"မကြဲ အဝတ်လဲဦးမယ်၊ ရတု အပြင်ထွက်"



www.burmeseclassic.com

www.burmeseclassic.com



ရှက်အမ်းအမ်း မျက်နှာကိုကြည့်ကာ ရတုလည်း ရှက်အမ်းအမ်း ဖြစ်သွားပါသည်။ ဝရန်တာကလေးမှ ခုံတစ်လုံး မှာ ထွက်ထိုင်ရင်း ရတု မေးထောက်ကာ အပြင်ဘက်ကို ငေး မောနေသည်။ ဟိုးမှာ ရေပြင်။ ပြီးတော့ ကမ်းခြေ။ ကမ်းခြေနှင့် ရေပြင်က ပနာရလှပလွန်းပါသည်။ သာယာလွန်းပါသည်။ သူ့ ရင်ထဲ စိတ်ထဲမှာတော့ မလှပ မသာယာပါ။

သူ ဘာဖြစ်နေလဲ။ ရတုသည် အေးစက်ထုံမှိုင်းက ရင်ထဲ နွေးနေသည်။ လက်ထပ်ဖို့ ဆုံးဖြတ်ကြကတည်းက တစ် ခုခု ဖြစ်လာလိမ့်မည်ဟု ထင်နေသည်။ မျှော်လင့်ထားတာထက် ထူးခြားသောဘဝရဲ့ အပြောင်းအလဲ တစ်ခုခုကို သူ ရင်ဆိုင် လိမ့်မည်ဟု နိမိတ်ကောက်နေမိသည်။ မကြဲရဲ့ မိုက်မဲမှုကို ကြ သိလိုက်ရပြီးကတည်းက သူ့ရင်ထဲ တန်ဖိုးရှိလှသော အရာတစ် ပျောက်ကွယ်သွားသလို နှမြောတသ နာကျင်စွာ သူ မပျော် တော့တာပါပဲ။ ဒါပေမဲ့ မကြဲနဲ့အတူ ခရီးထွက်လာရခြင်းအတွ မပျော်ပါဘူးရယ်လို့ သူ့ကိုယ်သူတော့ မညာဝံ့ပါဘူး။

"ရတု"

ရတုက တိတ်ဆိတ်စွာ လှည့်ကြည့်လိုက်ပါသည် အဖြူနှင့် အနက်ကြား ဘာလီပါတိတ်ဂါဝန်ကလေးနှင့် မကြဲ နုပျိုလှသစ်နေလေသည်။ မကြဲ မျက်ဝန်းလေးတွေရယ် ဘယ် များလဲ။ သူတို့ဟာ ညှိုးလျော်ဆွေးမြည့်ပြီး ဝေဒနာဖိစီးမှိုင် နေရမယ် မဟုတ်လား။ ဆိုးလှတဲ့ အဖြစ်ကြီးတစ်ခုထဲမှာ





မျက်လုံးလေးများ အဲသလောက် တောက်ပစွာ ကျွန်လိမ့်မည် ဟုတ်ဘူးလို့ သူ ထင်သည်။ သို့ပေမဲ့ မကြဲ မျက်လုံးလေးများ အသက်ဝင် ရီလဲ့ကာ ကြည်စင်နေပါသည်။

သောက၊ ဒုက္ခရိပ်ရယ်လို့ ဘာမှမရှိဘဲ ကင်းစင် းချမ်းနေသည်။ အင်း … သူ နာမည်ခံပေးလိုက်ရတာအတွက် ကြဲ အကောင်းပကတိလို စိတ်အေးချမ်းသာ ခံစားသွားခဲ့ရပြီဆို ျင် သူ နာမည်ခံပေးရကျိုး လုံးလုံးကြီး နပ်ပါပြီ မကြဲရယ်။

"လာလေ ရတု၊ ဘာဖြစ်လို့လဲ"

"အြော် … ဘာမှ မဖြစ်ပါဘူး"

ရတု ထိုင်ရာမှ ထလိုက်သည်။ မကြဲ ဝယ်ထားသည့် အတွက် ဝတ်စုံသစ်များထဲမှ ဘောင်းဘီတွေချည်း မကြဲက ဉ်သယ်ယူခဲ့သည်။ အတိုအရှည် အစုံပင်။ ဘောင်းဘီကို က ဝတ်ခဲ့လျှင် ဘောင်းဘီဝတ်ရင်း စားသောက်ဆိုင် တာဝန် ကို သတိရရာမှ ခင်မင်းကို ဖျတ်ခနဲ သတိရလိုက်မိပါသည်။

"မနက်ဖြန် ခင်မင်းကို ဖုန်းဆက်ရမယ်"

သူ လွှတ်ခနဲ ပြောလိုက်မိသည်။ မကြဲသည် ရတု လှည့်ကြည့်ကာ ရင်ထဲ ဆွေးမိလေသည်။ သူမနှင့်အတူ တွဲ လှသောကမ်းခြေ၌ အေးမြသော လေပြည်အကြား လမ်း လျှောက်နေရင်း သူ့ဘေးတွင် ခင်မင်းကို ရှိစေချင်သလားဟု တွေးမိသောအခါ သဝန်တိုသကဲ့သို့သော ခံစားချက်နှင့် မကြဲ င်ထဲ မကျေမနပ် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံရလျှင်ဖြင့် ရတုနှင့် ခင်မင်းကို သူမ သဝန်
မနာလိုခဲ့သည်မှာ စတွေ့ကတည်းကတည်း။ ညှိုမျှ ရိုးသားပြီ
ချမ်းသော ကောင်ကလေးတစ်ယောက်ရဲ့ ချစ်သူဟာ ညှိုမျှသွ
လက်တွက်ချက်သော မိန်းကလေး မဖြစ်သင့်ဟု တစ်ထစ်ခ
မကြဲက ယုံပစ်လိုက်လေသည်။ ဘယ်သောအခါတွင် သူမ
ဝန်တိုပူလောင် မကျေနပ်မှုတို့ လုံးလုံးကင်းစင်ရပါ့မလဲဟု တွေ
ဆနေကာ ...

"ရတု ... ခင်မင်းကို လွမ်းနေတာလားဟင်"

"လွမ်းနေတာ ? ... အင်း ဘယ်လိုပြောရမလဲ မသိပါဘူ
မကြဲရာ၊ မပြောတတ်ပါဘူး၊ လွမ်းတယ်ဆိုတာကို ကျွန်တော်
တစ်ခါမှ မခံစားဖူးလို့ ရေရေရာရာ မသိပါဘူး၊ ခုန
တော့ တစ်ချက် သတိရလိုက်မိတယ်၊ အဲဒါ လွမ်းတာ
ဟုတ်မဟုတ် ကျွန်တော် မပြောတတ်ပါဘူး"

"ရတုက ရိုးတယ်နော်"

"လူအတော်များများက သာမန်အချိန်မှာ ရိုးသားကြ
တယ်"

"သာမန်အချိန် မဟုတ်ရင်ကော"

"သာမန်မဟုတ်တဲ့ ဇောတစ်ခု ဖိစီးလာတဲ့ အချိန်က
ရိုးသားမှု အနည်းနဲ့အများ ပျောက်ကုန်ကြတယ်၊ ကော
ကျစ်ကြတယ်ဆိုတာ ဖြစ်လာတာပါ၊ လူတိုင်းမှာ စော
အခြေခံစိတ်ကောင်း ရှိပါတယ်"





"အဲဒါ ရတု တကယ်ယုံလို့ ပြောတာလား"

"ယုံတာပေါ့ မကြဲ"

"ဟုတ်တယ်၊ မကြဲလည်း ယုံတယ်၊ လုံးဝ ယုံတယ်၊ ဇော
တစ်ခုကပ်လာမှသာ လူဟာ ကောက်ကျစ်မိတာ ဆိုတာ
အမှန်ပါပဲ ရတုရယ်၊ မကြဲဟာ ရိုးသလား၊ ကောက်ကျစ်
သလား ရတု ဘယ်လိုထင်လဲဟင်"

ရတုက ခပ်သဲ့သဲ့ ခေါင်းရှောင် ရယ်မောခြင်းမျိုး
ရယ်မောကာ ...

"ကျွန်တော် မပြောတတ်ပါဘူး"

"မပြောတတ်ဘူး ဆိုကတည်းက ရိုးချင်လည်း ရိုးသားမယ်၊
ရိုးချင်မှလည်း ရိုးသားမယ်လို့ထင်တဲ့ သဘောပဲ၊ ရတုကို
အရေးကြီးတဲ့စကားတစ်ခု ပြောမယ်"

"ပြောပါ မကြဲ"

"မကြဲဟာ ကောက်ကျစ်တယ်လို့ ရတု ယူဆစရာ တစ်ခု
ရှိလာတဲ့အခါ မကြဲမှာ ဇောတစ်ခု ဖိစီးခဲ့လို့ ဖြစ်မှာပဲဆို
တာ ရတု တွေးပေးပါလို့ ပြောချင်တယ်"

ရတုက မကြဲကို ငုံ့ကြည့်လိုက်ပါသည်။

"မကြဲကလည်း အဆန်းပဲ"

"ဒါ ဘာဆန်းလဲ ရတုရယ်၊ ရတုစကားအတိုင်း ရတုကို
ယုံစေချင်တာပါ၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက်
နားလည်မှု လွဲကြဖို့ ဘာမှမခဲယဉ်းဘူးမို့လား၊ စိတ်သဘော



www.burmeseclassic.com

www.burmeseclassic.com



ကွဲလွဲဖို့ဟာ မှန်ချပ်ပါးပါးကလေးတစ်ချပ်ပဲ ခြားထားသ
အနီးကပ်မှာ ရှိတယ်၊ ဆတ်ခနဲ ဒီမှန်ချပ်လေးကို ထိခိုက်
မိတာနဲ့ စိတ်သဘော ကွဲလွဲသွားဖို့ နားလည်မှုလွဲသွား
အလွယ်လေးပဲ”

“မကြဲ တစ်ခါမှ ဒီလိုစကားတွေ မပြောဖူးဘူး၊ မကြဲ ဘ
တွေဖြစ်နေလဲဟင်”

“ရတုက တကယ် စိတ်ဝင်စားလို့ မေးတာလား”

“ရှော် ... ခက်ပါပြီ၊ ကျွန်တော် သိချင်ပြီး မေးမိတာပ

“မကြဲ ဘာတွေဖြစ်နေလဲ ဆိုတဲ့ ကိစ္စဟာ တစ်နေ
ရတုအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးကိစ္စတ
ဖြစ်လာမှာပဲ”

“ရေပြင်ကျယ်ကြီးကို မြင်ရင် လူတွေဟာ စိတ်ဖောက်
ချင်လာတတ်တယ်ဆိုတဲ့စကား မကြဲ ကြားဖူးလား”

“ရေပြင်ကျယ်ကိုမြင်ရင် လူတွေ စိတ်ဖောက်ပြန်ချင်တ
ဆိုတာဟာ သင်္ဘောသားတွေကြားက စကားတစ်ခ
ကိုကိုလည်း ပြောနေကျပါပဲ၊ မကြဲနဲ့ ဘာဆိုင်သလဲ”

“မသိဘူးလေ”

ထိုညချမ်းသည် မကြဲအတွက် လှပသလို
အတွက်လည်း လှပခဲ့ပါသည်။ စကားဆက်မပြောဘဲ တိတ်ဆိ
စွာ ယှဉ်လျှောက်နေရင်းကပင် လှပသာယာခြင်း၏ ဆန်းကြ
တစ်ရပ်ကို ရင်ထဲအသိသိ ခံစားလာရလေသည်။ ချောင်းသာ





လာဖို့ ဆုံးဖြတ်ခဲ့သော မကြဲ၊ စိတ်ကူးလွဲသည်ရယ်လို့ ရတုက ဆိုချင်သည်။ အဘယ်ကြောင့်ဆိုသော် ရတုသည် ထိုညချမ်း၌ သူ မကြဲကိုမှ တကယ်စစ်စစ် ချစ်မြတ်နိုးခဲ့ရသည် ဆိုသော အချက်ကို ခိုင်လုံသေချာနိုင်ခဲ့သောကြောင့်တည်း။

တိတ်ဆိတ်လှပခြင်း၏ ဖြားယောင်းမှုကြောင့် သူ့စိတ်တွေ ဖောက်လွဲဖောက်ပြန် ဖြစ်ရတာ မဟုတ်တာကို ရတုကိုယ်တိုင်ပဲ သေချာပါသည်။ မကြဲကို သူ ချစ်မိသလိုလို၊ စိတ်ဝင်စားသလိုလို၊ တဖြည်းဖြည်း စိတ်ထားပြောင်းလဲခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ချစ်သူအရင်းအချာ ခင်မင်း တစ်ယောက်လုံးရှိနေ၍ သူ့စိတ်ထဲပင် ရဲရဲဝန်မခံခဲ့ပါ။

ခင်မင်းနှင့် သူဟာ မကြီးလှ မငယ်လှသော အချိန်ကတည်းက တစ်တွဲတွဲနှင့် သိပ်ကို ခင်မင်သံယောဇဉ်ကြီးခဲ့ရာမှ ပတ်ဝန်းကျင်၏ လှုံ့ဆော်လှည့်စား အားပေးမှုကြောင့် သူ့စိတ်တွေ တိမ်းမူးကစားခဲ့ခြင်းသာတည်း။ သူတကယ်ချစ်မိသည်မှာ မကြဲပဲဟု သူ့ဟာသူ အသေအချာ ဝန်မခံလို့ မရတော့ချိန်၌ သူ့ဘဝက မကြဲရဲ့ အယောင်ဆောင်ခင်ပွန်းတဲ့။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် ဝေးကွာရာဒေသရောက်မှ မသိစိတ်က ရဲတင်းစွာ ခေါင်းပြူဝံ့တော့တာပင်။ သူ မကြဲကို ချစ်သည်။ မကြဲ အဖြစ်အတွက် ရင်နာသည်။ သူ ငိုချင်သည်။ မကြဲကို သိပ်ပြီးသနားသည်။ မိုက်လိုက်တာ မကြဲရယ်ဟု မချိတင်ကဲ ထွေးပွေ့ညည်းညူလိုက်ချင်သည်။ သို့သော် သူ



www.burmeseclassic.com

www.burmeseclassic.com



သည့် လမ်းလျှောက်ရာ၌ပင် မကြဲနှင့် လက်တစ်ကမ်းကွာခဲ့ပါ
သည်။ သူ့ကို အသားယူသူ၊ အခွင့်အရေးယူသူ အလွဲသုံးစားလုပ်
သူရယ်လို့ မကြဲ မထင်မှတ်စေချင်။

သူ့ကိုမှ ယုံကြည်၍ ဖွင့်ဟ အကူအညီ တောင်းခဲ့
သည့် မကြဲ၏ အားကိုးလေးစားမှုကို သူက ထောက်ထားရမည်
ပင်။ မကြဲက ရှေ့က၊ သူက နောက်မှ။ ပျော့အိသော ဂါဝန်
တဖျပ်ဖျပ် လွင့်ကာ ဆံပင်တွေဝဲပျံ၍ လက်နောက်ပစ် လမ်း
လျှောက်နေသော မကြဲ ပုံရိပ်လေးကို မှောင်ရီပိုးတဝါးတွင် သူ
ကြည့်မဝ မဆုံးပြီတည်း။ ရတု ရင်ထဲ၌မကြဲကို မြတ်နိုးစိတ်နှင့်
ဝမ်းနည်းနေသည်။

ခင်မင်းဘက်က ကြည့်လျှင် သူဟာ သစ္စာမရှိတဲ့
ချစ်သူ။ မကြဲဘက်ကကြည့်လျှင် မကြဲ ယုံကြည်သလို သိက္ခာမရှိတဲ့
မကြဲကို ခိုးချစ်နေမိတဲ့ အခွင့်အရေးသမား။ သူ့အဖြစ်က ဘယ်ဘက်
ကမှမကောင်းပါ။ ဒါကြောင့်လည်း ရတု ဝမ်းနည်းသည်။ စိတ်
ထဲ၌ ဆင်းရဲကာ ရင်ဝ၌ ဆို့နင့်နေသည်။ သူသည် ဘယ်သောအခါမှ
လိုချင်တာကို မရနိုင်တော့သူ တစ်ယောက်ပင်တည်း။

"ရတု ... မကြဲတို့ ပြန်ကြစို့၊ အေးလာပြီ၊ လေတိုက်တယ်
နော်"

"ကျွန်တော် မကြဲကို ဟိုနားထိ လိုက်ပို့မယ်၊ မကြဲပြန်
နှင့်နော်၊ ကျွန်တော် အပြင်မှာ နေချင်သေးရင် ရမလား
မကြဲ"





"ရပါတယ် ရတုရယ်"

မကြဲကား စိတ်မကောင်း ဖြစ်ရပြန်လေသည်။
အပြင်မှာ တစ်ယောက်တည်း ကျန်ချင်တဲ့ ရတုဟာ တစ်ခုခုကို
လွတ်လွတ်လပ်လပ် စိတ်ကူးတွေးတောချင်တာ ဆိုတာ သူမ
အသိဆုံးပင်။ ဒီစိတ်ကူးဟာ ဘာများဖြစ်မှာတဲ့လဲ။ မကြဲနေရာ၌
ခင်မင်းကို အစားထိုးကာ သူတို့ချစ်သူချင်း ဟန်းနီးမွန်းခရီးကို
စိတ်ကူးယဉ်မည့် အတွေးသာ ဖြစ်မှာပေါ့။

"မကြဲ တက်နှင့်မယ်နော်၊ ရတု မကြာနဲ့နော်၊ မကြဲ
ကြောက်တယ်"

"ခဏလေးပဲ၊ ဒီရှေ့ပဲ ထိုင်နေမယ်နော်"

မကြဲက အိမ်လေးထဲ လှည့်ဝင်သွားပါသည်။ ရတု
သည် မြေကြီးပေါ် ဒီအတိုင်း ထိုင်ချလိုက်ကာ ဘာမှ မမြင်ရလှ
သော မြင်ကွင်းမည်းမည်းကို စူးစိုက်ကြည့်ပြီး ဆံပင်တွေဖွနေမိ
သည်။ သူ ဘာဆက်လုပ်ရပါမလဲ။ အို... သူ့ဘဝက ဘာဆက်လုပ်
လို့ကောရလို့လဲ။ ဆယ်လပြည့်လျှင် မကြဲကို ကွာရှင်း၍ ခင်မင်း
ကို လက်ထပ်ရုံပေါ့။ သူ့သည် ခင်မင်းရဲ့ သဘောတွေကိုလည်း
အပြစ်တင်လှသည် မဟုတ်တော့ပေမဲ့ စိတ်တော့ပျက်မိလေသည်။

ခမ်းနားစွာ လက်ထပ်ချင်တာ တစ်ခုကို ထပ်တလဲလဲ
အိပ်မက် မက်နေခြင်းဖြင့်သာ လူဖြစ်ကျိုးနပ်နေလေရှာသလား
ခင်မင်းရယ်။ လက်ထပ်ပွဲအတွက် ငွေရဖို့ ဒီကိစ္စကို သဘောတူ
နိုင်သည့် တိုက်တွန်းနိုင်သည့် ခင်မင်းကို သူ အံ့ဩလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းလည်းပဲ ခံတော့ ခံစားရမှာပင်။ ခုလောက်ရှိ ကြိတ်မနိုင်ခဲမရ ငိုများနေမလား။ "ဟာန်းနီးမွန်း"ဆိုသည့် စကားကြားတုန်းက ပျက်ကျသွားသည့် မျက်နှာကလေးကို သူ သတိရသည်။

ရတုကို ခင်မင်းလည်း သဝန်တိုတော့ တိုတတ်မှာပင်။ မအပ်စပ်လှသော အလွှာအဆင့် နှစ်ခုမို့ သိပ်ကြီးမပူပန်တာဖြစ်မှာပါ။ သနားတော့လည်း သနားစရာ။ ငွေအတွက် ချစ်သူကိုတခြားမိန်းကလေးတစ်ယောက်လက်ထဲ ထိုးထည့်ရသည်။ ထိုမိန်းမနှင့် စိတ်ချလက်ချ ထည့်လွှတ်ရသည်။ တစ်ခုလပ်ကိုလည်း လက်ထပ်ယူရဦးမည်။ ခင်မင်း ဘဝလည်း မကောင်း။ မကြဲကတော့ရော ...။ မကြဲဘဝက အဆိုးဆုံး။ ဟိုလူကလည်း ဖွင့်ပြောလျှင် ငြင်းမယ်မဟုတ်ဘူး ဆိုပေမဲ့ ငြင်းရင်လည်း ငြင်းမှာပဲပေါ့။ မကြဲကသာ ယုံနေတာ။

ပြန်ရောက်လာတော့ကော တစ်ခုလပ် မကြဲကို ရတုနှင့် ရှင်းလင်းပါသည်လို့ သူက ယုံပေးမတဲ့လား။ ချစ်သူမိန်းကလေးကို လက်မထပ်မီ အလိုရှိသမျှ ယူခဲ့သည့် ယောကျ်ားတစ်ယောက်ရဲ့ စိတ်သဘောကိုရော ဘယ်လိုယုံစားလို့ ရမှာတဲ့လဲ။ သူက လက်မထပ်တော့ပါဘူး ဆိုရင်တော့ ကလေးလေးတစ်ယောက်နှင့် မကြဲခမျာ သနားဖို့ ကောင်းလှပေမည်။ သူလည်း ဘာမှ မတတ်နိုင်။

သူတို့အဖြစ်က သုံးဦးသုံးဖလှယ် ရင်မောဖို့ကောင်းလှပါဘိခြင်း။ ရတုသည် စိတ်ထဲ တစ်မျိုးကြီးဖြစ်ကာ မကြဲ





နောက်သို့ လိုက်ဝင်လာသည်။ မကြဲက စားပွဲမှာထိုင်ကာ စာရေးနေပါသည်။

"မကြဲ"

"ရတု ပြောလေ"

"သူက ဘယ်သူလဲ"

"ဘယ်သူ့ကို ပြောတာလဲ"

ရတုက ဘာမှဆက်မပြောဘဲ မကြဲကို ငေးစိုက်ကြည့်နေသည်။ မကြဲက သဘောပေါက်သွားကာ မျက်လွှာချလိုက်ရင်း ...

"သြော် ... ရတုရယ်၊ ဘာလို့ မေးနေရတာလဲ"

"သူ ပြန်လာရင် မကြဲကို လက်ထပ်ပါ့မလား"

"ရတု စိတ်ပူလို့လား"

"ဟာဗျာ ... မကြဲကိုမေးရင် မေးတဲ့စကားပဲ ပြန်ထွက်လာတယ်၊ ဘယ်တော့မှ တည့်တည့်မဖြေဘူး"

အမယ် ...။

ရတုရဲ့ ရုပ်ပုဂ်ျစ်ကန်ပြောဟန်ကို မကြဲသည် သဘောကျသွားကာ တစ်ခါမှ မမြင်ဖူး၍ ထပ်၍ပင် ကြည့်ချင်သလို အသည်းယားလာသည်။

"ရတု စိတ်ပူသလားလို့ မေးနေတာလေ"

"ကောင်းကောင်းဖြေတာ မဟုတ်ဘူးဗျာ၊ ကျွန်တော် စိတ်ပူလို့ မေးတာပါ၊ သူက ကျွန်တော်နဲ့ လက်ထပ်ခဲ့တာကို အမြင်မရှင်းဘဲ မယူတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ရမလဲ ရတုရယ်၊ ဒီကိစ္စက အမြင်ရှင်းနိုင်ဖို့လည်း ခဲယဉ်းသားပဲ"

"ကျွန်တော်တို့ ရိုးသားတာပဲဟာ"

"အောင်မာ … ခုမှ တစ်ရက်ရှိသေးတာ၊ အမှတ်ယူ မြန်လိုက်တာ"

"ဗျာ … မကြဲက ကျွန်တော် မရိုးသားလာနိုင်တယ် ထင်လို့လား"

"ယောကျ်ားတွေကို လျှော့မတွက်ရဘူး"

"ပိုလည်းမတွက်နဲ့"

"မျှမျှတတ တွက်ပါတယ် ရတုရယ်၊ ရတု ဆယ့်လအထိ ရိုးရင်ရိုးမယ်၊ ဆန်းချင်ဆန်းမယ်၊ ဆန်းလာရင် ရတုအပြစ်မဟုတ်ဘူး၊ ဒီအခြေအနေမှာ ဒီလိုဖြစ်လာမှာ သဘာဝပဲ၊ ရိုးနေသေးရင်တော့ ရတုဟာ ဂုဏ်ထူးဆောင်ယောကျ်ားပဲ"

ရတုသည် မျက်နှာရဲကာ အခန်းထောင့်သို့ သွားထိုင်လိုက်သည်။

"ဆိုလိုတာက မရိုးဘဲ ဆန်းလာရင်လည်း မကြဲက အပြစ်မမြင်ဘူးလား၊ ဒါ ကျွန်တော် ရိုးရိုးမေးတာပါ၊ ဖြစ်လာတဲ့ သဘာဝပဲဆိုပြီး ခွင့်လွှတ်မှာလား"

"နေပါဦး၊ အချိန်တွေ လိုပါသေးတယ်၊ စောင့်ကြည့်ကြတာပေါ့၊ ခုမှ တစ်ရက်ပဲ ရှိသေးတော့ ဆွေးနွေးဖို့ စောလှပါတယ် ဆရာကြီးရယ်"





"သူသာ မကြဲကို မယူနိုင်တော့ဘူး ဆိုရင် မကြဲ ဒုက္ခပဲဗျာ"

"ဒါပေါ့"

"ကျွန်တော်နဲ့ ခုလို မဖြစ်မနေ လက်ထပ်လိုက်ရကြောင်း၊ ရိုးသားစွာ နေထိုင်ကြမှာဖြစ်ကြောင်း သူ့ကို ကြိုတင်အသိပေးသင့်တယ် ထင်တယ်ဗျာ၊ မကြဲ အခု သူ့ဆီ စာရေးနေတာလား"

"ဟုတ်ခဲ့အင်း … မကြဲ ဒိုင်ယာရီ ရေးနေတာပါ"

"သူ့ကို ပြောပြီးပြီလား"

"မပြောရသေးဘူး"

"ပြောပြထားလိုက်ပါ မကြဲရာ၊ နောက်မှသိရင် ရှင်းရခက်မယ်၊ မကြဲ နောက်မှ စိတ်ညစ်နေရမှာ ရှင်းရခက်နေမှာစိုးတယ်၊ ကြိုသိဖို့လိုတယ်၊ ခုကိုပဲ နောက်ကျနေပြီ၊ လုပ်ပြီးမှ ပြောသလို ဖြစ်နေလောက်ပြီ"

"ဒါတွေ ရတု ခေါက်ထားပါ၊ မကြဲ ကြည့်ရှင်းရမဲ့ ကိစ္စတွေပါ … ရတုရဲ့ …"

"မကြဲရယ် … ကျွန်တော့်ကို ကျေးဇူးတင်ရင် ဒီကိစ္စကို တကယ် စာရေးထားပါနော်၊ တောင်းဆိုတာပါ၊ ပလိစ်ပါ"

"ဘာလဲ … သူ မယူတော့ရင် ကျုပ်က ရှင့်ကို ကွာမပေးတော့မှာ ကြောက်တာလား"

"ဟာ … ဘာဆိုင်လဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရတုက ခေါင်းကိုကုတ်ကာ မကြဲကို စိုးကြည့်သည်။ မကြဲက သိမ့်သိမ့်ကလေး ရယ်မောနေလေသည်။ မကြဲ ရယ်နေနိုင်တာကို ရတု အံ့သြလှပါသည်။ ထူးတဲ့ ပါရမီပဲ။ ဒီအချိန်မျိုး ဒီအခက်အခဲမျိုးမှာ မကြဲမို့ ရယ်မောနေနိုင်သည်။

"ကဲပါ ... သိချင်လွန်းလို့၊ ကိုယ်က ကွာမပေးပါဘူးတဲ့ ရတု ဘာလုပ်မလဲ"

ရတုသည် မကြဲရဲ့ နောက်ပြောင်ရက်မှုကို ဒေါကန်ကာ ...

"ခင်ဗျား ငွေတွေ၊ တိုက်တွေ အပိုင်စီးပစ်မယ်"

"ကဲ ... ကြည်ဖြူတယ်ဆိုရင်ကော၊ အားလုံးပေးတယ်လေ"

"ဒါတွေကို ဖြုန်းပစ်မယ်"

"ဟား ... ဟား ... ရတုရယ်၊ မင်းဟာ ကလေးကျနေတာပဲကွာ၊ သိန်းတစ်ရာဖိုးလောက်ကိုတောင်မှ တစ်လအတွင်း မင်း ဘယ်လိုဖြုန်းမလဲ၊ ပြောစမ်း၊ အသုံးအဆောင်တွေ မဝယ်ရဘူးနော်၊ ဖြုန်းရုံဖြုန်းပစ်ရမှာ"

"ဘီယာ သောက်မယ်"

"ပေါ်မှုံ ရေခဲသေတ္တာထဲမှာ ရှိတယ်"

"ဟာ ... ဘီယာတွေသောက်ပြီး ဖြုန်းပစ်မယ် ပြောတာ"

"သိပါတယ်၊ မင်း ဘီယာကြိုက်သလားလို့၊ ခုမှသိလို့ ရေခဲသေတ္တာထဲရှိတာ ပြောပြတာ၊ ရတုရဲ့ ဖြုန်းနည်းက





ဒါပဲလား၊ သိန်းတစ်ရာနော်၊ တစ်နေ့ကို သုံးသိန်းကျော်ဖိုး ဘီယာသောက်နိုင်လို့လား၊ မဖြစ်နိုင်တာ"

ရတုက စဉ်းစားနေသည်။

"ပြောလေ"

"ရက်စ်ထရောန့်ထ်တွေ လျှောက်စားမယ်"

"ဒါလည်း မကုန်နိုင်ဘူး၊ နောက်ကော"

"မသိတော့ဘူး"

မကြဲသည် ရတုကို ချစ်မြတ်နိုးသော အရည်လဲ့မျက်လုံးကလေးနှင့် ချစ်စနိုးစိုက်ကြည့်လိုက်မိလေသည်။ သူ့မခင်ထဲ ပျော်မြူးနေသည်။

"လူလိမ္မာလေး၊ ငွေဖြုန်းဖို့တောင် ဘယ်လိုဖြုန်းပစ်ရမလဲ မသိဘူး၊ ဪ ... ရတု ... ရတု၊ မင်းက တော်တော် ရိုးသားတဲ့ ကောင်ကလေးပါလား ရတုရယ်"

မကြဲ မျက်ဝန်းကိုကြည့်ရင်း ရတုရင်ထဲ နွေးလာကာ ပြုံးမြလာသည်။

"မဖြုန်းတတ်ဘဲနဲ့တော့ တိုက်တွေ၊ ကားတွေ၊ ငွေတွေ အပိုင်မစီးပါနဲ့ကွာ၊ ဟား ဟား"

"သူများတွေကို မသိအောင် လျှောက်ပေးပစ်မယ်၊ ဒါဆို ကုန်မှာ"

"ခင်မင်းကိုလားဟင် ... ရတု"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မကြဲကလည်း အတည်ပေါက်နဲ့၊ ကျွန်တော်က လျှောက်ပြောတာ"

"ကိုယ်လည်း လျှောက်ပြောတာပါ၊ ခင်မင်း ဆိုတာ ကိုယ်နဲ့ ရတုအတွက် မေ့ထားရမဲ့သူ မဟုတ်ဘူးမို့လား၊ ဒါကြောင့် ပါးစပ်ထဲ သူ့နာမည် အလွယ်တကူပေါ်လာတာပေါ့"

"သူ့ကိုပေးရင်တော့ သူက သဘောကျနေမှာအမှန်ပဲ၊ ခင်မင်း ဘဝမှာ ပိုက်ဆံက အတော်အရေးကြီးနေတယ် မကြဲရာ"

"အခုကိစ္စကို ခင်မင်း တိုက်တွန်းခဲ့တယ်လို့ သိရတယ်၊ ဒါ ဟုတ်လားဟင်"

"မကြဲကို ဘယ်သူပြောလဲ"

"ရတုအမေ ပြောတယ်"

"အမေကလည်း ဘာတွေလျှောက်ပြောမှန်းလဲ မသိဘူး၊ ဒါပေမဲ့ ဟုတ်ပါတယ် မကြဲရာ။ တကယ့်စိတ်ရင်း စေတနာအရ ကျွန်တော် မကြဲကို သနားတယ်၊ ကူညီချင်တယ်၊ ဒါ သစ္စာစကားပါ၊ ဒါပေမဲ့ ခင်မင်း ကန့်ကွက်ရင် ကျွန်တော် ရှေ့မတိုးသာတော့ပါဘူး၊ သူက ခုတော့ တိုက်တောင်တိုက်တွန်းတယ်"

"ခင်မင်းကို ရတု စိတ်နာသလားဟင်"

"စိတ်တော့မနာပါဘူး"

"သူနဲ့ ရတုမှာ သူက ချစ်တာ ပိုသလား၊ ရတုက ချစ်တာ ပိုသလားဟင်"





ရတု မျက်နှာ နီမြန်းလာသည်။

"ဟာ ... မကြဲကလဲ"

"ပြောပါ ရတုရဲ့"

"ငယ်သူငယ်ချင်းတွေဆိုတော့ ဒီလိုပါပဲ၊ အတူတူပါပဲ၊ သံယောဇဉ်ကြီးတာပေါ့"

"ခင်မင်းက အင်မတန်ကောင်းပါတယ်၊ ရတုက ရိုးသားတယ်၊ သိပ်ငြိမ်းချမ်းတယ်၊ ဒီလိုယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ရမဲ့သူဟာ သိပ်ကံကောင်းတာပဲ"

"ကျွန်တော်က ရိုးသားတယ် ဟုတ်လား၊ ဒါဖြင့် မကြဲကို ပြောရဦးမယ်၊ တစ်နေ့နေ့မှာ ကျွန်တော် မရိုးမသား တစ်စုံတစ်ရာ ဖြစ်တာမျိုး မကြဲ ကြုံလာရရင် ဒါဟာ အေတစ်ခု ကပ်ငြိခဲ့လို့ဖြစ်မှာလို့ မကြဲလည်းပဲ တွေးပေးပါ"

မကြဲက ရတုကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။ ခေါင်းငုံ့ပစ်လိုက်သော ရတုကို မြင်လိုက်ရသောအခါ ဆန်းကြယ်ထူးခြားတဲ့ ရတုရဲ့ အမူအရာကို မကြဲမှာ ရင်ဖိုတုန်လှုပ်သွားခဲ့ရပါသည်။

❥ ○ ❥

နှစ်တစ်ယောက် ခေါ်မည်ဆိုပြီးမှ မခေါ်ဖြစ်လျှင် မကြဲဟာ ရတုနှင့် တစ်ခန်းတည်း တည်းခိုဖို့ ဝန်မလေးသော ဆုံးမိမည့်အဆင့် ရောက်သွားနိုင်ကြောင်းကိုမူ မကြဲက နားလည်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပင်။ ပထမတစ်ညတော့ သူမက တမင်တကာကို
အခန်းပို မယူဘဲ တစ်ခန်းတည်း တည်းခိုပစ်လိုက်တာ။ အခ
ထောင့် ဒရင်းဘက်ဒ်ပေါ်မှာ မကြိုဘက် တစ်စောင်းကြီး ကျော
ခွေလှဲပြီး တစ်ညလုံးလို လူးလွန့်အိပ်မပျော်နေသည့် ရတု
အိပ်ရာထက်မှ မကြိုကလည်း အိပ်မပျော်သူပီပီ မြင်ခွင့်ရနေ
သာ။

ရတုက မိုးသောက်ခါနီးလောက်မှာ ငြိမ်သက်အ
မောကျသွားနိုင်ခဲ့ပါလျက် မကြိုက အိပ်မပျော်နိုင်ခဲ့သေးတာ
ဖြင့် မကြိုရဲ့ စိတ်လှုပ်ရှားမှုက ရတုထက် မိုခဲ့လို့ပေပဲ
တစ်ညလုံး မအိပ်ရပါလျက် မကြိုကား ထူးထူးခြားခြား လန်းဆ
မြူးကြွနေပါသည်။ အိပ်ပျော်နေသော ရတုမှာ စောင်းနေ
ပက်လက်ကလေး ဖြစ်လာတဲ့အခါ မိမိ အိပ်ရာမှ လှမ်း
ငေးစိုက် ကြည့်ရင်း မကြို ရင်ထဲ နှစ်သိမ့်တုန်ယင်ပူနွေးနေခဲ
တော့သည်။

ရတု ...။

မကြိုရဲ့ ခင်ပွန်း ...။ တရားဝင် ခင်ပွန်းသည်
မင်္ဂလာဆောင်ဟာ အတုလို့ ဘယ်သူစွပ်စွဲမလဲ။ ရတုဟာ မကြိ
ယောက်ျားမဟုတ်ပါဘူးလို့ ဘယ်သူ ငြင်းနိုင်သလဲ။ ငြင်းဝံ့တဲ့သ
လျှင် ထွက်ခဲ့စမ်းပါလို့ မကြိုက စိတ်ကူးထဲ စိန်ခေါ်ပစ်မိသောအ
ခင်မင်းကို ဖျတ်ခနဲ မြင်ယောင်လေသည်။ ခင်မင်းဟာ ချစ်စ
သနားစရာလေးပါပဲ။





ဒါပေမဲ့ ခင်မင်းရယ် ...

အချစ်နဲ့ စစ်မှာ မတရားတာ မရှိဘူးလို့ ဆိုကြတယ် မဟုတ်လား။ အရာများစွာမှာ အစွဲကြီးတတ်သော လူသားမျိုးနွယ်ပီပီ အချစ်ရေးမှာ ကောက်ကောက်ကျစ်ကျစ် ပိုလို့ပင် အစွဲကြီးခဲ့မိတာအတွက် ခင်မင်းအပေါ် အပြစ်မကင်း ခံစားရသော်လည်း မကြိုက နောင်တမရ။ နောက်တစ်ရက် နံနက်တွင် မကြိုသည် အိပ်မောကျနေသော တိတ်တခိုးချစ်သူကို ထားရစ်ကာ တစ်ယောက်တည်း မြူးမြူးဖျဖျ ရေဆင်းကစားနေခဲ့သည်။

အတော်ကြီး ကစားလို့အားရမှပင် ရေပြင်ဘက် လျှောက် လာနေသော ရတုကို မကြို လှမ်းမြင်သည်။ ရတုက အေးအေးဆေးဆေး လျှောက်လာနေတာ မဟုတ်။ အပြေးတစ်ပိုင်းဖြစ်သည်။

"ရတု ... မကြို ဒီမှာ"

"မကြို ... မကြို ... ဟာ ... စိတ်ကိုပူသွားတာပဲဗျာ၊ မနိုးဘဲ ထွက်သွားတယ်"

ရတုက ရေစပ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ရတု အိပ်ပျော်နေတော့ မကြို မနိုးရက်လို့ပါ။ ဘာလို့ စိတ်ပူတာလဲ ရတုရဲ့"

ရေစိုနေသော မကြို မျက်နှာလေးက ဆံပင်တွေ ကပ်ကာ ဝင်းပလက်ဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ထွက်သွားလဲလို့ပေါ့"

"ရေထဲဆီကလွဲပြီး ဘယ်များ သွားစရာရှိလို့လဲ ရတုရယ်"

"မသိဘူးလေ၊ စိတ်ညစ်ပြီး ထင်ရာမြင်ရာ ရောက်ရာပေါက်ရာ လုပ်သွားသလားလို့ အခန်းထဲမှာ စာတိုစာစတောင် ရှာမိတယ်၊ တအားခေါင်းခဲသွားတာ"

"အိပ်ရေးပျက်လို့ ခေါင်းခဲတာနဲ့ မင်း ရောနေတာပါကွာ"

"မကြဲ မနောက်နဲ့နော်၊ ကျွန်တော် တကယ်စိတ်ပူတာဗျ"

"ပြောပါဦး၊ ကိုယ် ဘာလုပ်သွားတယ် ထင်လဲ"

"သိဘူးလေ၊ စိတ်ညစ်ညစ်နဲ့ ..."

"ကိုယ့်မှာ ဘာစိတ်ညစ်စရာရှိလို့လဲ ရတု ပြောစမ်းပါဦး"

"မကြဲကလည်းဗျာ"

ရတုသည် ခေါင်းကို ကုတ်ဖွနေသည်။

"လောကကြီးမှာ ကိုယ့်လောက်ပျော်နေတဲ့သူ မရှိဘူးကွယ့် ရတုရဲ့ ... ကဲ ... မှတ်ထားဦး"

"မကြဲကတော့ ပေါ့ပေါ့လေးရယ်နေတာပဲ၊ ကောင်းပါတယ်ဗျာ၊ မကြဲ ရယ်နိုင်တာ စိတ်ချမ်းသာပါတယ်၊ မကြဲ စိတ်ညစ်နေမှာသာ ကျွန်တော်က စိုးရိမ်နေတာ"

ခုမှပင် ရတုသည် ပြာနှမ်းနှမ်းပေါ် အဝါပွင့်ရေကျဲဝတ်စုံနှင့် ကိုယ်တစ်ဝက်ရေစိမ်နေသော မကြဲကို သတိပြုမိကာ မျက်နှာကို ဖျတ်ခနဲ လွှဲလိုက်ရပါသည်။ လှလွန်း၍ ကြည့်မဝသော်လည်း ရိုင်းရာကျမှာ ကြောက်ပါတယ် မကြဲရေ။





"နောက်တစ်ခါ အပြင်သွားရင် ပြောခဲ့ဗျာ လူကို"

"မင်းက အိပ်ပျော်နေပြီးတော့"

"နှိုးလိုက်ပေါ့"

"ဩော် ... ကိုယ့်ကျေးဇူးရှင်ကို အားနာတာပေါ့ ... ဟင်းဟင်း"

"ရယ်ပဲရယ်နေ၊ ပြောပုံကိုက ပေါ့သလိုပဲ၊ တော်ပြီဗျာ အတည်ပြောတာ အိပ်နေလည်း နှိုးပြောခဲ့"

"မနှိုးရက်ပါဘူး၊ စာရေးခဲ့မယ်"

"အင်း ... အဲဒါလည်း တစ်မျိုးထူပူရမှာ၊ ခုလည်း စာရွက်တို၊ စာရွက်စ ရှာနေတာ၊ တွေ့ရင်တော့ ဒိန်းခနဲဖြစ်မှာပဲ၊ စာထဲ ဘာရေးရစ်ခဲ့သလဲ မတွေးရဲဘူး"

"ဘုရားရေ၊ မင်းက မကြဲကို ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံမှာမျိုးလောက် အထိများ စိုးရိမ်နေတာလား၊ ရတုကို လက်ထပ်ထားရပြီးမှ ကိုယ် ဘာမှ စိတ်ညစ်နေစရာ မရှိတော့ဘူး"

ဘာလိုလို စကားကြောင့် ရတု စိတ်ထဲမှာသာ အောင့်သက်သက် ညစ်ရှုပ်ရှုပ် ဖြစ်ရသည်။ သဘောရိုး အဓိပ္ပာယ်ကောက်လည်း ရနေတာပါပဲ။ အဖေ ဖော်စရာရှိပြီမို့ ဘာစိတ်ညစ်စရာရှိသလဲပေါ့။

"သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ရတုက ထရပ်သည်။ ရေထဲက မကြဲ အလုအပရှေ့ခြံ သူ ဆက်မနေနိုင်တာဖြစ်သည်။

"စိတ်ဆိုးသွားလား ရတု"

"မဆိုးပါဘူး၊ ဗိုက်ဆာတယ်"

"ကိုယ်လည်း ဆာပြီ၊ စောင့်ဦး"

"ဘာမှ မစားရသေးဘူးလား"

"ဟင့်အင်း"

"ဟာ ... ရေထဲ မှုးမော့်နေရင် ဘယ်လိုလုပ်မလဲ၊ တစ်ယောက် တည်းနဲ့ ဆင်းနေတာ ဘယ်လောက်တောင် ကြာပြီလဲ"

"တစ်နာရီခွဲတည်း"

"ဟာ ... တက်တော့လေဗျာ၊ ခင်ဗျား တယ်ခက်ပါလား မကြဲ၊ ကိုယ့်ကိုယ်ကိုယ် သိဦး"

"ဘာကို သိရမှာလဲ ရတု"

"နေက ကောင်းတာမဟုတ်ဘူး"

"ကောင်းပါတယ်"

"တယ်ပြောရခက်ပါလား၊ လာ ... လာ ... ဗိုက်ဖြည့်မယ်၊ နောက်ကို တစ်ယောက်တည်း မဆင်းနဲ့၊ ကျွန်တော် ထိုင်စောင့်မှ ရေကူးရမယ်၊ ပြီးတော့ ခဏပဲ၊ ကြွက် တွေဘာတွေ တက်ရင် ဘယ်လိုလုပ်မလဲ၊ အအေးမိရင် ကော ခင်ဗျား အတော်ခေါင်းမာတယ် အန်တီခင် ပြော သလိုပဲ"





"အောင်မာ ... အိမ်ထောင်သက် တစ်ရက်ရလို့ သိပ်ဟောက် ပါလား ရတု"

"ဟာဗျာ"

ရတု ကျွဲမြီးတိုသလိုလို၊ စိတ်ကောက်သလိုလို ချာခိုင်းရပ်လိုက်ပုံကို မကြဲ ချစ်စနိုး သဘောကျလိုက်ရသည် ရင်နှင့်အောင်ပင်။ နောက်ဘက်က ပြေးပြီး သူ့ရဲ့ ကျောပြင် အသာကလေး ဖက်ထွေးလိုက်ချင်သည်။ သို့ပေမဲ့ တကယ် မ်းတော့ ရေထဲမှ ဣန္ဒြေရရ တက်ကာ ပုံထားသော အိတ်ထဲမှ က်နှာသုတ်ပဝါ ဆွဲယူခြုံပတ်လိုက်သည်။ တစ်ထည် ခါးတွင် ချည်လိုဝတ်၍ တစ်ထည်ကို ပဝါလို ခြုံသည်။

"ဟယ် ... အမယ်လေး ... မှုးလိုက်တာ ရတုရေ"

"ဟော ... မကြဲ ... မကြဲ"

နားထင်ဖိကာ ယိုင်ထိုးသော မကြဲဘက် ရတု ည့်လာကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တော့လျှင် မကြဲ ည် လက်ကို ဖြုတ်၍ တဟားဟား ရယ်မောလိုက်ပြီး ရှေ့က နှင့်လေတော့ပြီ။ ရတုသည် စိတ်ေ ာ ခပ်ဆောင့်ဆောင့် က်လိုက်လာပြီး ဝရံတာ၌ ထိုင်ကျန်ရစ်သည်။ မကြဲ ရေချိုး တ်လဲတာ စောင့်နေစဉ် မွှေးပျံ့သော ဆပ်ပြာနံ့ သင်းသင်းစွဲ က် မကြဲက ဝတ်စုံဖြူလေးနှင့် ပြန်ထွက်လာသည်။

"မှာမလား၊ သွားစားမလား"

"သွားစားမယ် မကြဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရတု ရေမကူးဘူးလား"

"ဟင့်အင်း"

"ချောင်းသာလာပြီး ရေမထိဘဲ ပြန်မလို့လား"

"ရေကူးဖို့ လာတာမှ မဟုတ်ဘဲ"

"ဩော် ... ဟန်းနီးမွန်းလာတာ"

"ခင်ဗျားကို စောင့်ရှောက်ဖို့ လိုက်လာတာဗျ"

"ရေထဲ ဆင်းပါ၊ မကြဲ ကြည့်ချင်လို့"

"ဘာကြည့်စရာ ရှိလဲဗျ"

"ရတု ရေကူးတာကိုပေါ့"

"ဘာမှ မထူးခြားဘူး၊ သူများလိုပဲ"

"ဒါပေမဲ့ ကူးသူက ရတုလေ"

"မကူးပါဘူးဗျာ၊ ကျွန်တော် ရေထဲ ရောက်နေတုန်း မကြဲ တစ်ခုခုဆိုရင် ကိုယ်ပဲ စိတ်မကောင်းဖြစ်ရမယ်"

"လာပြန်ပြီ၊ မင်း ကိုယ့်ကို ဘာဖြစ်မယ်လို့ ထင်နေလဲ"

"မသိဘူးလေ၊ နှစ်တောင် ခေါ်ထားရတာ"

"အလကားပါ၊ အားနည်းရုံဟာကို"

"ဒါဖြင့် ဘာလို့ နှစ်ခေါ်သေးလဲ၊ ဆရာဝန်ကလည်း လေကောင်းလေသန့် ရှူနိုင်းတာဆို"

"အပရိကပါကွာ"

"မပေါ့နဲ့နော်၊ မကြဲဟာလေ ... ခုမှ သေချာသိတယ်၊ ပေကတ်ကတ် ဇွတ်ကျကျပဲ"





"ဟင်း ... ဟင်း ... မင်း ထင်တာထက် ဇွတ်ကျတယ်ကွ"

"ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့တော့ ကျွန်တော့်ကို ဇွတ်လာမကျနဲ့ မရဘူး၊ ကျွန်တော့်မှာ တာဝန်အပြည့်ရှိတယ်၊ မကြဲ ကျန်းမာရေးကောင်းကောင်းနဲ့ ဟိုဒင်း ... မီးဖွားနိုင်ဖို့ ဆယ်လလုံးလုံး ကျွန်တော် စောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ ယူဆတယ်"

"ဆယ်လပြည့်မှ ဝင့်ကျွတ်၊ ခေါင်းပေါ့မယ်ပေါ့နော်"

"တစ်လုံးမှာ မပါဘူး"

"ဟား ဟား ... မင်း ဂျစ်ကန်ကန်ပြောဆိုတတ်မှန်းလည်း ခုမှ သိရတယ်၊ ကိုယ် သဘောကျပါတယ်၊ စကားကို ရိုးရိုးပြောနေတာထက် ဒီလိုလေး ပြောနေတော့လေ၊ မင်းက ဟိုဒင်း ... ကလေးနဲ့ တူတယ်"

"ခင်မင်းနဲ့ဆို ဒီထက်ဘုကျတယ်၊ မကြဲမို့ အလုပ်ရှင်မို့"

"လောလောဆယ် မင်း ဇနီးပါကွာ၊ ရိုက်လို့တောင်ရတယ်။ ဒါနဲ့ ခင်မင်းကို သတိရလာပြန်ပြီလား ... ဟုတ်လား"

"စကားအလိုက်သင့် ပြောတာပါဗျာ၊ သတိတော့ရတာပေါ့၊ ဖုန်းဆက်ရဦးမယ်"

"မင်း လျှောက်မလည်ဘူးလား ရတု၊ ကားယူသွားလို့ ရတယ်"

"မကြဲ တစ်ယောက်တည်း ဘယ်လိုထားမလဲ"

"နှာ့စ်ရရင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"လည်ဖို့လာတာ ဟုတ်ပါဘူး"

"မေ့လို့ ... မေ့လို့၊ ရက္ခူးဖို့ လာတာလည်း မဟုတ်ဘူး၊ လည်ဖို့လာတာလည်း မဟုတ်ဘူး၊ မိခင်နင့်ကလေး ကျန်းမာရေးစောင့်ရှောက်ဖို့"

ပေါ့ပေါ့ကလေးပြောကာ ရယ်နေသော မကြဲ မျက်ဝန်းတို့က ပီတိကလေးငယ်နှယ်၊ ကြည်စင်ရွှန်းတောက်နေသည်။ ရတု တကယ်ပဲ နားမလည်စွာ မျက်ခုံးတွန့်ရင်း ...

"ခင်ဗျား ပျော်နေလား၊ ဟုတ်လား"

မကြဲက ညာလက်မောင်းကို ကွေးမ,ကာ ...

"ဟောဒီ လက်မောင်းသွေး ဖောက်သောက်ပြီး ကျိန်ရဲတယ်၊ ကိုယ် ပျော်နေတယ်"

ရတု လက်မြှောက်လိုက်ရပါသည်။

❥ ◯ ❥

နာ့စ် မရှဘူးဆို၍ မိန်းမတစ်ယောက်သာ ပြုစုဖို့ဟု အကြောင်းပြ၍ အကူအညီတောင်း ငှားရမ်းယူလိုက်ပါသည်။ ရောက်လာသော ပိန်ညှပ်ညှစ် မိန်းမသည် ရတုနှင့် မကြဲတို့ စုံတွဲကို သဘောအကျကြီးကျ၊ အချစ်ကြီးချစ်ကာ ဘာမှ ပြုစုဖော်မရဘဲ ပါးစပ်အပြောင်းသား ဖြိုး၍ ငေးနေတတ်သဖြင့် ရတုနှင့် မကြဲ တစ်ယောက်ကိုတစ်ယောက် ကြည့်ရယ်ရသည်မှာ မကြာခဏ။





တကယ်တော့ မကြဲသည် ထိုအမျိုးသမီးကို တစ်နေ့ ...စ်ထောင်ပေး ထမင်းခေါ်ကျွေးပြီး ဓားနားချထားရုံသာတည်း။ ...ိုအမျိုးသမီးမှာ သဘောတွေကျကာ တစ်ပတ်ကိုပင် နည်းသည် ...င်လေသည်။ ညကျ မကြဲနှင့် တစ်ခန်းတည်း အိပ်ပေးရုံနှင့် ...စ်ဝိုင်းထဲ စားရကာ ပိုက်ဆံနှစ်ထောင်ရသည်မှာ နည်းနည်းနော ...ာ မဟုတ်။ ဒါ့အပြင် မကြဲက အင်္ကျီ၊ လုံချည် နှစ်စုံကို အပြန် ...သွားလေးမည်ဟု ပေးလိုက်သေးသည်။

ထို့ကြောင့် ထိုအမျိုးသမီးသည် မကြဲ ထိုင်ဆိုထိုင်၊ ...ဆိုထ၊ တစ်ဝက်တစ်ပျက်နေဆိုလျှင် တစ်ဝက်တစ်ပျက် နေတော့ ...ဝင်။

လမ်းလျှောက်လျှင် ထီးကြားကြီး လိုက်မိုးပေးတတ်၍ ...က ထီးအောက်မှ ဖယ်ထွက်ရသည်။ သူ ဆောင်းပေးမည် ...ောင်းလည်း ထိုမစိန်က မပေးနိုင်။ ဒါလောက်တော့ လုပ်ပေး ...ဖြစ်မည်။

ရတုကလည်း မိန်းမတစ်ယောက် မိုးပေးသော ထီး...ာက် မဝင်ချင်ရက်။

"အစ်မကြဲ ... အစ်ကို နေပူနေပြီ"

"လာပြန်ပြီ မစိန်ရယ်၊ မကြဲပါ ... မကြဲ ...၊ သူပြောမှပဲ လူလည်း ရိုင်နော်ဆရပ်စ် ဖြစ်တော့တယ်၊ ပုံပဲ့လိုက်တာ"

မစိန်မှာ သူတို့နှစ်ယောက်ထက်၊ အတော်ကြီးပါ ...ည်၊ သို့သော် လေးစားသမှုနှင့် အစ်ကို၊ အစ်မသာ ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရတုကို မကြဲက ခပ်နွဲ့နွဲ့ ခပ်ရောရော ခေါ်သံကိုလည်း အရှုံး ဟု ကြားလိုကြား၊ "အစ်ကို့နာမည်က ကန်တော့နော် အရှုံးလား"ဟု မေးသဖြင့် ရတု ဗိုက်အောင့်အောင် ရယ်မောရသေးသည်။

ညနေစောင်း ထီးမိုးပေးဖို့ မလိုလျှင်တော့ နှစ်ယောက်သား လမ်းလျှောက်တာကို မစိန်က ထိုင်ငေးကာ ပါးစပ်အဟောင်းသား ပြုံးနေတတ်သည်။

"အစ်ကိုနဲ့ အစ်မဟာ မင်းသားနဲ့ မင်းသမီးလိုပဲ၊ အစ်မက အစ်ကို့ကို သိပ်ချစ်တာပဲနော်၊ မော့ကြည့် မော့ကြည့်နဲ့၊ အစ်ကိုကတော့ ချစ်ပြရမှာ ရှက်လို့ထင်တယ်၊ နောက်မှ ခိုးကြည့်တယ်"

"ဟိတ် ... ဒါ ခင်ဗျား ကိစ္စလား၊ လျှောက်ပြောမနေနဲ့ ပိတ်ထား"

ရတု ရှက်ရှက်နှင့် အော်ပစ်လျှင် အသာငြိမ်ကာ အတန်ကြာလျှင် စကားဆက်ပြန်တာပင်။ မစိန်ကို ဓာတ်ပုံရိုက်သင်ကာ ပါသော ကင်မရာနှင့် နှစ်ယောက်တွဲ ရိုက်လိုက်၊ မကြဲနှင့် မစိန်ကို ရတုက ရိုက်လိုက်၊ မကြဲ တစ်ယောက်တည်းကို ရတုက ရိုက်လိုက်၊ ရတုကို မကြဲက ဖွတ်ရိုက်လိုက်၊ ပုံတွေ ရာထောင်ချီလုပင်။

"ကျွန်မ ဓာတ်ပုံ မကြည့်ရဘူးလားတော်"

"ရန်ကုန်ကျမှ ကူးမယ် မစိန်ရဲ့၊ ဟိုတယ်က တစ်ဆင့်ဆက်ဆက်ပို့ပေးမယ်၊ အများကြီး ပို့ပေးမယ်၊ စိတ်ချ"





ညဘက် မကြဲနှင့် မစိန် သတ်သတ် အိပ်ရ၍ ရတုက ဆင်ဂယ်လ်ခန်း မရ၍ ဒဘယ်လ်ရှမ်းမ်ပဲ ထပ်ယူရပါသည်။ ဤအခါတွင်လည်း မစိန်က နှုတ်အငြိမ်မနေနိုင်။

"အစ်မတို့ ဘာလို့ ခွဲအိပ်ရတာလဲဟင်"

"ကျွန်မ ကျန်းမာရေးမကောင်းလို့ပါ မစိန်ရဲ့"

"ဩော် ... အစ်မရယ် ... ငယ်ငယ်ရွယ်ရွယ် လှလှပပနဲ့ ကျန်းမာရေးဖောက်ရတယ်လို့၊ ဒါပေမဲ့ အစ်မ ကံကောင်းပါတယ်၊ အစ်ကိုက အစ်မကို ချစ်ပါတယ်"

"ဟုတ်လို့လား"

"အစ်မကို ငေးပြီး ကြည့်နေတတ်တာ၊ အစ်မ ကြည့်မှ မျက်နှာလွှဲတာ၊ ဘာမှန်းကို မသိဘူး အစ်ကိုက၊ အစ်မ ရေကူးလည်း အစ်ကိုက တစ်ခါမှ လိုက်မကူးဘူးနော်၊ အစ်မပဲ ငေးနေတာ၊ အစ်ကို ချစ်ပုံက တစိမ့်စိမ့်ကြည့် ချစ်တာမျိုး အစ်မရဲ့"

"အမယ်လေး မစိန်ရယ်၊ ပြောတတ်လိုက်တာ"

ဤစကားကို သဘောတွေ့ရလှ၍ မကြဲမှာ မစိန်လေးအတွက် ကိုယ့်မှာရှိသည့် ပစ္စည်းပစ္စယထဲမှ အသုံးတည့်သည့် ပိုက်ဆံအိတ်ပေါက်စ၊ ဘီးလှလှလေး၊ ဘောလ်ပင်သည်တို့ကို ပေးရပါသည်။ ထပ်ခါထပ်ခါ ကြားချင်လှပါသည်။ ကြီးလုံးလုံးလို့ပဲ ဆိုဆို ကြားလိုသော စကားကို တစ်ဖက်က စေဖို့ လက်ဆောင်ဖို့ရ ကမ်းရသည်မှာ မနည်းပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



မကြဲ ရေကူးနေခိုက်တို့၌လည်း ရတုနှင့် မင်း
အဖွဲ့ကျစာတ်ပါသည်။

"မစိန် ... ခင်ဗျား မကြဲကို ဂရုစိုက်ရဲ့လား"

"စိုက်ပါတော်၊ ပန်းလို ရှုနေတာ"

"အမယ်လေး ... မိုလိုက်တာဗျာ၊ တကယ်အရိပ်တကြည့်
ကြည့်နေနော်၊ ခင်ဗျား မသိလိုက်ရဘဲ မူးတာတို့၊ လဲတာ
တို့ဆိုရင်တော့ ခင်ဗျားကို သက်သီးပဲ"

"ရေချိုးခန်းကလွဲရင် တကောက်ကောက်ပါပဲ အစ်ကိုရယ်"

"ရေချိုးရင်ကော ကြာလား"

"သင့်ရုံပေါ့၊ အမယ်လေး ... အစ်ကိုသည်းပုံကလည်း
ရေချိုးကြာမှာလည်း ပူရ၊ အိမ်သာတက်ကြာတာလည်း
ပူတစ်နေ့က ပူသေး၊ ရေချိုးခန်းထဲ၊ အိမ်သာထဲ နေကော
မကောင်း ချောင်းကြည့်ရပါက် ဖောက်ရမဲ့အတိုင်းပဲ"

"ခင်ဗျားပဲ အပြောကောင်းတာယ်"

"ဘာ ... ဒီလောက်ပူနေလဲ အစ်ကိုရဲ့၊ အစ်မကြဲလည်း
အကောင်းကြီးပဲ"

"နေမကောင်းဘူးဗျ"

"အစ်မက ဘယ်လိုနေမကောင်းတာလဲ ပြောပြပါဦး အစ်ကို
ရယ်၊ စိတ်တော် မကောင်းဘူး"

"မကြဲက ကိုယ်ဝန်ရှိနေတာယ် မစိန်"

"အဲဒီကိုယ်ဝန် ဘာဖြစ်နေလို့တုံး"





"ဘာမှ မဖြစ်ပါဘူး၊ ဖွ ... ကိုယ်ဝန်ရှိနေလို့ ဂရုစိုက်ရ
တာကို ပြောတာ"

"ဟောတော်"

"ဘာလဲ ခင်ဗျားက"

"အစ်မကြဲ ကိုယ်ဝန်က ဘယ်လောက်လဲ"

"တစ်လလောက်၊ နှစ်လလောက်ရှပေါ့"

"အမယ်လေး အစ်ကိုရယ်၊ ကျွန်မဖြင့်လေးလ"

"ဗျာ"

"အခု ကျွန်မ ကိုယ်ဝန်နဲ့ အစ်ကိုရဲ့၊ လေးလရှိနေပြီ၊
မီးဖွားစရိတ်လိုလို့၊ ဘာမှလဲ မဖြစ်ပါဘူး၊ ကျန်းမာပါတယ်၊
ခုသာ သက်သာရာ ရနေတာ၊ တစ်ခါတစ်ခါများ ခုနစ်လ
ရှစ်လအထိလည်း အကြော် လည်ချောင်းရတာပဲ အစ်ကိုရဲ့၊
ဘာမှ မဖြစ်ဘူး၊ မွေးတဲ့ကလေးလည်း ကျန်းမာပါတယ်၊
ကိုယ်ဝန်ရှိတာ ရောဂါမှ မဟုတ်တာပဲ၊ အင်းဒါပါလေ ...
အစ်ကိုတို့က သူဌေးဆိုတော့ နေတော့ မအိမ်သာဖြစ်တာမျိုး
ဒဏ်မခံနိုင်ဘူး နေမှာပေါ့၊ ကျွန်မတို့တော့ ဒီလောက် ဂရု
စိုက်မနေနိုင်ဘူး အစ်ကိုရေ"

ရတုမှာ ခေါင်းကုတ်ကာ ဘာဆက်ပြောရမည်မသိ။

ဒါပေမဲ့ ... သူ့စိတ်ထဲမှာတော့ ကိုယ်ဝန်ကလေး
ခမ်းကြာဗိုက်ထဲ လွယ်ပိုးထားရသည့် မကြဲကို တအားသနားနေမိ
သာ၊ တစ်ခုခုဖြစ်မှာစိုးမိတာ အမှန်ပါပဲ။ မကြဲ ပြေးလွှားနေလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်မော,နေမိသည်။ အထဲမှာလည်း ကလေးလေးများ ကဆုန်ပေါက် လိုက်လှုပ်ကာ ချာလပတ်မူးနေမလား တွေးမိသည်။ မကြဲ ချော်လဲမှာကိုလည်း စိုးရိမ်သည်။ ဂျင်းဘောင်းဘီရှည် ကျပ်ကျပ် ဝတ်ထားတာကိုပင် သူက မဝတ်စေချင်။

ဒီလိုပြောတော့ မကြဲပင် ဟားတိုက်ရယ်၍ သူ ရှက်ပြီး ထွက်ပြေးရပါသည်။ ရဇာမှာ အချိန်ပြည့် မကြဲအတွက် စိတ်ပူနေကာ ရန်ကုန်ကိုပင် တစ်ပတ်အတွင်း တစ်ရက်ပဲ ဖုန်းဆက်ပါသည်။ အခါများစွာ၌ ခင်မင်းကို သတိမရ၊ မေ့လျော့နေတာ ဝန်ခံရမည်တည်း။ တွေးကြည့်တော့ သူဟာ ငယ်ပေါင်းသက်လေးနှစ်ကျော်၊ ရည်းစားသက် နှစ်နှစ်ကျော် ပေါင်း ခြောက်နှစ်ကျော်၊ ခုနစ်နှစ်နီးပါ သံယောဇဉ်ကြီးခဲ့သည့် ခင်မင်း အပေါ် တစ်ခါမှ သည်းသည်းမလှုပ်ဖူးခဲ့ကာ သူ့ရဲ့ ချစ်သူလည်းမဟုတ် အဆင့်လည်း မတူ၊ ဝမ်းဗိုက်ထဲ သူတစ်ပါးရဲ့ ရင်သွေးကို လွယ်ပိုက်ထားရှာသည့် မိန်းမတစ်ယောက်ကို မိုက်မဲမှန်းသိသိနှင့် အစွဲကြီးစွဲ၊ အချစ်ကြီးချစ်၊ အသည်းကြီးသည်းကာ ရူးရူးမူးမူး ကျွမ်းနစ်နေလေသည်မှာ ဘဝ,ဘဝကပါလာသည့် ဝဋ်ကြွေးပေါ့ မကြဲရေ ...။

•○•





၇

"ဟောဒီမှာ ဒေါ်လေးသား ပါးစပ်ကြီး မစေ့နိုင်တာကို ကြည့်ဦး"

ရှေ့ကို ဘတ်ခနဲ ပစ်ကျလာသည့် ဓာတ်ပုံတစ်ထပ်ကြီးကြောင့် ရတုရဲ့ အမေမှာ လန့်ဖျပ်ကာ ခင်မင်းကို မော့ကြည့်လိုက်ပါသည်။ ခင်မင်း မျက်နှာကလေးမှာ နီးမြန်းနေကာ မျက်ရည်ရစ်ဝိုင်းနေပါသည်။ ခင်မင်း အမေကတော့ ခုန တစ်ကြိမ်ကြည့်ပြီးသားပုံတွေကို ထပ်မကြည့်၊ သက်ပြင်းတွင်တွင်ချပြီး နှမ်း၊ ကြက်သွန်ကြော်၊ မြေပဲတို့ကို လက်ဖက်သားနှင့် ပလတ်စတစ်အိတ်ရှည်လေးထဲ တစ်ကန့်စီ တစ်ကန့်စီ မီးနှင့် ပြန်ပိတ်ထုပ်နေသည်။

ရတုအမေက ပုံအချို့ကို ကောက်ကြည့်ကာ မျက်ခုံးလေး တွန့်သွားရသည်။ ဓာတ်ပုံထဲက ကာယကံရှင်တွေ မြူးမြူး



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်နေကြပုံတွေဟာ ခတ်ပုံကြည့်သူထံကိုပင် ကူးစက်ပါ သည်။ ရတုလည်း ပျော်မြူးနေကာ မကြဲလည်းပဲ သောကကင်း ကင်း လန်းဆန်းနေတာ အသိသာကြီးပင်။

"ဘာပဲဖြစ်ဖြစ်အေ အပန်းဖြေတဲ့ နေရာမျိုးရောက်တော့ လည်း သူသူကိုယ်ကိုယ် စိတ်ကလေး မြူးလာကြမှာချည်း ပေါ့လို့၊ ခင်မင်းကို ပြောနေရတယ်ရှင်၊ ဒီလို ပျော်နေတာကို ပဲ သူ့မှာ ပြောမဆုံးအောင် မရှုဆိတ်နိုင် ဖြစ်နေတာ၊ မကြဲ ကိုယ်တိုင်ကိုက ဒီပုံတွေ ညည်းကိုပေးကြည့်တာ ရှိးသားလို့ပဲပေါ့"

"ရှိးရှိး အမေရာ၊ ဒီလောက်ပဲ ပျော်ရလား၊ အဲဒီ တေ့ကို မုန်းကို မုန်းတယ်"

"ဟဲ့ ... သူ့အမေရှေ့မှာ သူ့သားကို တေ့ ... ဘာညာနဲ့ တော်အေ ခင်မင်း"

"ပြောပါစေအေ၊ ခင်မင်း ခံစားရတာ သဘာဝကျပါတယ် သူ့ရင်ထဲ ဒီလိုပဲ ရှိတော့မပေါ့၊ ဒါပေမဲ့ သမီးရယ်၊ ဒါ သမီးတို့ရွေးခဲ့တဲ့လမ်းပဲကွယ့်၊ ဒီလမ်းမှာ စိတ်ထဲ အဖုအထစ် ဖြစ်စရာ တွေ့သမျှ ခံနိုင်ရတော့မှာပဲအေ့"

"အဓိက,က ညည်းပါ ခင်မင်းရယ်၊ ရတုခမျာ ငြင်းချင် ချင်ပါ၊ ညည်းပဲ တိုက်တွန်းခဲ့တာ၊ ညည်းအများဆုံး တိုက်တွန်းလို့ ဒီလိုဖြစ်သွားရတာပါအေ၊ ခံစားမနေနဲ့ပါနဲ့ ခုပဲ တစ်လနီးပါးရှိပြီ၊ ဆယ်လဟာ ဘာမှ မကြာပါဘူးအေ"





"ရတု စိတ်ယိုင်သွားရင် ဘယ်လိုလုပ်မလဲ အမေရဲ့ ... ဟင်လို့ ... ဒေါ်လေး"

ရတုအမေသည် ခင်မင်းကို ကရုဏာသက်စွာကြည့် ကာ ...

"သမီးပြောတော့ သူဌေးသမီးက သူ့ကို မကြိုက်နိုင်ပါဘူး ဆို၊ အဆင့်ချင်း ဒီလောက်ကွာတာ ရတု စိတ်ယိုင်ရင် ငမိုက်သား နွားမို့ပေါ့ သမီးရယ်"

"မကြဲကလည်း မကြိုက်ရင်သာနေမယ်၊ သူတို့သူဌေးတွေ က အီစီကလီ တတ်ပါဘိနဲ့"

"ဟဲ့ ... ဆင်းရဲချမ်းသာနဲ့ ညည်း အီစီကလီ ဘယ်လို သက်ဆိုင်တုန်း"

"ချမ်းသာတော့ အပူပင်ကင်းတယ်၊ စိတ်ရွှင်တယ်၊ စိတ် ပေါ့ပါးတယ်လေ၊ ဒီလိုကိစ္စတွေမှာ အချိန်ရော၊ စိတ်ပါ ပိုသုံးနိုင်တာပေါ့၊ ဆင်းရဲတဲ့လူတွေမှာ ဝမ်းရေးက အဓိက ဖြစ်နေတာ၊ ရုန်းကန်ရှာဖွေနေရတော့ မခြယ်သအား၊ စိတ်မကစားအား၊ သူတို့မှာပိုနေတဲ့ အချိန်တွေ စိတ်အား တွေ ဒီလိုပဲ သုံးပစ်နိုင်တာပေါ့"

"ညည်းဟာ ဟုတ်သေးပါဘူးအေ၊ ညည်းပြောသလိုဆို သူဌေးသမီး၊ သူဌေးသားတွေပဲ ရည်းစားသနာကိစ္စ၊ လင် ကိစ္စ၊ သားကိစ္စ ရှုပ်နေသလို ဖြစ်နေပြီ"

"ဟုတ်တာပေါ့၊ အမေ မသိလို့၊ အဲဒီလို ခေတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တရားလက်လွှတ် ရမ်းပြောမနေနဲ့၊ ကိုယ်နဲ့ဆိုင်တာပဲ ပြော ခင်မင်း၊ ညည်း ဒီလောက်ဖြစ်နေရင် ရတုကို ဖွင့် သတိပေးလိုက်၊ ဒါပဲရှိတယ်"

"ပေးမှာ ... ပေးမှာ၊ လက်ကို ပါမှာ"

"ကဲ ... ပါ ... ပါ ... ဟိုမှာ လာနေပြီ သူတို့ကားပဲ"

ရတုအမေ စကားကြောင့် ခင်မင်းမှာ မျက်နှာကို အကြောတစ်ရာ တင်းပစ်လိုက်သည်။ လမ်းမဘက် လှမ်းကြည့်လျှင် မကြဲရဲ့ မာ့ခ်တူးကားကလေး တကယ်ပဲ လာနေပါပြီ။ အိမ်ရှေ့ရပ်မှပင် ခင်မင်းသည် ကားပေါ်မှာ မကြဲကို မြင်လိုက်ရကာ မျက်နှာကို တစ်ထစ်ပြီး တစ်ထစ် လျှော့ချပစ်လိုက်ရပါသည်။ မကြဲက ကားတံခါးကိုဖွင့်ကာ ခရင်မ်ကာလာ ဇာအင်္ကျီလေးနှင့် သွက်သွက်ဖြိုးဖြိုး ဆင်းလာပါသည်။ အညိုနုသမင်ဒရယ်ရပ် စိန်မိုက်ကယ်လုံချည်နှင့် ပန်းသိုင်းအိတ်ကိုင်းတို့ အညိုပြောင်ပြောင်ကလေးကြောင့် မကြဲ ပုံသဏ္ဍာန်လေးက ထည်ဝါကြော့ရှင်းနေပါသည်။ ရတုက တစ်ဖက်မောင်းသူနေရာမှ ဣန္ဒြေရရ ဆင်းလာသည်။

"ခင်မင်းရေ ... ကိုယ့်အင်္ကျီ ကြည့်စမ်း၊ မလှဘူးလား ခင်မင်းမြင်ရင် ကြိုက်မယ်ဆိုတာ မကြဲ သိတယ် ... ရော့"

ခင်မင်း လက်ထဲ နိုင်ငံခြားဖြစ် လေးထောင့်အိတ်ကိုင်းတိုတိုလေး ထည့်လိုက်လျှင် ခင်မင်း မျက်နှာထားက အမ်တမ်းတမ်း ဖြစ်သွားပါသည်။





"ခင်မင်းက အသားပိုဖြူတော့ ဒါကြောင့် ခင်မင်းဖို့ ပင့်ခ် ရွေးခဲ့တယ်၊ သုံးသောင်း ပေးရတယ်"

"ဟင် ... ဈေးကြီးလိုက်တာ။ ဒီလောက် ဈေးကြီးတာ ဝယ်ပေးမနေပါနဲ့တော့ မကြဲရယ်"

"ဘယ်ဟုတ်ပါ့မလဲ၊ ဈေးဘယ်လောက်ပေးရ ပေးရ တချို့ ဒီဇိုင်းတွေက ရခဲတာ၊ ခင်မင်းကို ကိုကိုနိုင်က မွေးနေ့ပါတီ တစ်ခု အဖော်ခေါ်ထားတယ်ဆို၊ ဝတ်ရတာပေါ့"

ခင်မင်းသည် အမေနှစ်ယောက်ကို မျက်နှာပူကာ ခိုးကြည့်လိုက်သည်။ ခင်မင်း အမေက ခင်မင်းကို မျက်လုံးပြူးကာ ကြည့်နေသည်။ ရတုအမေကတော့ ရတုကို ဖျတ်ခနဲ လှမ်းကြည့်လေသည်။ ရတုက ခင်မင်းကို အံ့အားတသင့် လှမ်းကြည့်ကာ ဘာမှမပြောဘဲ မျက်နှာလွှဲလိုက်ပါသည်။

"ဟုတ်ကဲ့ ... ဟို ... ကိုကိုနိုင်က အဲဒီပွဲက မိန်းကလေး တစ်ယောက် မွေးနေ့မို့ တစ်ယောက်တည်း မသွားချင်လို့ ဆိုပြီး မိန်းကလေးဖော် ပါချင်တယ် ဆိုတာနဲ့"

"ကောင်းတယ်၊ ကိုကိုက ဘယ်သွားသွား တစ်ယောက်တည်း သွားရတာ ပျင်းတတ်တယ်၊ ခင်မင်းနဲ့မှ အဖော် ရတော့တယ်၊ ကျေးဇူးတင်ပါတယ် ခင်မင်းရယ်၊ ကိုယ်တို့ ခရီးသွားတုန်းလည်း ဘုရားသွားတာ လိုက်ခဲ့ပေးတယ် ပြောပါတယ်"

"ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရတုရေ ... ကားနောက်ခန်းထဲက ပုံးတွေချပေးလေ၊ ခင်မင်းတို့အိမ်လည်း မှုပေးရအောင်၊ ကလေးတွေ စားရတာပေါ့၊ ဒီအိမ်ရှေ့က အရင်ဖြတ်ရတော့ ဒီမှာ အားလုံးလှမ်းတွေ့လို့ ဝင်လာလိုက်တာ၊ အမေ့ကိုလည်း လာကန်တော့ရင်းလေ၊ ဒီအချိန်မျိုးမှာ ဒီဘက်လူကြီးမိဘက မရှိတော့ အိမ်က အဒေါ်ရယ်၊ အမျိုးထဲက ဝါကြီးတဲ့ ဘကြီး၊ ကြီးတော်တချို့ကို လိုက်ကန်တော့လိုက်တယ် အမေ"

မကြဲက အမေဟု ခေါ်သဖြင့် ရတုအမေမှာ ရှက်ကိုးရှက်ကန်းလိုလို ဖြစ်နေကာ ...

"မလိုပါဘူး သမီးရယ်၊ မကန်တော့လည်း ရပါတယ်။ ကန်တော့ချင်သပဆိုလည်း ဘာပစ္စည်းမှမပါဘဲ လက်အုပ်ချီရုံလည်း မွန်မြတ်ပါတယ်ကွယ်"

"ဘယ်ဟုတ်ပါ့မလဲ အမေ၊ ရတုမှာ အမေပဲရှိတာ၊ လာလေ ... ရတု၊ အမေ့ကို ကန်တော့မယ်"

ရတုက မုန့်ပုံးနှင့် အထုပ်တချို့ကို မကြဲ ကြိုတင်စီမံထားသည့်အတိုင်း အမေ့ရှေ့ ချလိုက်ပါသည်။ ခင်မင်းအမေက ကမန်းကတန်း ဖျာတစ်ချပ်ယူကာ ခင်းသည်။ အမေ့ကို ဦးသုံးကြိမ် ချနေသော စုံတွဲကို ခင်မင်း ငေးစိုက်ကြည့်ကာ ရင်ထဲ နိုးလိုးနုလု ဖြစ်နေလေသည်။ ရတုလက်မှ ဦးချလိုက်တိုင်း ပြောင်လက်နေသော ရွှေရောင်စီဒီဇင်နာရီ ပါးပါးလေးကိုလည်း ဖျတ်ခနဲ ကြည့်သည်။





"ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အနာမျိုးကိုးဆယ့်ခြောက်ပါး ကင်းရှင်းကြပါစေ၊ အောင်မြင်တိုးတက်ပြီး ဆထက်ထမ်းပိုး ကြီးပွားချမ်းသာကြပါစေ၊ ကြံတိုင်းအောင်ဆောင်တိုင်းမြောက်ပြီး ဒီလင် ... ဒီမယား ... အဲ ..."

ပေးနေကျဆုမျိုးကို ရွတ်ဖတ်ရင်းက ကိုးလိုးကန့်လန့်တစ်ပိုင်းပြတ်ကာ ရပ်သွားပြီး၊ ရတုအမေခမျာ အမ်းသွားလေသည်။

"ဟင်း ဟင်း ... အမေ ဆုပေးခက်နေပြီ၊ ဒီလင် ဒီမယား ဆယ်လပေါင်းရပါစေပေါ့ အမေရယ်"

"မဟုတ်တာကွယ်၊ အဲဒီလိုကြီးတော့ ပါးစပ်က ပြောမထွက်ပါဘူး။ သမီးတို့ဘာသာ ဘာဖြစ်ဖြစ် ဒီဆု မထည့်တော့ပါဘူး"

မကြဲက သဘောတကျ ရယ်ချသာနေ့ကာ ရတုကတော့ ငြိမ်နေလေသည်။

"ရတုရေ ... အားလုံး တပျော်တပါး စားရအောင် ခေါက်ဆွဲကြော်တို့၊ ထမင်းကြော်တို့ သွားဝယ်ပါလား၊ မကြဲလည်း ဗိုက်ဆာတယ်"

"ဒီနားတစ်ဝိုက်က ဆိုင်တွေက ဘယ်ကောင်းပါ့မလဲ မကြဲ"

"ဘာဖြစ်လဲ၊ ကောင်းပါတယ်၊ ရက်စ်ထရော့န်ထ်နဲ့ တစ်လက်ရာစီပေါ့၊ ဝယ်လိုက်ပါ၊ ခင်မင်းလည်း အဖော်လိုက်သွားပါလား၊ စကားသေချာမပြောဖြစ်ကြတာ ကြာပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မကြဲ စကားကြောင့် တစ်မျိုးတစ်မည် တွေးတောနေသော ခင်မင်း အတွေးတွေ ပြောင်းလဲသွားပါသည်။ သူမတို့နှစ်ယောက်ကို အတူတွဲလွှတ်ပြန်တာကြောင့် မကြဲကို တလွဲမထင်ပဲ့ပြန်ပေ။ ရတုက ခင်မင်းကို တစ်ချက်ကြည့်ကာ "လာ"ဟုခေါ်ဆတ်လိုက်သည်။ ခင်မင်းက အသာအယာ ထလိုက်လာ၏။

"ကားနဲ့သွားနော် ရတု၊ မြန်မြန်ပြန်ရောက်လာအောင်လေ ဒါမှ မြန်မြန်စားရမယ်"

ခင်မင်းနှင့် ရတု ကားရှေ့ခန်း ယှဉ်တွဲဝင်ထိုင်လိုက်တာကို မကြဲက အပြုံးကလေးနှင့် ကြည့်နိုင်အောင် လှမ်းကြည့်သည်။ ကတော့ အင့်နေသည်။ အင်း ... သူမဟာ မတရားလိုက်တာလား။ ခင်မင်း ချစ်သူကိုတော့ လုယူထားရက်ပြီး သူတို့ချင်းစ်ယောက် ပြန်ယှဉ်တွဲ တွေ့ရတာကိုဖြင့် ရင်နင့်နေသည်။

တကယ်တော့ ခင်မင်းကို မကြဲ ကိုယ်ချင်းစာပါသည်။ သို့ပေမဲ့လည်း ခြောက်သွေ့အထီးကျန်သော သူမဘဝထဲသို့ စမ်းရေအိုင်လေးကို ဖွတ်ဆွဲထည့်မိတာ ကျိုးကြောင်းဆီလျော်သည်ဟုပဲ ထင်ပါသည်။ ခင်မင်း ... ရတုကို ချစ်သည်ဆိုတာများဖြင့် မကြဲက တစ်ရေးနိုးခွင့်ပင် ယှဉ်ပြိုင်နိုင်ပါသေးသည်။

ခင်မင်းသည် ကားထွက်ပြီး ခဏအကြာတွင်ပင် ...

"နင်က နာရီအကောင်းစားနဲ့ ကြီးပွားနေပါလား"

"မမြင်ချင်ယောင် ဆောင်စမ်းပါဟာ ရှက်လို့ပါ၊ ငါ ဒါတွေ ဘာမှ လုံးဝလိုချင်တာ မဟုတ်ဘူး၊ မကြဲကိုလည်း





ငြင်းတာပဲဟာ၊ ဒါပေမဲ့ မကြဲက ဒါတွေ ... ဒါတွေနဲ့လိုက်ပြီး ကျေးဇူးဆပ်နေတဲ့သဘော ထင်ပါရဲ့ဟာ၊ နင့်ဖို့မဝယ်ရရင် ငါ့ဖို့ မဝယ်ရရင် ငိုမလို ဖြစ်နေလို့ ဖွတ်မငြင်းဘဲ ငါ လျှော့လျှော့ပေးလိုက်ရတယ်"

"နင်က မလိုချင်ဘူးပေါ့"

ခင်မင်း အသံက ရွဲ့တဲ့တဲ့မို့ ရတု စိတ်တိုသွားပါသည်။

"နင့်လို မှတ်လို့လားဟာ၊ လုံးဝမလိုချင်တာ၊ ဘေးအမြင်မှာ ငါဟာ ဆင်းရဲသားဘဝကနေ သူဌေးမနဲ့ရပြီး ပြောင်ရောင်လာတယ်၊ တောက်ပလာတယ်၊ ရှိုးပြလာတယ်၊ အပြောခံရမှာ တအားရှက်တာပဲဟာ"

"ငါ နောက်တာပါ တုရယ်၊ နင့်ကို ငါသိပါတယ်၊ နင်က ဦးရောင့်ရဲကြီးပဲ၊ ငါသာ မရောင့်ရဲနိုင်တာ၊ ဘာပဲဖြစ်ဖြစ် သုံးသောင်းတန် ဘဲလောက်စ်ရတာ ငါတော့ ပျော်တယ်"

"ဒီစိတ်နဲ့ပဲ ရှူးမယ်၊ နင် ခုတလော ကိုကိုနိုင်နဲ့လည်း သိပ်တွဲနေပါလား"

"နင်ပြောသလောက်လည်း မတွဲပါဘူး၊ အမြဲမှ မဟုတ်တာ"

"မကြာ မကြာတော့ တွဲတယ် မဟုတ်လား"

"သူက ခေါ်တာကိုး"

"သူခေါ်လည်း နင်က လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"နှင်ဟာလေ တော်တော်သဝန်တို၊ မိန်းမရပြီးတာတောင် ဟီး ဟီး"

"ကျွတ် ... ပြောလိုက်ရ၊ မိန်းမ ရရ၊မရရ သဝန်တိုနေတာ မဟုတ်ဘူး၊ စိတ်ပူနေတာ ခင်မင်း"

"ဘာပူစရာရှိလဲ၊ လူတောထဲ သွားတာ"

"သူက လူကောင်းဟုတ်ရဲ့လား"

"ဒါတော့ သိဘူးလေ၊ ခုထိတော့ ကောင်းတာပဲ"

"သူက နှင့်ကို ကြိုက်နေလား"

"သိဘူးလေ"

"ကောင်းကောင်းဖြေဟာ"

"ဘယ်သိနိုင်မလဲ၊ ကောင်းကောင်းဖြေတာပဲဟာ၊ ခုထိတော့ ရိုးရိုးပဲ၊ ကြိုက်တယ်ပြောသံ မကြားပါဘူး"

"သူဟာ နှင့်ထက် အများကြီးပါးတယ်၊ လူရည်လည်တယ်၊ နပ်တယ်ဆိုတာ နှင် နားလည်ထားနော် ခင်မင်း"

"နားလည်ပါတယ်၊ ငါ သူ့အဖော်ခေါ်တာ လိုက်ပေးတာ မကြဲ မျက်နှာနဲ့ပါ၊ သူ့ကိုပါ အလုပ်ရှင်သဘောထားတာ ပါ၊ ခိုင်းတာကို ဆောင်ရွက်ပေးတဲ့ သဘောပဲ ရှိတယ်၊ နှင် မပူနဲ့ ရတု၊ ငါလေ ... ငါ နှင့်ကိုပဲ ချစ်တာပါ"

ရတု ရင်ထဲ နင့်သွားရလေသည်။

"နှင်ကော ... ငါ့ကို ချစ်သေးရဲ့လားဟင် တု"





"နှင်ကလည်းဟာ၊ ဘယ်လိုမေးရတာလဲ၊ နှင့်ကို ငါချစ်ပါတယ်"

ဒါပေမဲ့ သူငယ်ချင်းလို၊ ငယ်ပေါင်းလို၊ ညီမလေးလိုပဲ ဒီလို အချစ်ပဲ ခင်မင်းရေ။ ပျော်ရွှင်ခဲ့ရတဲ့ ချောင်းသာရဲ့ ရက်သတ္တပတ်မှာ ငါ့ရဲ့အချစ်စစ်ကို ငါ ကောင်းကောင်းသိခဲ့ရပြီးပြီ။

"နှင် မကြဲ အပေါ် စိတ်မယိုင်ဘူးလား"

"ယိုင်သင့်သလား၊ မဖြစ်နိုင်တာကို ငါ စိတ်ကူးယဉ်ရင် ငါ ရူးလို့ပေါ့ ခင်မင်းရယ်"

ရတု စကားက ခင်မင်း မေးခွန်းအတွက် အဖြေမဟုတ်ဘဲ သူ့ဟာသူ ညည်းညူခြင်း သက်သက်ရယ်သာ ဖြစ်လေသည်။ ခင်မင်းစကားကို သူ ဘယ်လိုဖြေရပါမည်နည်း။ သူ့စိတ်တို့က ယိုင်ရုံမက ပုံလဲကျိုးကျ မြေခချပြီးပြီပဲ။

"သူကကော၊ နှင့်ကို အရိပ်ကြည့်နေသလိုပဲ"

"သူက ငါ့ကို ကျေးရူးရှင်လို့ သတ်မှတ်ထားတာပဲဟာ၊ ငါ့အကြိုက်ကို အမြဲပဲ လိုက်ဖြည့်ဆည်းနေတယ်"

"ကိုယ့်အကြိုက်ကို လိုက်ဖြည့်ဆည်းနေတဲ့ မိန်းမတစ်ယောက်ကို သံယောဇဉ်မတွယ်ဘဲ ဆယ်လ အနီးကပ်နေနိုင်ဖို့ဟာ လွယ်ရဲ့လား တုရယ်၊ ဟင် ..."

ရတုသည် ဘယ်လိုဖြေရမှန်း မသိ၍ ပြုံး၍သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ပျော်နေလား"

"တာဝန်တစ်ရပ် သဘောပါပဲ ခင်မင်းရယ်"

"နင့်တာဝန်ထဲမှာ ပါးစပ်ကြီးဖြဲပြီး တအားရယ်မောမြူးတူ ဖို့ ပါသလား"

"ဟောဗျာ ... ဘလိုင်းကြီးပါလား"

"မကြီဆီက ချောင်းသာဓာတ်ပုံတွေ ဒီနေ့ ရခဲ့တယ်၊ င ကြည့်ပြီးပြီ"

"အဲဒီပုံတွေထဲ ရယ်မနေလို့ ငိုနေရမလား၊ စကြ,နော ကြနဲ့ ရယ်နေတာပေါ့၊ အဲဒီမှာ မကြီအတွက် နာ့စ်မရလို ခေါ်အိပ်တဲ့မိန်းမ မစိန် ဆိုတာ ပါတယ်လေ မတွေ့ဘူ လား၊ အဲဒီ မစိန်က တကယ့်ကို ဟာသကွ၊ ရယ်ရတယ် သူ ရိုးရိုးနေ ရိုးရိုးပြောတာကိုက ရယ်စရာ ဖြစ်နေတာ မရယ်ဘဲမှ မနေနိုင်တာဟာ ခင်မင်းကလည်း"

"ဩော် ... အဲဒါ မကြီ အဖော်လား"

ခင်မင်း မျက်နှာက အနည်းငယ် ပြန်လည်လန် ဆန်းလာပါသည်။

"နာ့စ်က အလွယ်တကူ မရဘူးလေ"

"မစိန်က အမြဲအတူပါသလား"

"ပါရတာပေါ့၊ မကြီ မူးလဲပြုရင် ဘယ်လိုလုပ်မလဲ၊ သူ နေမကောင်းပါဘူးဆို၊ အားနည်းသူဆိုတော့ ဘာမဆ မကြီ ဖြစ်နိုင်တာပဲ။ ဒါကြောင့် အဲဒီမိန်းမက အမြဲ ဘေး





က တကပ်ကပ် ပါရတာပေါ့၊ နေပူရင် ထီးတော်မိုးပေါ့၊ ဆေးတွေ ဘာတွေတိုက်၊ နင်းနှိပ်ပေး၊ သနပ်ခါးသွေးပေး၊ မကြီကို တကြည့်ကြည့်ပေါ့"

"အင်း ... သူ့ပုံစံကလည်း ရယ်ရသား"

ခင်မင်းသည် တဖြည်းဖြည်း ပြန်၍ ကြည်လင်စ လာသည်။ ပထမတော့ မစိန်ကို ဒီလိုပဲ တွေ့ကြတဲ့ အသိထင် ဘာပင်။ ချောင်းသာက အကြောင်းတွေကို ရတုကို တဝပင်မမေး သေး။ ရတု တစ်ယောက် ပြန်ရောက်ကတည်းက မကြီနှင့် ပြင်ချည်း ထွက်နေကာ လှမ်းနှုတ်ဆက်ရုံသာ တစ်ယောက်နှင့် တစ်ယောက် ဆုံရပါသည်။ စကားသေချာ မပြောရ။

"တု"

"ဟင်"

"အရင်ကလေ နင်နဲ့က တစ်အိမ်ပဲခြားတော့ စကားပြော ဖော်လည်းရ၊ တိုင်ပင်ဖော်လည်းရ၊ ဘယ်သွားသွားလဲ အဖော်ပါ၊ မပျင်းရဘူးဟာ၊ အခု ငါ သိပ်ပျင်းတာပဲ တု ရယ်၊ နင့်ကိုလည်း လွမ်းတယ်"

ခင်မင်းရဲ့ လေသံပျော့လေးကြောင့် ရတုက ခင်မင်း ကို သနားသွားပါသည်။

"ငါလည်း နင့်ကို သတိရပါတယ် ခင်မင်းရယ်"

"အိမ်မှာနေရင် ယောင်ချာချာနဲ့၊ အရင်ကဆို နင်က ဒီကို ကူးချင်ကူးလာ၊ ငါက နင့်ဆီ ကူးချင်ကူးလာ၊ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ ခုမှ ပြန်တွေးတော့ သိပ်ပျော်ဖို့ကောင်းတာပဲ၊ ခေါ်
လေးလည်း တစ်ယောက်တည်း ယောင်ချာချာ ဖြစ်ပုံပဲ
နဲ့ ခဏတဖြုတ် အိမ်မှာပြန်နေလို့ မရဘူးလားဟင်"

"ဘယ်ရပါ့မလဲ ခင်မင်းရယ်၊ လက်ထပ်ရတာကိုက အများ
အမြင် ပတ်ဝန်းကျင်အတွက် လက်ထပ်ပေးခဲ့ရတာပဲ
လက်ထပ်ပြီးမှ ငါက အိမ်ပြန်နေတယ်ဆိုတော့ ဘယ်ဖြစ်
ပါ့မလဲ၊ လူတွေက ဘယ်လိုထင်မလဲ"

"ဒါလည်း ဟုတ်ပါတယ်"

ခင်မင်းလည်း တွေငေးငေးကလေး ဖြစ်နေရှာပါ
သည်။ ရတုကား မိမိကိုယ်ကို အပြစ်ရှိသလိုပင်။ ဘာအပြစ်
တာလဲဆိုတော့ ရေရေရာရာ မပြောတတ်။ ခင်မင်းကို သစ္စာမဲ့
တာကို သူ့ အပြစ်လို့ ထင်တာလား၊ မကြံကို ချစ်မိတာကို အပြစ်
လို့ ထင်တာလား။

ခေါင်ဆွဲကြော်တွေဝယ်ကာ ပြန်လာကြတော့ အိမ်
တွင် မကြံသည် လူတစ်စုလုံးကို ပြုံးပြုံးရယ်ရယ်ဖြစ်အောင် ထိန်း
ထားနိုင်တာ တွေ့ရသည်။ စကားတွေဖောင်ကာ အားလုံးမှာ သူ့
စကားရေယာဉ်ကြော၌ ရွှင်ပျစွာ မျောနေကြသည်။ တော်လည်း
တော်တဲ့ မကြံပေပဲ။ ယောင်နန အမ်းတမ်းတမ်း ရှိကြသော
အမေနှစ်ယောက်ကို နှစ်သိမ့်မှု ပေးနိုင်စွမ်းသည်။

တပျော်တပါး စကားပြောဆို စားသောက်ကြကာ
ဤအဖြစ်ကို အိမ်နီးနားချင်းတို့က တအံ့တဩ တစေ့တစောင်း





ကဲခတ်နေကြလေသည်။ ရတု မိန်းမယူသွားကာ စုံတွဲလိုက်ကြီး
ခင်မင်းတို့အိမ် ဝင်ထွက်ရယ်ရွှင်နေတာဟာ ပတ်ဝန်းကျင်အတွက်
တော့ ဆန်းကြယ်နေပေမည်။ နောင်တစ်ချိန်ကျ ဒီထက်ဆန်းကြယ်
သြကြရဦးမည်ကိုတော့ သူတို့ ကြိုသိမှာ မဟုတ်။

သားဖွားမီးယပ်အထူးကု ဆရာဝန်မကြီးထံ မကြံ
တစ်လတစ်ကြိမ် ပို့ခဲ့ရသည်မှာ နှစ်ကြိမ်ပင် ရှိခဲ့လေပြီ။
တို့ လက်ထပ်ပြီးမှ နှစ်ကြိမ်မို့ နှစ်လ။ လက်မထပ်ခင် အစီ
ဥ်တွေလုပ်နေဆဲကာလ၊ မကြံ ဖွင့်ဟပြောချိန်၌ ရှိပြီးမည့်လ,
ကိုတွက်လျှင် သုံးလကျော် လေးလနီးပါးလောက် ရှိပေမည်။

ရတုသည် မကြံရဲ့ ကိုယ်ကျပ်စပို့ရှပ်အောက်မှ
ယ်လုံးကလေးကို မသိမသာ စွေစောင်း ခိုးကြည့်ရင်း အံ့သြ
သည်။ ဘယ်ဘဝ ဆုတောင်းကောင်းခဲ့လို့များ ကိုယ်ဝန်လေး
လွယ်ထားချိန်၌ပင် ဤမျှ လှပစိုပြည်နေရပါလိမ့် မကြံရယ်။
ကြံသည် စိတ်ချမ်းသာ၍ပဲလား ပါးကလေးဖောင်းကာ ကြည်
င်နုနယ်၍ 'အရင်ကထက်ပင် ပို၍လှလာသည် ထင်သည်။

ခုတော့ ကိုယ်ဝန်ရှိသည်ကို အန်ထီခင်ရော၊ ကိုကို
ပါ သိပြီးလေပြီ။ မကြံက ဖွင့်ပြောတာပင် မကြာသေး။ ဘယ်
ဆိုတာကိုတော့ လက်ထပ်ကာလနှင့်တွက်ကာ မကြံက ကွက်
ပြောထားတာပင်။ အန်တီခင်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မကြီး မျက်နှာလေး နွမ်းလာတယ်ခို့ တော့မိန်းကလေး ထွင်တယ်"

"အရင်က မချောလို့လား အန်တီခင်ရဲ့"

"ပိုလှလာတာ ပြောတာအေ့၊ ညည်းတို့က ယောကျ်ားလေး လိုချင်လား၊ မိန်းကလေး လိုချင်လား၊ ဘယ်လိုလဲ"

"ဘာမှ လိုချင်ဘူး"

"ဟဲ့ ... ပြောပုံကိုက ဘယ်လိုတုံး"

"ပြော...လိုက်စမ်းပါ ရတုရယ်၊ မကြီး မဖြေတတ်တော့ဘူး"

"ဟိုဒင် ... အင်း ... ဟို ... ဘာပဲဖြစ်ဖြစ်ပေါ့"

ဝိုးတိုးဝါးတား လုံးချလိုက်ရပါသည်။ သူနှင့် ဘာ မဆိုင်သော ရင်သွေးကို သူက ဘာကြောင့် အထီး,အမ ခွဲနေ လိုပါသလဲ။ မကြီး ဟန်မပျက်ပေမဲ့ သူက ဟန်ပျက်ရသည် တစ်ခါတစ်ရံတွင် မကြီးနှင့် နှစ်ယောက် စိတ်လိုလက်ရ ငယ်ဘ တွေ တစ်ယောက်ကိုတစ်ယောက် ပြောကြ၊ ရယ်မောကြနှင့် သ စိတ်တွင် သူနှင့်မကြီးဟာ ဟန်ဆောင်လင်မယား ဆိုတာကို မေ့မေ့နေတတ်ပါသေးသည်။

မကြီးကတော့ လုံးလုံးမေ့ထားတာလိုပင်။ မ အမူအရာတို့က ပေါ့ပါးရွှင်ပျလှပါသည်။ တကယ့်လင်မယ တွေလို ရတုကို ယုယုယယ ပြုပြုစုစု ရှိမှုတွေကလည်း တစ် ထက်တစ်ရက် တိုးတိုးလာတတ်ရာ ရတုသည် လူရှေ့သူရှေ့



ခက်၊ မရှောင်ရခက်။ အန်တီခင်နှင့် ကိုကိုနိုင် သံသယမဖြစ် အောင်ဟု အကြောင်းပြခိုင်လုံ၍ မကြီးနှင့်သူ အခန်းခွဲမရပါ။

တစ်ခန်းထဲ အတူနေနေရခြင်း၌ သူရော မကြီးပါ တိုးရှန့်တန့် မဖြစ်ဘဲ နေသားကျနေကြပါပြီ။ နေတတ်ပါပြီ။ တုရဲ့ နေရာကတော့ အခန်းထောင့် ဒရင်းမ်ဘက်ဒ်၌ပင်။ ရင်းမ်ဘက်ဒ်၌ အိပ်ရတာများလာ၍ ရိုးရိုးခုတင်၊ ကြမ်းပြင်တို့ ပင် မအိပ်တတ်သလို ဖြစ်နေပြီ။ ခပ်မမတ်တမတ် စောင်းကာ ခေါက်အိပ်ရခြင်း၌ သူ ကျွမ်းကျင်နေပြီ။

ပထမတော့ မကြီးရဲ့ ဂရုစိုက်မှုတို့၌ သူ အနေကျုံ့ သော်လည်း နောက်တော့ တဖြည်းဖြည်းနှင့် ကိုယ့်ဘာသာလုပ်ဖို့ ရတုက ပျင်းလာသည်။ မကြီး စောင်ထ,ခြုံပေးတတ်၍ စောင် ဘဲ အိပ်ခြင်း၊ မကြီး သွားတိုက်ဆေး ထည့်ပေးထား၍ မကြီးရဲ့ ကမှ ထ,ခြင်း၊ မကြီး အဝတ်အစား ထုတ်ပေးတတ်၍ ကိုယ် ကိုယ် မရွေးချယ်တော့ခြင်း၊ မကြီးရဲ့ ဆရာလုပ်သံလေးတွေကို ည်း နားဝင်ချို၍ သူက နားယဉ်တောင့်တနေတတ်ပြန်သည်။

မကြီးကား တကယ့်လင်မယားသဖွယ် ပိုင်စိုးပိုင်နင်း ဆက်ဆံတတ်သည်။

"ရတုရေ ... ကားထုတ်ဖေ့၊ တကတဲတော် ... မိန်းမအလှ ပြင်တာက အရင်ပြီးတယ်၊ သူ မွှေးရနံ့ကြိုင်သနေတာက မပြီးဘဲ ဖြစ်နေတယ်၊ တော်ရုံရှိုးပေးပါ ကိုလူပျို့ရေ"

www.burmeseclassic.com

www.burmeseclassic.com



ဤစကားမျိုးကို အခန်းပြင်ထွက်ရင်း တောက်လျှောက် တွတ်တွတ် တွတ်တွတ်နှင့် အရသာခံ ပြောသွားလေ့ရှိရာ အိမ်သား အလုပ်သမားတို့ ကြားသာပါသည်။

"သူပဲ ကျစ်ဆံမြီး ကျစ်နိုင်းပြီးတော့"

"လာပါ၊ အချိန်မမီဘဲ နေပါဦးမယ်၊ ဆင်ခြေက နောက်မှပေးပါ၊ အာပေါက်တယ်၊ ကလေးမမွေးခင် ကလေးထိန်းကျင့်နေရသလို ဖြစ်နေဘယ်"

"မကြဲဟာလေ ... နောက်ပိုင်းမှာ အာလူးကို မျှားလာတယ်"

"အိမ်ထောင်သက် ကြာလေ အာလူးများလေ၊ မင်း မသိဘူးလား၊ ဟော ... ကဲ ... သူ့လက်မှာ နာရီမပါပြန်ဘူး၊ သူများမေ့ဖို့ ထားပါဦး၊ အားလုံးမေ့ အကုန်မေ့၊ ကဲ ... ကိုယ်ပဲ ပေါ့ပေါ့ပါးပါး ပြေးယူပေးပါ့မယ်"

အပြေးအလွှားယူကာ ကိုယ်တိုင် အပြေးလာဝတ်ဆင်ပေးလျှင် အန်တီခင်မှာ မဲ့ရွဲ့၍ ...

"ချော်လဲပါ့မယ်အေး၊ ပြုစုလိုက်ပုံက ပျာယာကိုခတ်နေတာပဲ၊ ဘေးကကြည့်ရုံနဲ့တင် မကြဲတို့များ လင်ချစ်မ,ဆိုတာ သိသာနေတယ် ... ဟင်း"

"လင်ချစ်မ,ဖြစ်တာ အရေးမကြီးဘူး အန်တီခင်ရေ၊ လင်ပစ်မ,မဖြစ်အောင် ပြုစုယုယနေနိုင်မှ သင်းတို့က တန်ကာကျတယ်"





ထိုစကား အပြောအဆိုများကြား၌ တစ်ခါတစ်ခါသည် ကိုယ့်ဘဝကိုယ် မေ့လျော့နေတာ အပြစ်ရယ်တော့သာပေ။ သဏ္ဍာန်လုပ် သရုပ်တူတာ မဟုတ်ဘဲ မကြဲရဲ့ပြောအဆိုတို့ဟာ သူ့အပေါ် သံယောဇဉ်ပိုကဲလာသည် ဆိုတာလုံးသားချင်း မြင်တွေ့နားလည်နေကာ ရတု စဉ်းစားရခက်သည်။

မကြဲ တကယ်ပဲ သူ့အပေါ် ချစ်လာသလား။ ရင်းသာ သံယောဇဉ်ပဲလား။ ပင့်သက်ရှိုက်ကာ ဇဝေဇဝါ ရင်မောသည်။ ဘာပဲဖြစ်ဖြစ် သူ့စိတ်ထဲ အေးမြချမ်းသာသည်ကငြင်းမရ။ သူ့ရဲ့တစ်ပြန်စီး ဂရုစိုက်မှုတို့ကတော့ ကျန်းမာရေးဒိုက်ကိစ္စတည်း။ မကြဲသည် နှစ်လစလုံး ဆရာဝန့်ထံသွားရက်ကို မေ့မေ့ထားသည်။

ဟန်းနီးမွန်း ပြန်လာအပြီး တစ်လလောက်ရှိချိန်၌ကို အိုဂျီနှင့်အပ်ဖို့ သူကပဲ စတိုက်တွန်းခဲ့ရတာ ဖြစ်သည်။ သေးသည်ဟု အမိပွားယ်မှဲ့ ဂျီတိုက်ငြင်းဆိုနေခဲ့တဲ့ ရက်ဟာပဲ။ ဖွတ်တရွတ် သူ စီစဉ်မှ မကြဲ အိုဂျီဆီ သွားဖြစ်တာပင်။ အကြိမ်မှာလည်း မေ့တာလား၊ မေ့ဟန်ဆောင်တာလား ရတု တိုက်တွန်းမှပဲ သတိတရ ရှိပြန်သည်။

တတိယတစ်ကြိမ်သို့ ရောက်ရှိလာလျှင်မူ ရတုသည်ကို မျက်မှောင်ကုတ်၍ကို ဇဝေဇဝါ အံ့သြရသည်။

"မကြဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး"

"မကြဲ ဗိုက်က ခုထိမပူပါလား၊ ဒုတိယတစ်ကြိမ်ပြတုန်းက တွက်ကြည့်ကြတာ လေးလလောက်နီးပါးဆို၊ ခုပဲ ငါးလလောက်ရှိပြီ၊ ဟုတ်သေးရဲ့လား။ ဆရာဝန်မကြီး သေချာစမ်းရဲ့လား၊ အထဲကဟာ ကြီးထွားလာရဲ့လား"

"မပိုပါနဲ့၊ ဆရာဝန် ပိုနားလည်ပါတယ်"

"ဟုတ်ပါတယ်၊ ဗိုက်က ချပ်နေလို့ စိတ်ပူလို့ပါ၊ မကြဲက ရှိုးထုတ်ချင်နေတာနဲ့ ကိုယ်ကျပ်တွေဝတ်ပြီး ထဘီကိုလည်း ဆွဲတင်းဝတ်နေတာကိုး"

"ထဘီကို လျော့လျော့ မဝတ်တတ်ပါဘူးကွာ"

"ဒါပေမဲ့ ကိုယ်က ရိုးရိုးမဟုတ်ဘူးလေ၊ မကြဲ သိပ်ဆွဲဝတ်လို့ ဗိုက်တအားချပ်တာပေါ့၊ နို့မို့ ပူနေရမှာ"

မကြဲ ရှက်စနိုးဖြစ်ကာ ...

"သူ့ဟာသူ သိပ်မပူတာ ဘာတတ်နိုင်မလဲ"

"အင်္ကျီချောင်ချောင်ပွပွ ဝတ်ဗျာ၊ ဒါပဲပြောမယ်"

"သူ့အပူကျနေတာပဲ"

"ခင်ဗျားအပူမို့ ပြောနေရတာ"

"သွား"

ရတု တိုက်တွန်းမှုပဲ မကြဲသည် တီရှပ်ပွ၊ ရှပ်အင်္ကျီပွ၊ ဘလောက်စ်ပွများကို ဝတ်ဆင်လာပါသည်။ အန်တီခင် ထ... ထည်ပြီးတစ်ထည် ဝယ်ဝယ်လာနေသော ဗိုက်ဖုံးအင်္ကျီတို့ကို...





အားမပေးသေး။ ရှက်သည့်ဆိုသည်။ တတိယအကြိမ် ဆရာဝန်ခန်းမှ မကြဲ ထွက်အလာတွင်မှ ...

"မကြဲ ... ဆရာဝန်ကို ကျွန်တော်ရော ခဏတွေ့လို့ရလား"

"ဘာလုပ်ဖို့လဲ"

"ဗိုက်ပြားကပ်နေတာ သေချာပြမလို့"

"အို ... နေစမ်းပါ၊ အင်္ကျီနဲ့ပဲ သူ တွေ့ပြီးတော့ သူ သေချာတွေ့တာဖြင့် မဟုတ်ဘဲနဲ့ ဗိုက်လှန်ကြည့်ရင် ပူတာပဲဟာ"

"ဟုတ်ရဲ့လား"

"ဩော် ... ဒုက္ခပါပဲ၊ သူ ဘာမှမသိဘဲနဲ့ နေရာတကာ ပါချင်တယ်"

"ကျွန်တော် ဒီကိစ္စတစ်ခုပဲ ပါတာပါ၊ မကြဲကို စိတ်ပူလို့ဟာ၊ ဝိတ်ချိန်တော့ ဝိတ်တက်ရဲ့လား"

"တက်ပါတယ်ကွာ၊ တကတဲ"

"နွားနို့သောက်၊ ငှက်ပျောသီးစားရမယ်။ အားရှိပြီး ထွားတာ မြန်ဆန်ဖွံ့ဖြိုးလာအောင်"

"တော်ပါတော့၊ မကြိုက်ဆုံးနှစ်မျိုးမှ ရွေးပြောသလားမှတ်ရတယ်၊ အချိန်တန် နွားပိန်ကန်လိမ့်မယ်၊ မင်း ဘာမှမပူနဲ့"

မကြဲသည် ဆေးခန်းအသွားအပြန်တို့တွင် လောလောဆယ်... ခပ်သုတ်သုတ် ခပ်မြန်မြန် လုပ်လေ့ရှိသည်။ ပြီး၊ပြီးရော။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ဝန် သူပြနေတာကို သူ့ကိုစွမပဟုတ်သည့်နှယ်။ မ
မှာ သူများဆရာဝန်ပြတ်ာဆိ အဖော်လိုက်လာပုံနှင့် တု
ဖျတ်လတ်နေသည်။ ဒါကို ရတု သဘောမကျ။ ဘယ်အချ
လဲ,မလည်း၊ ဘေးမှလက်တကာကာ ဖေးမကာကွယ်နေ
ဆေးခန်းမှ စာရေးမ၊ နာ့စ်မတို့ ရတုကို ကောင်းကောင်း
ကာ ကျိတ်ဟားတတ်သည်။

"ယောကျ်ားက ချစ်တယ်နော်၊ မထိရက်၊ မကိုင်ရက်
လဲမှာစိုးလို့ ဂရုစိုက်တာတောင် လက်ကိုင်ပြီး မ
ဘဲ ဘေးကနေ လက်ကိုကာပြီး ကာဆီး ကာဆီးနဲ့
ကို နောက်စရာ"

ရင်းနှီးသော နာ့စ်က ဖွင့်၍ ရယ်သွမ်းသွေ
ရတုကလည်း တကယ်ပဲ ဘေးကမြင်လျှင် သည်းသည်ထင်
တကယ်ပဲ ကာဆီး ကာဆီး လုပ်နေတတ်ရာ မကြဲမှာ လမ်း
ရတာပင် ခရီးမတွင်။ ရှမ်နေသည်။ သို့ပေမဲ့ ဤမျှ စိုးရိမ်
ဂရုစိုက် စောင့်ရှောက်မှု၌ ဂုဏ်ယူမော်ကြွားက မကြဲ ကျေ
ပါသည်။

လက်ထပ်တာ သုံးလကျော်၊ ကိုယ်ဝန်က
လောက်မှန်းရသော ကာလ၌မူ မကြဲ၏ ပွတတအင်္ကျီအော
ဗိုက်ကလေးသည် ရှုဖောင်းလာသယောင်ယောင်၊ ရတုသည်
ကောင်း၍သာ အင်္ကျီစကို ဗိုက်မှာသွားကပ်ပြီး မကြည့်
လည်း တစ်ခါတစ်ရံ လေတိုး၍ အင်္ကျီပွပွ အစကလေး





ကိုယ်လုံး၌ကပ်လျှင် သူသည် ရင်တထိတ်ထိတ် စောင့်ကြည့်မိတတ်သည်။

မကြဲကလည်း ဘယ်သောအခါကမှ သတိမလစ်။ ရှက်စနိုးပုံနှင့် အင်္ကျီစ ကိုယ်မှာကပ်သည်နှင့် ချက်ချင်းဆွဲကာ ခွာဟပစ်လိုက်သည်။ တစ်ချက်မှ မမေ့။ သူ့မှာ မထင့်တထင်၊ မထိတထိကလေး လှစ်ခနဲလောက် မမြင့်သလို မြင်သလို မြင်ရကာ သေချာရဲ့လားဟု ရင်တထိတ်ထိတ်တုန်ကာ ဝမ်းနည်းဝမ်းသာ ဖြစ်နေမိတတ်လေသည်။

မကြဲရယ် ...။

ကျွန်တော်တို့ နှစ်ယောက်ရဲ့ ရင်သွေးအစစ်ကလေးသာဆိုလျှင် ဘယ်လောက်များ ကောင်းမလဲနော်။ ကျွန်တော် သိပ်ပျော်မိမှာပဲ။ မကြဲကို ချစ်လွန်းရတဲ့အတွက် မကြဲက မွေးလာမဲ့ ကလေးလေးကိုလည်း ကျွန်တော် သိပ်ကိုချစ်မှာပဲ။ ကျွန်တော်နှင့် ဘာမှမဆိုင်တာ သိသိကြီးနဲ့တောင် မကြဲရဲ့ ဝမ်းဗိုက်ရှုဖောင်းပုံ့ပုံ့ကလေးအတွက် ဤမျှ ဝမ်းနည်းဝမ်းသာ ရင်ခုန်မိလျှင် ကျွန်တော့်တစ်ဦးတည်းပိုင် ဖြစ်ခဲ့ရရင် ဘယ်လောက်များ ကျွန်တော် ရူးလိမ့်မလဲ။

ဗိုက်ကလေး နည်းနည်းလေးပူလာသည် ထင်တာကြောင့် ရတုရဲ့ ဂရုစိုက်မှုတို့မှာ ဆ,ထက်ထမ်းပိုး တိုးကာလာလေသည်။ တစ်ပတ်တစ်ကြိမ် ရတုတို့အိမ် သွားနေကျကို ရတုကိုယ်တိုင်က နှစ်ပတ်တစ်ကြိမ်သို့ ရွှေ့လိုက်သည်။ မကြဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းများများ မထွက်စေ။ လမ်းကြမ်းရပ်ကွက်ဆို ပိုမသွားစေလို သဖြင့် ကိုယ့်အိမ်ကိုပင် နှစ်ပတ်တစ်ခေါက်သာ ရောက်တော့ ကြည့်။

ရတုတို့လမ်းက ကြမ်းသည်။ ခင်မင်းက တစ်ပတ် တစ်ခါ မရောက်တော့တာအတွက် စကားနာထိုးလျှင် ...

"လမ်းကကြမ်းတယ်ဟ၊ ကားဆောင့်တော့ မကြဲအတွက် မကောင်းလို့ပါ၊ လာစေချင်ရင် လမ်းပါချောအောင် ပြင် ပစ်မှဖြစ်မယ်၊ ဟား ဟား"

ထိုအခါ ခင်မင်း အတော်ဒေါသထွက်တတ်ပါသည်။

"ဒီရပ်ကွက် ဒီလမ်းက နင် ကြီးပြင်းခဲ့တဲ့ ရပ်ကွက်နဲ့ လမ်းပါဟဲ့"

"ငါ ဘာပြောလို့လဲ ခင်မင်းရယ်"

"ကားထဲမှာ ကူရှင်အိအိနဲ့ အဲကွန်းနဲ့ပဲ စီးရဖန်များတော့ သူဌေးလေသံပေါက်လာလို့ အမြင်ကတ်လို့ပေါ့ဟဲ့၊ လမ်း ကြမ်းတာကို စကားလုပ်ပြောရအောင်ပဲ၊ နင် ... ဘဝမေ့ ပြီလား တု"

"ငါ့အတွက် တစ်ခွန်းမှ မပါဘူး ခင်မင်း၊ မကြဲ အတွက် ပြောနေတာပါ"

"ကားအဆောင့်တောင် မခံနိုင်လောက်အောင် မကြဲအတွက် နင်က သည်းသည်းလှုပ်နေပလား"

"သူက မိုက်နဲ့လေဟာ၊ နင်ကလည်း"





"နင် ပိုလွန်းနေပြီ၊ သိရဲ့လား၊ ငါတို့လမ်းထဲမှာ ကိုယ်ဝန် သည်တွေမှ တစ်ပုံကြီး၊ လမ်းကြမ်းကို အဆောင့်ခံရတာ တင်မကဘူး၊ ဘတ်စ်ကားတောင် တိုးစီးရတယ်၊ ဘာမှ မဖြစ်ဘူး၊ တိန်တိန်ကိုမြည်လို့၊ အေးပါဟာ၊ နင့် မကြဲ မိုက်ဆောင့်ရင် မလာပါနဲ့ ရတယ်"

ခင်မင်း ဝမ်းနည်းနာကြည်းသွား၍ သူ ပျာပျာသလဲ ချော့ရပါသည်။ သူ ခင်မင်းကို လျစ်လျူရှုလို့မရပါ။ တစ်ချိန်မှာ လက်ထပ်ရမှာပဲ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ခင်မင်းကို သူ လက်ထပ်ဖို့တော့ သူ ဆုံးဖြတ်ချက် မပြင်ပါ။ ခင်မင်းကို လက် ထပ်တော့လျှင် သူဟာ သစ္စာမဲ့သူလည်း ဖြစ်မည်။ ခင်မင်းကို လည်း သနားဖို့ ကောင်းလှသည်။ ဒါ့အပြင် မကြဲလူ ပြန်လာ လျှင် သူနှင့် ခင်မင်း လက်ထပ်ပြီးနေခြင်းက အရာအားလုံးအတွက် အားလည်လက်ခံနိုင်စရာ ပိုအဆင်ပြေပါသည်။

အားလုံးကွယ်ရာ၌မူ သူသည် မကြဲကို တစ်ခုက လေးမှ အမှားမခံဘဲ အရိပ်ကြည့်လျက် ဂရုစိုက်ပါသည်။ သူ့မျက်စိ ထဲမှာ မကြဲ ကလေးတစ်ယောက် ကိုယ်ဝန်ဆောင်နေရတာကို သနားကြီး သနားနေမိပါသည်။ သနားစရာ မဟုတ်ပါဘူးရယ် လို့ ဆိုကောင်း ဆိုသူရှိမည် ဖြစ်သော်လည်း သူ မကြဲကို ချစ် မြတ်နိုးမှုဟာ တစ်ခါတစ်ရံ၌ ဖျူစင်လေးနက် နက်ရှိုင်းလွန်းလှ သေး၍ မိခင်က သားကိုချစ်သော အချစ်မျိုးပင် ဆန်ချင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့အတွက် မပါဘဲ ချစ်ခဲ့ရတာဟာ ရတု အ[..] နိုင်လုံးသေချာနေသည်။ သူတစ်ပါးရဲ့ ကိုယ်ဝန်ကို အ[..] လက်ထပ်ပြီး စောင့်ရှောက်နေရပေမဲ့ ဤကိုယ်ဝန်သည်မိ[..] သူ အင်မတန်မှ အကြင်နာကြီးစွာ ချစ်နေတာက သူ့ရဲ့[..] ကင်းမှုကို ပြသနေတာပင်။ သူ့အတွက်ဆိုတာ ဘာမှစဉ်း[..] မရှိ။ သို့သော်လည်း ရတုသည် မကြွဲကို အသက်တမျှ ချစ်[..] သည်။

"ခုတလော မကြွဲ ဗိုက်ထွက်လာသလိုပဲ၊ သိသာ[..] တယ်"

အန်တီခင်တို့လည်း ရိပ်မိလာပါသည်။ မ[..] ရှက်စနိုး စပ်ဖြဲဖြဲ ဖြစ်နေသည်။ ကိုကိုနိုင်က အစ်ကိုမို့ အ[..] အလေးအနက် မလုပ်ပေမဲ့ အန်တီခင်မှာမူ အတော်သဘော[..] သွားပါ ရင်ခုန်နေသယောင် ရှိတော့သည်။

"ငါပြစမ်း၊ ငါ ကြည့်ချင်တယ် မကြွဲရဲ့"

"အို ... ပေါက်ပေါက်ရှာရှာ၊ မပြပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ရှက်စရာကြီး အန်တီခင်ရာ"

"ဟဲ့ ... ဘာရှက်စရာရှိသလဲ မကြွဲရဲ့၊ ငါ ကြည့်ချ[..] ဗိုက်က အလယ်က ပူသလား၊ ချွန်သလား၊ ဝိုင်း[..] မှန်းစမ်း"





"အို ... မရဘူး"

မကြွဲမှာ စားပွဲပတ်ပြေးနေသည်။

"ဟဲ့ ... လဲပါ့မယ် မကြွဲရယ်၊ ညည်းနယ် ကိုယ့်အဒေါ် တောင် ဗိုက်ပြဖို့ တွန့်တိုနေတာ"

"ရှက်လို့ပါလို့ ဆိုနေမှ"

"ခု ဘယ်လောက်လဲ၊ လေးလထဲပေါ့ ဟုတ်လား၊ အပျို ဗိုက်အတွက်ဆို ညည်းဟာက ပူတယ်၊ ဟဲ့ ... သိပ်ထွား သလား မသိဘူး၊ ယောကျ်ားလုပ်တဲ့သူကလည်း ချော့ကျွေး လိုက်ရတဲ့ ငှက်ပျောသီး၊ ကြက်ဥ၊ နွားနို့၊ ကြည့်လည်း လုပ်ကြဦး၊ အဒေါ်လုပ်တဲ့သူကိုလည်း ဗိုက်ကိစ္စ ဘာမှ သိပ်မတိုင်ပင်၊ အေးလေ ... တိုင်ပင်လည်း ငါက အပျို ကြီးပဲ၊ ဘာမှ သိပ်သိတာတော့ မဟုတ်ပါဘူး"

မကြွဲ တစ်ယောက်ဟာ သူ့ဗိုက်ကို တိုလှတာတော့ အမှန်ပင်။ အန်တီခင် လက်နှင့်ကိုင်မှာကိုပင် ရှက်တာရယ်၊ ယားတာရယ် အကြောင်းပြကာ ရှောင်ရှားတတ်မြဲ။ ကြည့်ခွင့်က တော့ တစ်ဦးမှမရ။ အိမ်သားတွေကလည်း အန်တီခင် တစ်ယောက် ကလွဲလျှင် မကြွဲ ဗိုက်ကလေးကို ကြည့်ရမည့်သူမှ မရှိဘဲ။ ကိုကို နိုင်ဆိုတာကလည်း အစ်ကို။ ရတုကလည်း အများအမြင်နှင့် မဆိုင်ဘဲ ဟန်ဆောင်ယောကျ်ားမို့ မကြွဲရဲ့ဗိုက်ကို ကြည့်ဖို့အားလို ကိုင်ခွင့် ထိကြည့်ခွင့်တောင် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"မကြဲ ... ခင်ဗျား ဆရာဝန်မကိုတောင်မှ သေချာပြရဲ့လား ဗျာ"

"အို ... ဆရာဝန်မတော့ မပြလို့ ရမလား ရတုရဲ့"

"ဒီလ သွားပြတာဆိုရင် ကျွန်တော့်ကို ဆေးခန်းထဲတောင် လိုက်ခွင့်မပေးဘဲ ကားထဲ ထိုင်နေရစ်ခိုင်းတယ်၊ ကျွန်တော်က အခွင့်အရေး မရှိလို့သာ၊ ရှိရင် ဆရာဝန်ကို ကိုယ်တိုင် ဝင်တွေ့ချင်တာ"

"မပိုပါနဲ့၊ အသာနေစမ်းပါ ရတုရာ"

"ကားထဲ ထိုင်ရစ်ခိုင်းတာက ဘာကြောင့်လဲ"

"အိုး ... ဘာဖြစ်ဖြစ်ကွာ၊ အမေးအမြန်း မထူနဲ့၊ ဒီကိစ္စနဲ့ မင်း ဘာမှမဆိုင်ဘူးလို့ မှတ်ထားပြီး ရှင်းရှင်းနေကွာ"

မကြဲသည် တမင်တကာပင် ရတု သိပ်စွက်ဖက်ရဲတင်းမလာအောင် ပိတ်ပြောပစ်တာပင်။ ရတုမှာတော့ ဤစကားကြောင့် အတော်ဝမ်းနည်း နာကျင်ပါသည်။ မကြဲကို တအံ့တသြ ဝမ်းနည်းသလို စူးစိုက်ကြည့်နေကာ ဘာမှမဆက်တော့ဘဲ ငြိမ်နေလိုက်ပုံကြောင့် မကြဲက စိတ်မကောင်းဖြစ်ရပြန်ပါ၏။ ရတုရဲ့ ဂရုစိုက်ပွပင်မှုတွေဟာ ရင်ထဲ အသည်းထဲက တကယ်လာတာ မကြဲလည်း ရိပ်မိသားပဲ မဟုတ်လား။

"ရတုရယ် ... မကြဲကို စိတ်မဆိုးပါနဲ့နော်၊ ရတု သိပ်ဂရုစိုက်နေတာ တွေးမိရင် ကိုယ်ဝမ်းနည်းစိတ်မကောင်းမိလို့ပါ၊ မကြဲအပေါ် ရတု သိပ်ကောင်းတာကို ခံစားနေရတာ





ရင်ထဲ ဘယ်တော့မှမချိပါဘူး၊ တကယ်တော့ မကြဲက ရတုရဲ့ ဂရုစိုက်မှုနဲ့ မထိုက်တဲ့သူ မဟုတ်လား၊ ပြီးတော့ မကြဲ ရှက်လည်းရှက်လို့ပါ ရတုရယ်၊ စိတ်မဆိုးနဲ့နော် ... နော်"

ထိုအခါမျိုး၌ ရတုသည် စိတ်ပြေလိုက်ရကာ ဘယ်တော့မှ ဖွေမယူနိုင်ပြန်ပါ။

✦ ○ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၈

ခင်မင်းနှင့် အပြင်ထွက်ဖြစ်သည်ဆိုတာ ရတုမှာ လုံးလုံးမရှိတော့တာ လက်ထပ်ပြီးကတည်းကပင်။ ခင်မင်း အလုပ်ဆင်းနေရတာက ဒီခြံထဲကိုပဲမို့ တွေ့ရ နှုတ်ဆက်ရရုံသာ ရှိသည်။ တစ်ခါတစ်ရံ ခဏတဖြုတ် စကားပြောဖြစ်ရုံကလွဲ၍ ခင်မင်းကို သူ အချိန်မပေးဖြစ်။

ခင်မင်းစိတ်ထဲ၌ ဤအချိန်တွင် သောက စတင်ပြီ ဖြစ်လေသည်။ လက်ထပ်ခဲ့တာ ငါးလရှိခဲ့ပြီမို့ ရတုကို မကြံထံပေးအပ်ထားရသည့် အချိန်ကာလဟာ ကုန်ဆုံးဖို့ရာ တစ်စတစ်စ နီးကပ်လာခဲ့သည် ဖြစ်ပေမဲ့ တစ်နေ့ထက်တစ်နေ့ ခင်မင်း မျှော်လင့်ချက်တွေ ပျော်ရွှင်စွာ တောက်ပမလာ၊ မကြံရဲ့ ဆက်ဆံပုံတွေကို အဝေးက မြင်တွေ့နေရရုံနှင့်ပင် မကြံဟာ ရတုအပေါ် အထူးအရေးပေး ဂရုစိုက် တဖူးဖူးမှုတ်ထားတာကို မြင်ယောင်ခံစားနေရသည်။





ရတုအမေကို သူမ ပထမညှိနှိုင်းထားသည့် ငွေသိန်းဆယ်နှင့် မဆိုင်ဘဲ လစဉ်ထောက်ပံ့ ကန်တော့နေတာ၊ ပထမ ဆိုင်လေးလိုလိုကနေ ကားဂိုဒေါင်အရွယ် ဆိုင်ခန်းသေးသေး ဆောက်ကာ စတိုးဆိုင် အသေးကလေး တည်ထောင်ပေးလိုက် ရတုအမေဟာ ဤဆိုင်ဝင်ငွေအပြင် လစဉ် ကန်တော့ခံရ ငွေနှင့်ပါ ပေါင်းလျက် ပြောင်ပြောင်ရောင်ရောင် ထည်ထည် လေး ဖြစ်လာတာ၊ ရတုတို့ အိမ်လေးရဲ့ဧည့်ခန်းထဲ ဆက်တီ စ်လေးတွေ ရောက်လာတာ၊ ရတုလက်ထဲ ဟန်းဒ်ဖုန်းကိုင် တာ၊ ရတုဟာ အရင်လိုမဟုတ်ဘဲ ဆံပင်တိုတို သပ်ရပ်နှင့် င်းမွန် အထက်တန်းကျသော အဝတ်အဆင်ကြောင့် ရှိရင်းစွဲ သန့်ပြန့်ခန့်ညားလာတာ၊ တိုက်ထဲ အဲကွန်းထဲနေပြီး ရတု ား အရေတွေပင် ဝင်းဖြူစိုလက်လာတာ။

အားလုံး အားလုံးကို တစ်ဆင့်ပြီးတစ်ဆင့် မြင်နေ အားလုံးဟာ အကောင်းဘက်က တိုးတက်ပြောင်းလဲမှု ဲ ဖြစ်ပါလျက် ခင်မင်း အတွက်တော့ ပျော်စရာမဟုတ် ပေ။ တဖြည်းဖြည်း စိုးရိမ်စရာသာ ဖြစ်ဖြစ်လာသည်။ ဟာလည်း ကိုယ်ဝန်ဆောင်သာဆိုရ၊ ဗိုက်ကလေး နည်းနည်းပူ ာကလွဲလျှင် အရင်ကထက် ပို၍စိုပြည်လှပလာသေးတာမို့ တာန်မှ ကြည့်လို့ကောင်းလွန်းနေပါသည်။

အမြင့်တစ်နေရာမှ ရတု ပြန်လည်ခုန်ဆင်းလာဖို့ ာကို အတော်မယုံရဲအောင်ပင် ခင်မင်း ချောက်ချားနေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ အမည်ကို နှုတ်ဖျားမှ မချစတမ်း အရိပ်ကြည့် ဂရုစိုက်နေသော မကြဲမှာ ခင်မင်းနှင့် ပတ်သက်၍တော့ ဝန်တိုမှုကို မပြပေ။ ဒါဟာ တကယ်လား ပညာသားလား ဆိုတာ ခင်မင်း နားမလည်။ မကြဲရဲ့ ကိုယ်ဝန်တစ်ခုကိစ္စကလွဲလျှင် သူတို့စုံတွဲဟာ အင်မတန် အားကျဖို့ကောင်းသည့် တင့်တယ် ကျက်သရေရှိသော စုံတွဲတစ်တွဲ ဖြစ်နေသည်။

ခင်မင်းဘက်က ပြောင်းလဲမှုများကတော့ ...။

ခင်မင်းသည် ည,မနက် ဆိုင်မှာစားရကာ မကြဲထံမှလည်းကောင်း၊ ကိုကိုနိုင်ထံမှလည်းကောင်း၊ စားကောင်းသောက်ဖွယ်များ စားရလွန်း၍ ဆိုင်ပိတ်ရက် အိမ်မှာထမင်းမစားနိုင်အောင် ပါးစပ်အကျင့် ပျက်လာသည်။ ဟင်းဝယ်စားရာက ဒီထက်ပိုကာ ထမင်းပါ ဝယ်စားရသည့်အဖြစ် ပြောင်းလာသည်။ အိမ်ကဆန်ကို ခင်မင်း မျိုမကျနိုင်တော့ပေ။ ထိုသို့သော ခင်မင်းကို အမေသာမက ဘာသိဘာသာ နေတတ်သော အဖေပင် မျက်မှန်းကျိုးလာသည်။

"ဒီထမင်းထုပ်က ဘာလဲ"

"ခင်မင်း ဝယ်လာတာ၊ သူ့ဖို့"

"ထမင်း မလောက်လို့လား"

"လောက်ပါတယ်တော်၊ အိမ်ကဆန် ညံ့လို့တဲ့"

"ဘာ ... မင်းသမီးက ဒီလိုဖင်ခေါင်းကျယ်နေရအောင် သူက ဘာမို့လဲကွ၊ မင်းကိုက ခွင့်ပြုထားတော့ အကျင့်က





ပျက်လာပြီ၊ တစ်အိမ်တည်းနေပြီး မိသားစုနဲ့ မိဘနဲ့ သူက လူတန်းစား ကွဲနေရအောင် ဘယ်လိုဖြစ်နေရတာလဲ၊ အမြင်ကကတ်လာပြီ"

"သူက အိမ်ထမင်းစားနေမကျတာ ကြာပြီကိုးတော်"

"ဘယ်လောက်ကြာကြာ၊ မိဘအိမ်မှာတော့ မိဘစားနိုင်တဲ့ ထမင်း စားရမှာပဲ၊ မစားနိုင်ဘူး ဘာဘူးနဲ့ ဒါ စိတ်ဓာတ်ပျက်စီးတဲ့ လမ်းစကွ၊ ဒီထမင်း သူ တစ်သက်လုံး စားလာတာ၊ ထမင်းမစားနိုင်ရာကနေ တဖြည်းဖြည်း တခြားကိစ္စရပ်တွေပါ စိတ်ဓာတ်ပျက်စီးလာမယ်၊ ပြီးရင် လူပျက်စီးဖို့ပဲ ကျန်တော့တယ်၊ ရုံးအုပ်သမီးတဲ့၊ ဝတ်စားထားတာ ဘယ်က သူဌေးသမီးလဲ မှတ်ရတယ်၊ လုပ်တော့ စားသောက်ဆိုင်မှာ၊ လူတွေ ဘယ်လိုထင် ဘယ်လိုပြောကြမယ်ဆိုတာ တွေးကြည့်စမ်း"

"ရှင့်သမီး ရိုးပါတယ်တော်"

"ဘယ်သူမှ ရိုးတယ် မယုံဘူး၊ ငါတောင် မယုံဘူး၊ ငါ တစ်ကြိမ် နှစ်ကြိမ်ရှိပြီ၊ မျက်စိနဲ့တပ်အပ် တွေ့တွေ့နေတာ၊ အကောင်တစ်ကောင် ကားပေါ်မှာ ပါနေတာ မင်းသိရဲ့လား"

"အလုပ်ရှင်ရဲ့ အစ်ကိုပါတော်"

"အလုပ်ရှင်အစ်ကို ဖြစ်တာနဲ့ပဲ သူတော်ကောင်းစာရင်းဝင်ရောလားကွ၊ ဆံပင်စည်းငေါက်တောက်နဲ့ ဗမာမပီတ



www.burmeseclassic.com

www.burmeseclassic.com



သလိုပုံမျိုး၊ မျက်စိထဲ အချိုးကိုမကျဘူး၊ ဘဝမေ့တဲ့ဟာ
အထိနာတတ်တယ်ကွဲ၊ မအေဖြစ်ပြီး မဆုံးမတတ်ဘူး
လက်ဆောင်တွေရတာ မှိန်းပြီး ရောကျေနပ်နေတဲ့မအေ
"အို ... ဒါတွေက မကြဲ ပေးတာရှင့်၊ မဆိုင်ဘူး"
"ဒီ မကြဲလည်း ဘာမို့လဲ၊ ရတုနဲ့ကီစ္စကြီး တစ်ခုလုံး
ပြီးမှာသိရတယ်၊ ပထမ ရှီးတိုးရိုတ်တိုတ်နဲ့ ဖုံးထားတာ
လုပ်ပုံက မာကျပ်ရှုပ်တွေ၊ လျှာမြက်မပါက်ပါစေကွဲ၊ ရှင်းရှ
ပဲ နေချင်တယ်၊ ပြီးရင် မင်း,သမီးက တစ်ခုလပ် ရတု
ပြန်ယူဦးမယ်၊ ဘာတွေလဲ၊ သိက္ခာမဲ့ ဣန္ဒြေမဲ့တဲ့ ကိစ္စတွေ
ငါ စောင့်ကြည့်နေတာနော်၊ ဘေးထွက်နေတယ် မထင်
မျက်စိထဲ မှားလို့ကတော့ ခင်မင်းရော၊ ရတုရော၊ နင်
သူဌေးမရော ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ငါနဲ့တွေ့မှာ
"အို ... ရှင်ကလည်းလေ"

ဤအဖြစ်အပျက်မျိုးမှာ ခင်မင်းတို့အိမ်၌ အဖြစ်
လာသည်။ တစ်ခါတစ်ရံ၌ ကိုကိုနိုင် အဖော်ခေါ်ရာသို့ ခင်မ
လိုက်ပါမိသည်မှာ ကိုကိုနိုင်ကို အားနာ၍ဖြစ်သည်။ တစ်ခါတင်
၌မူ သူတို့မောင်နှမရဲ့ အပေးရက်ရောသော လက်ဆောင်တို့ကြော
ဖြစ်သည်။ တစ်ခါတစ်ရံမူ ခင်မင်းသည် မသိစိတ်ရဲ့ အစွဲ့တိုက်
တစ်မျိုးနှင့် တမင်တကာကိုပင် လိုက်ပါသွားတာ ဖြစ်ပါသည်

ကိုကိုနိုင် ခင်မင်းကို စိတ်ဝင်စားနေသည် ဆိုတာ
ခင်မင်း သိသည်။ ခင်မင်း အနေမှန်မှုကြောင့် သွေးတိုးစမ်းသ





မသဲမကွဲ ရှီးတိုးရိုတ်တိုတ် စိတ်ဝင်စားမှု ပြတတ်တာကလွဲ၍
ဘာကိုမှ မလွန်ရဲပါ။ သူကိုယ်တိုင်ဟာလည်း လူရဲတင်းတစ်ယောက်
တော့ ဖြစ်ပေမဲ့ လူရှမ်းကားတော့ ဟုတ်ပုံမရ။ တစ်ခါတလေတွင်
ခင်မင်းသည် ကိုကိုနိုင်ရဲ့ ထည်ဝါမှုကို အားကျစိတ်ကူးယဉ်မိတာ
ပင်။

မနော်ကာနှင့် သစ္စာဖောက်ကြည့်သည်ကို အပြစ်တင်
စရာဆိုလျှင်တော့ ခင်မင်း အပြစ်မကင်း။ ရတုတောင်မှ မကြဲ
နဲ့သားရောက်မှ တောက်ပြောင် အရောင်တက်လာသေးတာ၊ သူ
လည်းပဲ ကိုကိုနိုင်နှင့် ယှဉ်တွဲလိုက်ရလျှင် ဒီလိုပဲ အရောင်တက်
လာမှာပဲဟု တွေးသည်။ အားလပ်ရက် တစ်ခါတစ်ရံ ဘတ်စ်ကား
တိုးစီးသွားရတဲ့အခါ လူနံ့ ချွေးနံ့ မွန်းကျပ်ကျပ်ကြားမှာ ရေမွှေး
နံ့သင်းကာ အေးစိမ့်နေသော ကိုကိုနိုင်ရဲ့ ကာယ်လ်ဒီးနားကားကို
တောင့်တသတိရမိဟာ မဆန်းတည်း။

ပင်ပန်းဆင်းရဲခြင်းမှာမှ ပျော်မွေ့ကာ ရုန်းမထွက်ချင်
တဲ့လူ လောကမှာ ရှိမယ်လို့ ခင်မင်းက မထင်ပါ။ ဘတ်စ်ကားခ
သာ တတ်နိုင်၍ ဘတ်စ်ကားစီးရတာဖြစ်ပြီး တက္ကစီခ တတ်နိုင်
လျှင် "ကက"စီးမှာ ဖြစ်သည်။ ဒီထက်တတ်နိုင်လျှင် ကားပိုင်ဝယ်
ညွှဲသူချည်းသာ။ ဘယ်သူမှ ငွေပုံပေါ်ထိုင်ပြီး ဘတ်စ်ကားပဲ
တိုးစီးချင်တာဟု ရှိမှာမဟုတ်။

အခြားအကြောင်းကိစ္စတို့၌လည်း ဤအတိုင်းပင်။
ခင်မင်းဟာလည်း လူထဲကလူပဲ။ အေးငြိမ်းချမ်းသာ ပြည့်စုံကြွယ်ဝ



www.burmeseclassic.com

www.burmeseclassic.com



ချင်တာပင်။ ဒါကြောင့်ပင် စိတ်ကူးယဉ်ကြည့်မိပေမဲ့ နောက်ဆ
တော့ သူမစိတ်က ရတုထံကိုသာ။ ရတုကို ခင်မင်း ချစ်သည်
အချစ်ကို စွန့်ပယ်ပြီး ကြွယ်ဝခြင်းနောက် ကောက်ကောက်ပ
ထိတော့ ခင်မင်း စိတ်က မရက်စက်နိုင်။

ရတု မဟုတ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ခ
နိုင်ဖို့ ဆိုတာဟာလည်း တွေးမိရင် ကျောချမ်းစရာပင်။ တစ်
တည်း တစ်မိုးတည်းအောက်၊ မချစ်နှစ်သက်သော ယောကျ်ား
နေပြီး စည်းစိမ်ချမ်းသာ ခံစားရလို့ ပျော်ပါ့မလား။ လေ
အတိုင်းဆိုလျှင်တော့ သားရွှေအိုးထမ်းလာတာကိုသာ မြင်လို
ပေါ့။ မဖြစ်နိုင်ဘဲ တစ်ခုကိုသာ ရွေးရမည်ဆိုရင်တော့ ရွှေအိ
လက်လွှတ်ရတော့မှာပဲ။

ဒါဟာ ရတုကို သူမ ချစ်လွန်း၍ပင်။ ဤသို့
ဘက်က ချစ်နေပါလျက် ရတုနှင့် မကြဲတို့ရဲ့ ဆက်ဆံ
နွေးထွေးသိမ်မွေ့လာတာဟာ ခံပြင်းစရာ။ ရတုကို ခင်
အကဲမခတ်နိုင်၊ မကြဲကို အကဲခတ်နိုင်သည်။ မကြဲက သိသာ
ရတုကို သံယောဇဉ်ပိုလာပြီ။ ဒါဖြင့် ဒါကို ရတု ရှောင်နိုင်
လား။

တစ်ယောက်တည်း ဒေါသတွေထွက်ကာ အစွဲ
ချင်စိတ်က ပေါက်ပေါက်လာသည်။ ဤသို့လျှင် ခင်မင်းရဲ့
တို့က ရှုံ့ချည် နပ်ချည်၊ တက်ချည် ကျချည်နှင့် ဂျာအေး
အမေရိုက်သလို ချာလပတ် လည်နေသည်။ မကြဲက





ခင်မင်းကို အရေးပေးလှခြင်း မပျက်ကွက်။ ဘာမှ မလိုစေရ။
ည့်ဆည်းပေးသည်။

သို့ပေမဲ့ ... ဒါတွေကို ခင်မင်း ကြောက်ကြောက်
ာသည်။ ပညာရပ်တွေရယ်လို့ ထင်လာသည်။ ဒါကြောင့်လည်း
စ်နေ့မှာတော့ ခင်မင်းက သူမအားရက် တနင်္ဂနွေနေ့ တစ်ရက်
ရတုကို အပြင်တစ်နေရာသွားဖို့ ချိန်းသည်။ စိတ်ထွေထွေ
သည်နှင့် အိမ်ကို မချိန်းဘဲ မြို့ထဲတစ်နေရာကို ချိန်းလိုက်တာ
င်း။

ချိန်းလိုက်တဲ့ဆီကို မကြဲကိုအသိပေး၍ မကြဲ ခွင့်ပြု
က်ဖြင့် ရတု ရောက်လာခွင့် ရပါသည်။

အဲဒီနေ့က ရုပ်ရှင်ရုံရှေ့နား၌ ခင်မင်း ရပ်စောင့်
သော နေရာကို ရတုက မကြဲစီးသော မာ့ခ်တူးကားနှင့် ရောက်
ပါသည်။

“ကားရပ်ရမှာလား၊ နင် တက်လိုက်မှာလား ခင်မင်း”

“ရပ်လိုက်စမ်းပါဦး၊ စဉ်းစားတာပေါ့၊ ကားပေါ်ထိုင်စကား
ပြောမယ်”

ရတုက နေရာရှာကာ ကားထိုးသည်။ အဲဒီကို
မင်း လျှောက်လိုက်လာပါသည်။

“ဘာလဲ ... နင်က ရုပ်ရှင်ကြည့်ချင်လို့လား”

“မကြည့်ချင်ပါဘူး”

“ဒါဖြင့် ဒီရှေ့ ဘာလို့ချိန်းတုန်းဟာ၊ ရှုပ်ကရှုပ်နဲ့”



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာဖြစ်နေတာလဲ၊ တွေ့တွေ့ချင်း အပြစ်တင်နေပါလား၊ မှုန်ကုပ်ကုပ်နဲ့ ဘာလဲ၊ သိပ်စိတ်မပါဘဲ လာရတဲ့သဘောလား၊ ဒါဆို ပြန်တော့၊ ရတယ်"

"ဟာ ... ဘလိုင်းကြီးပါလား၊ နင်ပဲ စွတ်အော်နေတာ"

"နင့်မျက်နှာက ရောက်လာကတည်းက ခပ်တည်တည်နဲ့"

"ဘာလဲ ... ငါက စပ်ဖြဲဖြဲ ရောက်လာရမှာလား"

"ငါ သိပါတယ် တုရာ၊ နင်က ငါ့ကို ခုတော့ ခပ်တင်းတင်း ခပ်တည်တည်ပဲပေါ့၊ ကညဝတ မလုပ်နိုင်တော့ဘူး"

"ကညဝတ ဆိုတာ ဘာလဲ"

"ခခယယပေါ့ ... သိဘူး"

"ဗျည်းချည်းပါလား၊ သရလည်း မပါဘူး၊ ဝထကလသ, ရော မပါဘူးလား"

"နောက်မနေနဲ့ တုရာ၊ နင်က စင်ပေါ်ကလူပေါ့လေ၊ မြောင်းထဲကို ငုံ့ကြည့်ရမှာ ခမ္ဘတာပါပဲ၊ ဒါပေမဲ့ ငါကတော့ စင်ပေါ်ကို ခြေသလုံးလှမ်းဖက်မယ် မထင်နဲ့၊ လက်လှမ်းမီရင်လည်း ဖက်ဖို့မဟုတ်ဘူး၊ ဆွဲချဖို့ပဲ ဖြစ်မယ်"

"တယ်ခြိမ်းခြောက်ပါလားဟာ၊ ငါဖြင့် ဘာမှဆို ဘာမှမပြောရ မလုပ်ရသေးပါဘူး၊ ဒီလို ရုပ်ရှင်ရုံရှေ့ချိန်းတာ နင်တစ်ယောက်တည်း ရပ်စောင့်နေရတာ၊ နင့်အတွက် မကောင်းဘူး၊ ဒါကို ပြောတာ၊ စေတနာနဲ့ ပြောတာ၊ လူ





ရှုပ်တယ်၊ တစ်မျိုးတစ်မည် ထင်ခံရမယ်၊ နင် ဘာအောက်မေ့လဲ"

"ဘာထင်ထင် ထင်ပစေတော့။ ငါမှ မသိဘဲ၊ မြို့ထဲဘယ်နားချိန်းရမယ် မသိလို့ ဒီကိုပဲ အလွယ်တကူ ချိန်းမိတာ၊ စားသောက်ဆိုင် တစ်ခုခုလည်း မချိန်းရဲပါဘူး၊ စားချင်တာရှိရင် လိုက်လိုက်ပိတ်ပင်တတ်တဲ့သူကို ကြောက်ပါတယ်"

"အဲဒီတုန်းကတော့ ပိုက်ဆံမှ မရှိဘဲဟာ"

"ခုကော"

"ခုတော့ ပါပါတယ်"

"နင့်ကို မကြဲက တစ်လ ဘယ်လောက်သုံးခိုင်းလဲ"

ရတု မျက်နှာ နီမြန်းသွားပါသည်။

"အကျီအိတ်ထဲ လာလာထည့်တာပဲ။ ငါက ငါ့ဘာသာသွားတာမရှိသလောက်ဆိုတော့ သူနဲ့ထွက်ရင် သူပဲ ပိုက်ဆံအိတ်ထဲက ထုတ်ရှင်းလိုက်တော့ ဘာမှ မကုန်ဘူး၊ တစ်ပြားမှ မသုံးဖြစ်ပါဘူး၊ အခုကလည်း နင် မုန့်စားချင်ရင်ပိုက်ဆံပါတာ ပြောပြတာ"

"မကြဲ ပိုက်ဆံ သုံးရတဲ့ သိပ်ကြောက်လာပြီ တုရာ၊ သူ့အထောက်အပံ့တွေအောက်က မလွတ်တဲ့ဘဝကို အရမ်းကြောက်နေပြီ"

"ဘာဖြစ်လို့လဲ ခင်မင်း"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာတွေ စားထားပြီး လည်ချောင်းထဲ နင်နေပြီ၊ နင့်ကို ... နင့်ကို ငါ အပြီးပေးလိုက်ရတော့မှာ ထင်တယ်တဲ့"

ရတုသည် တအား စိတ်မကောင်း ဖြစ်သွားကာ ခင်မင်းကို ကြင်နာစွာ ကြည့်လိုက်မိပါသည်။

"ဘာလို့ ပေးရမှာလဲဟာ၊ ငါးလကျော် ခြောက်လထဲရောက်နေပြီ"

"ကြာလာလေ ကြောက်လာလေပဲ၊ ကြာလာလို့ နင်လွတ်လပ်ဖို့ နီးပြီလို့ မတွေးတတ်တော့ဘူး၊ သူ့ကြည့်ရတာ နင့်ကို သိပ်သံယောဇဉ် ကြီးလာတယ်"

"ကျေးဇူးရှင်ဆိုပြီး ဦးစားပေးတာမျိုး ထင်ပါတယ် ခင်မင်းရာ"

"နင့်စကား နင်ယုံလို့လား၊ နင့်ကြည့်ရတာလည်း တဖြည်းဖြည်း ယိုင်လာပြီ"

ရတု ခေါင်းယမ်းရင်း ...

"ဒီမှာ ခင်မင်း၊ အစီက,က ဆယ်လကြာရင် ကွာရှင်းပြီးတဲ့အခါ နင်နဲ့ငါ လက်ထပ်ရဖို့ပဲ မဟုတ်လား"

"အဲဒီကျ နင် ပျော်ပါတော့မလား"

"ဘာလို့ မပျော်ရမှာလဲ"

"ဒီလိုမဖြေနဲ့၊ ပျော်မယ် မပျော်ဘူး အနိုင်အမာဖြေ"

"ကိုယ့်ချစ်သူကို ကိုယ်ပြန်လက်ထပ်ရမှာ ပျော်တာပေါ့"





ဖွတ်မိုက်၍ ဖြေပစ်လိုက်ရကာ ရတု မျက်နှာလွှဲထားသည်။

"စည်းစိမ်ပုံပေါ်ကနေ ဆင်းရဲတွင်းထဲ ပြန်ခုန်ချလာရမှာ"

"ဒီစည်းစိမ်ပုံက ငါ့ဟာမှ မဟုတ်ဘဲ၊ ငါက ခဏတဖြုတ် အထိုက်အလျောက် ရောက်နေရရုံပဲ၊ ငါ့နေရာ အစစ်က ဆင်းရဲတွင်းပဲ"

"နင် ကျဉ်းကျပ်တော့မှာပါ၊ မပြည့်မစုံ ခံစားရတော့မှာပါ"

"ဒီမှာ ခင်မင်း၊ မလိုလားအပ်တာတွေ လျှောက်ပူပန်စိုးရိမ်ပြီး ပြောမနေနဲ့တော့၊ အချိန်က စကားပြောသွားလိမ့်မယ်၊ သူ့ဟာသူ ဖြစ်လာလိမ့်မယ်၊ နင် စိတ်ချမ်းချမ်းသာသာ ထားစမ်းပါ၊ နင့်ကြည့်ရတာ ဆုတ်နစ်လိုက်တာ"

"ဆုတ်နစ်တယ်၊ တကယ်လို့ ငါနဲ့ မကြဲကို နင် ပြိုင်ရွေးရတော့မယ်ဆိုရင် နင် ဘယ်လိုလုပ်မလဲဟင် တဲ့၊ ငါက ရည်းစား၊ မကြဲက လောလောဆယ်ဆယ် လက်ထပ်ပြီးသား၊ သူကပါ အရွေးခံလာပြီ ဆိုပါစို့"

"ကျွတ် ... မဖြစ်နိုင်တာဟာ"

ရတု ခေါင်းရှောင်ဖို့ ကြိုးစားသည်။ မဖြေချင်၊ သို့သော်မဲ့ ခင်မင်းက ရတု မေးစေ့ကို ဒီဘက် ဖွတ်ဆွဲလှည့်လိုက်သည်။

"ဆိုပါစို့ ... လို့ စကားခံပြီးသား၊ နင် မဖြေရဲလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“ဘာဆိုင်လဲ၊ ဟာ ... ကျွတ်၊ နင့်ကို ပစ်ထားခဲ့ရင် ငါ ချွေးဖြစ်ပြီပေါ့ ခင်မင်းရယ်၊ ကုန်ကုန်ပြောမယ်၊ ဥပမာနော် ဥပမာ၊ ငါ မကြဲကို သံယောဇဉ်ဖြစ်သွားတာ ဆိုရင်တောင် လူတွေက ဒီလို ဘယ်သူမှ လက်ခံပေးမှာ မဟုတ်ဘူး၊ စည်းစိမ်မက်သွားတာပဲ ထင်ကြမှာ၊ ဘယ်လိုပဲဖြစ်ဖြစ် နင့်ကိုပဲ ငါချွေးရမှာပါ”

“ချွေးရမှာပါ ... ဟင်း ... ဟင်း ... စကားက အားမပါဘူး ဟာ”

“ဆယ်လကျော်တာနဲ့ မကြဲနဲ့ကွာပြီး နင့်ကို ချက်ချင်း လက်ထပ်မယ်”

“လူပြောလွတ်အောင်ပေါ့နော်”

“တော်တော့ဟာ၊ နင် လိုက်ရန်စနေတာ”

ရတု စိတ်တိုလာသည်။ ခင်မင်းကလည်း မလျှော့။

“ဖြစ်လာနိုင်တာတွေကို ပြောနေတာ၊ မကြဲ မျက်လုံးဟာ နင့်ကိုကြည့်ရင် လဲ့နေတာပဲ”

“ဘာလဲ့နေတာလဲ”

“ချစ်ရည်ရွှန်းလဲ့နေတာ၊ နင်မို့ ခြံထဲလေးဆင်းမိရင် ကိစ္စရှိသလိုလိုနဲ့ လိုက်ချောင်း လိုက်ခေါ်ရတာ အမောပဲ၊ ငါရှိတဲ့ ဆိုင်ဘက် ကူးလာမှာ ကြောက်ပြီလေ”

“နင့်ဟာနင် အစိုးရိမ်ကြီးနေတာ”





ပြဿနာတစ်ခုကို သေးစေလိုသော သဘောနှင့် နှုတ်ပိတ်ချလိုက်ရပေမဲ့ ခင်မင်းထင်တာတွေဟာ ထင်စရာ၊ စိုးရိမ်ရာတွေဟာလည်း စိုးရိမ်စရာ ဖြစ်နေတာ၊ ရတုလည်း အသိပင်။

“မကြဲက တော်တယ်ဟ”

“ဘာတော်တာလဲ၊ ဆယ်တန်းတောင်မှ မအောင်ပါဘူး ဟာ”

ရတုက ရယ်စရာ လုပ်လိုက်ပေမဲ့ ခင်မင်းက မရယ်။

“တော်တယ်၊ ဘာကြောင့်လို့ ငါ မပြောတတ်ဘူး တု၊ ဒါပေမဲ့ သူဟာ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်မဲ့ မိန်းမဆိုတာ တဖြည်းဖြည်း ပိုပိုသိလာတယ်”

ရတုရော ခင်မင်းပါ ပြိုင်တူ သက်ပြင်းချလိုက်မိကြခိုက် ကားရဲ့ ရှေ့ဒက်ရှ်ဘုတ်မှဖုန်းက အသံမြည်လာပါသည်။

“ပလုတ်တုတ်”

ခင်မင်းက လန့်သွားကာ ...

“ဟော ... ကဲ၊ ဒါဟာ သူပဲပေါ့၊ ဘယ်သူရှိဦးမှာလဲ”

ရတုက ဖုန်းကိုလှမ်းဖြုတ်ဖွင့်ရင်း ...

“ဟယ်လို”

“ရတုလား”

“ဟုတ်တယ် မကြဲ”



www.burmeseclassic.com

www.burmeseclassic.com



"ရတုတို့ ဘယ်နားမှာလဲလို့၊ ဟိုဟာပါ၊ မကြဲ ရွှေပုစွန်က မှာချင်တာရှိလို့ နီးလားလို့ပါ"

ဘယ်လိုပြောပြော မကြဲ ချက်ကျလုပ်တာ ဆိုတာကို ရတု ရိပ်မိနေပါပြီ။ ခင်မင်း ပြောရလောက်အောင်ပဲ မကြဲက တကယ်တော်ပါသည်။

"အပြန်ကျ ဝင်ဝယ်မယ်လေ၊ မကြဲ မှာလေ၊ ကျွန်တော်တို့က ရှေ့ဆောင်ရုံရှေ့မှာပါ"

"သြော် ... ရုပ်ရှင် ကြည့်ကြမလို့လား၊ ဒါဖြင့် ကြာမှာပေါ့နော်"

"မကြဲ ဘာလုပ်ချင်လို့လဲ"

"မကြဲ ဗိုက်ထဲက တစ်မျိုးဖြစ်လို့ပါ ရတုရယ်၊ ကိစ္စတော့ မရှိဘူး ထင်ပါရဲ့"

ရတု ထိတ်ခနဲဖြစ်သွားရပါသည်။ အမှန်ကိုတွက်လျှင် ခုနစ်လကျော် ရှစ်လထဲလောက် စွန်းပြီမို့ သူ ပူပန်သွားပါသည်။

"ဟာ ... ဖြစ်ရဲ့လား၊ ဆေးခန်းသွားမလား"

"သြော် ... ကိုကိုလည်း အိမ်မှာရှိပါတယ်၊ ကိုကြည်လည်း ရှိပါတယ်၊ သွားရင် ရပါတယ်"

"ကိုကြည်နဲ့တော့ မသွားပါနဲ့"

မကြဲကို ကိုယ်ဝန်နှင့်ရှိတုန်း ကိုကြည်မောင်းသောကား စီးကိုမစီးစေချင်။ ဘာမှမဖြစ်တောင် ရင်တလှပ်လှပ်တော့ ဖြစ်ရ၍ သနွှေသားကိုထိမှာ သူ စိုးရိမ်သည်။





"ကျွန်တော်တို့ ရုပ်ရှင်မကြည့်ပါဘူး၊ ကြည့်လည်း မကြည့်ချင်ပါဘူး၊ ကားပေါ်ထိုင် စကားပြောနေကြတာပါ၊ ရယ်ရတာက ဘယ်နား ချိန်းတွေ့ရမှန်းမသိ ဖြစ်နေကြတာ"

"ဟင်း ဟင်း ... လူရှိုးလေးတို့ကတော့ ပိုပါတယ်၊ ချိန်းတွေ့စရာ နေရာမရှိလည်း ကိုယ့်ရက်စ်ထရောန်ထဲမှာ ချိန်းကြလေ၊ ဟင်း ဟင်း ... ရည်းစားတွေချိန်းပြီး လာစားရင် ဖစ်ဖတီပါဆဲင့် ဒစ်စ်ကောင့်ထိပေးမယ် ... ဟင်း ဟင်း"

"မကြဲ ဗိုက်က နာတာလား"

"နာတာတော့ မဟုတ်ပါဘူး"

"ဟိုဟာလေး လှုပ်ရဲ့လား"

"လှုပ်ပါတယ်"

"အန်တီခင်ကို ကိုင်စမ်းကြည့်ခိုင်းပါလား"

"အို ... ကိုယ့်ဟာကိုယ် သိပါတယ်"

"မကြဲ ဘာစားချင်တာလဲ၊ ရွှေပုစွန်က ဘာဝယ်ခဲ့ရမှာလဲ"

"ပတ်ဖ်ဝယ်ခဲ့၊ ပူတင်းဂျယ်လီဝယ်ခဲ့၊ နော် ... ရတု"

"ဟုတ်ကဲ့"

"ဒါပဲနော်၊ ခင်မင်း စောင့်နေရမယ်"

"ဟုတ်ကဲ့"

ရတု ဖုန်းပိတ်လိုက်တာကို နာကျင်စွာ စိုက်ငေး ကြည့်နေသော ခင်မင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ... နင်နဲ့ ငါ အတူရှိတာကို သူနှောင့်ယှက်တာ"

"ဒီလိုတော့ မဟုတ်ပါဘူး ထင်ပါရဲ့ဟာ"

"နင် သိပ်အ,တာပဲနော် တုရဲ့၊ ဒီလိုအ,ပုံနဲ့ သူ့လက်ထဲပါသွားတော့မှာပဲ"

"သူ့မိုက်ထဲက တစ်မျိုး ..."

"ရှာကြံ လုပ်ကြံ ပြောတာ၊ အလကား"

စကားပင် မဆုံးရ၊ ခင်မင်းက ဖြတ်၍ ကန့်ကွက်လိုက်သည်။

"ဖြစ်ရင်လည်း မထွက်ခင် ဖြစ်ရင်ဖြစ်ပေါ့၊ အတူတွေ့လောက်တဲ့ အချိန်မှ"

"ဒါတော့ဟာ ဖြစ်တာက ဖြစ်ချင်တဲ့အချိန် ကောက်ဖြစ်မှာပေါ့ဟ"

"ငါတို့ကို ရုပ်ရှင်မကြည့်ရဘူးတဲ့လား"

"တစ်လုံးမှ မပြောပါဘူး ခင်မင်းရယ်၊ ရုပ်ရှင်ရုံရှေ့မှာ လို့ ကြည့်ကြမလို့လား သူက မေးတာပါ၊ ငါဟာ မကြည့်ဘူးပြောတာ၊ သူ ဘာမှမတားဘူး"

"ဘယ်နားရောက်နေလဲ သိရအောင် တမင်ချက်ကျလုပ်တာ၊ ငါလည်း သူ့လောက်တော့ ပါးပါတယ်"

ဟုတ်လိုက်လေလို့သာ ရင်ထဲက ထောက်ခံလိုက်ပါသည်။ ရတု ကိုယ်တိုင်လည်း ဤသို့ ရိပ်မိသိရှိနေတာပဲ။





"နင်ကလည်း သူ့ဗိုက်ထဲကဟာ လှုပ်,မလှုပ် ဘာလို့စိတ်ဝင်စားနေသလဲဟင်၊ နင့်ခေါင်းပေါ် ရောက်နေတာမို့လို့လား၊ သူ့ဟာသူ လှုပ်လှုပ်,မလှုပ်လှုပ်၊ ဒါကြီးကြောင့် နင့်ကို သူ့ လက်အပ်ထားရတာ၊ နင်လည်း ဒါကြီးကြောင့် တစ်ခုလပ် ဖြစ်ရမှာ၊ နင် ဒါကို ဘာမှ ပူနေစိုးရိမ်နေစရာ မလိုဘူး၊ နင့်တာဝန်လည်း မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ ခင်မင်းရာ၊ ကိုယ်ဝန်ဆောင်တစ်ယောက်ဟာ တစ်နေ့ သန်ချိုင်းကုန်းကို သုံးခါမျက်စောင်းထိုးရတာတဲ့"

"ထိုးရုံမကဘဲ သင်္ချိုင်းကုန်းထဲ ရောက်သွားရင် အေးတယ်"

ခင်မင်းကား ခံစားရလွန်း၍ နှုတ်ကြမ်းလေပြီ။

"ခင်မင်း ဘယ်လိုပြောလိုက်တာလဲ ခင်မင်းရယ်၊ ဒီလိုတော့ မပြောသင့်ပါဘူးဟာ၊ မိန်းမချင်းဟာ၊ ဒီလိုမပြောပါနဲ့ကွာ"

"နင်ဟာလေ ... နင် ... နင် ... နင့်မိုက်အစစ်သာဆို ငါ့ကို သတ်ပစ်မှာ သေချာတယ်၊ နင် သူ့ကို စိတ်ယိုင်နေခဲ့ပြီ တုရဲ့၊ ဟုတ်တယ် ... ငါ မကျေနပ်တော့ဘူး၊ နင် ဝန်မခံရင် သူနဲ့ကွာလိုက်တော့"

"ခင်မင်းရာ ... ခက်ပါလား၊ စပြီးသဘောတူကတည်းက ဆယ်လ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆယ်လလဲ၊ နှောက်လေး,ငါးလ အတူဆက်နေ
နည်းလားဆိုပြီးတော့လား၊ ခုကိုပဲ နင်နဲ့ သူနဲ့ လက်ထ
ပြီး သူ့မှာ ကိုယ်ဝန်ရှိတယ်လို့ လူတွေ သိနေကြပြီ
ဒီလောက်ဆို ကလေးအမေနာမည် နင်ဖြစ်နေပြီပဲ၊ ကွဲ
ရနေပြီ"

ရတု ငြိမ်သွားရပါသည်။ ကျိုးကြောင်းဆီလျော်
၍ ဘာမှ ဆင်ခြေတက်ခွင့်မသာ။

"နင်နဲ့ သူနဲ့လည်း တစ်ခန်းတည်း အတူအိပ်တယ်၊ ငါ
ငါ နင့်ကို ယုံခဲ့ပါတယ် တုရဲ့၊ ဒါပေမဲ့ သူ့ကိုမယုံဘူ
တဖြည်းဖြည်း နင့်ကိုလည်း မယုံချင်တော့ဘူး တု၊
တို့ချင်း သံယောဇဉ် သိပ်ကြီးနေပြီ၊ တစ်ခန်းတည်း အ
တူအိပ်နေတာ နင်တို့ချင်း ဘာမှမဖြစ်တောင် မသိ
အဆုံး၊ မမြင်ချင်အဆုံး၊ မရင်းနှီးချင်အဆုံး၊ အို ... ဆ
လကြာနေရင် နင်တို့ တကယ်ရသွားတော့မှာပဲ၊ သိ
လား"

"တိုးတိုးပြောပါဟာ"

"မပြောနိုင်ဘူး"

"ဟိုမှာ လူတွေကြည့်သွားပြီဟာ"

"ကြည့်ကြည့်၊ တစ်ကမ္ဘာလုံးသိသိ၊ ငါ့လို ခံစားနေရတဲ့
လောကမှာ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး။ နင် စိတ်





ခဲ့ပြီဆိုရင် ငါ ဘယ်လောက်အောက်ပြီလဲ ... ဟင်၊ ပြီးရင်
နင်က ငါ့ကိုပဲယူမှာ၊ နင့်စိတ်ကို ထိန်းပြီး သိုက်တူးသမား
မဖြစ်ချင်တာ တစ်ခုနဲ့ ငါ့ကို ပြန်ယူမှာ ငါသိပါတယ်၊
အဲဒီကျ နင့်အချစ်ဟာ ငါ့အပေါ် စစ်,မစစ် ပြည့်,မပြည့်
မသိရနိုင်တဲ့ဘဝ၊ အို ... ငါ့ဘဝလောက် ဆိုးတာ ငါ့ဘဝ
ပဲ ရှိတယ်"

"ဒီမှာ ခင်မင်း၊ ဒီကိစ္စဟာ နင်တိုက်တွန်းလို့ ဖြစ်ခဲ့ရတာ
ပါ"

"ဩော် ... ခုတော့ တာဝန်အားလုံး ငါ့ခေါင်းပေါ်ပေါ့၊ ငါ့
အပြစ်ပေါ့၊ ငါ့အပြစ်ကြီးပဲ၊ နင်လည်း အပြစ်ကင်း၊ မကြံ
လည်း အပြစ်ကင်းပေါ့၊ ဟုတ်လား ... ဟင်"

ခင်မင်းသည် ကြိတ်မနိုင်ခဲမရ မျက်ရည်ပေါက်ပေါက်
ကျလာကာ ...

"ပြန်မယ်၊ ကားထွက်တော့"

"နင် ဒီလိုဖြစ်ပြီး ပြန်သွားတော့ ငါ ဘယ်စိတ်ကောင်း
မလဲ"

"လဲသေလိုက်၊ စိတ်မကောင်းရင် စိတ်ကျန်းမာရေးဆေးရုံ
သွား"

"နင့်ကိုပဲ လက်ထပ်ပါမယ် ကတိပေးရက်နဲ့ အပြစ်က
ရှိသေးလားဟာ"

www.burmeseclassic.com



"ရှိတယ်၊ လက်ထပ်မယ်ချည်း ပြောနေတာ၊ နင်အရင်လို ငါ့ကို ချစ်တယ်လို့ မပြောတာ ဘယ်လောက်ကြာပြီလဲ ဟင် တု၊ နင် မေ့နေပြီ၊ ပျက်ကွက်နေပြီ၊ ငါ့ကိုချစ်ဖို့ နင့်ခေါင်းထဲ လုံးဝမှတ်မှတ်ရရ မရှိတော့ဘူး"

"ချစ်ပါတယ်"

"ဘာချစ်ပါတယ်လဲ၊ ကဲ ... ကဲ ..."

ခင်မင်း လက်သီးဆုပ်များက ရတု လက်မောင်းပေါ် ကျောပေါ် ကြမ်းတမ်းစွာ တကယ်နာကျင်စေလိုသောသဘောနှင့် တရကြမ်း ကျရောက်လာသည်။ ရတုမှာ နာနာနှင့် အောင့်ကာ ငြိမ်ခံနေရပါသည်။

"ပြန်မယ် ... ပြန်မယ်လို့ ပြောနေတယ်"

အရင်ကဆို သူမကထုလျှင် ဤလက်သီးဆုပ်တို့ကို ရတု ဆွဲယူချုပ်ကာ ခင်မင်း ကိုယ်ကလေးကိုပါ ချုပ်နှောင်ဖက်ထားလိုက်မြဲ။ ခုတော့ ငုံ့ကာပေကာ ငြိမ်ခံနေသည်မှာ အပြစ်ရှိလို့။ ခင်မင်း ရင်ထဲ ဤသို့သေချာကာ နာကျင်လှသည်။ ရှေ့ဆက်၍ ဘာလုပ်ရမည်နည်း။ ခင်မင်း သဘောအရ မကြဲနှင့် ရတုကို ခုပင် ကွာရှင်းစေလိုပြီ။ ဆယ်လရယ်လို့ သဘောထား၍ အခုကွာနိုင်းလျှင် ငွေသိန်းသုံးဆယ် အပြည့်ရဖို့က မသေချာ။

ဤမျှ ကျဉ်းထဲကျပ်ထဲ ခံစားဆဲ၌ပင် ခင်မင်းသည် မင်္ဂလာဆောင်ရန် ငွေကိုတော့ ပြည့်လိုနေမိသေးသည်တည်း။





ရတုမှာ ကားမောင်းလာရင်း စိတ်တွေညစ်လာသည်။ သူသည် တကယ်ကိုပဲ မကြဲနှင့် ကွာရှင်းဖို့ သံယောဇဉ်ကြိုးတင်းပြီတည်း။ လက်မထပ်ခင်ကပင် မကြဲကို သူ ချစ်မိခဲ့တာ အမှန်ပါ။ လက်ထပ်အပြီး ချောင်းသာရက်များမှာတော့ မကြဲကို သူ အဘယ်မျှ ချစ်မြတ်နိုး၍ မကြဲ နံဘေး အရိပ်တကြည့်ကြည့် နေသောဘဝ၌ အဘယ်မျှ ပျော်ရွှင်မိသည်ကို ပိုမိုသေချာခဲ့စေသည်။

မကြဲကို သူ တစ်နေ့ ခွဲကိုခွဲရမည် ဆိုတာတော့ ...၍လည်း တိုင်ပင်သဘောတူပြီးသား။ သူလည်း ဆုံးဖြတ်ပြီးသား။ ခုချိန်ထိလည်း မကြဲနှင့်သူ ကွာရှင်းရမည်လို့ပဲ၊ သူ့မာန ...က ပြဋ္ဌာန်းနေပါသည်။ ပိုင်းလုံးယောက်ျားတော့ သူ မဖြစ် ...။ ခုကိုပဲ ဘာမှမလုပ်ဘဲ ထိုင်စားနေရခြင်း၌ သူ အနေကျပ် ...ပြီ။ မကြဲ အနေနှင့်လည်း သူ့ကို တခြားတစ်နေရာမှာ အလုပ် ...မခံနိုင်။

သူ အလုပ်သွားနေခိုက် သူမကို စောင့်ရှောက်မည့် ... မရှိဘူးရယ်လို့ ဆိုသည်။ သူမရဲ့ဆိုင်မှာပဲ ပြန်ခိုင်းဖို့ကလည်း ...ွေးမယောက်ျား ဖြစ်ပြီမို့ မသင့်တော်တော့ပြန်။ လုပ်ငန်းတစ်ခု ...ဉ်ထူထောင်ဖို့ကို ကိုကိုနိုင်က အကြံပေးသော်လည်း ဤကိစ္စက ...ွယ်။ သူက ဆယ်လကြာလျှင် မိမိနေရပ် နေရင်းဘဝသို့ပြန် ...ည်ဖြစ်ရာ ဤလုပ်ငန်းက တစ်ပိုင်းတစ်စ တိုးလိုးတန်းလန်း ...မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဆယ်လထိတော့ ဒီလိုပဲနေပါဟု မ
က အကြံပေးထားပါသည်။ ဒါကြောင့်သာ သူ နေ့နေ့ရ
ပတ်ဝန်းကျင် အမြင်မှာ အညတရကောင်လေး ရတုဟာ သူ
မကြီးကို ယူပြီးကတည်းက ဘာမှမလုပ်ဘဲ မိန်းမနား တကပ်
ထိုင်ရှုံစားနေသယောင် အဓိပ္ပာယ် ပေါက်နိုင်ပါသည်။

ဒါကို သူက ဘာမှ မတတ်နိုင်တော့သော်လ
မကြီးကို မကွာဘဲ နေဖို့အထိတော့ သူ မစွန့်စားလို။ နှလုံး
ကို ဦးစားပေးကာ မိုက်လိုက်သည်လို့ ဘယ်သူယုံမလဲ။ ပြီး
မကြီးရဲ့လူ တစ်နေ့ ပြန်လည်ရောက်ရှိ ပေါ်ပေါက်လာတော့
တွေးသမျှဟာ ခေါင်းပူစရာတွေချည်းဖြစ်ကာ တစ်ချက်မှ
သက်သာစရာ မရှိပါ။

ခင်မင်းကို ချပြီး သူ အမေ့ထံပင် မဝင်
မကြီး ဗိုက်တစ်မျိုးဖြစ်သည်ဆို၍ တန်းကာ ပြန်လာပါသ
မကြီးကို အပြင်ဘက်မှာ မတွေ့။ အန်တီခင်က ရာဖွေသော
မျက်လုံးတို့ကို အလိုက်သိစွာ ...

"အိပ်နေတယ် ထင်တယ်ကွယ့် ရတုရဲ့"

ဒါကြောင့် ရတု အိပ်ခန်းထဲ ဝင်လာသည်။
က ခုတင်ပေါ် ကွေးကွေးကလေး မျက်စိမှိတ်လျက်သား။
ဝမ်းဗိုက်ကို ဖိစောင်းထား၍ သူ့မှာ စိတ်မချလှပြန်သော်
ထိကိုင်၍တော့ စောင်းမပေးဝံ့။ သူ့ ဓရင်းမ်ဘက်ဒ်ပေါ်မှာ
တစ်ခေါက်တွေ့၍ အံ့ဩကာ ဆွဲဖြန့်ဖတ်ကြည့်မိလျှင်တော





"ရတု ...

မင်း အပြင်သွားတိုင်း ကိုယ်ပါနေကျဆိုရတော့ ဒီ
တစ်ကြိမ်ဟာ ပထမဦးဆုံး ကိုယ်တစ်ယောက်တည်း ကျန်
ရစ်ရတဲ့ အကြိမ်ပါ။ လွမ်းတယ် ဆိုတာကို မသိဘူးဆိုတဲ့
ရတုကို လွမ်းတယ်ဆိုတာ ဘယ်လိုမျိုးလဲလို့ မကြီး ရှင်းပြ
တတ်သွားပါပြီ။ ဘယ်လိုမှ နေရထိုင်ရ မလွယ်လွန်းလို့
နောက်တစ်ကြိမ်ကျ တစ်ယောက်တည်း မသွားပါနဲ့လို့
တောင်းပန်ချင်တာ၊ မကြီး ပါးစပ်က ထွက်ရမှာ သိပ်ရှက်
မိတာနဲ့ စာရေးပြီး အိပ်ချင်ယောင်ဆောင်နေရတယ် ရတု
ရယ် ...

မကြီး"

ရတုသည် လက်ဖျားခြေဖျား အေးကာ ရင်တဒိတ်
ဒိတ်တုန်ယင်ရင်း မကြီးဘက် လှည့်မကြည့်ဝံ့ဘဲ ဒရင်းမ်ဘက်ဒ်
ပေါ် ကျောပေးထိုင်ချလိုက်ရသည်။ မကြီး ... မကြီး ... ပွဲဦးထွက်
ပွင့်လင်းလိုက်ပြီပဲ။ သူ့ကို လွမ်းတယ်ပေါ့။ ကျွန်တော် ဘာပြော
ရမလဲ မကြီးရယ်။

◆○◆



www.burmeseclassic.com

www.burmeseclassic.com



# ၉

လက်မှတ်နှစ်စောင်ဝယ်ကာ ကိုကိုနိုင်က ပြန်လည်လာသည်။

"ခင်မင်း ဘာစားမလဲ"

"ဟင့်အင်း"

"ရေခဲမုန့်"

"ဟင့်အင်း ... မစားချင်ဘူး"

"ရေခဲသုပ်ကော"

"ဟင့်အင်း

"ဆီးသီး"

ခင်မင်းမှာ ဟင့်အင်း လုပ်ရတာ အားနာ၍ စိတ်မပါလက်မပါနှင့် ခေါင်းကို ပြီးစလွယ် ညိတ်ပြလိုက်ပါသည်။ ခင်မင်း၏ စိတ်တို့မှာ ဝေဝါးလေလွင့်နေ၍ ဘာကိုမှ စိတ်ပါသည်မဟုတ်။ ရုပ်ရှင်ကိုလည်း ကြည့်ချင်လှတာမဟုတ်ဘဲ တစ်စုံတစ်ရာ





ထဲ စိတ်ကိုဝင်စား နှစ်မြှုပ်နေလည်း နည်းလားဟူ၍ပင် ကြည့်ဖြစ်တာ။ စိတ်တွေ ဤမျှပြိုကွဲ၍ လေနေချိန်၌ ကိုကိုနိုင် အားမှာ ရှိနေတာပင် လွန်လှပေပြီ။

ကိုကိုနိုင့်ကို ခင်မင်း ကျေးဇူးတင်ပါသည်။ သူမ မျက်နှာ မသာယာ၍ ဘာလုပ်ပေးရမလဲ၊ ဘာလုပ်ချင်လဲ ဆိုတာကို တစ်ခုပြီးတစ်ခု ဆန္ဒခံယူပြီး ရုပ်ရှင်ကြည့်ဖြစ်ဖို့ ဖြစ်လာတာပင်။

"ကိုယ် သွားလိုက်မယ်၊ ခင်မင်း စောင့်နေနော်"

ခင်မင်းက ခေါင်းကို ညိတ်ပြလိုက်ကာ လှေကားကို တစ်ယောက်တည်း ဖြည်းဖြည်းတက်လာနှင့်သည်။ အားက မှန်ချပ်တွေထဲ ငဲ့ကြည့်မိလျှင် စိတ်ပျက်ဆုတ်နစ်ကာ လူနှင့်စိတ် ကင်းကွာနေသော မိန်းကလေးတစ်ယောက်ကို အားလျော့စဖွယ် တွေ့မြင်ရမည်ကို သိပြီးသားတည်း။

"ခင်မင်း"

လှေကားထိပ် လက်ရန်းများမှာ မှီငုံ့ကြည့်နေရာက ခေါ်သံကြောင့် ခင်မင်းက လှေကားအောက် ကျော်ပေးကာ လှည့်ကြည့်လိုက်လျှင် ကျောင်းတုန်းက သူငယ်ချင်းမတစ်ယောက်ကို တွေ့လိုက်ရလေသည်။

မတွေ့ကြတာ ကြာပဲ ကြာလှပြီ။

"သြော် ... ချိုချို"

"ဟယ် ... မတွေ့တာ ကြာပြီနော် ခင်မင်း၊ အံ့သြသွားတာပဲ၊ တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"နင်ကလည်း တွေ့ရတာ မပျော်သလိုပဲ၊ ဘာလဲ နင်က သွေးကြီးသွားတာလား"

"ဟား ... ဟား"

ခုမှပဲ ခင်မင်းသည် အတော်ဟာသမြောက်သွားကာ တကယ် စိတ်ပါလက်ပါ ရယ်ပစ်လိုက်မိပါသည်။ သွေးကြီးသွားတာလားတဲ့ ... ရယ်စရာကြီး။ ခင်မင်းသည် ရယ်၍ဝမှ သူမကို ပြုံးကြောင်ကြောင်လေး ကြည့်နေသော ချိုချိုကို လက်ဖျားလေး လှမ်းဆွဲကာ ...

"ရယ်ချင်လိုက်တာဟယ်၊ သွေးကြီးရအောင် ဘာတွေ ငါက မြင့်သွားတာမို့လဲ၊ နင်တို့ ငါတို့ အရင်ကလည်း ဒီလို၊ အခုလည်း ဒီလို၊ ငါ ဘာကို သွေးကြီးရမှာလဲ ချိုချိုရယ်"

"သိဘူးလေ"

ချိုချိုက ခုမှ ပြုံးပြုံးရယ်ရယ် ပြန်တက်ကြွလာကာ ...

"နင့်ကြည့်တော့ သိပ်ပြေလည်နေပုံ ဖြစ်နေလို့၊ အဆင်ပြေနေတယ်ပဲ တွက်တာပေါ့၊ သန့်ပြန့်တောက်ပြောင်နေတာ"

ခင်မင်းသည် သူမဝတ်ထားသော ရယ်ဒီမိတ် ဘလောက်စ်လေးကို ငုံ့ကြည့်ရင်း ...

"ဒါတွေက အပေါ်ကပါပါဟယ်"

"ဟင် ... ဘာလဲ"





ချိုချို နားမလည်သော်လည်း ခင်မင်းကဖြင့် ရှင်းပြချင်ပါ။

"နင့်တွေ့တော့လည်း သားနားနေ၊ ရတုကို တွေ့တော့လည်း သားနားနေ"

"ရတုနဲ့ တွေ့လား၊ ဟုတ်လား"

ခင်မင်း အလောတကြီး မေးသည်။ ချိုချိုက သူမတို့နှင့် ခြောက်တန်း၊ ခုနစ်တန်းလောက်ကတည်းက အတန်းတူ သူငယ်ချင်းပင်။ ရတုနှင့်လည်း ခင်မင်သည်။

"ဟုတ်တယ်၊ နင်တို့နှစ်ယောက်ကို တိုက်တိုက်ဆိုင်ဆိုင် ရုပ်ရှင်ရုံတွေမှာချည်း တွေ့နေရတယ်၊ ရတုကို သမတရုံမှာ တွေ့တာဟဲ့"

ခင်မင်းသည် စိတ်ထဲ မကျေမချမ်း ဖြစ်သွားကာ ...

"သူတစ်ယောက်တည်းလား"

"ဘယ်ဟုတ်မလဲ၊ သူ့မိန်းမ ပါတာပေါ့၊ သူ မိန်းမရတာလည်း မသိပါဘူးဟယ်၊ အဲဒီနေ့က တွေ့မှပဲ နင်မဟုတ်တဲ့ မိန်းမတစ်ယောက်နဲ့ တွဲလာတာမို့ ငါက မေးကြည့်ရင်း ဒါ သူ့မိန်းမဆိုပြီး သူက မိတ်ဆက်ပေးတာ၊ ငါကလည်း သူ့မိန်းမရှေ့မှာ နင့်နာမည် မေးမိတယ်"

"ကိစ္စမရှိပါဘူး၊ သူ့မိန်းမ ငါ့ကို သိပါတယ်"

"သူ့မိန်းမ"ဟု ရင်နာနာနှင့် နှုတ်က ထုတ်ရေရွတ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးပါရဲ့၊ မိတ်လည်း ဆက်ပေးရော သူ့မိန်းမက သူ့လက်မောင်းကို ချိတ်လိုက်ပြီး"

"သူ့လက်မောင်းကို ချိတ်တယ်"

ခင်မင်း ဒေါသတကြီး ရေရွတ်လိုက်သည်။ လက် ထပ်တာအထိ သိနေပြီး၊ လက်ချိတ်တာကို ရေးကြီးခွင်ကျယ် အော်ဟစ်မေးသော ခင်မင်းကို ချိုချိုက အံ့ဩတကြီးကြည့်ကာ_

"ဘာဖြစ်လို့လဲ"

"ရတုကကော ပြန်ချိတ်သလား"

"လက်တွဲတာမှ မဟုတ်တာ၊ ဟိုက ချိတ်တာဟဲ့၊ ဒီတော့ သူက အချိတ်ခံရတာပဲပေါ့၊ ဒါများဟယ် ... မိန်းမရတာ တောင် သိရက်နဲ့ လက်ချိတ်တာကို နင်က ဘာပုံကြီး နေတာလဲ"

"နင် ဘာမှမသိဘူး၊ သူ ... ဒီမိန်းမ ... ရတုလက်ကို ချိတ် ဖို့မလိုဘူး"

"ဘုရားရေ ... နင် ရူးနေလား ခင်မင်း"

ခင်မင်းသည် စိတ်လိုက်မာန်ပါ ပြောလိုက်မိပြီး မျိုသိပ်လိုက်ရပါသည်။

"ငါ အံ့ဩတာက နင်တို့နှစ်ယောက် မကြာခင်ယူကြမ လို့ ငါ သတင်းကြားထားတာ၊ ဘယ်လိုဖြစ်ပြီး ရတု အသစ်ရသွားတာလဲဟယ်၊ ပြီးတော့ သူဌေးသမီးဟဲ့၊ မ တွေ သီးနေတာပဲ"





"သူဌေးသမီး မဟုတ်ဘူးဟေ့၊ သူဌေးမ ... သူဌေးမ"

"ပိုဆိုးနေပါလား၊ လှတော့ လှတယ်နော်။ ရတုက ရုက် နေလိုက်တာ မျက်နှာကိုရဲလို့၊ ရတုကလည်း တအားသား နား ပုံပြောင်းနေတော့ ပထမ ခေါ်တောင်မခေါ်ရဲဘူး၊ လူ တူများလားလို့၊ မိန်းမယူတဲ့သတင်းလည်း ငါတို့မကြား ဘူး မဟုတ်လား"

"ရုတ်တရက် ... အင်း ... ရုတ်တရက်ပဲ ဆိုပါတော့ဟာ"

"နင့်ကြည့်ရတာ တစ်မျိုးပါလား၊ သူ့မိန်းမနဲ့သူ လက်တွဲ တာကို အံ့ဩလိုအံ့ဩ"

ခင်မင်းသည် ပထမတော့ ကိုကိုနိုင်နှင့် ရုပ်ရှင်ကြည့် ဖြစ်မှာအတွက် မတင်မကျပင်။ အပြစ်ရှိရာများ ကျမလားရယ်လို့ တွေးရင်းက လွင့်ပါးသောစိတ်ကို ဖျောက်ရန်အလို့ငှာ ဖွတ်ပင် ဝင်ကြည့်ဖို့ ဆုံးဖြတ်ခဲ့တာပင်။ ခုတော့ ရတုနှင့် မကြဲ ရုပ်ရှင် ကြည့်တဲ့အကြောင်း မတော်တဆ သိလိုက်ရ၍ ရင်ထဲစူးအောင့် ခံပြင်းနေပါသည်။

သူတို့က ရုပ်ရှင်တွဲကြည့်စရာလား။ ဟန်ဆောင်လင် မယားက ဟန်ဆောင်လင်မယားလို မနေဘဲ လင်မယားစစ်စစ် တွေလို တပျော်တပါး တကြည်တနူး တွဲကာခွဲကာနှင့် ခင်မင်း ရင်ထဲ နာလှသည်။ ဒေါသလည်း ဖြစ်သည်။ ဒီထက်မကတာတွေ ရော မဖြစ်ဘူးလို့ ဆိုမလား။ မယုံဘူး။ လုံးလုံး မယုံဘူး။

"နင် ဘာမှမသိပါဘူး ချိုချိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကော ... ဘယ်တော့လဲ၊ စွံပလား"

"စွံတာထက် ဟိုဘက်တောင် လွန်သေးတယ်၊ ကိုယ့်ဟာကိုယ် မယူချင်သေးလို့ မယူတာ"

"ရတုနဲ့ နင်က ဘယ်လိုဖြစ်ပြီး ပြတ်တာလဲဟင်၊ နင်ဖြတ်တာလား သူဖြတ်တာလား"

"မသိပါဘူးဟာ၊ သူ ... သူ မိန်းမယူလိုက်တော့"

"ဒါဖြင့် သူက ဖြတ်တာပေါ့"

ခင်မင်း မျက်ရည်ဝဲလာသဖြင့် ချိုချိုက လန့်ပြီး ခုမှ နှုတ်ဆိတ်သွားပါသည်။

"အေး ... အေးဟာ၊ စိတ်မကောင်းပါဘူး"

ပြောရင်း ချိုချိုသည် နောက်နားလာရပ်စောင့်နေမှုရသော လူကိုကြည့်ကာ အံ့ဩသွားပါသည်။ ပထမတော့ သူ့ဟာသူ ဒီနားလာရပ်တာ ထင်တာ။ ဆံပင်စည်းနှင့် ဘိုဆန်ဆန် ရှပ်ဖြောင့်ဖြောင့် ဒီလူကို ခင်မင်းနှင့်တွဲကာ စိတ်ထဲက တစ်မျိုးမထင်မိလိုက်တာပါ။ ခုတော့ ဟိုလူက လက်ရန်းဘက် လှည့်နေရာမှ ဒီဘက်ကိုလှည့်ကာ သိသိသာသာဖြင့် စောင့်နေပုံမျိုး ဖြစ်လာသည်။

"ခင် ... ခင်မင်း ... သူက ... ဟိုမှာ"

ကပေါက်တိကပေါက်ချော တီးတိုးပြောတော့ ခင်မင်းက လှည့်ကြည့်လိုက်ပါသည်။ ကိုကိုနိုင် ... ကိုကိုနိုင် ဘယ်တုန်းကတည်းက ဒီနားလာကပ်ပြီး ရောက်နေပါလိမ့်။ ခင်မင်း





မျက်နှာကွက်ခနဲကို ပျက်သွားပါသည်။ ချိုချိုကား အရိပ်အက
ကြည့်၍ အတိုင်းမသိ အံ့ဩလန့်ဖျပ်နေတော့သည်။ သူမအာကျ
အာကျယ် လုပ်နေတာတွေ ဟိုလူကြားနေရတာ သူမသိသည်
ခင်မင်းကတော့ ကျောပေးထား၍ မသိပါ။

"ကိုကိုနိုင်"

"ခင်မင်း သူငယ်ချင်းလား"

"ဟုတ်ကဲ့၊ ချိုချိုတဲ့၊ မိချို ... ဒါ ကိုကိုနိုင်တဲ့"

"ဪ ... ဟုတ် ... ဟုတ် ... ဟုတ်ကဲ့"

"ရတုနဲ့လည်း သူငယ်ချင်းပဲလား"

"ဟုတ် ... ဟုတ်ကဲ့၊ ခွင့်ပြုပါဦးရှင်၊ ခင်မင်း ငါသွားမယ်

ကိုကိုနိုင်နှင့် ခင်မင်းက ချိုချိုကို လိုက်ငေးကြ
နေကာ နေရာမှာပင် ဆက်ရပ်နေမိကြလေသည်။ ခင်မင်းသ
ကိုယ့်ကျဉ်းကျပ်မှုနှင့်ကိုယ် ငြိမ်သက် အနေခက်နေသည်။

"ခင်မင်း ... ဝင်ကြမလား"

"ဟုတ်ကဲ့ ကိုကိုနိုင်"

ကိုကိုနိုင်က မှန့်အိတ်ကမ်းပေးကာ ရှေ့ကလျှော
သည်။ နောက်မှပါလာကာ ရုံထဲထိုင်မိပြီးကြသည်အထိ ခင်မ
ကျဉ်းကျပ်အနေခက်မှု မပျက်သေးပါ။ ကိုကိုနိုင်ကတော့ ဘ
မမေး။ ဒါပေမဲ့ သူ ကြားမှာပဲဟု စိတ်မှ အလိုလို ထင်နေ
ခင်မင်း မနေတတ်တော့။

"ကိုကိုနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မင်း"

"စောစောက ခင်မင်း သူငယ်ချင်း ပြောနေတာတွေ ကိုကိုနိုင် ကြားသလားဟင်"

"အင်း ... ကြားပါတယ်"

ခင်မင်း ခေါင်းကို ငုံ့ချထားလိုက်မိရင်း ...

"ဒီတော့ အံ့သြမှာပဲနော်"

ကိုကိုနိုင်က မီးရောင်နီကျင်ကျင် ရိပ်ရိပ်ထဲ ခင်မင်းကို ငုံ့ကြည့်သည်။ အံ့သြရတာပေါ့။ အင်မတန်ပင် သူအံ့သြသွားသည်။ ဟိုးအရင်က ခင်မင်းနှင့် ရတုကို မောင်နှမရယ်လို့ မကြဲက ပြောခဲ့သဖြင့် ဆွေမျိုးနီးစပ်ဟု သူ ထင်ခဲ့သည်။ မကြဲ မင်္ဂလာဆောင်မှာလည်း ခင်မင်း နေရာရရ ပါခဲ့၍ ရတုနှင့် အမျိုးတော်သည်ဆိုတာကို ယုံမိတာပင်။

နောက်တော့ တဖြည်းဖြည်း ဘာမှမတော်တာ သိလာသည်။ ခင်မင်းမိဘနှင့် ရတုမိဘ ဘာမှမတော်ဘူးဆိုတဲ့နောက် ဘယ်လိုလုပ် အမျိုးစပ်ဦးမှာလဲ။ သို့ပေမဲ့ စိတ်ထဲဘယ်လိုမှ တစ်မျိုးတစ်မည် မတွေး။ မြန်မာလူမျိုးတို့ရဲ့ ဓလေ့စရိုက်ဟာ သိပ်ခင် သိပ်ရင်းနှီး၊ သိပ်ချစ်လျှင် အမျိုးလိုပါပဲ။ အမျိုးပါပဲ၊ ရပ်ဆွေရပ်မျိုးစသဖြင့် အမျိုးမျိုး စပ်ဟပ်အမျိုးတော်ပစ်တာပဲမို့လား။

အိမ်နီးချင်းအဖြစ် နှစ်ရှည်ကြာ နေခဲ့ကြတာကိုလည်း စကားတွေက သိသာနေရာ ရပ်ဆွေရပ်မျိုး သဘောမို့ ပြောတာဖြစ်မှာပဲဟု အသာပဲ နေခဲ့ပါသည်။ ဒီနေ့မှပဲ အံ့သြသွား





တော့တာ။ ရတု မကြဲနှင့် ယူလိုက်ခြင်းက ခင်မင်းကို အဆက်ဖြတ်တဲ့ သဘောတဲ့။ ဒါနဲ့များ ခင်မင်းက ဒီစုံတွဲကို ဘာကြောင့် ကြည်ကြည်သာသာ ဆက်ဖေါင်းနေသလဲ။ ကိုယ့်ထက်ပင် ဘိုဆန်သွားပလားရယ်လို့ ကိုကိုနိုင် တွေးမိပြီ။

ကိုကိုနိုင်က ခင်မင်းကို ချစ်မိနေပြီ ဖြစ်လေသည်။ ခင်မင်း ခေါင်းညိတ်လျှင် ပြီးရောပင်။

သို့ပေမဲ့ ခင်မင်း အကဲကို သူ မခတ်တတ်၍ အလိုက်တလျော အရိပ်ကြည့်၍ နေရပါသည်။ တစ်ခါတစ်ရံ၌ ခင်မင်း လက်ကလေးကို ဆုပ်တွဲမိတာမျိုးရှိ၍ ခင်မင်းက ခဏ တဖြုတ်တော့ မသိချင်ယောင်ဆောင်ကာနေသည်။ များသောအားဖြင့် ကားလမ်းအကူး၊ လူအုပ်အတိုးတို့၌ ဖြစ်သည်။ ကြာလာလျှင် ခင်မင်းက မသိမသာ ရုန်းဖြုတ်သွားသည်။

တစ်ခါတလေ လမ်းအကူးမှာ လက်တွဲမိတာသာမက ပခုံးကိုပါဖက်၍ တစ်ပါတည်း ဆွဲခေါ်ပြေးရတာမျိုး ရှိဖူးပါသည်။ အဲဒီကျရင်တော့ လမ်းတစ်ဖက်ကမ်း ရောက်တာနှင့် သူက လက်ဖယ်ပေးလိုက်တာပင်။ အသားယူတာ မဟုတ်သော်လည်း ရှဖန်ရံခါ၌ နိုင်ငံခြားအပါးဝနေသော ကိုကိုနိုင်က လက်ရဲဘတ်သည်။ ခင်မင်းကိုတော့ ကိုကိုနိုင် တန်ဖိုးထားပါသည်။

ခင်မင်း လက်ခံလျှင် လက်ထပ်ဖို့ထိ သူ့ဘက်မှ ရည်ရွယ်ထားတာမို့ လက်တွဲ၊ ပခုံးကိုင်မိတာမျိုးကို သူ့ဘက်မှ ဆော်ကားမော်ကား လွန်ကျူးမိတာမျိုးအဖြစ် သူ မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတွေ ...လိမ့်လို့ လိုက်မမီအောင် ဖြစ်တာပါ၊ကို...
အတွက်တော့ ဘယ်လိုဖြစ်ဖြစ် အကြောင်းမထူးပါဘူ...
ပြီးတာတွေ ပြီးပြီပဲ"

ကိုကိုနိုင်က ခင်မင်း အနေမခက်အောင် စကားဖြ... ရင်း ...

"သီချင်းတွေ ကောင်းတယ်နော်"

သီသီသာသာကြီးကို စကားလွှဲပစ်လိုက်ပါသည်... ခင်မင်းက သက်ပြင်းရှိုက်ကာ ရုပ်ရှင်ရုံထဲ ဖွင့်ပေးထားသေ... MICHAEL LEARNS သီချင်းကို နားထောင်လိုက်မိပါသည်။

He takes you out and he takes you up
cause he can show you so much,
I go to bed and tomorrow again
there's a lot of work to be done ...
He gives you gold and
he'll promice you the whole world will be yo...
I just can tell I love you so
even though my odds and low ...

အလုပ်မရှိ အလုပ်ရှာ သီချင်းစာသားတွေကို ... နှစ်ကာ နားထောင်လိုက်ကာမှ သီချင်းအဓိပ္ပာယ်က ခင်မင်... ကို နာကျင်စေပါသည်။ မှန်ပါသည်။ ရတုရယ် ... မကြီးက... မင်းကို အစစ ပြီးပြည့်စုံအောင် ဖြည့်ဆည်းမွမ်းမံထားနိုင်မည်... ခင်မင်းကတော့ ချစ်သည်ဆိုတာကလွဲပြီး ရတုကို ဘာများပေး... ပြည့်စုံနိုင်စေသလဲ။





"ခင်မင်း"

"... ..."

"ခင်မင်း ငိုနေသလားလို့"

ခင်မင်း ပါးပေါ်မှ မျက်ရည်စက်တစ်ပေါက်ကို အသာသုတ်ရင်း ...

"ဟင့်အင်း ... မငိုဘူး"

"ကိုယ်မစပ်စုတတ်ပါဘူး ခင်မင်းရယ်၊ ဒါပေမဲ့ ခင်မင်းကို မျက်ရည်ကျစေတဲ့ လုပ်ရပ်ဆိုရင် ကိုယ် မကျေနပ်ဘူး၊ မကြီးနဲ့ ရတု လက်ထပ်တဲ့ကိစ္စကို ခင်မင်း ဘာကြောင့် အပြုံးမပျက် လက်ခံလိုက်နိုင်တာလဲ၊ ဘာလို့ လက်ခံလိုက်ရတာလဲ"

ခင်မင်း ခေါင်းကိုအသာယမ်းလိုက်သည်။

သူမ ဘယ်လိုပြောရပါမလဲ။ မကြီးရဲ့ ပြဿနာကို မကြီး အစ်ကိုဖြစ်တဲ့ ကိုကိုနိုင်ကို သူမ ဖွင့်ဟပြောဖို့ မသင့်ပါ။ သူ့နှမရဲ့ ရှက်စရာဒုက္ခကို ခင်မင်းကြောင့် သိသွားရတာမျိုး မဖြစ်ပါစေနှင့်။ ပြောမပြချင်ပါ။

"တစ်ခုခုတော့ ရှိနေတယ်"

"မဟုတ်ပါဘူး ကိုကိုနိုင်၊ အပြုံးမပျက် လက်ခံလိုက်တာလည်း မဟုတ်ပါဘူး၊ လူတွေက ရတုနဲ့ ခင်မင်းကို အတွဲလို့ ထင်နေကြတာကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခုန ကောင်မလေး ဒီလိုပဲ ပြောသွားတယ် မဟုတ်လား၊ ခင်မင်းကို ရတုက ဖြတ်ခဲ့တယ်လို့လေ"

"သူငယ်ချင်း အသိုင်းအဝိုင်းက အဲသလို လက်ခံထားတာပါ။ တကယ်က ရတုနဲ့ ခင်မင်းက သူတို့ထင်သလို မဟုတ်ပါဘူး"

"ဒါဖြင့် ခင်မင်းကသာ ရတုကို တစ်ဖက်သတ် ချစ်ခဲ့တာမျိုးလား၊ ခင်မင်း မျက်ရည်ကျတယ်ဆိုတော့ ဒီလိုပဲ ထင်စရာရှိနေတယ်"

"အဲသလိုပဲ ဆိုပါတော့ ကိုကိုနိုင်"

ခင်မင်း ဖွတ်မိုတ်၍ ဖုံးကွယ်လိုက်ရပါသည်။ အဲ
နောက်တော့ နှစ်ယောက်ကြားမှာ စကားသံ တိတ်ဆိတ်သွားပါ
သည်။ ရုပ်ရှင်ရုံထဲက သီချင်းသံသာ ငြိမ့်ငြိမ့်ကလေး ဆက်ပြ
ထွက်ပေါ်လာနေသည်။ ခုလာနေတာဟာ MICHAEL LEARNS
ရဲ့ Someday ဆိုတဲ့ သီချင်းပေါ့။

"Someday, someway;
together we'll be baby ...
I'll take and you'll take your time ...
we'll wait for our fate,
Cos' nobody owns us baby ...
we can shake, we can shake the rock ...

ဘာကိုပဲကြားကြား ကိုယ့်စိတ်ကပဲ အတင်းဆွဲ
တိုက်ဆိုင်ကြည့်နေမိလို့လား မသိတော့ပါဘူး ရတုရယ် –





တစ်နေ့နေ့မှာ တနည်းနည်းနဲ့ တို့ အတူနေကြရမယ်၊ မင်းရော ငါရော အချိန်တော့ ယူရလိမ့်မယ်၊ ငါတို့ရဲ့ ကံတရားကို စောင့်ကြတာပေါ့၊ ငါတို့ကို ဘယ်သူမှ မပိုင်ပါဘူး ဆိုပေမဲ့ မင်းကိုကြေက ပိုင်ခဲ့ပြီ ထင်ပါရဲ့ ရတုရေ။

❥ ○ ❥

"ရတု ကားထဲစောင့်ကျန်ရစ်နော်၊ လိုက်မလာနဲ့ သိလား"

ရတုသည် ကားပေါ်မှဆင်းဖို့ ဟန်ပြင်သော မကြွ
ကို ငဲ့ကြည့်ကာ ...

"ခုနောက်ပိုင်း ဆေးခန်းထဲ ခေါ်ကိုမခေါ်တော့ဘူး၊ ကျွန်တော်လိုက်တော့ ဘာဖြစ်လို့လဲ မကြွရယ်၊ လူတွေက အများကြီး၊ တိုးတိုက် ချော်လဲမှာ စိုးရိမ်တယ်၊ အခု မိုးလည်းရွာထားတယ်၊ သတိထားပြီး လမ်းလျှောက်ဦး၊ လိုက်ပို့မယ်ဗျာ၊ ပြီးမှ ကားထဲ ပြန်ထိုင်ပါ့မယ်"

အမေကိုချစ်သော သားပီပီ မိန်းမတို့အပေါ်လည်း
ဘာတကြင်နာစိတ် နဂိုအခံရှိသူပီပီ ရတုသည် ကိုယ်ဝန်ဆောင်
ခင်တို့ကို ကရုဏာသက်ပါသည်။ မကြွကို ချစ်စိတ်တစ်ခုတည်း
ကြောင့် မဟုတ်။ တခြား ကိုယ်ဝန်ဆောင်မိခင်တို့ကိုလည်း ရတု
ကရုဏာစိတ် ရှိတာပင်။ ရင်သွေးကို တလေးတနက်ကြီး လွယ်ပိုး
များစွာ လွယ်ပိုးကာ နေရထိုင်ရ သွားရလာရ ကုန်းရကွရ ခက်



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲခဲနှင့် မပေါ့မပါးရှိလှသော မိခင်လောင်းတို့ဘဝကို သူ စာနာလေးစား ကြင်နာမိပါသည်။

"လိုက်ပို့မနေပါနဲ့ ရတုရယ်၊ သူများယောကျ်ားတွေလည်း မပို့ကြပါဘူး၊ မိုက်ပူတွေကြားမှာ ယောကျ်ားပါလာတာ ရှုပ်ပါတယ်"

မကြဲက ကားပေါ်မှ ဆင်းမည်အပြု ပလက်ဖောင်းစပ်၌ ရေစပ်စပ်ရှိနေ၍ ခြေချခက်နေလေသည်။ ရတုသည် ဤအဖြစ်ကို ရိပ်မိကာ သူ့ဘက်မှ ခပ်သွက်သွက် ဆင်းလိုက်၏ ကားကိုလည်း ရှေ့တိုးဖို့၊ နောက်ဆုတ်ဖို့ မလွယ်။ ကားရပ်ရခက်သော ဧရိယာဖြစ်၍ ဤတစ်နေရာစာပင် မနည်းဝင်ထိုးရပ်ရတာမို့ ရွှေ့ဖို့မလွယ်တော့။

"လာ မကြဲ၊ ကျွန်တော့်လက်ကိုဆွဲ"

ယုယကြင်နာသော လေသံနှင့် မကြဲကို လက်ကမ်းပေးလိုက်ရာ မကြဲက အပြုံးကလေးတဝင့်နှင့် ရတုလက်ကို လှမ်းဆွဲလိုက်ပါသည်။ လက်ကိုအားပြုကာ ခြေတစ်ဖက်ထောက်ပြီး ဆတ်ခနဲ ခုန်လှမ်းလိုက်တာမို့ ...

"ဟာ ... မခုန်နဲ့လေဗျာ"

"မကြဲ သိပါတယ်ကွာ၊ ခုန်လို့ရလို့ပေါ့"

"ဟာ ... မရ,ရဘူးလေ၊ မကြဲနော်၊ မပေါ့ဆနဲ့ဗျ၊ လ... ရင့်လှပြီ၊ နည်းတော့တာ မဟုတ်ဘူး၊ ရှစ်လတောင်ကျော်လောက်ပြီ"





"သိပ်ပိုတာပဲ ရတုရာ၊ လူကို ဘာမှတ်နေသလဲ"

"လူကို ကလေးအမေလောင်း မှတ်နေတာပေါ့၊ ဒါကြောင့် ပြောနေရတာ"

မကြဲက ရတုကို ပြုံးဖျဖျ မျက်စောင်းရွယ်ကာ လှည့်၍ ဆေးခန်းဆီ လျှောက်သည်။ ပလက်ဖောင်းကျောက်ပြားတို့က ရေစိုစွတ်ကာ ချော်နေသည်။ တစ်နေရာကို မကြဲက အမှတ်တမဲ့အနင်း ...

"အမေ့"

"ဟာ ... မကြဲ ... မကြဲ"

ရတုသည် အမြန်ဆုံး လှုပ်ရှားကာ မကြဲရဲ့ ယိုင်သွားသော ခန္ဓာကိုယ်ကလေးကို ဆတ်ခနဲ ကမန်းကတန်း ထိန်းဖွဲ့လိုက်ပါသည်။ မကြဲသည် ရတု ရင်ခွင်၌ ယိုင်မှီသွားရာမှ ဆတ်ခနဲဖယ်ကာ ...

"ဖယ် ... ဖယ် ... ရတယ်"

"ခင်ဗျား လဲမှာစိုးလို့ လှမ်းဖက်ရတာ"

"အသားယူတယ်လို့လည်း ဘယ်သူကမှ မပြောပါဘူး ရတုရယ်"

"ဖြည်းဖြည်းလျှောက်ပါဆိုတာ လျှောက်မှ မလျှောက်တာ၊ မရဘူး၊ အထဲထိပို့မှ"

"မပို့နဲ့လို့ ဆိုနေတာ"

"စိတ်ပူတဲ့သူကို ထပ်စိတ်ညစ်အောင် မလုပ်ပါနဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



မကြဲသည် ရတုကို စေ့စေ့ကလေး စိုက်ကြည့်လိုက်ပါသည်။ ရီလဲ့သော ရတုရဲ့ မျက်ဝန်းများက မကြဲကို ကြင်နာမြတ်နိုးစွာ ငုံ့မိုး၍ ကြည့်နေလေသည်။ မကြဲ ရင်ထဲ ပူနွေးနစ်သိမ့်ကာ ...

"ကဲ ... လိုက်ပြီးရင် ချက်ချင်းပြန်ထွက်တော့"

"ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလောက်နှင်နေတာလဲ၊ ဆေးခန်းရောက်ရင် အမြန်နှင်ထုတ်တယ်"

"ကဲပါ ရတုရယ်၊ လိုက်ပို့ရရင် ပြီးပြီမဟုတ်လား"

ဆေးခန်းထဲမို့ ရတု မကျေမနပ် နှုတ်ဆိတ်ကာပါလာသည်။

မကြဲ ပြောလည်း ပြောစရာ။ ဆေးခန်းထဲမှာ လူကျပ်လူရှုပ်လှကာ သားဖွားမီးယပ် အထူးကုခန်း တစ်ဝိုက်မှာတော့ ယောကျ်ား ပါးရှားလှပါသည်။ ကိုယ်ဝန်ဆောင်တွေချည်းတိုးစရာနေရာမရှိအောင် ကျပ်သပ်နေသည့်အကြား မကြဲကို ...ပေးပြီးလျှင် ...

"စာအုပ်ပေး၊ သွားထပ်ပေးမယ်လေ မကြဲ"

"သွားပါတော့၊ မကြဲဘာသာ ဆရာမလာတော့ ပေးလိုက်မယ်၊ မပူပါနဲ့၊ မကြာပါဘူး၊ မကြဲက ကြိုတင်ဘွတ်ကင်လုပ်ထားတာပါ၊ ရှေ့နားက ပြရမှာပါ၊ ကဲ ... သွားတော့သွားတော့"





ရတုက လှည့်ထွက်လာခဲ့ရပါသည်။ မိုးတိတ်ကာစ ဆေးခန်းရှေ့ ပလက်ဖောင်းမှာရပ်ကာ ကားဆီ ပြန်မဝင်ဖြစ်ဘဲ မကြဲကို စောင့်သည်။ ဆေးခန်းတစ်ခုထဲကိုမှ မခေါ်ချင်ရတဲ့ မကြဲသဘောကို သူ နားမလည်။ ဆရာဝန်ရှေ့အထိ မခေါ်ချင်တာဆိုလျှင် အဓိပ္ပာယ်ရှိသည်။ လှန်လှောစမ်းသပ် စစ်ဆေးစဉ် ရတုကို မရှိစေချင်တာက မဆန်းပေမဲ့ အခန်းရှေ့ကပင် ရပ်မစောင့်စေချင်တာကတော့ ဘာသဘောပါလဲ။

ရတုကား တစ်ရက်ထက်တစ်ရက် မကြဲ အပေါ် သံယောဇဉ် တင်းကျပ် ရင့်မာခဲ့ရပြီမှာ မျက်စိအောက်ကပင် အပျောက်မခံချင်လောက်အောင်တည်း။ တစ်နေ့သောအခါ ခွဲခွာရမည့် အဖြစ်သည် သူ့နှလုံးသားကို နှိပ်နှိပ်စဉ်း ထုထောင်းခံရသလို စပ်ဖျဉ်းနာကျင်နေစေသည်။ ရှိခွင့်ရနေသလောက် အချိန်၌ပဲ အနားက တစ်ဖဝါးမခွာ ဂရုတစိုက် အရိပ်ကြည့်ရုံပဲပေါ့။

မကြဲ အိပ်ပျော်နေသည့်အခါ မကြဲမျက်နှာလေးကို ငေးမောကာ ခိုးကြည့်ရင်း သူ့ရင်တို့ တအားနင့်ကာ ဆို့သိပ်နေရမြဲ။ မကြဲကို မခွဲချင်။ မကြဲကို ချစ်သည်။ မကြဲရယ် ... ဆင်းရဲသူမလေးတစ်ယောက် ဖြစ်လိုက်စမ်းပါလား။ ကတိကဝတ်နှင့် ဆောင့်စည်းအပ်သည်တို့ကို သူ ဆန့်ကျင်ကျော်လွှားကာ မကြဲအပါး တစ်သက်လုံး နေရခွင့် တောင်းကောင်း တောင်းမိမည်။

ခုတော့ မကြဲက အမြင့်မှာ။ သူ ဘယ်နည်းနှင့်မခွဲ မကြဲကို ခွဲခွာဖို့ ဆုံးဖြတ်ပြီးသားပါ။ မွန်မြတ်သန့်ရှင်းသော သူ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အချစ်ကို ကြွယ်ဝချမ်းသာခြင်းဖြင့် အထင်သေး အမြင်မှား မခံနိုင်ပါ။ တဖြည်းဖြည်း တစစနှင့် သူနှင့် မကြဲ ခွဲခွာဖို့ဆိုတာဟာနီးကပ်လာခဲ့ပြီ။ ဒီကြားထဲ အံကြိမ်ကြိမ် အခါခါ သူ့ကို နားပူနားဆာလုပ်ကာ မကြဲကို ထားရစ်ဖို့ ကွာရှင်းတော့ဖို့ တောင်းဆိုခဲ့သော ခင်မင်းကို သူ သနားနားနှင့်ပင် လျစ်လျူရှုခဲ့ရတာပဲ။

အရင်တုန်းက ကတိအတိုင်း မကြဲ မွေးဖွားပြီးမှပဲ။ မွေးဖွားရတဲ့ အချိန်မှာ မကြဲကလေး အားငယ်ရှာဦးမှာ သေချာသလောက်ပဲမို့လား။ ကလေးရဲ့အဖေ ဆိုသူက ဟိုးအဝေးတစ်နေရာမှာ၊ အနားမှာ ဂရုတစိုက် ဖေးမ မားမားမတ်မတ် ရပ်မဲ့သူက မရှိ။ ကိုကိုနိုင်က ဘာသိဘာသာ။ အန်တီခင်က မလုပ်တတ်၊ မကိုင်တတ်။ သူ မရှိဘဲ မကြဲကို မမွေးဖွားစေလိုပါ။

မကြဲ ကျန်းကျန်းမာမာနှင့် အောင်အောင်မြင်မြင် မွေးဖွားပြီးချိန်ကျမှပဲ သူ မကြဲကို ထားခဲ့ရစ်ပါရစေတော့။

"ဟယ် ... သီတာ၊ ဘယ်နှလရှိပြီလဲ"

"မြတ်ပါလား၊ ကိုယ် ခုနစ်လကျော်ပြီ မြတ်၊ မြတ်ကော အိုကျီလာပြတာလား"

"ဟုတ်တယ်၊ ကိုယ်က ခုမှသုံးလထဲ၊ ဒုတိယကိုယ်ဝန်လေ၊ သီတာက သားဦးနော်"

"ဟုတ်တယ်၊ ဖတ်စ်ပါရာပေါ့၊ ဂျူးဒီတ်က စက်တင်ဘာထဲမှာလေ"

"အာလ်ထရာဆောင်းဒ် ရိုက်ပြီးပြီလား"





အနားလာရပ်ကာ နှုတ်ဆက်စကား ဆိုနေကြသော အမျိုးသမီးနှစ်ယောက်ကို ရတုက မသိမသာ ငဲ့စောင်း၍ ကြည့်မိပါသည်။

တစ်ယောက်ကပူပူ တစ်ယောက်က မသိမသာ။ မီခင်လောင်းတွေကို ပုံအမျိုးမျိုး ဝတ်စုံအမျိုးမျိုးနှင့် တစ်စုတစ်ဝေး အုပ်ဖွဲ့တွေ့ရသော ဤလိုနေရာမျိုးကို ရတုက ပြုံးချင်နေပါသည်။ မီခင်လောင်းတို့ရဲ့ မျက်နှာများမှာ များသောအားဖြင့်တော့ ဂုဏ်ယူတက်ကြွခြင်းတစ်မျိုးနှင့် ကျက်သရေမင်္ဂလာရှိလှပါသည်။

"ရိုက်ပြီးပြီ"

"ဘာလေးလဲ"

"မိန်းကလေးကွယ်၊ အမျိုးသားက ယောကျ်ားလေးချည်းတဲ့တာ၊ အာလ်ထရာဆောင်းဒ် ရိုက်ပြီးတာတောင် မပြောရဲသေးဘူး မြတ်ရယ်"

"အို ... သီတာကလည်း၊ သားဦးပဲဟာ ဘာလေးရရ မင်းရဲ့လူ မြူးနေမှာပါ၊ ပြောပြလိုက်ပါ၊ စောစောပိုင်းသာ ဘာရယ် ညာရယ် ကြေးများနေတာ၊ နောက်တော့လည်း သူတို့ သည်းကြတာချည်းပါပဲ"

"ခုထိတော့ ကိုယ်က မြှိုထားတယ်၊ ဟင်း ဟင်း"

"သူက မမေးဘူးလား"

"ခြောက်လကျော် ခုနစ်လဆိုရင် အာလ်ထရာဆောင်းဒ် ရိုက်လို့ရမှန်း သူ သေချာမသိဘူးလေ၊ ဒါနဲ့ ကိုယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မြှိုထားတာပေါ့၊ ဖွက်မရတော့မှာဘဲ ပြောပြမယ်၊ ဟင်း ... ဟင်း”

အမျိုးသမီးနှစ်ယောက် ရယ်မောနေတာကို အမှတ်တမဲ့ နားစွင့်ပြီးနေမိပြီးမှ ရတု ဆတ်ခနဲ ဖြစ်အောင်ပင် သတိရသွားပါသည်။ မကြဲ ... မကြဲက ရှစ်လပဲ ကျော်လောက်နေပြီ။ အာလ်ထရာဆောင်းဒ် မရိုက်သေးဘူးလား။ သားရယ်၊ သမီးရယ် ခွဲခြားသိရဖို့ အာလ်ထရာဆောင်းဒ် ရိုက်ကြတာကို ရတုပင် ကြားဖူးနားဝနှင့် သိပါသည်။

ဘယ်လ ရိုက်နိုင်မှန်းသာ သေချာမသိတာ။ မကြဲလည်းပဲ အကြမ်းဖျဉ်းတော့ သိနိုင်သည်။ ရိုက်လို့ရနေပြီဆိုတာများ မသိလို့လား။ တစ်ကြိမ်မှ ပြောသံမကြားရတာ မေ့လျော့၍များ နေလို့လား။ ဒီကိုယ်ဝန်ကိစ္စနှင့် ပတ်သက်ပြီး အတော်များများမှာ မကြဲဟာ ပေါ့ဆဆကို နိုင်လှပါတယ်။

ရတုသည် အမျိုးသမီးနှစ်ယောက်ဘက် လှည့်ကာ မျက်နှာချိုသွေးပြုံးရင်း ...

“ရှစ်လဆိုရင် အာလ်ထရာဆောင်းဒ် ရိုက်လို့ရပြီလား အစ်မ”

အမျိုးသမီးနှစ်ယောက်က တအံ့တဩ လှည့်ကြည့်ကြသည်။

“ဟိုဟာပါ၊ ကျွန်တော့် အမျိုးသမီးလည်း လာပြတာပါ။ ရှစ်လလောက်ရှိပါပြီ၊ အာလ်ထရာဆောင်းဒ် မရိုက်ရသေးလို့ပါ”





“သြော် ... ရှစ်လဆို ရိုက်ရင် ရနေပါပြီ၊ ဆရာဝန်က မရိုက်ခိုင်းဘူးလား”

“သူ မပြောဘူး ခင်ဗျ”

“ဒါဖြင့် သူက မွေးမှပဲ ဆပ်ပရိုက်စ် သိချင်တာမျိုးများလား၊ အဲလိုကြောင့် မရိုက်တာ ဖြစ်ချင်ဖြစ်မှာပါ၊ ခြောက်လ ဆိုရင် အထီး,အမ ခွဲခြားရနေပါပြီ”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူးပါပဲ၊ သူ့ကို ရိုက်ခိုင်းလိုက်ဦးမယ် ... အဟင်း”

ရတုသည် ပြုံးမြမြနှင့် ရင်တဒိတ်ဒိတ်ခုန်ကာ ဆေးခန်းထဲ စွတ်ရွတ်ပြန်ဝင်လာခဲ့ပါသည်။ ဆေးခန်းဝဘက် ပြန်လျှောက်ထွက်လာသော မကြဲကို လမ်းမှာဆုံလိုက်ရ၍ ...

“မကြဲ”

“ဟင် ... ဘာလို့ လိုက်လာပြန်တာလဲ၊ အပြင်မှာမနေဘူးလား”

“နေပါတယ်၊ ခုမှ ပြန်ဝင်လာတာ၊ ဟိုလေ ...”

“လာ ... လာ ... ပြန်ထွက်မယ်”

“မကြဲ ... ဟိုဟာလေ”

“အပြင်ကျမှ ပြောကွာ”

မကြဲက ထွက်သွားသဖြင့် သူ လိုက်လာရပါသည်။ မကြဲက ဆေးခန်းပြင်ရောက်မှ ရပ်လိုက်ပြီး ရတုဘက်လှည့်ကာ ...

“ကဲ ... ဘာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မကြဲက ပြီးပြီလား"

"ပြီးပြီ"

"ပိုက်ဆံ မပေးရသေးဘူးလေ"

"ပေးပြီးပြီ"

"ဟင် ... ခုမှ ထွက်လာတာပဲ"

"ပေးပြီးတော့ မေးစရာရှိလို့ ပြန်ဝင်သွားတာပါကွာ၊ ကဲပါ ဘာလဲ ... ဘာပြောမလို့လဲ"

"ဟိုလေ ... အာ ... အာလ်ထရာဆောင်းဒ် မရိုက်ဘူးလား၊ ရိုက်လေ ... ခြောက်လ ခုနစ်လဆိုရင် ရိုက်လို့ရနေပြီ မကြဲရဲ့"

မကြဲသည် ပြုံးစပ်စပ် ဖြစ်သွားကာ ...

"အမယ် ... သူက ဘယ်လိုသိလဲ"

"ဟိုနားက အစ်မကြီးနှစ်ယောက် ပြောနေတာနဲ့ ရှစ်လဆို ရိုက်လို့ရမလား မေးကြည့်လိုက်တာလေ မကြဲရဲ့"

"မင်း တော်တော်ရယ်ရတယ်ကွာ"

"ဘာရယ်ရလို့လဲ မကြဲရာ၊ ယောကျ်ားလေးလား၊ မိန်းမလေးလား သိအောင်လေ၊ ရိုက်လိုက်ပါလားနော်၊ သိရတာပေါ့"

"အို ... သိချင်ပါဘူး"

"ကြိုသိရတာ ကောင်းတာပေါ့ မကြဲရဲ့"





"ဘာထူးလို့လဲ၊ အခု သိသိ မသိသိ ယောကျ်ားဆိုလည်း ယောကျ်ားပဲ၊ မိန်းမဆိုလည်း မိန်းမပဲ၊ ပြောင်းလဲသွားတာမှ မဟုတ်တာ၊ ရိုက်ဖို့မလိုပါဘူး၊ ကြိုမှ မသိချင်တာ"

"မကြဲကလည်း စိတ်မဝင်စားသလိုပဲ"

"ရတုကလည်း စိတ်ဝင်စားလွန်းတယ်၊ သူ့ကလေးကျနေတာပဲ"

ရတုသည် မျက်နှာကွက်ခနဲပျက်ကာ ငိုင်ကျသွားပါသည်။ မကြဲက သက်ပြင်းတစ်ချက်ကို ရှိုက်ရင်း ရတုလက်ကို လှမ်းဆွဲကာ ကားဆီ ဦးဆောင်ခေါ်လာခဲ့၏။ ကားပေါ် ရောက်ကြတော့လည်း ရတုက စက်ကို မနှိုးသေး။ မကြဲက ငြိမ်သက်ကာ ရတုကို ငဲ့ကြည့်နေသည်။

မကြဲရင်ထဲ ဘယ်လိုတွေ ဖြစ်နေသည်ဆိုတာကို သူ သိအောင် ခွဲပြလိုက်ချင်ပါသည်။ တဖြည်းဖြည်း မရှုနိုင်၊ မကယ်နိုင် အကျဉ်းအကျပ် ဖြစ်နေရပြီက မကြဲဆိုတာ ရတုကတော့ မသိနိုင်အားလေခြင်းတည်း။ မကြဲမှာ တစ်ရက်ထက်တစ်ရက် တစ်နေ့ထက်တစ်နေ့ ကုန်ဆုံးလာသော အချိန်တို့ကြား၌ အခက်အခဲတစ်ခုကို နီးနီးကပ်ကပ် ရင်ဆိုင်လာနေရပြီ။

နောင်အခါ ဘယ်လိုပဲဖြစ်ဖြစ်ရယ်လို့ ဖွတ်မိတ်မိုက်မဲကာ ဖြစ်လိုတာတစ်ခုကိုသာ ဦးတည်ရည်သန်လျက် တစ်ဖွတ်ထိုးရူးခဲ့သော မိန်းမတစ်ယောက်အဖြစ် ဝန်လေးပင်ပန်းနေခဲ့ပြီကို ရတုကတော့ နားလည်နိုင်ဦးမှာ မဟုတ်ပါ။ အရှုပ်အထွေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖြေခါနီးကျမှ ခက်နေပြီ ရတုရေ။ ပြေပြေပြစ်ပြစ် ဖြေရှင်းပြီးစီးနိုင်မလား။ အရုက်တကွဲ အကျိုးနည်းနဲ့ မင်းရဲ့ အမုန်းကို ရလေမလားဆိုတာကို ခုမှ မကြံ ပူပန်ပြီ။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ချိန်ချိန်မှာ ရတုကို ခွဲခွာရတဲ့အခါ မကြံ ရင်ကွဲပက်လက် ကျန်ရစ်ရမှာကတော့ အမှန်တရားပါပဲ ရတုရေ။





## ၁၀

ရတုသည် ဆိုင်ဘက်ဆီမှ လျှောက်လာနေသော ခင်မင်းကို လှမ်းကြည့်ကာ မကြံရဲ့ နှင်းဆီပန်းအိုးကလေးကို အိုးသစ်လဲပေးနေရာမှ ထရပ်လိုက်ပါသည်။ ပေကျံနေသော လက်ဖဝါးနှစ်ဖက်ကို ရိုက်ခါရင်း နီးကပ်လာသော ခင်မင်းကို အံ့အားတသင့်နှင့် ...

"နှင် ပိန်သွားပါလား ခင်မင်း၊ နေကောင်းရဲ့လားဟင်"

ခင်မင်းက ရတုရဲ့ တစ်ကိုက်ကျော်အကွာမှာ ရပ်ရင်း ရတု မျက်နှာကို ဆွေးဆွေးကလေး စေ့စေ့ကြည့်လိုက်ပါသည်။

"နှင် ခုမှ သိသလား၊ ငါ့ကို ဆိုင်က လူတွေ ပိန်သွားတယ် ပြောကြတာ တစ်လလောက်ရှိပြီ"

"ငါ နှင်နဲ့ အသေအချာ ခုလို မျက်နှာချင်းဆိုင်ရပ်မတွေ့ဖြစ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တွေ့ဖြစ်မလဲ၊ နင့်မှာ မကြုံကိစ္စက ပိုအရေးကြီးနေတာကိုး၊ မကြုံကိစ္စ မကြုံဗိုက်ထဲက ကလေးကိစ္စ၊ ဒါတွေနဲ့ပဲ နင် အချိန်တွေ ကုန်မှန်းမသိ ကုန်လာတာ လပေါင်းများစွာရှိပြီ၊ ခုဆိုရင် ခင်မင်းဆိုတာတောင် နင်နဲ့ ဘာတော်သလဲ နင် မေ့နေပြီ၊ ပိန်သွားပေမဲ့ မှတ်မိနေလို့ ကျေးဇူးပဲ ရတု"

"နင် ငါ့ကို အဲလို အရွဲ့မတိုက်ပါနဲ့ ခင်မင်းရာ"

"မဟုတ်လို့လား၊ ငါ ပြောတဲ့အထဲမှာ ဘာအမှားပါသလဲ၊ နင် ငါ့ကို တကူးတက လာတွေ့ဖို့ တွေ့လိုမြင်လိုစိတ်ဆိုတာတွေ ပျောက်ကုန်တာ ဘယ်လောက် ကြာပြီလဲ၊ နင့် မျက်စိထဲမှာ မကြုံကလွဲလို့ ဘာမြင်ကွင်းကိုမှ တိုးမပေါက်တော့ဘဲ နင့်ခေါင်းထဲမှာ မကြုံအတွက်ဆိုတာကလွဲလို့ ဘာကိုမှ စိတ်မှမဝင်စားတော့ဘဲ"

ရတု ခေါင်းငုံ့ချကာ ခင်မင်း စိတ်ဆိုးပြေအောင် ချော့ဖို့ စဉ်းစားရင်း ပြုံးလိုက်ပါသည်။

"အခုကော"

"ဘာလဲ ခင်မင်းရ"

"မကြုံရောလို့ မေးတာ"

"ရှိတယ်၊ ရေချိုးမလို့တဲ့ဆိုလို့ ငါ အပြင်ထွက်လာတာ"

"သြော် ... နင်တို့ သန့်ရှင်းရိုးသားကြဆဲပေါ့"

ခင်မင်း နှုတ်ခမ်းမဲ့မဲ့ကို ရတု စိုက်ကြည့်လိုက်သည်။

"ဒီလောက်တောင်ထိပဲ ... ဟင်း ဟင်း"





"ခင်မင်း"

"ငါ အရွဲ့တိုက်ပြောနေတာ မဟုတ်ဘူး၊ နင်တို့ အဲသလောက် ရိုးသားနေကြသေးတာအတွက် ဂုဏ်ပြုလိုစိတ်တကယ်ရှိလို့ပါ ... ဟင်း ဟင်း ဟင်း"

"ခင်မင်း ... နင် ရယ်နေပုံက ရူးနေသလိုပဲ"

"အေး ... နင့်ကို ငါ အရူးစကားပြောစရာရှိလို့"

"ပြောလေ"

"ဒီမှာ မပြောဘူး၊ နက်ဖြန်ပြောမယ်"

"ပြောစရာက အရှည်ကြီးလား"

"ပြောစရာက တိုတိုလေး၊ နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေက ရှည်လျားမှာမို့လို့ ဒီမှာ မပြောတာ၊ နက်ဖြန် တနင်္ဂနွေ၊ နင် အင်းလျားကန်စောင်းကို လာခဲ့၊ မကြုံ ပါမလာနဲ့၊ နင်တစ်ယောက်ပဲလာ"

"အေးပါ"

"နင် နောက်ကျရင် ငါ အင်းလျားကန်းထဲ ခုန်ဆင်းသေလိုက်မယ်၊ နောက်တယ် မထင်နဲ့၊ ငါ တကယ်ပြောနေတာ၊ ငါ သိပ်စိတ်ညစ်နေတယ်၊ ဒီစိတ်ညစ်မှုကို ဖြေဖျောက်ပေးဖို့ နင့်မှာ တာဝန်ရှိတယ်၊ မနက်ကိုးနာရီအတိ လာခဲ့"

"ခင်မင်း နင် ဘာဖြစ်နေလဲ"

"ပြောပြီးပြီလေ၊ စိတ်ညစ်နေတယ်၊ သေချင်နေတယ်"

ရတု သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေရင်လည်း အေးတာပဲ လို့များ အတွေးခံရတဲ့အ
ရောက်နေပလား"

"ခင်မင်း"

"နင့်မှာ တစ်ယောက်ယောက်ကတော့ အပိုသက်သ
ရှုပ်နေပြီလေ၊ ဘယ်သူက ပိုနေပြီး၊ ဘယ်သူ့ကို မရှိမ
နင် ရွေးမလဲ စဉ်းစားတာပဲ စဉ်းစားဖို့လိုတယ်၊ ငါ
ပါတယ်၊ ငါ့ကိုပဲ နင် ရွေးရလိမ့်မယ် ... ဟင်း ဟင်

"မရယ်စမ်းပါနဲ့ ခင်မင်းရယ်"

"မရယ်ပါဘူးဟာ၊ ငါ တကယ် ထင်တာကို ပြောတာ
ဟုတ်မဟုတ် နင် ကြည့်ပေါ့"

"ခင်မင်း ... နင့် ပုံစံကို ငါ စိုးရိမ်တယ်နော်၊ နင့် ပုံ
ရွဲ့တဲ့တဲ့ ပေါ့ပျက်ပျက်နဲ့၊ ဒီပုံစံကို နည်းနည်းမှမကြိုက်

"ဒါဖြင့် မကြိုက်တဲ့ မိန်းမတစ်ယောက်ကို နင် ပေါင်
တော့မယ် ထင်တယ်"

"ငါ ကိုးနာရီမတိုင်ခင်လာမယ်ဟာ၊ ဒါပဲ လိုချင်
မဟုတ်လား"

"အိမ်ပေါ် တက်ပြေးချင်နေပြီလား"

"ခင်မင်း"

"ဒီမှာ တု၊ တစ်ခုလောက် စဉ်းစဉ်းစားစားပြော
ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို လက်
ဖို့ ခိုင်လုံတဲ့အကြောင်းပြချက် ဘာလိုသလဲ"





"ကျွတ် ... ကဲ ... ချစ်ဖို့လိုတယ်ဟာ"

"ဒါဖြင့် နင် မကြွကို ချစ်လို့ လက်ထပ်ခဲ့တာလား"

"ဟာ ... ဘာဆိုင်လဲ၊ ဒီကိစ္စက ထူးခြားတဲ့ဖြစ်ရပ်တစ်ခု
ပဲ၊ ယေဘုယျ မေးခွန်းသဘောထဲမှာ အကျုံးမဝင်ဘူး"

"ဒါဖြင့် မကြွကို မချစ်ဘဲ လက်ထပ်တာပေါ့"

"မေးစရာ မလိုဘူး ခင်မင်း၊ ငါ ဘာကြောင့် လက်ထပ်ရ
တယ်ဆိုတာ နင် သိပါတယ်"

"နင် ငါ့ကို ချစ်သေးသလား တု"

"နင့်ကို ငါ ချစ်ပါတယ်"

သူငယ်ချင်းလို၊ မောင်နှမလိုပေါ့ ဆိုတာတော့ ရတု
မျိုချလိုက်ပါသည်။

"ဒါဖြင့် ပြီးတာပဲ၊ နင် ငါ့ကို လက်ထပ်ဖို့ ခိုင်လုံပါလိမ့်
မယ်၊ နက်ဖြန်မှ ဆွေးနွေးကြတာပေါ့၊ ငါ သွားမယ်"

"အေး"

ခင်မင်း လှည့်ထွက်သွားကာ သုံးလှမ်းမျှ လျှောက်ပြီး
ပြန်လှည့်လာသည်။

"ကိုကိုနိုင် မရှိဘူးမို့လား"

"မနက်က ထွက်သွားတယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဘာပြောပေးထားရမလဲ"

"မလိုပါဘူး တု၊ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်း ဖြည်းဖြည်းလျှောက်သွားတာကို ကြည့်နေပြီးမှ ရတု အိမ်ထဲ ပြန်ဝင်လာပါသည်။ မကြဲနှင့် သူ့ရဲ့အခန်းဘက်မှ အန်တီခင့် စကားသံ ထွက်ပေါ်နေသည်။

"ဟဲ့ ... ဘယ်လိုများ ဖြစ်နေတာလဲ၊ အဒေါ်ကို ဒီလောက်ထိပဲ ရက်စရာလား၊ နင့်မိုက်ကို ကြည့်ချင်လို့ ဝင်လာတာ မဟုတ်ဘူးဟေ့၊ ဒီနေ့ဆိုင်မှာ လခထုတ်ရက်မို့လို့ ပိုက်ဆံလာထုတ်ပေးခိုင်းတာ၊ အိမ်မှာ မရှိရင် ဘဏ်မှာ ထုတ်ဖို့လိုလား ဘာလား အချိန်မီအောင်"

"ဘဏ်ပိတ်ရက်ကြီး၊ အိမ်မှာ ပိုက်ဆံ ရှိသားပဲ၊ အန်တီခင် အလကား အကြောင်းရှိက် ဝင်လာတာ"

"အမယ်လေးတော်၊ ညည်းအခန်းထဲပဲ အကြောင်းရှိက်ပြီးတော့များ ဝင်ရဦးမယ်၊ ကိုယ့်တူမအခန်း ရိုးရိုးဝင်ခွင့် မရှိလို့လားအေ့"

"မကြဲ ရေချိုးတော့မလို့ ဟာကို"

"ညည်း ရေချိုးတော့ ဘာဖြစ်တုန်း ချိုးပေါ့၊ မောင်ကြည်က လခကြိုယူတာ ဒီလကုန်မှာ ရှင်းပြီ၊ ဒါကြောင့် ပိုက်ဆံ ပိုထုတ်ဆိုပြီး စာရင်းတစ်ခါတည်း ထိုင်ရေးပေးနေတာ ညည်း မိုက်နိုင်မို့ စာရင်းလည်း ကူလုပ်ပေးရသေးတယ်"

"အင်းပါ၊ ကျေးဇူးပါပဲ အန်တီခင်ရဲ့၊ ကဲ ... စာရင်းလည်း ပြီးပြီ ထွက်"

"ဘယ်လို ဖြစ်နေတာလဲ ညည်း"





"ဩော် ... မကြဲက ဒီမိုက်ကြီးနဲ့ ချွတ်ရသွပ်ရခက်လို့ ရှုပ်လို့ တစ်ခါတလေ အလွယ်တကူ ပုံချလိုက်ချင်တာ အန်တီခင် ရှိနေလို့"

"ညည်းကိုက ဖိုသီဖတ်သီ၊ ပွစိပွရောင်း အထူအထဲကြီးတွေ ဝတ်တာကိုး၊ ညည်း ကြည့်ရတာ အိုက်လှတယ်၊ ငါ ဝယ်ပေးတဲ့ ရှန်သား မိုက်ဖုံးအင်္ကျီတွေဖြင့် တစ်ခါမှ မဝတ်ဘူး"

"ပါးတယ်"

"ပါးမှ အေးတာပေါ့ဟဲ့"

"ပါးတော့ ဖောက်မြင်ရတယ်၊ ဩော် ... ပြောရခက်လိုက်တာ အန်တီခင်ရယ်"

"ကဲပါအေ ... ထွက်ပါ့မယ်၊ ဩော် ... ရော့ ... မေ့ဦးမယ်၊ ငါ ခုနက ဈေးက ဝယ်လာတာ"

အန်တီခင်က ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ် ချသည်။ အိတ်ထဲမှာ ကလေးအင်္ကျီသေးသေး၊ ခြေအိတ်၊ လက်အိတ်၊ ဦးထုပ်၊ သိုးမွေးထည်လေးများ၊ နို့ဘူး၊ ချိုလိမ်၊ သွားရည်ခံလေးများ စိတ်ကူးပေါက်ရာ တိုလီမိုလီ ဝယ်လာသည်မှာ စုံနေသည်။

"အင်း ... ဟိုနေ့ကလည်း ရတုတစ်ယောက် ပြောမရဆိုမရ ဝယ်တာ၊ တစ်ပုံကြီး၊ ကလေးက မရှိသေးဘူး၊ ပစ္စည်းတွေက သိမ်းမနိုင်ဘူး၊ ပုံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ပုပလေ့စေ၊ ပုံ ဘာဖြစ်တုန်း၊ ချစ်စရာလေးတွေ ဝယ်မိတာပဲ၊ ညည်းသာ မဝယ်တာ၊ဟိုတစ်နေ့က ကိုကိုနီဇီဆောင် ထီးခြင်ထောင် ဝယ်လာသေးတာ"

"ဟင်း ဟင်း"

မကြဲသည် ပါးစပ်လေး လက်ဝါးနှင့်အုပ်ကာ ရယ်မောနေသည်။ အန်တီခင်က မကျေချမ်းလှသော မျက်နှာနှင့် အခန်းထဲမှ ခပ်ဆောင့်ဆောင့် ထွက်လာပါသည်။ ရတုနှင့် တည့်တည့်တိုးနေ၍ ရှောင်ပေးလိုက်ရသော ရတုကို မကြဲက တံခါးလိုက်ပိတ်ရင်းမြင်ကာ ...

"လာပြန်ပြီ တစ်ယောက်က ဝင်မလာနဲ့ဦး"

"မဝင်ပါဘူးဗျာ၊ ခုလောက်ရှိ ရေချိုးပြီးလောက်ပြီထင်လို့"

"ပစ်ထား ရတုရေ၊ ရေချိုးခန်းထဲမှာ လဲမှပဲ ထူလိုက်ပေတော့၊ သူ ထင်ရာမြင်ရာပဲ၊ ရှက်ရင်လည်း ရှက်ပြန်ပြီ၊ မရှက်ရင်လည်း မရှက်ပြန်၊ သူ့စိတ်ပဲဟော၊ ရှောင်ကြဉ်ရှားကြ"

ရတုက ရယ်မောကာ ဧည့်ခန်းမှာပဲ ခေတ္တ စတည်းချကာ ထိုင်လိုက်ရသည်။ သူ့ကို မကြဲ ရှက်တာဆင်ခြင်တာ အပြင်ထွက်စေတာတို့ကတော့ အဓိပ္ပာယ် ရှိပါသည်။ အန်တီခင့်ကိုပင် ရေချိုးဖို့အရေး အကျီချွတ်ဖို့အရေးတောင် နှင်ထုတ်နေတာတော့ အံ့အားသင့်စရာပင်။ မကြဲ စိတ်ကလည်း ခန့်မှန်းရခက်လှပါသည်။ ဒါကြောင့် ရှည်ရှည်ဝေးဝေး မတွေးဘဲ နေတာက အကောင်းဆုံးပင်။





မကြဲ အကျီတွေ ဘာတွေလဲကာ သနပ်ခါးနံ့ သွေးသင်းသင်းကလေးနှင့် ထွက်လာမှ ရတု လှည့်ကြည့်လိုက်ကာ ...

"အခန်းထဲဝင်လို့ရပြီလား မကြဲ"

"ရပြီ ... ဟွန်း"

"ဘာဟွန်းလဲ၊ ကားထဲက တူးလ်စ်အိတ် ယူမလို့ဟာ၊ စားပွဲအံဆွဲထဲမှာ၊ မကြဲရဲ့ကားနည်းနည်းပြင်စရာ ကလိစရာရှိလို့"

"ကဲ ... ဝင်ယူတော်မူ"

"မကြဲ နက်ဖြန်မနက် ကျွန်တော် သွားစရာ ရှိတယ်"

"သွားလေ၊ မကြဲလည်း လိုက်မှာပေါ့"

မကြဲက ကလေးသဖွယ် ခေါင်းလေးငဲ့ကာ ပြောပုံချစ်စရာတည်း။

"ကျွန်တော် တစ်ယောက်တည်းပဲ လာပါတဲ့"

"ခင်မင်းလား"

"ဟုတ်ကဲ့"

မကြဲ မျက်နှာညိုးသွားသည်။ အသံတိုးတိုးလေးနှင့် ...

"ခင်မင်းက မကြဲကို ချက်ချင်းကွာပါတော့ပဲ တောင်းဆိုမလို့ပါ"

"မကြဲရယ် ... ခင်မင်းက ချက်ချင်းကွာပါဆိုလည်း ကျွန်တော် မကွာသေးပါဘူး၊ ဆယ်လပြည့်မှပဲ ဆက်ပေ



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ ကျွန်တော် ကတိတည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မကြဲက မွေးဖို့ နီးနေပြီ၊ မကြဲ အားငယ်မယ်၊ ကျွန်တော် သိပါတယ်"

မကြဲက ရတုကို ခပ်နီးနီးကပ်ရပ်ကာ ခပ်မော့မော့ ကြည့်နေသည်။ အကြည့်သည် ဆွေးမြည့်ရီလဲ့နေကာ မှိုင်းပျအုံ့ ဆိုင်းလျက် ရှိပါသည်။ မကြဲ ဤသို့ ကြာကြာကြီး စိုက်ကြည့် လျှင် ရတု မနေတတ်။ ရင်ထဲခုန်ကာ လှုပ်ရှားလာရတတ်သည်။

"ဆယ်လပြည့်မှပါ နော်"

"ဆယ်လပြည့်ရင် ဘာလဲ အပြည့်အစုံပြော"

"မကြဲကို ကွာမယ်လေ"

မကြဲက မဲ့ခနဲ ကွက်ခနဲ ပျက်သွားသော မျက်နှာ ငယ်လေးကို ပြင်ကာ ...

"လူတွေကြားရင် အံ့သြမယ်နော် ... ဟင်း ဟင်း၊ အနည်း ဆုံး အန်တီခင်ကြားရင်တော့ မီးခိုးမဆုံး မိုးမဆုံး မေးလို့ မြန်းလို့ကို ပြီးမှာ မဟုတ်ဘူး၊ ဒီ ဆယ်လဆိုတာကြီးကိုပဲ တအားမျှော်နေစောင့်နေကြတဲ့ ရတုနဲ့ ခင်မင်းကို မကြဲ အားနာမိပါတယ်"

"ကျွန်တော်က တအားမျှော်မနေပါဘူး၊ တစ်နေ့ သူ့ဟာသူ ပြည့်မဲ့အချိန်ကို ကျွန်တော် မြန်မြန်ကုန်အောင် တစ်ခါမှ ဆုမတောင်းခဲ့ဘူး မကြဲ"

"ဘာလို့လဲဟင်"





"သူ့ဟာသူ ပြည့်မှာပဲလို့ ပြောတယ်လေ"

"မကြဲက အဲဒီအချိန်တွေကို နာရီတွေရပ်၊ ပြက္ခဒိန်တွေ မလှန်ဘဲ မရမက ဖွတ်ရပ်ပစ်လို့ အချိန်ဆိုတဲ့ဟာကြီးက မတော်တဆ ဒီနေ့မှာပဲ ရပ်သွားပြီး ရှေ့ဆက် မရွေ့တော့ရင် ရတု ဘာလုပ်မလဲဟင်"

ရတု မကြဲကို ပြုံးကြည့်ကာ ပါးလေးဖြစ်ဖြစ် လိမ်ဆွဲချင်စိတ်ကို မျိုသိပ်လိုက်ရပါသည်။

တစ်ချက်တစ်ချက်မှာ မသိမသာ ဖွင့်လှစ်ပြတတ်တဲ့ မကြဲရဲ့ ရင်ခွင်တံခါးအတွင်းထဲ ရတု ချောင်းမကြည့်ရဲဘဲ မသိ ချင်၊ မမြင်ချင်ယောင်ဆောင်ရမြဲ။ သူမကို နာမည်တစ်လုံး အနစ် နာခံကာ စောင့်ရှောက်ကူညီခဲ့သူရယ်လို့ ကျေးဇူးအတင်ကြီး တင်ရာက သဒ္ဒါလွန်လာမိပုံရတဲ့ မကြဲရဲ့ ကရုဏာယှဉ်သော မေတ္တာကို သူက လက်ပူးလက်ကျပ် မမိလိုပါဘူး။

ဒါဟာ ဒီအချိန်မှာ မကြဲ ကျေးဇူးတင် လေးစားကြည် ညိုစိတ်မျိုးနဲ့ သံယောဇဉ်ပိုလာတဲ့ အနေအထားပါ မကြဲရယ်။ တကယ်တမ်း မကြဲ ချစ်သူ ပြန်လာတဲ့ခါကျမှ မကြဲ ဘယ်ဒီလို သဘောထားနိုင်တော့မှာတဲ့လဲ။ အဲဒီကျ ဘယ်ဟာအချစ်စစ်၊ ဘယ်ဟာ နီးစပ်မှုဆိုတာ မကြဲ သဘောပေါက်သွားမှာပါ။ ကျွန်တော့်လိုပဲပေါ့ မကြဲရယ်။ အချစ်စစ်ကို နောက်ကျမှ သိခွင့် ရတာကတော့ ကျွန်တော့်အတွက်မှ ထူးပြီး ကံဆိုးခဲ့ခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းက ကန့်ထဲသို့ ခဲလုံးအသေးကလေးများကို ပစ်ပေါက်ကာ ငေးမောနေသည်။ ရတုသည် ဘေးမှာ ထိုင်နေရင်း ခင်မင်းကို စိတ်ရှည်လက်ရှည် စောင့်ပေးနေရပါသည်။ စိတ်မရှည်ပုံ ပြလိုက်လျှင် ခပင်ပေါက်ကွဲ သောင်းကျန်းတော့မလိုဖြစ်သော ခင်မင်းရဲ့ အရိပ်အကဲကြောင့် ဇဝေဇဝါနှင့်ပဲ စိတ်ကို ဆွဲဆန့်ထားရတာပင်။ သို့ပေမဲ့ အကြာကြီးတော့ ရတု အောင့်မနေနိုင်ပြန်။

ဘာစကားမှ မဆိုဘဲ ဒီလို ငြိမ်ထိုင်နေရတာကြီးက လူကို ကျဉ်းကျပ်ခက်ခဲစေသည်။

"ခင်မင်း"

"... ... ..."

"ခင်မင်း"

"... ... ..."

"ခင်မင်းရာ ... နင် ဘာဖြစ်နေတာလဲ၊ ပြောစရာရှိတာ ပြောလိုက်လေ၊ ဒီလို မျက်နှာကြီးနဲ့ မျိုသိပ်ပြီး အောင့်နေတော့ ဘာမှ ပြီးမသွားဘူး၊ နေလည်း မြင့်နေပြီ၊ ပူလိုက်တာ၊ အရိပ်ထဲ ရွှေ့မလား"

"နင်က ငါနဲ့အတူတူ နေပူထဲ မထိုင်နိုင်တဲ့သဘောပေါ့"





"နေရိပ်ကို မရနိုင်မှသာ နေပူထဲနေဖို့ လိုအပ်ရင် နေရမယ်၊ နေရိပ်ရနိုင်ရဲ့သားနဲ့ နေပူခံစရာ ဘာလိုသလဲ ခင်မင်း၊ လူတိုင်းဟာ အရိပ်ကို ရှာတဲ့သူချည်းပဲ"

"နင် ရှေ့ဆုံးက မဟုတ်လား"

"ငါ့ကို ရန်စနေမဲ့အစား နင့်ရင်ထဲမှာ ဖြစ်နေတာကို ပြော"

"ပြောရခက်နေတယ်"

"နင်နဲ့ ငါနဲ့ကြားမှာ ပြောရခက်တာတွေ ပြောမထွက်တာတွေ ထားမနေနဲ့ ပြော"

"လူရင်းကြီးတွေပေါ့"

"နင် ခုတလော စကားပြောရင် ခနဲ့တဲ့တဲ့နဲ့၊ ငါ ကြားလို့ မရဘူး။ အလကားနေရင်း ခနီးခနဲ့လုပ်နေတာ ကောင်းတဲ့ အမူအကျင့် မဟုတ်ဘူး ခင်မင်း၊ တစ်ဖက်သားကို စော်ကားရာကျတယ်ဟ"

"ဒါဖြင့် ငါပြောမဲ့ စကားကြားရင်လည်း နင်က ခနီးခနဲ့ လုပ်တယ် ထင်ဦးမှာပါ"

"ဘာလို့လဲ"

"နင့်ကို စော်ကားတဲ့စကား ဖြစ်ကောင်းဖြစ်နေနိုင်တယ်လေ"

"ခင်မင်းရာ ... ကဲပါ ... နင် ပြောချင်တဲ့ စကားကို ပြောချင်တဲ့ပုံစံနဲ့ပြောပါ၊ မပြောဘဲသာ ငုံ့ငုံ့ကြီး လုပ်မနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နင့်မှာ ဒီလောက်ဖော်ပြရခက်တဲ့ ပြဿနာ အခက်အခဲ ရှိနေမှတော့ ငါလည်း မသိရဘဲ မနေနိုင်ဘူး၊ သိရမှ ကူညီရမှဖြစ်မယ်၊ အမြဲတမ်း နင့်ကို ငါ စောင့်ရှောက်ခဲ့ရတာ ငယ်ငယ်ကတည်းကပဲ မဟုတ်လား ခင်မင်း၊ နင် ဘာတွေ ခံစားနေရလဲ၊ ဘာတွေ စိတ်ညစ်နေရလဲ ပြော၊ မကြီးကို ခုကွာ့စေချင်တာလား၊ ဒီကိစ္စဆိုလည်း ငါတို့သုံးယောက် ဆုံပြီး အချိန်ထပ်ညှိကြမယ်၊ ဆယ်လထိလည်း မနေ၊ ခုချက်ချင်းလည်း မဟုတ် မွေးဖွားပြီးကာစဆိုရင်ကော၊ မကြီးကို မမွေးခင်တော့ ငါ အားငယ်မသွားစေချင်ဘူး၊ ဒါ ငါ့ရဲ့ သန့်ရှင်းတဲ့ ဖြူစင်တဲ့ စေတနာ၊ ကရုဏာကို နင့်ကို ဝန်ခံတာပါ ခင်မင်း၊ မွေးချိန်မှာ စိတ်အားငယ်နေမှာတော့ မဖြစ်ပါစေနဲ့တော့၊ ဒီလောက် ကူညီလာခဲ့ပြီးမှတော့ဟာ”

“မွေးပြီးကာစ ကျပြန်ရင်လည်း သွေးနုသားနု စိတ်ညစ်သွေးတက်မှာ နင် စိုးရိမ်ဦးမှာပါ ရတုရယ်၊ နင့်ကို ငါ အခုချက်ချင်းမှ ပြန်မရရင် ဘယ်တော့မှ ပြန်မရတော့ဘူးလို့ ထင်နေပြီ”

“နင် ငါ့ကို ပြန်ရမှာပါ ခင်မင်းရာ၊ ငါကိုက ပြန်လာမှာပါ”

ခင်မင်းက မဲ့မဲ့ကလေး ပြုံးကာ မေးစေ့ကို လက်ကလေးနှင့် ထောက်ထားသည်။ နေထိုးနေသော မျက်နှာကလေးကရှုံ့နေကာ နေရောင်၌ တဖျပ်ဖျပ်တောက်ပ အရည်လက်နေသည်၊





“နင့်ကို ငါ နှစ်ခုတောင်းဆိုဖို့ လာခဲ့တာ ရတု”

“ပြော”

“နင် လက်မခံလို့ မရဘူး၊ ငြင်းလို့မရဘူး”

“ပြောစမ်းပါဟာ”

“တစ်ခုက ငါ့ပါးကို ရိုက်ဖို့၊ တစ်ခုက ငါ့ကို ချက်ချင်းလက်ထပ်ဖို့”

“ဘာပြောတယ်၊ နင့်ပါးကို ငါက ဘာကြောင့် ရိုက်ရမှာလဲ”

“မိုက်မဲခဲ့လို့”

ရတု မျက်နှာ တင်းမာသွားပါသည်။

“နင် ဘာမိုက်ခဲ့သလဲ ခင်မင်း ပြောစမ်း၊ နင် ဘာလုပ်နေသလဲ”

“ငါ ... ငါ”

ရတုသည် ဦးခေါင်းတစ်ခုလုံး ထူပူလာသည်။ တစ်ခုခုပဲ ဆိုသည်ကိုတော့ အာရုံတစ်ခုနှင့် သူ သိနှင့်လေပြီ။ ထိုတစ်ခုဟာ အကောင်းတစ်ခု မဟုတ်တာကိုလည်း ရိပ်မိနေလေပြီ။ ရတုသည် ခင်မင်း ပခုံးနှစ်ဖက်ကို ကိုင်ကာ သူ့ဘက်ကြမ်းကြမ်းဆွဲလှည့်လိုက်သည်။ ခင်မင်း ဆံပင်စများ ဖွာခနဲလွင့်ကာ ပါးပြင်ပေါ်မှ မျက်ရည်ကြောင်း၌ စိုကပ်ငြိတွယ်နေလေသည်။

“နင် ဘာမှားခဲ့သလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ ... ငါ မကြဲ မှားသလို မှားခဲ့တယ် ရတုရယ်"

ခင်မင်းသည် ရတုရင်ခွင်၌ ရှက်ကြောက်တကြီ မျက်နှာကို ထိုးအပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေသည်၊ ခင်မင်း တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်နေတာအပြင် ငိုကြေ နေမှုကြောင့် သိမ့်သိမ့်ခါနေသည်။ ရတုသည် ခင်မင်း၏ မျက်နှာ ဆွဲမော့ မကြည့်ဝံ့ဘဲ ရင်ဘတ်မှာ ခင်မင်း ခေါင်းကို သူ့ကပ ဆွဲဖိကပ်ထားမိကာ ချောက်နက်ထဲ ပြုတ်ကျနေသလို ဟာနေ အေးခနဲ သိမ့်ခနဲ ရင်ထဲအောင့်ကာ ကျင်လာသည်အထိ ခံစားနေ ရသည်။

"ခင်မင်း ... ခင်မင်း"

တိုးတိုးကလေးနှင့် ခေါ်ငင်ခြင်းမမည်ဘဲ ရေရွတ် ရေရွတ်နေမိလေသည်။

"ခင်မင်းရယ်"

မကြဲ မှားသလို မှားခဲ့တယ်တဲ့။ ဤစကား ချောက်ချားဖွယ်အပြည့် ဖြစ်နေသည်။

"နှင် မကြဲလို"

"ဟုတ်တယ်၊ မကြဲမှားခဲ့သလို မှားခဲ့တယ်၊ ငါ မကြဲလို ဖြစ်နေပြီ တု၊ ငါ ဒုက္ခဖြစ်နေပြီ၊ ငါ့ကို ကယ်ပါ၊ ငါ့ လက်ထပ်ပါနော်၊ ငါ ... ငါ မိုက်ပါတယ် ရတုရယ်၊ ငါ အရွဲ့တိုက်ချင်တာရော စိတ်ရှုးစိတ်မိုက်တွေရော ပေါင်း ပေါင်းပြီးတော့ မိုက်မိပါတယ်"





"ခင်မင်း"

"နှင် သူစိမ်းဖြစ်တဲ့ မကြဲကိုတောင် ဒီကိစ္စကြောင့် လက်ထပ်ရသေးတာပဲလေ၊ နှင် ငါ့ကို ... ငါ့ကိုလည်း လက်ထပ်ပါ တုတယ်၊ ငါ့ကိုလည်း နှင် လက်ထပ်ရမယ်"

ရတု ခင်မင်း ဦးခေါင်းကို ရုတ်တရက် တွန်းခွာကာ ...

"ဘာဆိုင်သလဲ၊ မတူဘူး ခင်မင်းရဲ့၊ မတူဘူး၊ နှင် ... နှင် ဆိုးလှချည်လား ခင်မင်း၊ ဒီလောက် မိုက်လုံးကြီးရသလား၊ ဒါ တကယ်လား"

"တကယ် ... အစစ်"

"ငါကို ရွဲ့ပြီး တမင်တကာ မကြဲလို ဖြစ်အောင်"

"အဲလိုချည်းပဲတော့ မဟုတ်ပါဘူး တုရယ်၊ ငါ နှင့်ကို ရွဲ့တာမှန်ပါတယ်၊ ဒါပေမဲ့ ဒီအထိဖြစ်အောင် မရည်ရွယ် ရိုးတော့အမှန်ပါ၊ အရွဲ့တိုက်ရာက ကိုယ့်ကိုယ်ကိုယ် မထိန်း နိုင်ဘဲ ခုလောက်ထိ လွန်သွားခဲ့ရတာပါ"

ခင်မင်းမှာ ရှိုက်သံကြား၌ စကားဆက်က ပြတ် တောက် ပြတ်တောက်။ တစ်ကိုယ်လုံးလည်း အေးစက်တုန်ယင် နေသည်။ ရတုသည် နားထင်ကြောများ ထောင်ထအောင် တင်းမာခက်ထန်သော မျက်နှာနှင့် ခင်မင်းကို နာကျင် နာကြည်း စွာ စိုက်ကြည့်နေလေသည်။ တကယ်ပဲ ပါးကို ရိုက်ချပစ်လိုက် ချင်အောင် သူ ဒေါသထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မင်း ... ခင်မင်း၊ ငါ လုပ်မိတော့မှာပဲ"

"လုပ် ... လုပ် ... ငါ့ကို တကယ်ရိုက်ပစ်လိုက်ပါ တုရယ်"

"နင် ဘာလို့ ဒီလောက်ထိ ဖြစ်ရတာလဲ၊ စု ဘယ်လို လုပ်မလဲ၊ ဘယ်လို လုပ်ကြမှာလဲ"

ခင်မင်း မျက်လုံးက အရှုံးမလေးနှယ် ပြုံးဝိုင်းကာ ရတုကို စိုက်ကြည့်ရင်း ...

"နင် ... နင် ... ငါ့ကို လက်ထပ်လိုက်ပေါ့၊ နင် မကြဲ အရှက်ကိုတောင် ကာကွယ်ပေးရသေးတာ၊ ငါ့အရှက်ကို လည်း ကာကွယ်ပေးရမယ်"

"မတူဘူး၊ လုံးဝ မတူဘူးဟ၊ နင်က ငါ တစ်သက်လုံး လက်ထပ်ယူရမဲ့သူ၊ မကြဲက လပိုင်းနဲ့ ငါ နာမည်ခံပေးရတာ၊ စေတနာ မေတ္တာနဲ့ကိစ္စ"

"နင်က ငါ့ကိုတော့ စေတနာ မေတ္တာ မရှိဘူးပေါ့"

"မဟုတ်ဘူး၊ မတူဘူးဟာ ခင်မင်းရာ၊ ငါ ဘယ်လို ပြောရမလဲ၊ နင် သိပ်မိုက်တယ်၊ ကမ်းကုန်အောင်ကို မိုက်တယ်၊ ငါ့ကို ဒီလို အကျပ်ကိုင်နိုင်အောင် နင် တမင်အရွဲ့တိုက် လုပ်ပစ်တာလားဟင်"

"အဲလိုတော့ မဟုတ်ရပါဘူး ရတုရယ် ... ငါ"

"ဘယ်သူလဲ ပြောစမ်း၊ တော်တော့ ပြောမနေနဲ့၊ အဲဒါ ကိုကိုနိုင်ပဲ မဟုတ်လား"





ခင်မင်း ရှိုက်သံက တိုး၍ ကျယ်လောင်လာသည်။

"ဟင် ... ကိုကိုနိုင် မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် တုရယ်"

"နင် ဒီကောင်ကိုကျတော့ ဘာလို့ တာဝန်မယူခိုင်းလဲ၊ အဲဒီကောင် ဘယ်မလဲ၊ ငါနဲ့ တွေ့မယ်၊ သတ်ပစ်မယ်၊ ငါ့ သူငယ်ချင်း ... ငါ့နှမလေးကို စော်ကားတဲ့ကောင်"

"ဘာပြောတယ် တု၊ နင့်သူငယ်ချင်း၊ နင့်နှမ ဟုတ်လား၊ နင့်ချစ်သူရော မဟုတ်ဘူးလား"

"ငါ့ကို စကားအကျလာကောက်မနေနဲ့ ခင်မင်း၊ နင့်ကို ငါ ယူဖို့ လိုအပ်လာရင် ငါ ယူမယ်၊ ငါ ကတိပေးတယ်၊ နင့်ကို အရှက်တကွဲ ကိုယ်ကျိုးနည်း ငါ အဖြစ်မခံပါဘူး ခင်မင်း၊ ဒါပေမဲ့ ဒီကောင့်ကိုတော့ အရင်သတ်ပစ်ပြီးမှ"

ရတု ဝုန်းခနဲ ထိုင်ရာမှ ထကာ ကားဆီ ပြေးသည်။ သူ့စိတ်တွေက ဆူဝေနေပြီ။

"တု ... တု ... ရတု"

ခင်မင်းက နောက်မှ ထက်ကြပ်ပြေးလိုက်လာသည်။ ရတုဘက်က ကားတံခါးကို ရတု သော့ဖွင့်လိုက်ချိန်၌ ပါဝါဝင်းဒိုး ကားတံခါးလေးပေါက်လုံး တစ်ပြိုင်နက် ဖွင့်ပြီးလေရာ ရတု လှမ်းမဖွင့်ဘဲ ခင်မင်းက ဖွေ့ခနဲ ဝင်ထိုင်လိုက်နိုင်ပါသည်။

"တု ... ငါ ပြောပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့၊ နင် ပါးစပ်ပိတ်ထား၊ ဘာမှ မပြောနဲ့၊ တိတ်ဆိတ်တိတ်၊ နင် ဒုက္ခမရောက်စေရဘူး၊ ပြီးပြီ မဟုတ်လား"

"တုရယ်၊ ငါ ... ငါ့ကို သတ်လိုက်ပါ"

"ခေါင်းရှောင်တဲ့ကောင်ကို အရင်သတ်မယ်"

"နင် အခုဘယ်လဲ တုရယ်၊ ငါ ပြောပါရစေဦး"

"အခု မကြဲအိမ်ကို၊ နင် ဘာမှ မပြောနဲ့"

အင်းလျားကန်စောင်းနှင့် ဘာမှ မဝေးလှသော မကြဲ အိမ်ကို ချက်ချင်းပဲ ပြန်ရောက်လာပါသည်။ ခြံထဲကို ကား တရကြမ်း ဝင်လာသံ ကျွီခနဲ ဆောင့်ရပ်သံ၊ တံခါးပိတ်သံ ဒိန်း ဒိုင်းတွေကြောင့် ရတုတို့ကို အန်တီခင် အပြေးထွက်ကြည့်သည်။

"ရတု ... ဟဲ့ ... ခင်မင်းရော ငိုလို့၊ ဘာဖြစ်လာကြသလဲ ရင်ထိတ်လိုက်တာ၊ ဘာဖြစ်လာကြတာလဲ"

"ကိုကိုနိုင်ရော"

"ရှိမှမရှိတာ၊ ဘာဖြစ်လာတာလဲ ရတု"

"သူ ဘယ်သွားလဲ၊ မကြဲရော ... မကြဲ"

"ရတု မကြဲကို ဘာလုပ်မလို့လဲ၊ သူ့ခမျာ ကိုယ်ဝန်နဲ့ခေ မင်း စိတ်ကို ထိန်းဦး၊ သွေးတွေ ဘာတွေ တိုးတက်သွ ဦးမယ်၊ ရတု ... စိတ်လျှော့စမ်းပါကွယ်"

"မကြဲ"

ရတုကား အန်တီခင် ပြောလို့မရတော့၊ မကြဲ ခွတ်ပင် အော်ခေါ်နေလေသည်။





"ခင်မင်း ... ဘာဖြစ်ကြတာလဲ၊ ပြောစမ်းပါဦးအေ၊ ဘာ ဖြစ်ကြတာလဲ"

"ကို ... ကိုကိုနိုင် ... ကိုကိုနိုင်"

"ကိုကိုနိုင် ဘာဖြစ်လို့လဲ၊ သူ့သူငယ်ချင်းတစ်ယောက်အိမ် သွားနေနေတာ နှစ်ပတ်တောင်မှ ကြာပြီ၊ ဘာပြဿနာ ဖြစ်လို့လဲ၊ လိပ်စာလည်း ငါ မသိဘူး၊ မကြဲပဲ သိတယ် ကွယ့်"

"သူ မရှိဘူးပေါ့"

ရတု အသံက မကြားစဖူး ဟိန်းမာလှ၍ အန်တီခင် အလန့်တကြား ရတုကို ကြည့်သည်။

"ဘာကိစ္စရှိလို့လဲ ရတုရယ်"

ရတုသည် အန်တီခင့်ကို မဖြေဘဲ အိပ်ခန်းထဲ လျှောက်ဝင်သွားလိုက်သည်။ အိပ်ခန်းထဲမှာ မကြဲ မရှိ။ ရေချိုး ခန်းဆီမှ ရေသံတော့ ထွက်နေသည်။

"မကြဲ"

"ရတုလား၊ ပြန်လာပြီလား"

"မကြဲ အပြင်ထွက်ဦး၊ ပြဿနာတက်နေပြီ"

"ဟင် ..."

ရေသံတိတ်ကာ တံခါးက မကြာခင် ပွင့်လာပါသည်။ ရတုက အိပ်ခန်းထဲမှာ။ ခင်မင်းနှင့် အန်တီခင်က အိပ်ခန်းဝ၌ ရပ်နေသည်။ ခင်မင်း မျက်နှာမှ ငိုရှိုက်သော အရိပ်ကို ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မကြဲ မျက်လုံးလေး ပြူးသွားပါသည်။ မကြဲသည် ရေချိုးဖို့ ရေစပ်နေသော်လည်း မိုက်ဖွံ့အင်္ကျီဂါဝန်ရှည်နှင့် ရှိနေဆဲပင်။

"ခင်မင်း ဘာဖြစ်လဲ"

"ခင်ဗျား အစ်ကို ဘယ်မလဲ"

"ဟို ... သူ ... သူ့သူငယ်ချင်းအိမ်မှာတဲ့ ရတုရယ်၊ ဘာဖြစ်လို့လဲဟင်"

"လိပ်စာပေး"

"လိပ် ... လိပ်စာကလည်း မကြဲလည်း ရွှေတောင်ကြားပဲ သိတယ်၊ အပြည့်အစုံ မသိဘူး ရတုရယ်"

"တောက်"

"ရတု ... ရတု ... ဘာဖြစ်ကြလို့လဲဟင်"

မကြဲပါ မျက်ရည်လည်လာသည်။

ရတုသည် မကြဲရဲ့ မျက်နှာငယ်လေးကို ရင့်အနှင့်သားနှင့် စိုက်ကြည့်လိုက်ပါသည်။ ကိုကိုနိုင်သာ ခင်မင်းကို ရှောင်ပြီး၊ ငြင်းပြီဆိုရင် သူ့မှာ ဆက်လုပ်စရာ တစ်နည်းပဲ ရှိပါတော့သည်။ ခင်မင်းကိုလည်း သူ အရှက်တကွဲအဖြစ် မခံလိုပါ။ မကြဲကိုတောင်မှ ကာလအပိုင်းအခြားနှင့် သူ တာဝန်ယူခဲ့ရသေးတာပဲ၊ ကျွန်တော့် ဘဝက ဘယ်လို ဘဝမျိုးပါလိမ့် မကြဲရယ်။

"မကြဲ ... ခင်မင်း ကိုယ်ဝန် ရှိနေပြီ၊ ကိုကိုနိုင်က ရှောင်နေပြီဗျ၊ ကျွန်တော် ခင်မင်းကို လက်ထပ်ရလိမ့်မယ် ခင်မင်းကို ကျွန်တော် တာဝန်ယူရလိမ့်မယ်"





မကြဲ မျက်နှာ ဖွေးခနဲ သွေးဆုတ်သွားပါသည်။ အန်တီခင့်မှာ အလန့်တကြားဖြစ်ရင်း ...

"ဟော့ ရတု ... မင်းက မကြဲရဲ့ တရားဝင်ခင်ပွန်းပါကွ၊ ခင်မင်းကိစ္စ ဝင်ခေါင်းခံရအောင် မင်း ကိုယ်ဝန်မို့လို့လား၊ မဆိုင်ဘဲ မင်း ဘာမှ သူ့ရဲ့ကောင်း လုပ်စရာမလိုဘူးကွ"

အန်တီခင့်အသံက ဒေါသနှင့် ထန်ပြတ်နေသည်။ ရတုက အန်တီခင့်ကို ငုံ့ကြည့်လိုက်၏။

"မဆိုင်ဘဲ သူ့ရဲ့ကောင်း မလုပ်ရဘူးဆိုရင် မကြဲကို ကျွန်တော် လက်ထပ်ခဲ့ဖို့တောင် မလိုဘူးဗျ၊ အန်တီခင် သိရဲ့လား"

"ဟင် ..."

"ရတု"

မကြဲအသံက တိမ်အက်ကာ တိုးတိုးလေး ထွက်လာသည်ကို ရတု ငုံ့မကြည့်ရက်တော့ပါ။

"လာ ... ခင်မင်း သွားမယ်၊ ကိုကိုနိုင်ကို ရှာမယ်၊ သူက ငြင်းပြီဆိုရင်တော့ နင့်ကံပေါ့ဟာ၊ ဒါပေမဲ့ နင် အရှက်မကွဲစေရပါဘူး စိတ်ချ၊ ဒီမှာ မကြဲ ဘယ်လိုမှ မတတ်သာတဲ့အဆုံးဆိုရင် ကျွန်တော် တစ်ခါတည်း ပြန်မလာတော့ဘူးဗျာ"

"ရတု ... ရတု ... မသွားပါနဲ့ ရတုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရတု ခြေလှမ်းကျဲနှင့် ထွက်လာကာ ခင်မင်းကို လက်ကို ဆတ်ခနဲ ဆောင့်ဆွဲ ခေါ်ထုတ်သွားပါသည်။ ခင်မင်းသည် မကြဲဘက် လှည့်တစ်ပြန် ပြန်ကြည့်ရင်း ရတု လက်များကြား ဒရွတ်တိုက် ပါသွားလေသည်။

"ရတု ... နေဦး ... မကြဲ ကိုကိုနိုင့်ကို ရှာပါရစေ"

မကြဲရဲ့ စိုးရိမ်တကြီး အော်ဟစ်ပြောလာသံနှင့် တစ်ထပ်တည်းပင် ဘိုင်းခနဲ ကိုင်ရိုက်လိုက်သလို လဲကျသံကြီး က တိုက်အိမ်လေးကိုပင် သိမ့်ခနဲ တုန်သွားစေမတတ်။

"အား ... ရတုရေ ... မကြဲ သေပါပြီ"

"မကြဲ"

ရတုရဲ့ ခြေလှမ်းတို့ဟာ ချော်လဲသံထွက်လာကတည်းက ရပ်ပြီးသား။ မကြဲရဲ့ ဆို့နင့်သော အသံကလေးကြားလျှင်တော့ ဆံပင်တွေထဲ မီးတောက်သွားသလို ငယ်ထိပ်၌ ထူပူပြီး ခင်မင်း လက်ကို သူ ဖျတ်ခနဲ လွှတ်ပစ်လိုက်မိတော့၏။ ဆတ်ခနဲ လှည့်ဝင်ပြေးပုံမှာ မြန်ဆန်ကြမ်းတမ်းလှ၍ ခင်မင်းကို ဆောင့်တွန်းထားပစ်ခဲ့သလိုပင် ဖြစ်သွားကာ ခင်မင်းမှာ ယိုင်၍ ကျန်ရစ်ပါသည်။

"မကြဲ"

"ရတု လုပ်ပါဦး၊ ခေါ်ရမဘူးကွယ်၊ ထူပါဦး၊ မကြဲရဲ့ သမီး"

"မကြဲ ... မကြဲ"





ရတုက မကြဲ နံဘေး ရေချိုးခန်းဝမှာ ချော်လဲသလို ပင် လျှောခနဲ ထိုင်ချလိုက်သည်။

"မကြဲ ... မကြဲ ထူးပါဦး မကြဲ"

မကြဲကား သတိမလစ်။

မျက်လုံးအဝိုင်းသား ဖြာလည်ကာ လန့်ဖျပ်နာကျင် သွားပုံနှင့် မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့နေလေသည်။ လဲအကျ လန့် ပြီး Shock ရသလို ဘာမှ မပြောနိုင်ဘဲ ရှိလေသည်။

"မကြဲ သတိရတယ်နော်၊ မကြဲလေး"

ရတုသည် မကြဲကို ကျောမှ သိုင်းဖွေ့ကာ ပါးကလေး ကို ပုတ်ခတ်မိချေသည်။ စိုးရိမ်တကြီး ပါးချင်းလည်း ကပ်ဖိကာ သူပါ မျက်ရည်လည်လာလေသည်။

"အန်တီခင် ဆရာဝန် ခေါ်ပါ ... ဆရာဝန်"

"အေး ... အေး"

မကြဲသည် လန့်ကာ စကားမပြောနိုင်သည့်ကြားမှ ခေါင်းကို ယမ်းရင်း အန်တီခင့် လုံချည်စကို လှမ်းဆွဲသည်။ ဆွဲမမိလိုက်။ အန်တီခင် အပြေးထွက်သွားချိန်၌ ရှုံ့မဲ့သော မကြဲ မျက်နှာကလေးပေါ်သို့ မကြဲရဲ့ မျက်လုံးအိမ်မှ မျက်ရည်ပေါက် ကြီးတစ်ပေါက် လျှောခနဲ ကျလာလေသည်။

"မကြဲ ကျွန်တော် ရှိတယ်နော်၊ ကျွန်တော် မသွားသေးပါဘူး၊ ကျွန်တော် မသွားတော့ဘူး၊ မကြဲ အားမငယ်နဲ့နော် မကြဲ ဘာမှ မဖြစ်ရဘူး၊ ကျွန်တော် ရှိတယ် မကြဲ"



www.burmeseclassic.com

www.burmeseclassic.com



ရတု ပါးစပ်မှ စကားသံတွေက နုံးညံ့ညင်သာ တိုးတိတ်သုတ်ပြာစွာ တဖွဖွ။ ခင်မင်းသည် အခန်းတံခါးဝသို့ ဖြည်းဖြည်း ရောက်လာကာ မြင်ကွင်းကို မျက်ရည်လည်သော မျက်လုံးအစုံနှင့် ငေးငေးကြီး စိုက်ကြည့်နေပါသည်။

မကြဲ လက်တစ်ဖက်က ရတု ကျောပြင်ကို ပြန်ဖက်ထားကာ အင်္ကျီစကို ဆုပ်၍ လွတ်ထွက်မှာစိုးသလို လိမ်ကျစ်ကိုင်ထားသည်မှာ အင်္ကျီပင် ယိုင်စွဲ့နေပြီ။ ရတုနှင့် မကြဲ မျက်လုံးအစုံတို့က တစ်ယောက်ကိုတစ်ယောက် စိုးရိမ်တကြီး အငမ်းမရ မှတ်သိပ်ရီဝေစွာ စိုက်ကြည့်ငြိတွယ်နေလေသည်။

"မကြဲ အားမငယ်နဲ့နော်၊ ကျွန်တော် ရှိပါတယ်၊ မကြဲ ဘာမှ မဖြစ်ရဘူးနော်၊ ဘာမှ မဖြစ်စေရဘူး၊ သိပ်နာသလား မကြဲ၊ ပျောက်သွားမှာပါ မကြဲရယ်၊ မငိုနဲ့နော် မကြဲ မငိုပါနဲ့"

တီးတိုးနှစ်သိမ့်ကာ မကြဲ မျက်ရည်ကို သူ့ပါးပြင်နှင့် ဖိကပ်သုတ်ပေးလိုက်သော မြင်ကွင်းအား မကြည့်နိုင်အောင် မျက်စိကို မှိတ်ချလိုက်မိလျက် ခင်မင်းက တိတ်ဆိတ်စွာ လှည့်ထွက်ခဲ့လေသည်။

➧○➧





ဗွေ့ခနဲ ပွေ့ချီလိုက်သောအခါ မျှော်လင့်ထားသော ဝန်နှင့် ညီမျှသည့် အားကို စိုက်ထုတ်မိ၍ မကြဲ ကိုယ်ကလေးမှာ လွင့်ခနဲ မြောက်ပါသွားလေသည်။

"ဟင် ..."

ရတု အံ့အားတသင့်နှင့် မကြဲကို ငုံ့ကြည့်သည်။ မကြဲ အပိန်အဝနှင့် ရှိရမည့် ကိုယ်အလေးချိန်တွင် ဤအရွယ် ဤလကိုယ်ဝန်က ပေါင်နှစ်ဆယ်တော့ အသာကလေး တက်နေမှာပင်။ စုစုပေါင်း ရှိသင့်သည့် အလေးချိန်နှင့် မမျှသော အားကြောင့် ရှတ်ခနဲ ပေါ့ပေါ့လေးပါလာသည်ကို ရတု အံ့အားသင့်မဆုံးပြီ။

"မကြဲ ကိုယ်က ပေါ့ပေါ့လေး"

လွှတ်ခနဲ တအံ့တဩ ရေရွတ်လိုက်မိ၏။

"ရတု မကြဲကို ချပေးပါ၊ တင်ပါးပဲ နည်းနည်းနာတာ၊ မကြဲ လျှောက်နိုင်တယ်"

"ဟင့်အင်း ... ကျွန်တော် ခုတင်ပေါ် ချပေးမယ်"

"မကြဲကို အောက်ချပါ"

"မချဘူးဗျာ"

"စိတ်ညစ်လိုက်တာ ရတုရယ်၊ အန်တီခင်ကို လှမ်းခေါ်စမ်းပါ၊ ဆရာဝန် မခေါ်စမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



“မခေါ်လို့ရမလား မကြဲ၊ ခင်ဗျားလေးမှာက ဗိုက်နဲ့ဗျ၊ ဒီဗိုက်ကလည်း ပေါ့ရွတ်နေတာပဲ၊ ဟုတ်ကော့ဟုတ်ရဲ့လား၊ ရင်ထိတ်လိုက်တာဗျာ”

ရတုသည် မကြဲကို ခုတင်ပေါ် ညင်သာကြင်နာစွာ ချပြီး ရေချိုးခန်းဆီ ပြေးကာ ကြည့်သည်။ သူ့စိတ်ထဲ သွေးတွေ သံတွေ တရဲရဲ မြင်တွေ့ရမလားလို့ပင်။ ဘာမှ မရှိ။ မကြဲ နှင်းမိသော ကြမ်းပေါ်က ဆပ်ပြာတုံးသာ ရေချိုးကန်အောက်၌ တစ်ဝက်ပြူနေသည်။

“အန်တီခင်”

မကြဲရဲ့ ကုန်းအော်သံကြောင့် ရတု ပြန်ပြေးလာရသည်။

“အန်တီခင် လာပါ၊ မကြဲကို သနားရင် လာပါတော့”

“မကြဲ ... သမီးလေး ... လာပြီ ... လာပြီ”

အန်တီခင်ရဲ့ လှမ်းအော်အပြောနှင့် တစ်ထပ်တည်း လူကိုယ်ပါ အိပ့်ပဲ့ ပြေးလွှားဝင်လာကာ မကြဲ ခုတင်စွန်းမှာ ဝင်ထိုင်လိုက်လေသည်။

“သနားတာပေါ့ သမီးလေးရယ်၊ စိုးရိမ်လိုက်တာ၊ ဘာမှ မဖြစ်ပါစေနဲ့ဟဲ့၊ အန်တီခင် စိုးရိမ်လိုက်တာ မကြဲရယ်၊ လာပါပြီ ဆရာဝန် လာပြီ၊ ခုပဲ ကားဝင်လာတယ်၊ အန်တီက မကြဲ ခေါ်လို့ ဝင်ပြေးခဲ့ရတာ၊ သွားခေါ်လိုက်ဦးမယ်”





“ဟင် ... မြန်လှချည်လား ဆရာဝန်က”

“မြန်အောင်လေ၊ တစ်ခြံကျော်က ဒေါက်တာဒေါ်မြနှင်းရီကိုပဲ ခေါ်လိုက်တာ၊ သမီးမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတာလည်း သူ တွေ့နေတာလေ၊ ကိုယ်ဝန်နဲ့ လဲလို့ဆိုတာနဲ့ လမ်းတောင် လျှောက်မလာဘဲ ကားနဲ့ ပြေးလာခဲ့ရတယ် ထင်ရဲ့၊ ပြေးကြိုလိုက်ဦးမယ်”

အန်တီခင်က ပြောပြောဆိုဆို သုတ်သုတ်ထထွက်သွားပြန်သည်။

“အန်တီခင် ... အန်တီခင် ... ဒုက္ခပါပဲ သေသာသေလိုက်ချင်တော့တာပဲ၊ စိတ်ညစ်လိုက်တာ”

“ဘာလို့ စိတ်ညစ်ရတာလဲ မကြဲရယ်၊ လိုအပ်ရင် ဆေးရုံပြေးကြမယ်နော်”

“မပြေးဘူး၊ မကြဲ သေချင်တယ်၊ ရှက်လို့ လဲသေချင်တယ်”

“ဘာရှက်စရာရှိလဲ၊ စိမ်းသပ်ရင် ကျွန်တော် အပြင်မှာ နေပါ့မယ်”

“ကျွတ် ... သိပ်ခက်တာပဲနော်”

မကြဲ ညည်းညူရှုံ့မဲ့နေဆဲပင် အန်တီခင်နှင့် အမျိုးသမီးကြီးတစ်ယောက် ဝင်လာပါသည်။

“ဒီမနက် ဆေးရုံမသွားရလို့ ရှိနေတာ ဒေါ်ခင်ခင်ရေ၊ မကြဲတို့လည်း မြင်သာမြင်နေတယ်၊ သတင်းမမေးရဘူး၊ လဲတယ် ဟုတ်လား သမီး၊ နာသလား၊ မျက်နှာငယ်နေ့းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘာမှ မဖြစ်ပါဘူးနော် သမီး၊ အန်တီ စမ်းကြည့်မယ်၊ မကြောက်နဲ့ သမီး"

မကြဲ့ မျက်လုံးအိမ်မှ မျက်ရည်များသည် မျက်လုံးထောင့်စွန်းမှ လျှောခနဲ လျှောခနဲ တစ်ပေါက်ပြီးတစ်ပေါက် စီးကျလာသည်။ ဆရာဝန်မက ပစ္စည်းပစ္စယတွေချင်ရင်း စမ်းသပ်မည်အပြု ...

"နေ ... နေပါဦး အန်တီ"

"ပြော ... သမီး ဘာဖြစ်လဲ"

"ရတု အပြင်ထွက်ပါ"

"ဩော် ... ကဲ ... ယောကျ်ားကို ရှက်တုန်း၊ ထွက်လိုက်သားရေ၊ မစိုးရိမ်နဲ့၊ ဂျူးဒိတ်ဘယ်တော့လဲ သမီး"

မကြဲက မဖြေ၍ ရတုက အခန်းပြင်ထွက်ရင်းမှ ...

"စက်တင်ဘာပါခင်ဗျ"

"ဘယ်ရက်လဲ"

ဒါတော့ မကြဲ မပြော၍ ရတု မသိကာ မဖြေနိုင်ပါ။ အခန်းပြင်ထွက်ကာ တံခါးကို စေ့ပေးခဲ့ပြီး ခြည့်ခန်းထဲ ငူငူကြီးလာထိုင်နေသည်။ မကြဲရဲ့ ထူးထူးခြားခြား ပျက်လွန်းတဲ့ မျက်နှာ။ မကြဲ ဗိုက်ထဲက ကလေး။ ခင်မင်းရဲ့ ပြဿနာ။ ကိုကိုနိုင် ဘယ်ရောက်နေလဲ။ ကိစ္စများစွာတို့က ရတု ခေါင်းထဲ ချာလပတ်လှည့်ကာ ရောထွေးရှုပ်ယှက်ခတ်နေ၍ ဘာတစ်ခုမှ သဲသဲကွဲကွဲ တွေးမရ။





ဦးနှောက်တွေ ထုပူထုံထိုင်းနေသည်။ မကြဲကိုလည်း အရေးကြီးသည့်ကာလမှာ ပစ်မသွားနိုင်။ ခင်မင်းကိုလည်း လျစ်လျူမရှုရက်။ သူ့ဘဝအကြောင်းကံ ဖန်ပုံကိုသာ အံ့အားအသင့်ကြီး သင့်ကာ ရင်နာရလေသည်။ အေးချမ်းစစ်မှန်သော အချစ်နှင့် ပိုင်ပိုင်နိုင်နိုင် လက်ထပ်ရတဲ့ဘဝကိုပဲ သူ မရနိုင်တော့ဘူးလား။

ထိုအချိန်တွင် အိပ်ခန်းထဲမှ မိန်းမသုံးယောက် အသီးသီး နှုတ်ဆိတ်ကာ အန်တီခင်နှင့် ဆရာဝန်မက စကားမပြောနိုင် ငိုင်နေ၍ မကြဲကတော့ အရှက်တကွဲ ငိုရှိုက်နေလေသည်။ အန်တီခင်သည် မျက်ခုံးကြီး ဆံစပ်ကပ်မတတ် ပင့်တက်ကာ ...

"မကြဲ ညည်း ... ညည်း ဒါက ဘာသဘောတုန်းအေ"

မကြဲရဲ့ ဗိုက်ဖုံးဂါဝန်အောက်မှ ထွက်ပေါ်လာသော ခေါင်းအုံးရှယ်ရှယ်တစ်ခုကို မယုံနိုင်သလို ကြည့်ကာ အန်တီခင် ဆံပင်ဖြူမတတ် ဖြစ်နေသည်။ ခေါင်းအုံးစရဲ့ လေးဖက်လေးတန်မှာ သားရေကြိုးကို နှစ်စစီ ဆက်၍ ကွင်းလုပ်ကာ ဗိုက်ထဲမှာ ပတ်၍ ချည်ကပ်ထားပုံတည်း။ အင်္ကျီဖုံးထားသော ရှုပုံ့ပုံ့ဝမ်းဗိုက်ကား အမှန်တော့ ခေါင်းအုံးတစ်လုံးမျှသာ ဖြစ်နေသည်။

"ဟင် ... မကြဲ လပေါင်းများစွာ ငါ အဟုတ်မှတ်ခဲ့ရတာ၊ ခုလည်း စိုးရိမ်လို့၊ ကြည့်စမ်း ... ဒေါ်မြနှင်းရီ စမ်းမယ်ဆိုမှ ပေါ်တယ်၊ ဖွင့်ပြောပါလား၊ ခုတော့ လူတကာသိ၊ အို ... ဉာဏ်ကို မမီတော့ပါဘူး၊ ဘာလုပ်ကြမလဲ အေရယ်"

ဒေါ်မြနှင်းရီမှာလည်း အံ့အားသင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြဲသည် ဝန်မခံလို့ မရတော့ပါ။ သို့ပေမဲ့ အမှန်တိုင်းလည်း ဖွင့်မပြောလို၊ ဤယောက်ျားကို လက်ထပ်ယူချင်ပါ၍ အကြောင်းရှာ အကွက်ဆင်ယူခဲ့ပါသည်ဆိုလျှင် မိမိမှာ သိက္ခာ ရှိနိုင်ပါသေးရဲ့လား။

"ဟို ... ဟို ... မကြဲ ... ကိုယ် ... ကိုယ်ဝန် ရှိတယ်ထင်လို့ ရတုကို ပြောပြပြီးမှ မဟုတ်တော့မှန်းသိတော့ ရတု စိတ်မကောင်းဖြစ်မှာစိုးလို့ ဆက်ဟန်ဆောင်တာပါ အန်တီ"

သူမ စကား ယုတ္တိရှိမရှိတော့ မသိ။ ဒေါ်မြနှင်းရီကတော့ အိမ်နီးချင်းခင်မင်မှုမျှသာမို့ ဖွတ်ချောင်ပိတ်မစစ်ပါ။ တစ်ခုသာ တအံ့တသြနှင့် ...

"သမီး ဗိုက်ထဲ ခေါင်းအုံးရှိနေတာ သမီး ခင်ပွန်း မသိဘဲ ဘယ်လိုနေခဲ့သလဲ၊ သူက ဒီဗိုက်ကို တစ်ခါမှ မကြည့်တော့ဘူးတဲ့လား၊ လင်ယောက်ျား မသိဘဲ ဗိုက်ထဲ ခေါင်းအုံး ဖွက်နိုင်တာ သိပ်ကို အံ့အားသင့်စရာ ဖြစ်နေတယ်ကွယ့်"

"သူ ... သူနဲ့ မကြဲ ... မကြဲ ကိုယ်ဝန်ရှိကတည်းက မောင်နှမလိုပဲ ဟို ... ဟို ... နေတာ အန်တီ"

"ဟင် ... အံ့သြစရာပဲ၊ ကဲ ... ကဲ ... ဒါဖြင့် ဘိုင်းခနဲလဲတာ ဒီဗိုက်မှာ ဘာပြဿနာမှ မရှိတော့ဘူးပေါ့၊ သမီး ဘယ်နာနေသေးလဲ"

"ဘယ်မှ မနာတော့ပါဘူး"





"အင်း ... ဒါဖြင့်လည်း ပြန်မှပဲ၊ ခင်ပွန်းကို ဖြေရှင်းဖို့တော့ ခက်မှာပဲ၊ ဒါဖြင့် အန်တီ ပြန်မယ်ကွယ်၊ ကြာကြာ ဆက်နေရမှာ အားနာစရာ"

"အန်တီ့ကို မကြဲက အားနာတာပါ အန်တီ"

မကြဲ မျက်နှာငယ်လေးနှင့်ဆိုသည်။ ဆရာဝန်မမှာ ဒီထက် အရေးပါသော အကြောင်းရပ်တစ်ခုခု ရှိဦးမှာကိုတော့ ခန့်မှန်း[illegible]ကာ ဘုမသိ ဘမသိ ဒါကို သူ သိလိုက်ရတာအတွက် မကြဲ[illegible] အိမ်သားများကို သူကပဲ တစ်[illegible]တလဲ အားနာနေမိကာ ခပ်မြန်မြန် နှုတ်ဆက်ပြန်လေပြီ။ ဒေါ်[illegible]နှင်းရီ တံခါးဖွင့်ထွက်လာသံကြောင့် ရတု ဝုန်းခနဲ ခုန်ထပြေးကာ ...

"အန်တီ"

"အဲ ... သား [illegible] ဘာမှ မဖြစ်ဘူး၊ အန်တီကတော့ ပြန်လို့ရပြီကွယ့်၊ မကြဲတော့ သူ့အခေါ်နဲ့ စကားပြောနေလို့"

"မစိုးရိမ်ရဘူးပေါ့နော် အန်တီ"

"ဘာမှ မစိုးရိမ်ရဘူးကွယ့်၊ ဘာမှ မဖြစ်ဘူး၊ ကဲ ... အန်တီ့ကို ခွင့်ပြုဦး"

"ကျေးဇူးတင်ပါတယ် အန်တီ၊ လာကြည့်ပေးတာ"

ဒေါ်မြနှင်းရီကို သူ ကားနား ပြန်ပို့ပေးကာ ကားထွက်သွားမှ ရတု အိမ်ပေါ် ပြန်တက်လာသည်။ ထိုအချိန်၌ အခန်းတွင်း ပြဿနာက ကြီးကျယ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာတွေ အကုန် ဓားနဲ့သာ လှီးပစ်တော့၊ ဘာအကြံနဲ့ ဘာလုပ်တာလဲဟင်၊ ရှက်ဖို့ကောင်းလိုက်တာ မိကြံရယ်၊ ငါ ရှက်လိုက်တာ"

"အန်တီခင်က ဆရာဝန်ကို စွတ်ခေါ်တာကိုး"

"ညည်းကို ယုံတာကိုး၊ ကိုယ်ဝန်အစစ် ထင်တာကိုး၊ ညည်း ငါ့ကို ဖွင့်ပြောထားပါလား မကြံရဲ့"

"အန်တီခင် သိရင် ပိရိမှာ မဟုတ်ဘူး"

"ဘာပိရိစရာ လိုသလဲ"

"ကိုယ်ဝန်ရှိဟန်ဆောင်ပါတယ်ဆိုမှ ပိရိမှပေါ့ အန်တီခင်ရာ"

"ဘာကြောင့် ဟန်ဆောင်ကာလဲဆိုတဲ့ အကြောင်းပြချက်က ယုတ္တိမတန်ဘူး၊ ညည်းတို့ အရှုပ်အရှင်းက ဘာလဲ ဒါ ငါ့ကို အခုပြော"

"အို ... အန်တီခင် မသိပါဘူး"

"မသိလို့ မေးနေတာ"

"မကြံကိစ္စနဲ့ မကြံပါ"

"နောက်တစ်ကြိမ် ဘုမသိ ဘမသိ အရှက်ထပ်မကွဲပါရစေနဲ့၊ ညည်းလုပ်သမျှ ဘာမှ မကွန့်ကွက်ဘူးဟေ့၊ ကတိပေးတယ်၊ ငါ့ကို ရှင်းရှင်းတော့ ပြောပြ၊ ငါ မသိရတာကို ပိုရှက်တယ်၊ ခုကြည့်စမ်း ... ဗိုက်ကြီးတစ်ခွဲသားနဲ့ ရေချိုးခန်းထဲ လဲလို့ပါဆိုပြီး ဆရာဝန်ကို ခေါ်ရတာ၊ ငါမှ မသိတာအေ့





ကိုယ့်တူမကိုယ် ပွမိတာကိုး၊ ခုတော့ အရှက်ကွဲပြီ၊ ဆရာဝန် မခေါ်ခင်က ဒါဟာ ဗိုက်တုမှန်း သိထားရင် ငါ ဘယ်ခေါ်ပါ့ မလဲ၊ ခုတော့ ဂုဏ်သိက္ခာနဲ့နေလာတဲ့ အိမ်နီးနားချင်းကြား ထဲမှာ ပေါက်တတ်ကရလုပ်ကြံမှုကြီးကို ဖြေချလိုက်ရတာ၊ သိပ်ရှက်တယ်အေ့"

"ဘာမှ ဒီလောက်ရှက်မနေပါနဲ့တော့ အန်တီခင်ရယ်၊ အပျိုလေး ကိုယ်ဝန်ရှိနေတဲ့ကိစ္စ မဟုတ်ပါဘူး၊ အိမ်ထောင် သည်က ဗိုက်ကြီးဟန်ဆောင်တဲ့ကိစ္စပါ"

"အို ... ဒါလည်း ရှက်စရာပဲ၊ ဖြစ်ရိုးဖြစ်စဉ်မှ မဟုတ်တာ၊ သူတို့ ထင်ချင်သလို လျှောက်ထင်ကြတော့မှာပေါ့အေ့"

"ထင်ပါစေတော့"

"ညည်း အလွယ်မပြောနဲ့ မကြံ၊ ရှေ့ကို ဘာဆက်လုပ်မှာ လဲ၊ ရတုကို ဒီအာကိုင်းပဲ ဆက်ဖုံးထားဦးမှာလား၊ မွေးရမဲ့ အချိန်ရောက်မှ ဒုက္ခရောက်ဦးမယ်၊ လူကြီးတန်မဲ့ သိပြီး မှလည်း မြှုမထားချင်ဘူး၊ လိမ်မထားပါရစေနဲ့အေ၊ ဖွင့် ပြောလိုက်တော့"

"ဟာ ... ဖွင့်ပြောလို့ မရဘူး"

"ဒါဖြင့် ကိုးလကျော်တော့ ညည်း ဘာကိုမွေးထုတ်မှာလဲ၊ ကဲ ..."

"အို ... အန်တီခင်ကလည်း"

"ညည်းပြောရင်ပြော မပြောရင် ငါပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကြဲ စိတ်ညစ်တယ် အန်တီခင်ရယ်"

"လိမ်တုန်းကလိမ်ပြီး ခုမှ စိတ်ညစ်မနေနဲ့၊ ဒီကိစ္စလောက် နဲ့ ညည်းကို ရတု မပစ်လောက်ပါဘူးအေ"

"ပစ်လောက်တယ် အန်တီခင်၊ အန်တီခင် မသိဘူး နော်"

"ကလေးရှိတယ်ထင်ပြီးမှ မရှိဘူးဆိုရင် သူ စိတ်မကောင်း မှာစိုးလို့ ဆက်ဟန်ဆောင်နေရတယ် ဆိုတာကိုက ယုတ္တိမရှိ ဘူး၊ ဒါဟာ တကယ်ဖြစ်ခဲ့ရင်လည်း ဒီကိစ္စဟာ ညည်းကို ဆက်မပေါင်းရလောက်အောင် အပြစ်မကြီးဘူး မကြဲ၊ ဖွင့်ပြောလိုက်ပါ၊ ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့၊ လင်နဲ့မယား ဆိုတာ လိမ်ညာဖုံးကွယ်မှု ကင်းရတယ်၊ ဖြောင့်ဖြောင့် ဆက်ဆံရတယ်၊ ညည်း မှတ်ထား"

"မကြဲ ဖွင့်ပြောဖို့ စဉ်းစားဦးမယ် အန်တီခင်ရယ်"

"အို ... စဉ်းစားမနေနဲ့"

ထိုစဉ်ပဲ တံခါးခေါက်သံဖွဖွနှင့်အတူ ...

"မကြဲ ... အန်တီခင်၊ ကျွန်တော် ဝင်ကြည့်လို့ ရပြီလား"

"ဟင့်အင်း"

"လာ ... လာ ... ရတု"

ခြေသံနှစ်ခုက တစ်ထပ်တည်းကျကာ အန်တီခင် က တံခါးထဖွင့်သည်။ မကြဲ လှမ်းဆွဲကာ တားပေမဲ့ မမီတော့ ပါ။ ဝင်လာသော ရတုသည် မကြဲ ဘေးနားမှ ကြိုးစည်းခေါင်းအုံ





နှင့် ပြားချပ်သော မကြဲ ဝမ်းဗိုက်နှင့် ကပ်နေသည့် အင်္ကျီစကို တုန်လှုပ်အံ့ဩစွာမြင်သည်။ ရတု မျက်နှာအပျက်ကြီး ပျက်လေပြီ။

"ရတုရယ် ... မင်း မကြဲက ..."

"အန်တီခင် ဘာမှ မရှင်းပါနဲ့ ကျေးဇူးပြု၍၊ ရတုကို မကြဲ ရှင်းမှ ရမှာပါ"

မကြဲ အသံလေးက တိမ်ကာ တုန်ယင်နေပါသည်။ ရတု မျက်နှာပေါ်မှ အံ့အားသင့်ခြင်း၊ မယုံနိုင်ခြင်း၊ ခံပြင်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ကို အန်တီခင်က အံ့ဩငေးမောနေသည်။ ရတု သည် အားလုံးကို လျှပ်တစ်ပြက်အတွင်း တရိပ်ရိပ် တွေးမိကာ မကြဲကို စူးရှစွာ ကြည့်သည်။

"ဟိုးအစကတည်းက ကိုယ်ဝန်မရှိခဲ့တာလား မကြဲ"

"ဟုတ် ... ဟုတ်ပါတယ် ရတုရယ်၊ မကြဲလေ"

"ခင်ဗျား ညာတယ်၊ ကျုပ် မေတ္တာစေတနာကို ညာရက် တယ်ဗျာ"

ရတု ပေါက်ကွဲစွာ ကြုံးအော်ကာ မကြဲ အခန်းတံခါး ကို ဆောင့်ကန်ဖွင့်ကာ ပြေးထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

အင်းလျားရေပြင်စပ်မှာ သူ နာကျင်စွာ တစ်နေကုန်
ထိုင်နေခဲ့သည်။ ညနေစောင်းချိန်တွင်တော့ သူ့ရဲ့ဆူပွက်သော
သွေးများက နွေးရုံမျှ ကျန်ရစ်ပါတော့သည်။ ကြေကွဲသော နှလုံး
သားက နာကျင်သော ဒဏ်ရာကတော့ တစ်သက်တာ ပျောက်
ကင်းနိုင်တော့မည် မဟုတ်ပါ။

မကြီးရယ် ...။

လိမ်ရက် ညာရက်သည်။ သူ့စေတနာ၊ သူ့မေတ္တာ
သူ့အကြင်နာကရုဏာ၊ သူ့အနစ်နာ အနွံတာခံမှုတို့ကို လှည့်စား
ဖြားယောင်း ယူရက်သည်ရယ်လို့ သူ ဘယ်လိုပင် စွပ်စွဲ စွပ်
အဆုံးမတော့ ဤသို့ လိမ်ညာရခြင်းအတွက် အကြောင်းရင်းမှာ
တစ်ခုတည်းသာတည်း။

ဘာမှ မဖြစ်ခဲ့ပါပဲလျက် အရှက်တကွဲ နာမည်
အဖတ်တင်ချန်ကာ မကြီး သူ့ကို လက်ထပ်ယူဖြစ်အောင် ...





ဆောင်ခဲ့ခြင်းမှာ အခြားဘာကြောင့်များ ဖြစ်နိုင်ရဦးမှာတဲ့လဲ။
မကြီး သူ့ကိုချစ်လို့။ မကြီး သူ့ကို ချစ်လွန်းလို့ အပိုင်ကြံခဲ့သည်
ပဲ မဟုတ်လား။

ချစ်သူရှိနေသည့် ယောကျ်ားတစ်ယောက်ဟု သိပါ
လျက် မကြီး ဤမျှ မိုက်မိုက်မဲမဲ ကြံစည်ရက်သည်မှာ သူ့ကို ချစ်
စိတ်တစ်ခုတည်းကြောင့်တည်း။

သူ့ကိုချစ်သော မကြီးအား သူ ဘယ်လိုနာကြည်း
အပြစ်တင်ရမလဲ။ သူ ဘယ်လိုဗွေယူရမလဲ။ သို့ပေမဲ့ ပြီးဆုံးခဲ့
ပါပြီ မကြီးရယ်။ မကြီးလိုပဲ မိုက်မဲတဲ့ နောက်ထပ်မိန်းမတစ်ယောက်
က ကျွန်တော့်အနားမှာ ရှိနေပါသေးရဲ့။ မကြီးထက်တောင်မှ
မိုက်မဲပါသည်လို့ ဆိုရမလား။ ချစ်သူရဲ့အချစ်ကို ပြန်လည်ပိုင်
ဆိုင်ရရှိဖို့ အတူပေါင်းဖက်ရဖို့များ ရက်ရက်စက်စက် အစွဲတိုက်
ကြံစည်ကာ တမင်တကာ ဖန်တီးယူလေသလားဟုပင် သူ သံသယ
ဝင်ချင်သည်။

မိုက်မဲတဲ့ ခင်မင်း။ မိုက်လုံးကြီးတဲ့ ခင်မင်း။
မိန်းမတို့ဟာ မမျှော်လင့်နိုင်လောက်အောင်ကို မိုက်မဲကောက်ကျစ်
ကြတာ သူ သိပြီ။ သို့ပေမဲ့ ဤမိုက်မဲမှု၊ ကောက်ကျစ်မှုတို့မှာ
အချစ်ဆိုသည့် အရာတစ်ခုအတွက် ဖြစ်ပွားပေါ်ပေါက်လာရသည့်
နောက်ဆက်တွဲများပင်။ အချစ်၌ ဆင်ခြင်တုံတရား ကင်းမဲ့သော
မိန်းမများတည်း။

ဘယ်လိုပင် ဖြစ်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ့မှာ ခင်မင်း အတွက် သောကဝန်ထုပ်က ဖိစီးလေးလံလျက်။ သူ့ဦးနှောက်ထဲ၌ ခင်မင်းရဲ့ ဝန်ထုပ်ဝန်ပိုးရှိ၍ သူ့နှလုံးသားထဲ၌ မကြဲရဲ့ လှည့်ဖြားမှုရှိသည်။ အမိုက်မတစ်ယောက်ကို တာဝန်ရှိသူက ခေါင်းရှောင်ပြန်လျှင် သူက ကူညီရဦးမှာပါ။ သူ့ရဲ့ ကုသိုလ်ကံရေစက်ရဲ့ အကျိုးပေးပုံက ဆိုးညစ်လှပါသည်။

မကြဲကို သူ အသည်းနင့်အောင် ချစ်မိနေပြီ။

သို့ပေမဲ့ သူ့မှာ ခင်မင်းကို လက်ထပ်ရတော့မှာပဲ ဖြစ်လေသည်။

✦ ○ ✦

မကြဲသည် တစ်နေ့လုံး အရူးမီးဝိုင်းသလို ဖြစ်နေသည်။ အဆုံးမတော့ သူမရဲ့ အံ့သြလောက်ဖွယ် လှည့်စားလက်ထပ်ယူခဲ့မှုကြီးက ပေါ်ပေါက်သွားခဲ့ရပါပြီ။ အန်တီခင်သည် သူ့တူမ သူ မယုံနိုင်သလို အံ့သြကြက်သေ့သေခဲ့ရှာသည်။

"မကြဲရယ် ... ဖြစ်မှ ဖြစ်ရလေဟာယ်၊ သူ့ချစ်သူနဲ့ သူ့ဟာသူ အစီအစဉ်တကျနေတဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ့်ကိုယ်ကိုယ် နာမည်ပျက် အရှက်ကွဲခံပြီးမှ ညည်းအရယူခဲ့တယ် ... ဟုတ်လား"





"ဒီလိုမဟုတ်ရင် မကြဲ သူ့ကို ဘယ်လိုလက်ထပ်ယူလို့ရမလဲ အန်တီ"

"ဘုရား ... ဘုရား ... ကြံစည်ရက်ပါပေရဲ့ မကြဲရယ်၊ သူ့ကိုမရတော့ ညည်းက ဘာဖြစ်သွားမလဲ၊ ခုကော တကယ်ရလို့လား၊ ရတုနဲ့ ခင်မင်းက ပိုက်ဆံရဖို့အတွက် ညည်းကို လက်ထပ်ဖို့ သဘောတူခဲ့တာ၊ ယောကျ်ားတစ်ယောက်ကို ငွေကြေးနဲ့ ဝယ်ယူခဲ့တဲ့ အဖြစ်မျိုးပါလားအေ"

"မကြဲ ... ရတုကို သိပ်ချစ်တယ် အန်တီခင်"

"ခုကော ... ညည်း ရတုကို အပိုင်ရလို့လား၊ အချိန်တန်တော့ သူ့ရည်းစားဆီ သူပြန်တာပဲ မဟုတ်လား၊ ညည်းမှာ တစ်ခုလပ်ဆိုတဲ့ အမည်ဆိုး ကျန်ခဲ့ရတာအပြင် ဘာအကျိုးဖြစ်ခဲ့သလဲ မကြဲရယ်"

"မကြဲ ဒီကြားထဲမှာ သူ့အပေါ် အချစ်ကိုပြပြီး သူ မကြဲကို ခင်တွယ်လာနိုး ကြိုးစားကြည့်ပါသေးတယ် အန်တီခင်ရယ်၊ မကြဲ စိတ်ထဲမှာလေ မကြဲကို ရတု ချစ်နိုင်လာခဲ့ရင် ခင်မင်းဆီ ပြန်မသွားတော့ဘဲ တစ်သက်လုံး မကြဲအနားမှာ ရှိနေလိမ့်မလားလို့ စိတ်ကူးယဉ်ခဲ့မိတယ်"

"ခုတော့ ကိုယ်ကျိုးနည်းပါပေါ့လား မကြဲရယ်"

အန်တီခင် ခမျာ မျက်ရည်ပင် လည်ရှာသည်။ လည်ရာမှ အိုင်ကျလာသည်တို့ကို မကြဲ မမြင်အောင် တစ်ဖက်လှည့် သုတ်သည်။ ကရုဏာဒေါသောနှင့် မကြဲကို ရိုက်ပစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ဟိုးငယ်ငယ်က ကလေးမလေးအရွယ် ဘဝသာဆိုလျှင် အန်တီခင် ရိုက်ပြီးသားပင်။ ခုတော့ မကြူ ဆိုတာဟာ အရွယ်ရောက်ပြီးတဲ့အပြင် တစ်ခွတ်ထိုး တစ်ယူသန် ခေါင်းမာသည့် အပျိုကြီးဖားဖား လောက်လောက်လားလား ဖြစ်နေပြီ။

အပျိုကြီးဖားဖားလို့ ဆိုနိုင်ပါဦးမလားပင် မရေရာ။ ဘဝအစစ်က အပျို၊ အများအမြင်မှာ အိမ်ထောင်သည်။ အဲဒီက နေ တစ်ခုလပ် ဖြစ်ရဦးတော့မည်။

မကြူသည် အန်တီခင့်ကိုလည်း မနှစ်သိမ့်နိုင်အား။ ရတု နောက်ကိုလည်း မလိုက်ရဲခဲ့။ ယောက်ယက်ခတ်ကာ ဖုန်းတွေသာ ကောက်နှိပ်နေသည်။ တစ်နေရာပြီး တစ်နေရာ ဆက်သည်။ ကိုကိုနိုင်ကို အရေးတကြီး အုပ်မိချင်သည်။ ကိုကိုနိုင်ဟာ မကြူရဲ့အစ်ကိုရင်းသာ ဖြစ်သည်။ မကြူသည် ငယ်ဘဝ၌သာ ကိုကိုနိုင်နှင့် နီးနီးစပ်စပ်၊ ရင်းရင်းနှီးနှီး နေဖူး၍ ကိုကိုနိုင်က လူပျိုပေါက်ကတည်းက ကမ္ဘာလှည့်သွား၍ မကြူနှင့် နီးနီးကပ်ကပ် မနေရ၊ မရင်းနှီးရ၍ ကိုကိုနိုင့် အကျင့်စရိုက်ကို မကြူမသိပေ။

ကိုကိုနိုင်ဟာ မိန်းမပျိုကလေးတစ်ယောက် အပေါ် လက်ထပ်မယူခင်၊ စည်းကမ်းမစောင့်စည်းသူလား။ ဒါကို မကြူ လုံးလုံး မသေချာ။ အပြင်ပန်းသဏ္ဌာန်ကိုကြည့်လျှင် ကိုကိုနိုင်က မြန်မာ မဆန်။ ပြီးတော့ ပျော်ပျော်ပါးပါးနေသူ။ လေးနက်မှု ကင်းမဲ့သူဖြစ်သည်။





ခုလည်းပဲ ကိုကိုနိုင်ဟာ မပျော်ရွှင်နိုင်ပုံ တစ်စုံတစ်ရာကို ရင်မဆိုင်လိုပုံနှင့် အိမ်မှာရှိစဉ်ကတည်းက မျက်နှာပျက်နေခဲ့တာကို ပြန်တွေးနိုင်မိပြီ။ ပြီးတော့ ... အိမ်ကနေ တခြားတစ်နေရာကို ရက်အကန့်အသတ်မရှိ ကိုကိုနိုင် ရှောင်ထွက်သွားခဲ့သည်။ ဒါဟာ ခေါင်းရှောင်တဲ့ သဘောလား။ မကြူသည် တွေးရင်းကပင် အစ်ကိုဖြစ်သူ လုပ်ရပ်အတွက် မျက်နှာပူ ရှက်ရွံ့မိလေသည်။

ရတု ကိစ္စ ဘာမှမပါဘူးဘဲထား။ ကိုကိုနိုင်သာ တာဝန်ရှိသူဆိုလျှင် ကိုကိုနိုင့် ခင်မင်းကို ရှောင်ဖယ်မှုကို မကြူ သဘောမတူ ခွင့်မလွှတ်နိုင်။ မိကောင်းဖခင်သားသမီး ပီသကာ မိမိတာဝန်ကို မိမိယူရဲမှသာလျှင် ယောကျာ်းတစ်ယောက်သိက္ခာ ရှိတော့မည်ဟု မကြူ ယုံသည်။

ထို့ကြောင့် မကြူသည် တစ်နေကုန် ဖုန်းတွေကို ဟိုဟိုဒီဒီဆက်ကာ ကိုကိုနိုင့်ကို ရှာသည်။ ကိုဇော်မင်း အိမ်မှာဟု သိရုံထက် ဘာမှမပို။ ကိုဇော်မင်း အိမ်ဟာ ရွှေတောင်ကြားမှာ ဆိုတာထက် ဘာမှထပ်မသိ။ ဒါကြောင့် ကိုဇော်မင်း လိပ်စာ ဘယ်ကရပါ့မလဲလို့ စုံစမ်းရလေသည်။ ကိုကိုနိုင့်မှာက ရင်းနှီးသော သူငယ်ချင်းမိတ်ဆွေ နည်းနေပြီ။ ဟိုးအရင်က အပေါင်းအသင်း ကြားဖူးနားဝရှိသမျှကို မကြူ လိုက်လံဆက်သွယ်သည်။

တချို့က ဇော်မင်းကိုပင် မသိကြ။ တချို့က ကိုကိုနိုင် ပြန်ရောက်နေတာပင် မသိ။ ဘယ်သူ့ဆီ ဆက်မေးကြည့်ပါလား ဆိုသည့် ဖုန်းနံပါတ်များသာ ရလာပါသည်။ သည်မျှ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သော်လည်း တစ်ယောက်ထံကမှ ရေရေရာရာ ဘာမှမကြား သိရ။

ညဦးတွင် မကြဲသည် ရင်မောနေပြီ။ ကိုကိုနိုင်ကို မအုပ်မိခင် ခင်မင်းနှင့်ရတု လက်ထပ်လိုက်ကြမလား။ ရတုဟာ သူမကို လာရောက် မကွာရှင်းဘဲတော့ ခင်မင်းကို လက်ထပ် မည်မထင်။ သို့ပေမဲ့ အတိအကျ မပြောနိုင်ပါ။ မကြဲ ကွာမပေး မှာစိုးပြီး ခင်မင်းက ဒီအတိုင်းပဲ လက်ထပ်ဖို့ လက်ခံရင် လက်ခံ လိုက်မည်။

ခင်မင်းဟာလည်း ဒီအခြေအနေရောက်သည် ဆိုက တည်းက တစ်ဖွတ်ထိုးသမားပဲဆိုတာ သိသာနေပါပြီ။

ညဆယ်နာရီခွဲတွင် ...

"မကြဲ ဖုန်းလာတယ်၊ ကိုကိုနိုင်ကွယ့်"

အန်တီခင်ရဲ့ စိတ်လှုပ်ရှားသော အပြောကြောင့် အိပ်ရာထဲပင် ရောက်ပြီဖြစ်သော မကြဲ လူးလဲကာ ထလာရပါ သည်။

"ကိုကို"

ဖုန်းကိုကိုင်ကာ တအား ကျုံးအော်လိုက်မိသည်။ အစ်ကိုဖြစ်သူနှင့် အဆက်အသွယ်ရသည်တို့တွင် ဤတစ်ခါသာ အပျော်ရွှင်ဆုံးတည်း။

"မကြဲ ဘာကိစ္စရှိလဲ"

"ကိုကို ဘယ်လိုသိလဲဟင်"



"ငါတို့ ဂဲသားရင်းတစ်ခုလုပ်ဖို့ တချို့သူငယ်ချင်းတွေဆီ ဖုန်းလျှောက်ဆက်ချိန်းရင်းက နင် ငါ့ကို လိုက်ရှာနေတာ သိရတယ်"

"ဟုတ်တယ်၊ ကိုကို့ကို မကြဲ ရှာနေတယ်"

"ပြောလေ ... နောက်ဖုန်းဆက်စရာလိုရင် ဆက်လို့ရအောင် ဖော်မင်း ဖုန်းနံပါတ်ယူထား"

ကိုကိုနိုင် ပြောသော နံပါတ်ကို လိုက်မမှတ်အား သေး။

"ကိုကို အဲဒီမှာ ကြာဦးမလို့လား"

"မပြောတတ်သေးဘူး၊ နင် ဘာလုပ်ချင်လို့လဲ၊ မွေးတော့ မလို့လား"

"မမွေးဘူး၊ ဒီမှာ အရေးကြီးနေတယ် ကိုကို၊ သိပ်အရေးကြီး နေတယ်၊ ကိုကို အမြန်ဆုံးလာဖို့ လိုအပ်နေတယ်"

"ဘာကိစ္စလဲ မကြဲ"

"မကြဲ ရှင်းမပြချင်ဘူး၊ ဒါပေမဲ့ ကိစ္စကတော့ ခင်မင်းကိစ္စ"

"ခင်မင်း ကိစ္စ"

ကိုကိုနိုင် အံ့အားသင့်သွားပုံ ပေါ်သည်။

"ဘာကိစ္စလဲ"

"ကိုကို ဒီရောက်ရင် သိမှာပေါ့၊ အရေးကြီးနေတယ်၊ အမြန် ပြန်ခဲ့ပါ ကိုကို"

"ခင်မင်း နေကောင်းရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကောင်းဘူး"

မကြီး ည် သူ့အမိပွာယ်နှင့် သူပင်။ ပါးစပ်မှ ပြောမထွက်၍ နေမကောင်းဘူးဟု ပြောရတာသာ။

"ခင်မင်း ဘာဖြစ်နေလဲ"

"ဒါကို ကိုယ်တိုင်လာကြည့်ရင် ကောင်းမယ် ကိုကို"

"နင်က အရေးထဲ ပဟေဠိဖွက်နေပြန်ပြီကွာ"

"ကိုကိုလည်း ဒီကထွက်သွားတာ ခင်မင်း ကိစ္စပဲ မဟုတ်လား"

"အင်း ... ပြောလို့ရပါတယ်၊ အဲဒီသဘောပါပဲ"

"ချက်ချင်း ပြန်ခဲ့လိုက်ပါ ကိုကိုရယ်၊ ဒီကျမှ ရှင်းကြရအောင်ပါ၊ ကိုကို ထွက်သွားတဲ့ အဲဒီကိစ္စပဲ"

"အဲဒီကိစ္စပဲ ဟုတ်လား"

"ကိုကို မလာဘဲ ရှောင်မနေနဲ့နော်"

"ငါက ဘာကိစ္စ ရှောင်ရမှာလဲ မကြဲ၊ မရှောင်ပါဘူး၊ ဘာမှန်း ရေရေရာရာ မသိပေမဲ့ ငါ ပြန်လာခဲ့ပါ့မယ်"

"ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ဘယ်တော့ လာမလဲဟင်"

"နက်ဖြန် လာခဲ့မယ်"

"တကယ်နော် ... စောစောကြီး လာခဲ့ရမယ်နော်"

"အေးပါ ... အစောကြီး လာခဲ့ပါ့မယ်၊ ဒီည နင်စိတ်ချလက်ချအိပ်၊ နင့်အသံက သိပ်စိတ်လှုပ်ရှားနေသလိုပဲ၊ ငါ ရတုနဲ့ ခဏဖုန်းပြောမယ်၊ ပေးစမ်း"





"ရတု ... ရတု ..."

"ရတုရော"

"ရတု မရှိတော့ဘူး ကိုကိုရယ်"

"ဟင်"

ကိုကိုနိုင်သည် တစ်ဖက်၌ အကြာကြီး တိတ်ဆိတ်သွားကာ ညီမဖြစ်သူရဲ့ ငိုကြွေးသံအုပ်အုပ်ကလေးကို စိတ်မချမ်းသာခြင်းကြီးစွာ နားစွင့်နေရပါသည်။

"မကြဲ ... ရတုနဲ့ ခင်မင်းများ ထွက်ပြေး ..."

"မဟုတ်ဘူး ကိုကို၊ ဒါပေမဲ့ ကိုကို ကြာနေရင်တော့ အဲသလိုဖြစ်ရင် ဖြစ်သွားနိုင်တယ်၊ အဲဒါကြောင့် ..."

"ဒါပဲ မကြဲ၊ ငါ အခုလာခဲ့မယ်"

ကိုကိုနိုင်က ဖျတ်ခနဲ ဖုန်းချသွားလေသည်။ မကြဲသည် ခြံထဲမီးကိုဖွင့်ကာ အစ်ကိုဖြစ်သူကို တံခါးဝ၌ပင် ထွက်ရပ်စောင့်သည်။

ကိုကိုနိုင် စကားတည်ပါသည်။ ဘာမှ မဝေးလှ၍ ဆယ်မိနစ်မပြည့်သေးခင် ကိုကိုနိုင့် ကယ်လ်ဒီးနားကားကလေး ခြံထဲဝင်လာပါသည်။

မကြဲသည် ကလေးသဖွယ် ငိုကာ ရှိုက်ကာ အဖြစ်သနစ်စုံကို ကိုကိုနိုင့်ကို မျက်နှာပူပူနှင့် ရှင်းပြရလေသည်။ ရတ်တရက် မိုက်ပူပူလေး မရှိတော့သည့် ညီမကို ကိုကိုနိုင် အံ့ဩခြင်းကြီးစွာနှင့်ပင် ရှင်းပြသမျှ၌ သက်ပြင်းတချချ နားထောင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ မကြဲတို့ဂ် [illegible]ပြီ [illegible] ခင်မင်းကိစ္စ။ ခင်မင်း သတင်းကို ကြားတော့ ကိုကိုနိုင် အံ့ဩမိသည်။

ထို့နောက်တွင် ကြီးစွာသော နာကျင်ခြင်းနှင့် ရင်ကွဲ ပက်လက် ရှိရပါလေသည်။

❥ ○ ❥

အိမ်ရှေ့ရပ်လိုက်သော ကိုကိုနိုင့်ကားကို မြင်လျှင် ခင်မင်းသည် ငြိမ်သက်စွာပင် အံ့ဩမိလေသည်။ ကိုကိုနိုင် ဒီကို ရောက်လာဖို့ သူမ မျှော်လင့်မထားပါ။ ကားပေါ်မှာ မကြဲ ပါလာတာကို မြင်လျှင်တော့ ပို၍ပင် အကြီးအကျယ် အံ့အားသင့်ရပါသည်။ ချပ်ရပ်သော ဝတ်စုံကလေးနှင့် မကြဲကို ငေးစိုက်ကြည့်ကာ ရင်ထဲတလိပ်လိပ်နှင့် နာကျင်နာကြည်းမိသည်ကား အမှန်ပင်။

"ကိုကိုနိုင် ဘာလာလုပ်လဲ"

ခင်မင်းက အိမ်ဝ၌ရပ်ကာ အေးစက်စက် မေးလိုက်ပါသည်။

"ကိုယ် လာကိုလာရမယ်လေ ခင်မင်း၊ ကိုယ် ဝင်ထိုင်ပါရစေ"

ခင်မင်းက မကြဲကို လှမ်းကြည့်လိုက်သည်။

"ခင်မင်း ခွင့်ပြုရင် မကြဲပါ ထိုင်ခွင့်ပေးလိုက်ပါ"

"လာပါစေ၊ ရပါတယ်"





မောင်နှမနှစ်ယောက်သား ခင်မင်းတို့အိမ်ကုပ်ကုပ်လေးပေါ် တက်လာကာ အိမ်ခါးပန်း၌ ထိုင်ကြပါသည်။ ရုံးဖွင့်ရက်မို့ ခင်မင်းအဖေ မရှိ။ ခင်မင်း အမေသာ ရှိသည်။ ခင်မင်းအမေသည် အရိပ်အကဲကိုကြည့်ကာ ဘာမှဝင်စွက်မည့်ပုံ မရဘဲ အိမ်ဆိုင်ကလေး၌ပင် ထိုင်နေသည်။

"ခင်မင်း ကိုယ့်ကို အံ့ဩသွားမှာပဲနော်"

မကြဲ တိုးတိတ်စွာ ပြောသည်။

"မအံ့ဩတော့ပါဘူး မကြဲ"

"ရဲတု ပြောပြသလားဟင်"

"မပြောပါဘူး မကြဲ၊ ရဲတု ဘာမှမပြောပါဘူး၊ သေမလောက် ခံစားမျက်နှာပျက်နေတာကလွဲပြီး သူ ဘာမှမပြောပါဘူး"

"မကြဲကို ခွင့်လွှတ်ပါ ခင်မင်းရယ်၊ မကြဲ ကောက်ကျစ်မိခဲ့ပါတယ်၊ ဒါဟာဲ ရဲတုကို ချစ်မိလွန်းလို့ ဆိုပေမဲ့ ခင်မင်းအပေါ် မတရားရာ စော်ကားရာ ကျပါတယ်၊ ဒါအတွက် မကြဲ ဝန်ချပါတယ်၊ ခင်မင်း ကြိုက်သလိုလုပ်ပါ၊ ခုလည်းပဲ ကိုကိုနိုင်ကို လာပို့တာဟာ တွေ့ဖို့လိုအပ်တယ် ယူဆလို့ပါ။ ကိုကိုနိုင်က ရှောင်နေသလို ဖြစ်နေလို့ ကိုယ့်ဘက်က တာဝန်မမဲ့အောင်၊ မပျက်ကွက်အောင် လာပို့တာပါ၊ ဆွေးနွေးနိုင်အောင်ပါ၊ ဒါပေမဲ့ ဒါဟာ ရဲတုကို မကြီ



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းမပေးနိုင်တဲ့သဘော မဟုတ်ဘူး၊ ရတုနဲ့ ခင်မင်းရဲ့ ဆုံးဖြတ်ချက်ကို မကြီး နာခံပါ့မယ်"

ခင်မင်းသည် မျက်နှာနီမြန်းကာ ကိုကိုနိုင့်ကို တစ်ချက်ကြည့်ပြီး ခေါင်းငုံ့ချလိုက်သည်။

"ခင်မင်း"

"... ... ..."

"ခင်မင်း ... ကိုယ် စကားနည်းနည်း ပြောပါရစေ"

"ခင်မင်းကို ခွင့်လွှတ်ပါ ကိုကိုနိုင်"

ကိုကိုနိုင်က အသာအယာပြုံးရင်း ...

"ကိုယ် တာဝန်ယူဖို့ အသင့်ပဲ ခင်မင်း"

"ရှင်"

"ခင်မင်း အပေါ် ဒီအခြေအနေမှာ ကိုယ် မရက်စက်ပါဘူး၊ ကိုယ် ခင်မင်းကို လက်ထပ်ပါမယ်"

ကိုကိုနိုင်နှင့် ခင်မင်း မျက်လုံးများ စူးစိုက်စွာ ရင်ဆိုင်ဆုံတွေ့ကြပါသည်။

"ကိုကိုနိုင် ဘာတွေ ပြောနေတာလဲ"

"ခင်မင်း နားလည်ပါတယ်"

"နားမလည်ဘူး၊ ရှင် ... ရှင် ... ရှင့်မှာ ဘာတာဝန်မှ မရှိဘူးဆိုတာ ရှင်အသိဆုံးဖြစ်ရက်နဲ့ ကိုကိုနိုင်ရယ်၊ ခင်မင်းကို အရွဲ့တိုက်တာလား"



BURMESE CLASSIC .com



မကြီး မျက်လုံးလေး ဝိုင်းစက်ကာ အစ်ကို့ကို ကြည့်သည်။ ကိုကိုနိုင် မကြီးကို ဤကိစ္စနှင့် ပတ်သက်၍ ဘာမှ ဖြေရှင်းချက်မပေး။ ဘာမှ မဆွေးနွေးခဲ့ပါ။ ခုတော့ ခင်မင်းကပင် ကိုကိုနိုင့်မှာ ဘာတာဝန်မှ မရှိဘူး ဆိုပါလား။

"မငိုနဲ့လေ ခင်မင်း"

"ရှင်တို့မောင်နှမ ခင်မင်းကို အကြောင်လာရိုက်နေတာလား"

"မကြီး ဘာမှ မသိဘူး ခင်မင်း။ မကြီးကို ကိုယ် ဘာမှ မဖြေရှင်းပါဘူး၊ ဒီတာဝန်ဟာ ကိုယ့်တာဝန်ပဲလို့ သူသိထားပါတယ်"

"ဟုတ်မှ မဟုတ်ဘဲ"

"ဟင်"

မကြီးမှာ အံ့အားသင့်ခြင်းနှင့် လည်ချောင်း၌ပင် နင်လာသည်။

ကိုကိုနိုင်ကတော့ မအံ့ဩပါ။ သူ အသိဆုံးပဲပေါ့။ ခင်မင်းကို ချစ်မြတ်နိုးခဲ့မိတာကလွဲပြီး ခင်မင်း အပေါ် သူဘာမှ ကျူးလွန်စော်ကားမိခြင်း မရှိခဲ့တာ သူ့သိက္ခာ သူအသိဆုံး။ ခင်မင်းကို သူ ချစ်သည်။ မြတ်နိုးသည်။ ခင်မင်း အငြင်းစကားကြောင့် ရင်ကွဲပက်လက်နှင့် မပျော်နိုင်၊ မရှင်နိုင်အောင်ဖြစ်ကာ ခင်မင်းကို မေ့လို့ရနိုးနိုး၊ ခင်မင်းနှင့် မတွေ့ရအောင် သူငယ်ချင်းအိမ် ထွက်သွားကာ ရှောင်နေခဲ့သည်အထိပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်း မချစ်သော သူ့ကို ခင်မင်း မြင်တွေ့မနေရအောင်ပါ။ သူကိုယ်တိုင်လည်း ခင်မင်းကို မြင်မြဲမြင် တွေ့မြဲတွေ့နေရပါက သံယောဇဉ် ဘယ်[illegible]တ်ရမှာတဲ့လဲ။ ဒါကြောင့် ရှောင်ထွက်သွားခဲ့တာပင်။ ဒါပေမဲ့ မနေ့ကတော့ ခင်မင်း သတင်းကြားကာ သူ ရင်ကွဲပက်လက် ခံစားခဲ့ရသည်။ တစ်ညလုံးလည်း အိပ်မပျော်နိုင်အောင်ပေ။ သူ မဟုတ်ဘူး ဆိုတာထက်ကို ခင်မင်း ဒုက္ခရောက်နေပြီဆိုသည့် အသိက ပို၍ ဆိုနိုက်တုန်လှုပ်စေသည်။

ခင်မင်းကသာ လိုအပ်၍ အကူညီ တောင်းခဲ့လျှင် သူ့ဘက်က ကူညီဖို့ တာဝန်ယူဖို့ အသင့်တည်း။ သူ ခင်မင်းကို ပေးဆပ်နိုင်သော မေတ္တာနှင့် မြတ်နိုးပါသည်။

"မကြီးကို ကိုယ်မဟုတ်ဘူးလို့ ကိုယ်မပြောခဲ့ဘူး ခင်မင်း"

"ဟင် ... ကိုကို မဟုတ်ဘူးလား"

မကြီးရဲ့ တအံ့တဩ အမေးကို ကိုကိုနိုင်က မဖြေ။ ခင်မင်း မျက်နှာရဲကာ ပျက်လာပါသည်။

"ခင်မင်းကို ခွင့်လွှတ်ပါ မကြီး၊ ကိုကိုနိုင့် နာမည်ကို အလွဲသုံးမိတာ စိတ်မဆိုးပါနဲ့"

"ဒါ ... ဒါ ... ဒါဖြင့် ခင်မင်း ကိုယ်ဝန်က ..."

ကိုကိုနိုင် ခေါင်းယမ်းရင်း ...

"မမေးပါနဲ့လား မကြီးရယ်၊ ခင်မင်း ဖြေရခက်ပါတယ်၊ ဒီမှာ ခင်မင်း၊ ကိုယ် ဒီကိုရောက်လာတာ ဘာဘာညာညာ သက်သေရှာဖို့ မဟုတ်ဘူး၊ ခင်မင်း ဘယ်သူနဲ့ ဘယ်လိုဖြစ်





ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို လက်ထပ်ပေးဖို့ လိုအပ်တယ်ဆိုရင် ကိုယ်က အဆင်သင့် ဝမ်းမြောက်ဝမ်းသာ ကူညီဖို့ အသင့်ပဲဆိုတာ အသိပေးဖို့ လာတာပါ"

ခင်မင်းက မျက်လုံးပြူးကြီး မင့်လှန်ကာ ကိုကိုနိုင့်ကို စိုက်ငေးကြည့်သည်။ ကြည့်နေရာမှ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် ကျလာ၏။

"မငိုပါနဲ့ ခင်မင်း၊ ကိုယ့်ကို ခင်မင်း တာဝန်ယူစေချင်ရင် ကိုယ်ယူမယ်၊ ခင်မင်း ဘာမှမပူနဲ့၊ ခင်မင်း စိတ်မဆင်းရဲစေချင်ဘူး၊ အရှက်တကွဲ မဖြစ်စေရဘူး"

"ကိုကိုနိုင်ရယ်"

ခင်မင်းကား တရှိုက်ရှိုက် ငိုလေပြီ။ သူချစ်ကို မရှာခဲ့သည်မှာ ပင်ပန်းဆင်းရဲလှတကား။ ခင်မင်းက တစ်လျှောက်လုံး "ကိုယ်ချစ်"ကိုသာ အထူးသဖြင့်နေခဲ့မိပါသည်။ ကိုကိုနိုင့် မေတ္တာကား အံ့အားသင့်ဖွယ်ရာ။ ဘာထူးလဲ ... ရေစာမေတ္တာနှင့် အတူတူပဲပေါ့။ ရေစာရဲ့ မကြီးအပေါ်ထားတဲ့ မေတ္တာပေါ့။ ငွေကြေးကြောင့် မဟုတ်ဘဲ ဘာကြောင့် လက်ထပ်ပေးခဲ့သည်ဆိုတာ ခင်မင်း ရိပ်မိနေတာ ကြာပါပြီ။

"ခင်မင်း"

"မကြီး"

"ခင် ... ခင်မင်းရယ်၊ ဒါဟာ ကိုကိုကိစ္စ မဟုတ်ဘူးဆိုတော့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မကြဲ စကားဆွံ့ကာ ထစ်နေသည်။

"ရ ... ရတုလားဟင်"

"မကြဲရယ် ... ရတုရဲ့ ကိုယ်ကျင့်တရားကို မကြဲ အသိဆုံးပေါ့"

မကြဲက ခေါင်းလေးညိတ်လျှင် ...

"ရတုက ဖြူစင်တယ်၊ ရတု လူယုတ်မာ မဟုတ်ပါဘူး"

"ဒါဖြင့် ..."

"ဘယ်သူမှ မဟုတ်ပါဘူး"

"ဟင်"

မကြဲ မျက်လုံးပြူးသွားသည်။

"ခင်မင်း ကြံမိကြံရာ ကြံတာပဲ၊ ရတု ခင်မင်းကို ပြန်ပြီး လက်ထပ်ဖို့ ဒီလိုလှည့်ဖြားမှ ရမယ်ထင်လို့ပါ၊ ဒါပေမဲ့ ခင်မင်း အကြံအစည်မျိုးကို မကြဲက ဟိုးအစောကြီးကတည်းက စိတ်ကူးရခဲ့တာပဲ၊ မကြဲဆီကတောင် အမှန်တရားထွက်ပေါ်လာမှ ခင်မင်း ဆက်မလိမ်ညာချင်တော့ပါဘူး မကြဲ၊ ခင်မင်း ... ခင်မင်း ဘာမှမဖြစ်ပါဘူး"

"ဟင်"

"ဟာ"

ဒီတစ်ခါတော့ လှုပ်ရှားသွားရသူမှာ ကိုကိုနိုင်တည်း။ စိတ်ဆင်းရဲစွာ ညှိုးလျှနေခဲ့သော ကိုကိုနိုင့် မျက်နှာက တစ်မုဟုတ်ချင်း ဝင်းပလန်းဆန်းတက်လာသည်။





"ခင်မင်း ဘာမှမဖြစ်ဘူး၊ ဟုတ်လား"

"ဟင့်အင်း ကိုကိုနိုင်၊ ခင်မင်း အဲသလောက် သိက္ခာမမဲ့ပါဘူး"

"ဟာ ... ဒါ ... ဒါဖြင့် ..."

ကိုကိုနိုင့် မျက်နှာက ပြန်မှုန်သွားပါသည်။ ဇာတ်ရည်လည် ရှင်းလင်းမှတော့ အရင်ကချစ်သူဟောင်းစုံတွဲ ပြန်ပြီး ပေါင်းစည်းလက်တွဲဖို့ပဲ ကျန်တာပေါ့။ သူတို့မောင်နှမက အပို သက်သက် ဘာများလုပ်စရာ ကျန်သေးလို့လဲ။

"မကြဲ"

"ခင်မင်း"

"ကိုကိုနိုင် ခင်မင်းအဲပေါ် မေတ္တာသက်သက်နဲ့ အနစ်နာခံ ကူညီပေးဝံ့တဲ့စိတ် ရှိခဲ့သလိုပဲ ရတုဟာ မကြဲအပေါ် ဒီ မေတ္တာတရားနဲ့ စောင့်ရှောက်ကူညီခဲ့တာပါ၊ ငွေရေးကြေးရေးကို တွက်ခဲ့တာက ခင်မင်းပါ၊ ရတုဟာ ဒီငွေကို တစ်စက်မှ မမက်ခဲ့ပါဘူး၊ ခင်မင်း သိပါတယ် မကြဲရယ်၊ ရတုဟာ မကြဲကို ချစ်နေခဲ့တာ ကြာပြီ၊ ဒါကို ရိပ်မိလာလို့လည်း ခင်မင်း ကြံမိကြံရာ ကြံစည်တာပါ။ ခုတော့ ကိုကိုနိုင့်မေတ္တာစေတနာကိုလည်း ခင်မင်း ခံစားတတ်ပြီ ...

မနေ့ညက ရတု သူ့အမေဆီ ပြန်လာပါတယ်၊ ခင်မင်းကိုလည်း ဒီမနက်ပဲ လက်ထပ်ကြမယ်လို့ သူပြော ခဲ့ပါတယ်၊ သူ ရင်ကွဲပက်လက် ပြောရတယ်ဆိုတာ ဒါလို့



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်း ခုထိလက်မခံပါဘူး၊ ဘယ်တော့မှလဲ လက်မခံ တော့ဘူး၊ သူ့ကိုရွေးရင် သူလည်း တစ်သက်လုံး မကြဲကို လွမ်းနေပြီး ဘယ်တော့မှ ပျော်ရွှင်မှာ မဟုတ်ဘူး၊ ခင်မင်း ဘဝလည်း စက်ရုပ်လို ဖြစ်နေတော့မှာ ...

ခင်မင်း ... ခင်မင်း ရတုကို အပြီးအပိုင် စွန့်လွှတ် လိုက်ပြီ မကြဲ၊ မကြဲ သူ့ကိုဘယ်လောက်ချစ်နေတယ် ဆို တာလည်း ခင်မင်း မြင်တွေ့နေရပြီပဲ၊ ရတု ရင်ကွဲနေတာ ကိုလည်း ခင်မင်းပဲ မြင်တွေ့နေတာပါ မကြဲရယ်"

မကြဲ မျက်ရည်လည်လာလေသည်။

"သူ မကြဲကို စိတ်မနာဘူးလား ခင်မင်းရယ်"

"သူ စိတ်မနာပါဘူး မကြဲရယ်၊ မကြဲ ချစ်လွန်းလို့ လု တယ်ဆိုတာ သူ သိပါတယ်၊ ညကတည်းကရော ... ဒီမနက်ရော ခင်မင်းကို နင့်ကို ငါလက်ထပ်မယ်၊ မကြဲ နင်ဘာမှ စိတ်အနှောင့်အယှက် မပေးရဘူး၊ မစပ်စုရ ... ယှဉ်လည်း မယှဉ်ပြိုင်ရဘူးလို့ကို ပြောပြီးသားပါ"

ခင်မင်းက ထိုင်ရာမှ ထရပ်ကာ ...

"ခင်မင်း ရတုကို ခေါ်လိုက်ဦးမယ်"

"ဟဲ့ ... ရတု ရောက်နေတာ ကြာပြီ၊ ငါ့မှန့်ဆိုင်ထဲ ... ခင်မင်းရဲ့"

ခင်မင်း အမေရဲ့ လှမ်းအော်သံ ထွက်လာ... ဦးခေါင်းအားလုံးဟာ ရတုရှိရာဘက် လည်သွားရပါသည်။ ...





ရဲ့ ဝမ်းသာရမလို ဝမ်းနည်းရမလို မျက်နှာထားက မကြဲရဲ့ရင်ကို ခုန်စေသည်။ ရတုက မကြဲကို ချစ်သတဲ့။ မကြဲကို စိတ်လည်း မနာဘူးတဲ့။

"ရတုရေ"

"ဟုတ်ကဲ့ ကိုကိုနိုင်"

"ငါ ခင်မင်းကို စကားပြောစရာ ရှိနေတယ်၊ ဒီတော့ မင်း ထွက်သွားမလား၊ ငါ ထွက်သွားရမလား၊ ငါ ထွက်သွား ရရင် ခင်မင်းကို စကားပြောဖို့ ခဏ ခေါ်သွားမယ်၊ မင်း ထွက်သွားရင်လည်း ငါ့ညီမကို ခဏခေါ်သွားလိုက် ပါ"

ရတုက ခင်မင်းကို ကြည့်သည်။ ခင်မင်းက ခပ် ရှက်ရှက် ခေါင်းငုံ့နေပါသည်။

"ကိုကိုနိုင် မှားနေပြီ"

"ဘာမှားလဲ ရတု"

ရတုက စိတ်လက်ချမ်းမြေ့စွာ ပြုံးလိုက်ပါသည်။

"ကျွန်တော်က မကြဲကို ခဏတဖြုတ်ပဲ ခေါ်သွားခွင့်ရှိသူ မဟုတ်ဘူးဗျ၊ မကြဲကိုခေါ်ပြီး အိမ်ပြန်မှာ၊ ကိုကိုနိုင်သာ 'ခဏ' ဆိုတဲ့ အခွင့်အရေးမျိုးနဲ့ပါ"

ကိုကိုနိုင်က ရှုံ့မဲ့လိုက်ပါသည်။

"အေးပေါ့ကွာ၊ မင်းပြောရင် ခံရတော့မှာပေါ့၊ ဒါဖြင့် ကားယူသွားရင် ယူသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"မယူတော့ပါဘူး၊ အမေ့ကို သွားပြောမယ်၊ ပြီးရင် ကျွန်တော်တို့ ကိုယ့်ဘာသာ ပြန်ကြမယ်နော် မကြီး"

"ဟုတ်တယ် ရတု"

ရတုက အိမ်ပေါ်မှဆင်းဖို့ မကြီးကို လက်ကမ်းပေးလိုက်ပါသည်။ မကြီးက ရတုလက်ကို ဆွဲဆုပ်ကာ အားပြုစုန်ဆင်းပြီး နှစ်ဦးသား လက်ချင်းမြဲမြဲတွဲလျက် ရတုတို့အိမ်ဘက်သို့ ပြေးထွက်ခဲ့တော့သည်။

❥ ၀ ❥

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com